www.burmeseclassic.com

## ရွှေဥဒေါင်း ၏

# စုံထောက်ဦးစံရှား

## (ပေါင်းချုပ်)

[ တတိယအကြိမ် ]

ပထမ အုပ်

အပိုင်း ၈ / ၈

ခံလှစာပေတိုက်

အမှတ် ၁၀၀၊ ၂၉ လမ်း၊ ရန်ကုန်။
ဖုန်း—၇၀၄၅၉

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


— ။ ပုဂံစာတည်းအဖွဲ့၏ မှတ်ချက် .... ဋ

— ။ ထုတ်ဝေသူ၏ ကျေးဇူးတင်လွှာ .... ဒ

၁ ။ မိတ်ဆက် .... ၁

၂ ။ ဘောင်ဒရီလမ်း လူသတ်မှု .... ၁၆

၃ ။ အစိုးရစာချုပ် ပျောက်ဆုံးမှု .... ၈၂

၄ ။ မဟာရာဇာတဦးအမှု .... ၁၀၃

၅ ။ ထူးဆန်းသော အိမ်ငှားမှု .... ၁၁၅

၆ ။ စာမေးပွဲ မေးခွန်းစာရွက်များ ပျောက်ဆုံးမှု .... ၁၂၈

၇ ။ ကပ်စေးနှဲသော ရဟူဒီအမှု .... ၁၄၂

၈ ။ ကာဏာရိုဠ်အသင်း .... ၁၅၇

၉ ။ ဝန်ထောက်လူလိမ် အမှု .... ၁၇၃

၁၀ ။ သိရှိခမ္ဘာသောကမင်းကြီး တံဆိပ်တော် .... ၁၈၄

၁၁ ။ တိုင်ကပ်နာရီများ ရိုက်ခွဲမှု .... ၂၀၃

၁၂ ။ တဂူကူးကူး .... ၂၁၆

၁၃ ။ ခြေကျိုး ကြောင် .... ၂၃၃

၁၄ ။ အိမ်ထွင်းပုန်း ကုလားမ အမှု .... ၂၄၇

၁၅ ။ မောက်တူး အမှု .... ၂၅၇

၁၆ ။ ပြိုင်မြင်းရှင် မောင်ကြာသွန့်အမှု .... ၂၇၀

၁၇ ။ အာဋ္ဌာဝက မောင်ကလေးအမှု .... ၂၈၆

၁၈ ။ ထူးဆန်းသော နားရွက်ပြတ် နှစ်ခု .... ၃၀၃

၁၉ ။ ကမာရွတ်ရွာ လူသတ်မှု .... ၃၂၁

၂၀ ။ ရည်းစားပျောက် ရှာပုံတော် .... ၃၄၃

၂၁ ။ ပထမဆုံး စုံထောက်ခဲ့သော ဝတ္ထု .... ၃၅၆

၂၂ ။ သိုက်ဆရာတယောက်၏ အမှု .... ၃၇၀

၂၃ ။ ဘင်္ဂါလီ စကားပြန်အမှု .... ၃၈၂


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


၂၄။ ကပ်စေးနှဲ မိုးဇက်အမှု .... ၃၉၆
၂၅။ အင်လျားကန် လူသတ်မှု .... ၄၁၀
၂၆။ တွံတေးအိုး ၆ လုံးကွဲမှု .... ၄၂၃
၂၇။ ထူးဆန်းသော အားကစားသမားအမှု .... ၄၄၀
၂၈။ အင်္ဂလိပ်စစ်ဗိုလ်လင်မယားအမှု .... ၄၅၀
၂၉။ လက်ပြတ် အင်ဂျင်နီယာ .... ၄၆၃
၃၀။ စိန်ဝေလျှံ ပျောက်ဆုံးမှု .... ၄၇၅
၃၁။ ဩဇာ သုံးစေ့အမှု .... ၄၉၇
၃၂။ ဗိုလ်ကပြားမလေးတယောက်၏ အမှု .... ၅၁၆
၃၃။ ကျောင်းသားတယောက် ပျောက်ဆုံးမှု .... ၅၃၀
၃၄။ မသက်သာသော လင်မယား .... ၅၄၂
၃၅။ စံဖဲအဆောင်း တွေ့မှု .... ၅၅၇
၃၆။ အမွေမပေးလိုသော ပထွေးအမှု .... ၅၇၀
၃၇။ ကောလိပ်ကျောင်းသားများနှင့် ဉာဏ်ကစားသည့်အမှု .... ၅၈၈
၃၈။ စင်တာဖောဇပ် ဘောသမားပျောက်မှု .... ၆၀၄
၃၉။ ဉာဏ်သမား မောင်မောင်ဦး .... ၆၁၈
၄၀။ အာဇာနည်အသင်း အမှု .... ၆၃၂
၄၁။ ပင်လယ်ကမ်းခြေ လူသတ်မှု၌ စုံထောက်ပုံ .... ၆၆၃
၄၂။ လှေသူကြီး ဦးမိုးသီး .... ၆၈၃
၄၃။ လေးပွင့်ဆိုင် .... ၇၀၁
၄၄။ ရှိမ်းမကားရွာ လူသတ်မှု .... ၇၅၂
၄၅။ ဦးစံရှားအသက်ကို လုပ်ကြံမှု .... ၇၈၆
၄၆။ ကျောက်စီ ခါးပြောင် ပျောက်ဆုံးမှု .... ၇၉၈
၄၇။ ဘုံနန်းရိပ်သာ အိမ်ကြီးနှင့် ပတ်သက်သောအမှု .... ၈၁၂
၄၈။ ပျောက်သောသူ ရှာလျှင်တွေ့ .... ၈၄၁
၄၉။ ဘုရင်ခံကတော်၏ စာပျောက်မှု .... ၈၅၉
၅၀။ ပန်းဆိုးတန်း လူသတ်မှု .... ၈၇၂
၅၁။ လယ်ဝန် ဦးသာလူနှင့် ဇနီး မခင်တင့် သတ်မှု .... ၈၈၆
၅၂။ ထူးဆန်းသော အဆိပ်ခတ်မှု .... ၈၉၅
၅၃။ ပွေလီအင်းခွေးကြီး အမှု .... ၉၀၆


---

www.burmeseclassic.com

www.burmeseclassic.com

# ၄၉။ ပျောက်သောသူ ရှာလျှင်တွေ့*

ကျွန်တော်သည် မြို့ထဲမှပြန်လာ၍ တိုက်ပေါ်သို့ တက်လာသောအခါ ဦးစံရှားမှာ စားပွဲတွင် စာရေးလျက် ရှိသည်ကို မြင်သည်နှင့် မိုးကာအင်္ကျီကို ချိတ်ထား၍ ပက်လက်ကုလားထိုင်သို့ သွားပြီးလျှင် သတင်းစာကို ကောက်ယူ ဖတ်ရှုနေလေ၏။ အတန်ငယ်ကြာလတ်သော် ဦးစံရှားက "ကိုသိန်းမောင်၊ဘူတာရုံဘက်ရောက်ခဲ့သေးသကိုး။ ခင်ဗျားနဲ့အတူ လန်ချားစီးလာတာက ဘယ်သူလဲဗျ" ဟု မေးလိုက်သဖြင့် ကျွန်တော်သည် သတင်းစာကို ချထား၍ ဦးစံရှားဘက်သို့ လှည့်ကြည့်လိုက်ရာတွင် ဦးစံရှားမှာ ရေးပြီးသောစာကို ဖယ်ထား၍ ပြုံးစိစိမျက်နှာထားနှင့် ကျွန်တော့်အား ကြည့်နေသည်ကို တွေ့မြင်ရလေ၏။

ကျွန်။ ။"သပ်ရပ်ပါပေ့ဗျာ။ ကျွန်တော်ဖြင့် လုံးဝ မတွေးတတ်ဘူးဗျို့။ဘူတာရုံဘက် ရောက်ခဲ့တာ ခင်ဗျား ဘယ့်နှယ်သိသလဲဗျာ"

ရှား။ ။"ခင်ဗျား ဖိနပ်က သက်သေခံနေတယ်ဗျ"

ကျွန်။ ။"လန်ချားပေါ်မှာ အဲဖော်ပါလာတာကကောဗျာ"

ရှား။ ။"ဒါကတော့ ခင်ဗျား မိုးကာအင်္ကျီက သက်သေခံတယ်"

ကျွန်။ ။"ကောင်းလိုက်ပါပေ့ဗျာ။ ပန်းပေးပြီဗျို့။ လုပ်စမ်းပါဦး၊ဖိနပ်က ဘယ်လို သက်သေခံသတဲ့လဲဗျာ"

ရှား။ ။"ဒီလိုလေဗျာ။ခင်ဗျားဟာ နောက်ပိတ်ဖိနပ်ကြိုးချည်တဲ့အခါမှာ ကျုပ်တို့လို ရိုးရိုးပဲ ချည်တတ်တယ် မဟုတ်လား။အခုတော့ ခင်ဗျားဖိနပ်ကြိုးမှာ လိပ်ပြာတောင် ကျနေအောင် အပြားလိုက် ဖြန့်ချည်ထားတာကို တွေ့ရတယ်။ဒါကြောင့် ဒါဟာ ခင်ဗျားချည်ထားတဲ့ ဖိနပ်ကြိုးမဟုတ်ဘူးလို့ ကျုပ်သိရတယ်။ခင်ဗျားဖိနပ်ကြိုးကို ခင်ဗျားဟာခင်ဗျား မချည်ယင် ဘယ်သူချည်ပေးမလဲဗျ ဖိနပ်တိုက်တဲ့ ကုလားက ချည်ပေးလို့ပေါ့။ ရန်ကုန်မြို့ပေါ်မှာ ဖိနပ်တိုက်တဲ့ကုလားတွေဟာ ဘယ်မှာရှိသလဲ။ ကွမ်းခြံ ဘူတာရုံကြီး အဆင်းမှာ ရှိတာပေါ့။ ဒါကြောင့် ခင်ဗျား ဘူတာရုံရောက်ပြီး ဖိနပ်တိုက်ခဲ့တယ်လို့ ကျုပ် သိနိုင်တာပေါ့"

(ထိုခေတ်အခါက ဖိနပ်တိုက်သော ကုလားများမှာ ကွမ်းခြံဘူတာတဝိုက်၌သာ တွေ့ရတတ်ပေ၏။)

---

* ဤဝတ္ထုကို ရှုမဝ မဂ္ဂဇင်း၊ ၁၉၅၀၊ မတ်လထုတ် အမှတ် ၃၄ တွင် ပါရှိသည်။ အမည် အပြည့်အစုံမှာ "ပျောက်သောသူ ရှာလျှင်တွေ့ အမှု၌ စုံထောက်ပုံ" ဟူ၍ ဖြစ်သည်။ မြန်မာပြည် စာအုပ်တိုက်နှင့် နှလုံးလှ စာပေတိုက်ထုတ် ဦးစံရှား စာအုပ်ငယ်များတွင် လုံးဝမပါ။ မူရင်းမှာ The Disappearence of Lady Frances Carfax ဖြစ်သည်။

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်။ ။"မှန်ပါပေတယ်ဗျာ၊ ရောက်မိခဲ့ပါပေတယ်။ သို့သော် အဖော်တယောက်နဲ့ လန်ချားစီးခဲ့ပုံကလေးကို လင်းစမ်းပါဦးဗျာ"

ရှား။ ။"ဒါကတော့ ကျုပ်ပြောတဲ့အတိုင်း မိုးကာအင်္ကျီက သက်သေခံတယ်ဗျ။ခင်ဗျား တက်လာလို့ ခင်ဗျားကို လှမ်းကြည့်လိုက်တော့ မိုးကာအင်္ကျီ လက်ဝဲဘက်လက်မောင်းမှာ မိုးပေါက်ကလေးမှန်ထားဟာ ကျုပ်မြင်လိုက်ရတယ်။ ဒါ ဘာကြောင့်လဲတဲ့။ လန်ချားစီးလာပြီး လက်ဝဲဘက်က ထိုင်လို့ဖြစ်မှာပေါ့ဗျ၊ ဘာကြောင့် တဘက်သတ် ကပ်ထိုင်သလဲဆိုတော့ အဖော်တယောက်ပါလို့ ဖြစ်ရမှာပေါ့။ တယောက်တည်းဆိုယင်ဖြင့် မိုးပေါက် လုံးဝ မမှန်ပဲ နေရမယ်။မှန်ပြန်လို့ရှိယင်လဲ ဗယ်ရော ညာရော ညီညီညာညာ စိုရမယ်။ ဟုတ်ပေဘူးလားဗျာ"

ကျွန်။ ။"ဟုတ်ပါပေတယ်ဗျာ၊ ဘူတာရုံမှာ ဖိနပ်တိုက်နေတုန်း ကိုအုန်းဖေနဲ့တွေ့ကြလေတော့ လမ်းခရီးကလဲ တူ၊ စကားကလဲ မပြတ်သေးတာနဲ့ အတူတူ လန်ချားစီးလာခဲ့ကြတယ်ဗျ။ကောင်းလိုက်ပါပေ့ဗျာ။ ပေါင်းလာခဲ့ကြတာ အတော်ကြာပေမယ့် အခုထက်တိုင် အလန့်တကြား အံ့သြစရာကလေးတွေ ကုန်ပဲ မကုန်နိုင်သေးဘူးဗျာ"

ရှား။ ။"မြှောက်စမ်းဗျာ၊ မြှောက်မှန်းသိပေမယ့် နားထောင်လို့ကောင်းတယ်ဗျို့"

ကျွန်။ ။"ခုနင်က ခင်ဗျားရေးတဲ့စာက ဘယ်ကိုလဲဗျ"

ရှား။ ။"အမှုကလေးတခု ရောက်နေပြန်ပြီဗျို့။ သို့သော် ကျုပ်ကိုယ်တိုင် အခုချက်ချင်းသွားလို့ မဖြစ်တဲ့အတွက် ခင်ဗျားကို လွှတ်နှင့်ချင်တယ်ဗျ။ ဘယ့်နှယ်လဲ ကိုသိန်းမောင်၊ အားရဲ့လား"

ကျွန်။ ။"လွှတ်ချင်တဲ့နေရာ လွှတ်လိုက်၊ သွားဖို့ အဆင်သင့်ပဲ။ ဘယ်လို အမှုမျိုးလဲဗျ"

ရှား။ ။"ကျုပ်တို့ မြန်မာထဲမှာဘိုခပ်ဆန်ဆန်နေချင်တဲ့လူတွေ ခုဘာလောမှာတော်တော်ပေါပေါလာပြီဗျ။ အင်္ဂလိပ်စာလေးတတ်လို့ ပိုက်ဆံကလေး တော်တော်ရှိယင် ဘိုတုခိုးချင်တဲ့လူတွေ တယ်မနည်းလှဘူး။ ယောကျ်ားထဲက ဘိုတုခိုးတာ ကိစ္စမရှိပါဘူး။ မိန်းမတန်မဲ့နဲ့ ဘိုတုခိုးလှာယင် တခါတခါ တော်တော် ခွကျတယ်ဗျ"

ကျွန်။ ။"ကုန်သည်ထဲက ဒီလောက် မဟုတ်လှပါဘူး။အရေးပိုင်တို့၊အတွင်းဝန်တို့ဆိုတဲ့ အရာရှိကြီးများရဲ့ သားသမီးတွေဟာ သာပြီး ကဲတတ်သေးတယ်ဗျ"

ရှား။ ။"အစစ်ပဲ ကိုသိန်းမောင်၊ခု ကျုပ်တို့လက်ရောက်လာတဲ့ အမှုကလေးဟာလဲ အရေးပိုင်ရဲ့သမီး ဆိုကာပဲ။ ဘိလပ်တွေ ဘာတွေသွားပြီး ပညာသင်ရဖူးတယ်ဆိုယင် သူတို့ကိုယ် သူတို့ မျက်နှာဖြူထဲကလောက် အောက်မေ့ပြီး အင်မတန်ဘိုဆန်ချင်တတ်တယ်ဗျ။သမီးကလေးတယောက်တည်းမို့ သိပ်အလိုလိုက်ပြီး မြှောက်ထားလိုက်တာ မိဘနှစ်ပါး ကွယ်လွန်လို့ အမွေကလေး ရတယ်ဆိုယင်ပဲ ကိုယ့်ကိုယ်ကို ယောကျ်ားကလေးလောက် အောက်မေ့ပြီး ဟိုသွားလိုက် ဒီသွားလိုက်၊ဟိုသယ်လိုက် ဒီပတ်လိုက်နဲ့ ကျုပ်တို့ မြန်မာမျက်စိထဲတော့ သိပ်အကြည့်ရခက်တာပေါ့လေဗျာ။အရေးပိုင်သမီး ခင်မြင့်ကြီးဆိုတာလဲ အဲဒီလို အနေမျိုးထဲကပေါ့ဗျ။ ကျုပ်တို့ မြန်မာပြည်မှာ လင်နောက်လိုက်ပြေးတာ မဟုတ်ပဲနဲ့ မိန်းကလေးတယောက် ပျောက်ရတယ်လို့ ဘယ်လက်ထက်က ကြားရဖူးသလဲဗျ။ ဟော ခုတော့ အဲဒီလို ဘိုဆန်မှုကြောင့် ခင်မြင့်ကြီးတယောက် ပျောက်နေပြီ ဆိုပါကလား"

ကျွန်။ ။"မြန်မာ လူမျိုးထဲက ဒုတိယဆိုလား, တတိယဆိုလား အရေးပိုင်ဖြစ်တဲ့ ဦးအောင်ဇံရဲ့သမီး ဆိုတာလားဗျ"

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။"အစစ်ပေါ့ဗျ"

ကျွန်။ ။"ခပ်ငယ်ငယ်တုန်းက ဝတ်လုံတယောက်နဲ့ ယူတော့မလိုလို ကြားရပြီး ပျောက်သွားတဲ့ ခင်မြင့်ကြီး နေမှာပေါ့"

ရှား။ ။"ကိုသိန်းမောင် တော်တော် အမှတ်အသား ကောင်းပေသားပဲ။ဟုတ်ပါတယ်။ သူပါပဲ"

ကျွန်။ ။"ခုလောက်ရှိ ၃၀ ကျော် ၄၀ နီးပါးလောက် ရှိကရောပေါ့ဗျ"

ရှား။ ။"ဟုတ်ကဲ့၊ ရှိလောက်ရောပေါ့။ ရုပ်ကလဲချော။ ပညာကလဲတတ်။ အရေးပိုင်သမီးလဲ ဖြစ်။ ဝန်ကြီးတွေ ဘာတွေ မပေါ်သေးတဲ့ ခေတ်ကတော့ တကယ့်ထိတ်ထိတ်ကြဲပဗျာ။ မိဘနှစ်ပါး ကွယ်လွန်တဲ့နောက် အမွေအနှစ်ကလဲ ကျန်ရစ်တော့ တပြည်လုံး သွားချင်ရာ လျှောက်သွား၊ လည်ချင်လည်၊ ဘင်္ဂလားတို့၊ ဗုဒ္ဓဂါယာတို့၊ သီဟိုဠ်ကျွန်းတို့တောင် ရောက်ဖူးတယ် ဆိုတာပဲ"

ကျွန်။ ။"နေပါဦးဗျ၊ ခု သူ ဘာဖြစ်လို့တဲ့တုံး"

ရှား။ ။"ဘာဖြစ်ဆို သေသလား ရှင်သလားလဲ မသိရ။ ဘယ်ဆီရောက်နေမှန်းတောင် မသိရဘူး ဆိုပါကလားဗျာ"

ကျွန်။ ။"ဟင်၊ ဖြစ်ရလေဗျာ"

ရှား။ ။"ဒီလိုလေဗျာ။ အဲဒီ ခင်မြင့်ကြီးက သူ့ သူငယ်ချင်း မခင်ညွန့်ဆီကို တနင်္ဂနွေတပတ်မှာ တကြိမ်ကျ လွန်ခဲ့တဲ့ လေးငါးနှစ်ပတ်လုံး စာရေးနေကျဖြစ်ပါလျက် သူ့ဆီက စာမရတာ လေးငါးပတ် လောက် ရှိသွားပြီမို့ မခင်ညွန့်က ကျုပ်ဆီမှာ အကူအညီတောင်းတယ်။မခင်ညွန့်ဆိုတာက အဝင်းဝန်ကြီးရဲ့ အပါးတော်မြဲ လက်ရေးတို လက်နှိပ်စက် စာရေးမပေါ့ဗျ။ မျက်နှာကြီးထဲကပေါ့။ ခင်မြင့်ကြီးဆီက နောက်ဆုံးရတဲ့ စာဟာက ကလောမြို့က ဆိုပဲ။ ကလောမြို့က ထွက်လာခဲ့ပြီးတဲ့နောက် ဘယ်ဆီရောက် နေတယ်လို့ ဘယ်သူမှ မသိရဘူး။ သူကလဲ အကြောင်းမကြားဘူးတဲ့ဗျ။ ဆွေကြီး မျိုးကြီးထဲက ဆိုတော့ ဒီကိစ္စအတွက် ဘယ်လောက် ကုန်ရ ကုန်ရ အကုန်ခံနိုင်ပါတယ်တဲ့ဗျ"

ကျွန်။ ။"ခင်မြင့်ကြီးက မခင်ညွန့်မှတပါး ဘယ်သူ့ဆီမှ စာမရေးဘူးတဲ့လားဗျာ"

ရှား။ ။"ဒီလိုဗျ။ သေချာပေါက် တခုတော့ ရှိတယ်။ သောမတ်စ်ကွတ် ဘဏ်တိုက်မှာ ငွေအပ် ထားသယ်ဆိုလို့ ကျုပ်စုံစမ်းကြည့်တယ်။ ဘာသိခဲ့ရသလဲဆိုတော့ ကလောမြို့ ကလောဟိုတယ်မှာ တည်းခို စဉ်က ချက်လက်မှတ်နဲ့ ငွေတထောင် ထုတ်ဖူးသတဲ့။ အဲဒီငွေအနက်က ဟိုတယ်စရိတ်တွေ ဘာတွေ ပေးပြီး တဲ့အပြင် သုံးဖို့ စွဲဖို့ ငွေအတော်အတန် ကျန်သေးတဲ့လက္ခဏာ ရှိတယ်။ ဒီချက်နောက်ကိုတော့ သုံးရာတန် ချက်တခုပဲ ရေးသုံးဖူးသတဲ့"

ကျွန်။ ။"ဘယ်သူ့ပေးတဲ့ ချက်တဲ့လဲဗျ"

ရှား။ ။"မနှင်းရီဆိုတဲ့ မိန်းမတယောက်ကို ပေးတဲ့ ချက်ပဲ"

ကျွန်။ ။"မနှင်းရီက ဘယ်ကလဲဗျ"

ရှား။ ။"ပိုက်ဆံတတ်နိုင်တဲ့ မိန်းမတယောက် ဖြစ်လေတော့ ခင်မြင့်ကြီးက မနှင်းရီဆိုတဲ့ မိန်း ကလေးကို သူနဲ့အတူ အဖော်လုပ်ပြီး လိုက်ဖို့ အမြဲခေါ်ထားသတဲ့။ ခင်မြင့်ကြီးသွားလေ ရာအရပ်မှာ မနှင်းရီ ပါတာချည်းပဲတဲ့။ အစေခံလိုလဲ မဟုတ်ဘူးတဲ့။အတူတူစား အတူတူအိပ်ပဲတဲ့။အဲဒီ မနှင်းရီကို ခင်မြင့်ကြီးက သုံးရာတန် ချက်လက်မှတ်တခု ပေးဖူးသတဲ့။ ဘယ်အတွက် ပေးတယ်လို့ မသိရသေးဘူး။သို့သော် ခင်ဗျား ကိုယ်တိုင်သွားပြီး စုံစမ်းတဲ့အခါကျတော့ သိရမှာပေါ့လေ"

ကျွန်။ ။"ကျွန်တော် စုံစမ်းရမယ်တဲ့လား"

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


ရှား။  ။“အဲဒါ ကျုပ်ပြောနေတာပေါ့။ စက်ပိုင်ရှင် ဦးဘရီကြီးက သူ့အသက်ကို ရန်သူများ လုပ်ကြံနေတယ်ထင်လို့ ကျုပ်ကို စောင့်ရှောက်ပေးဖို့ တောင်းပန်ထားတယ်။ အခုအချိန်မှာ ရန်ကုန်က ကျုပ်ခွာလို့ မဖြစ်သေးဘူးဗျ။ ဒါကြောင့် ကျုပ်ကိုယ်တိုင် မလိုက်သေးပဲ ခင်ဗျားကိုလွှတ်ဖို့ ကျုပ်ကြံရွယ်နေတယ်။ ကလောရောက်လို့ ကျုပ်ဆီက အကြံဉာဏ်များ တောင်းလိုတယ်ဆိုယင်လဲ စကားတလုံး ပို့က်ဆံတမူးပဗျာ။ နှမြော မနေပါနဲ့။ ကြေးနန်းရိုက်ပြီး မေးသာ မေးပါ”

× × ×

ယင်းသို့ တိုင်ပင် ပြောဆိုကြပြီးသည့်နောက် နှစ်ရက်မြောက်သောနေ့တွင် ကျွန်တော်သည် ကလောမြို့ ကလောဟိုတယ်သို့ ဆိုက်ရောက်လာခဲ့လေသည်။ ကျွန်တော်သည် ဟိုတယ် မန်နေဂျာနှင့် တွေ့၍ ခင်မြင့်ကြီးအကြောင်းကို မေးမြန်းစုံစမ်းရာတွင် ခင်မြင့်ကြီးမှာ ဤဟိုတယ်တွင် တနင်္ဂနွေ သုံးပတ်ခန့်က တည်းခိုနေထိုင်သွားခဲ့ကြောင်း၊ ခေတ်ဆန်သော လူကုံထံတယောက် ဖြစ်သည့်အလျောက် ယင်းဟိုတယ်၌ တည်းခိုသော ဥရောပတိုက်သား အရာရှိကြီးများ၊ သဌေးကိုယ်စားလှယ်များနှင့် ချောမောစွာ ဆက်ဆံနိုင်၍ အကျွမ်းတဝင်ဖြစ်ခဲ့ကြောင်း၊ အသက်မှာ ၃၀ ကျော်ခန့်ရှိ၍ ဖြူဖြူတုတ်တုတ်နှင့် အခန့်စား ချောလှသူ တယောက်ဖြစ်ကြောင်း၊ အဖိုးတန်လက်ဝတ်လက်စားများ ပါရှိသည်ဟု အတပ်မသိရသော်လည်း ခရီးဆောင် ထရန့်သေတ္တာ စိမ်းကြီးတလုံးကို အထူး သတိဝီရိယနှင့် စောင့်ကြပ် ထိန်းသိမ်းထားသည်ဟု သိရှိရကြောင်း၊ ခင်မြင့်ကြီးနှင့်အတူ လိုက်ပါလာသော မနှင်းရီမှာ ယင်းဟိုတယ်မှ စာရေးမောင်ဘသန်းနှင့် ချစ်ကြိုက်ကြ၍ မကြာမီ ထိမ်းမြားယက်ထပ်ကြဖို့ ဇာကြံရှိကာ သူ၏နေရပ်ကိုလည်း သိနိုင်ကြောင်း စသော အခြင်းအရာများကို ကျွန်တော်ရေးမှတ်ထားရာ ဦးစံရှားကိုယ်တိုင် ဤမျှထက်ပိုမို၍ ဆောင်ရွက်ရန် တတ်နိုင်မည် မဟုတ်ဟူ၍ ယုံကြည်မိသည်နှင့် ကျွန်တော်မှာ မိမိအလုပ်ကို များစွာကျေနပ်နှစ်သိမ့်မိပေ၏။

အခက်အခဲကလေးတခုမှာ ခင်မြင့်ကြီးသည် ကလောဟိုတယ်မှ မည်သို့သော အကြောင်းကြောင့် ရုတ်တရက် ထွက်ခွာသွားသည်ဟု မသိရသောအချက်ပင် ဖြစ်၏။ ပူအိုက်လှသော မေလဆန်း၊စအချိန်ဖြစ်သောကြောင့် မည်သည့်နည်းနှင့်မဆို ရန်ကုန်မြို့၌ မိုးဖွိုင်ဖွိုင်ရွာသွန်းသည့် မေလကုန်သည့် တိုင်အောင် ကလောမြို့တွင် ဆက်လက်နေထိုင်လိမ့်ဦးမည်ဟု ထင်မိပါလျက် အကြောင်းမဖော်ပြပဲ ရုတ်တရက် ထွက်ခွာသွားခဲ့ခြင်း ဖြစ်၏။ စင်စစ်မှာ ခင်မြင့်ကြီးသည် ဟိုတယ်၌ တလနေထိုင်ရန်အတွက် ကြိုတင်၍ ငွေပေးထားပြီး ဖြစ်သောကြောင့် ဤကဲ့သို့ အချိန်မစေ့မီ ထွက်ခွာသွားသည့်အတွက် ငွေအတော်အတန် အနစ်နာခံခဲ့ရသေး၏။ မနှင်းရီ၏ ရည်းစား မောင်ဘသန်းကမူ ဟိုတယ်မှ ခင်မြင့်ကြီး ယခုကဲ့သို့ ရုတ်တရက်ထွက်သွားခြင်းမှာ လွန်ခဲ့သော သုံးလေးရက်လောက်က မျက်မှန်နက်ကြီး တပ်သားသော လူတယောက် လာရောက်စုံစမ်းခြင်းအတွက်ကြောင့် ဖြစ်သည်ဟု ထင်မြင်ချက်ပေး၏။ထိုလူသည် သည်မြို့၌ တည်းခိုဟန်တူရာ တညနေတွင် ဈေးအနီး၌ ခင်မြင့်ကြီးနှင့် ဆုံမိကြ၍ နောက်တနေ့တွင် ဟိုတယ်သို့ လိုက်လာကြောင်း၊ခင်မြင့်ကြီးက မတွေ့လိုကြောင်းနှင့် ငြင်းပယ်သေးကြောင်း၊ ထိုလူ ပြန်သွားသည့်နောက် ချက်ချင်းပင် ခင်မြင့်ကြီးနှင့် မနှင်းရီတို့သည် ဟိုတယ်မှဆင်း၍ ကားနှင့်ထွက်သွားကြောင်း၊မောင်ဘသန်းနှင့် မနှင်းရီတို့က ခင်မြင့်ကြီး ဆင်းသွားခြင်းမှာ ဟိုလူကြောင့် ဖြစ်ရမည်ဟု တွေးထင်ကြကြောင်း အစရှိသော အခြင်းအရာများကိုပြောပြသဖြင့် ထပ်မံ၍ သိရှိရပြန်လေသည်။

တို့နောက် ကျွန်တော်သည် ကလောမြို့မှ ခင်မြင့်ကြီး ပြောင်းရွှေ့သွားသော ဒေသကိုထပ်မံစုံစမ်းရာတွင် မန္တလေးမြို့သို့ ဆိုက်ရောက်နေကြောင်း သိရှိရသည့်ပြင် မိမိပြောင်းရွှေ့သောအရပ်ကို လူမသိစေရန်


www.burmeseclassic.com

www.burmeseclassic.com



ခြေရာပျောက်ဖို့ ကြိုးစားသည့်အဖြစ်ကိုလည်း ရိပ်မိနိုင်ပေ၏။ လက္ခဏာမှာ ခင်မြင့်ကြီးသည် မိမိနောက်သို့ တစုံတယောက်သောသူက ခြေရာကောက်၍လိုက်နေကြောင်းကို သိရှိရသည်နှင့် ထိုသူကို မတွေ့လိုသဖြင့် တိမ်းရှောင်နေခဲ့ဟန်တူသည်ဖြစ်၍ ကျွန်တော်သည် ဦးစံရှားထံသို့ အဖြစ်အပျက်ကို ကြေးနန်းဖြင့် အစီရင်ခံခဲ့ပြီးလျှင် မန္တလေးမြို့သို့ ဆင်းလာရာ မန္တလေးမြို့ အာဋ္ဌာဝီလမ်း ဂရင်းဟိုတယ်၌ တည်းခိုနေထိုင်လျက် ရှိကြောင်း သိရှိရပေ၏။

ဂရင်းဟိုတယ်သို့ ကျွန်တော်ရောက်သွား၍ စုံစမ်းသိရှိရသည်မှာကား ခင်မြင့်ကြီးသည် အနေအထိုင်အားဖြင့် ဘိုဆန်သူတယောက်ဖြစ်သော်လည်း မိဘများရှိစဉ်အခါကတည်းက ကမ္ဘဋ္ဌာန်းအားလုပ်၌ အထုံပါသနာပါခဲ့ဖူးကြောင်း၊ တခါက လောကကြီးကို ငြီးငွေ့သည်ဆို၍ သီလရှင်ဝတ်ဖို့ ကြံရွယ်ခဲ့ဖူးရာ မိဘနှစ်ပါးတို့က ဖျက်ခဲ့သဖြင့် အကြံမအောင်ပဲ ရှိခဲ့ကြောင်း၊ ခင်မြင့်ကြီး၏ သဘာဝတခုမှာ တခါတရံတွင် ဘိုင်စကုတ်ရုပ်ရှင်မှစ၍ ပွဲလမ်းသဘင်ဘက်တွင် စိတ်ဝင်စားမှုရှိ၍ အိဿလောက်ရှိသောအခါ၌ လောကကြီးတခုလုံးကို ငြီးငွေ့သည်ဆိုပြီး ကမ္မဋ္ဌာန်းဘာဝနာဘက်၌ အပြင်းအထန်အားထုတ်ရန် ကြံရွယ်တတ်ကြောင်း၊ မန္တလေးမြို့သို့ ဆိုက်ရောက်၍ များမကြာမီအတွင်း ဦးသိဒ္ဓိ အမည်ရှိ ကမ္မဋ္ဌာန်းဆရာ လင်မယားနှင့် တွေ့၍ ယင်းတို့ ဟောပြသော ကမ္မဋ္ဌာန်းတရားများကို နှစ်သက်သဘောကျပြီးလျှင် ထိုဆရာ နှစ်ယောက်တို့ကို ဟိုတယ်သို့ မကြာခဏပင့်ဆောင်၍ ကျွေးမွေးခဲ့ကြောင်း၊ ယင်းကဲ့သို့ ရက်သတ္တပတ် တပတ်ခန့်မျှ တွေ့ဆုံဆွေးနွေးခွင့်ရရှိရာတွင် ခင်မြင့်ကြီးသည် ဦးသိဒ္ဓိ လင်မယားတို့၏ ကမ္မဋ္ဌာန်းတရားကို အစအဆုံးအားထုတ်မည်ဆို၍ ရန်ကုန်သို့ မိမိနှင့်အတူ ခေါ်ဆောင်သွားခဲ့ကြောင်း အစရှိသော အခြင်းအရာများပင် ဖြစ်လေသည်။

ကျွန်တော်သည် အထက်ပါ အခြင်းအရာများကို ဂရင်းဟိုတယ် စားပွဲထိုး ဖိုးသီးထံမှ စုံစမ်းသိရှိရခြင်းဖြစ်လေရာ ဖိုးသီးသည် ကျွန်တော်၏ မေးခွန်းများကို (ငါးကျပ်တန် စက္ကူတရွက်၏ မျက်နှာဖြင့်) ပြောဆိုပြီးနောက်

သီး။ ။"ဒီမိန်းမအကြောင်းကို လူတွေလာပြီး မေးကြတာ ဘာကြောင့်ပါလိမ့်ဦးရယ်"

ကျွန်။ ။"ဟေ၊ ငါ့အပြင် ဘယ်သူတွေများ မေးသေးသလဲကွယ့်"

သီး။ ။"လွန်ခဲ့တဲ့ လေးငါးရက်လောက်တုန်းက လူကြီးတယောက် ဒီလိုပဲ လာမေးတယ် ဦးရဲ့"

ကျွန်။ ။"ဘယ်သူတဲ့လဲကွယ့်။ နာမည်ရော မင်း မေးမထားလိုက်ဖူးလား"

သီး။ ။"မမေးမိဘူးဦးရဲ့။ နို့ပေမယ့် သာမန်လူထဲက မဟုတ်ဘူးဆိုတာတော့ ကျွန်တော် အကဲခတ်နိုင်တယ်။ ဘောင်းဘောင်းမောင်းမောင်းနဲ့ မျက်မှန်နက်ကြီးတပ်လို့ ဦးရဲ့"

ကျွန်။ ။"ဟေ၊ ဟုတ်လား။ ဆိုစမ်းပါဦးကွယ့်"

သီး။ ။"ဝတ်ပုံစား ပုံကတော့ ဆိုပ်အခန့်စားကြီး မဟုတ်ဘူး ဦးရဲ့။ ဒါပေမယ့် ဟန်ပန်လေသံက သိပ်မာန်ပါတယ်။ ဒီလိုလူစားမျိုးက ငေါက်လိုက်ယင် ဒီပြင်လူများက ရိုက်တာထက်တောင် ကျွန်တော်တို့ဖြင့် ကြောက်သေးတယ်။ မျက်နှာထားကလဲ တင်းလိုက်တာ ဦးရယ်"

ဤတွင် ကမ္မဋ္ဌာန်းဘာဝနာလုပ်မှု၌ ဝါသနာပါသော အပျိုကြီးခင်မြင့်ကြီးနောက်သို့ ခက်ထန်တင်းမာသော ယောကျ်ားတယောက်က ခြေရာကောက်၍ လိုက်နေကြောင်းထင်ရှားသိရှိရလေပြီ။ ခင်မြင့်ကြီးသည် ထိုသူကို ကြောက်သည့်အတွက် တနေရာမှ တနေရာသို့ တိမ်းရှောင်ထွက်ပြေးနေရဟန်တူ၏။ ထိုလူကလည်း လက်လျှော့မည် မဟုတ်ပဲ တကောက်ကောက် လိုက်ပါလျက်ရှိရာ တနေရာရာ တခါခါတွင် တွေ့ကြရမည် ဧကန်ဖြစ်၏။ ယခုအချိန်တွင် ထိုလူသည် ခင်မြင့်ကြီးကို မှီသွားပြီလော၊ ထိုလူ၏ လက်ဝယ်သို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေသည့်အတွက်ကြောင့် သူငယ်ချင်းထံ စာရေးနေကျအတိုင်း မရေးနိုင်ပဲ တိတ်ဆိတ်စွာ ရှိနေခြင်း ဖြစ်လေသလော။ ကမ္ဗောဇ်ဆရာ လင်မယားတို့သည် ခင်မြင့်ကြီးကို ကာကွယ် စောင့်ရှောက်နိုင်သော အစွမ်းသတ္တိရှိကြပါ၏လော။ ထိုလူသည် ခင်မြင့်ကြီးနောက်သို့ မည်သည့် အကြံအစည်နှင့် တကောက်ကောက် လိုက်လျက်ရှိလေသနည်း။ ဤအချက်များသည်ကား ကျွန်တော့်အဖို့ ဖြေရှင်းရန် ပြဿနာကြီးများပင်တည်း။

ကျွန်တော်သည် ခင်မြင့်ကြီးကို ခြေရာခံ၍ လိုက်ရသော ကိစ္စတွင် အောင်မြင် ထမြောက်လှသည် ဆို၍ ဝမ်းမြောက်ဝမ်းသာနှင့် ဦးစံရှားထံသို့ အဖြစ်အပျက်များကို အစီရင်ခံစာ ပေးပို့လိုက်ရာ ဦးစံရှားက ဦးသိဒ္ဓိဆိုသူ၏ လက်ဝဲဘက် နားရွက်မှာ မည်သို့ ရှိသနည်း ဟူသော မေးခွန်းဖြင့် ကြေးနန်း တစောင် ရိုက်ကြားလိုက်လေ၏။

ကျွန်တော်သည် ဦးစံရှား၏ ပြောင်လှောင်တတ်သော ဝါသနာကို ရိပ်မိသည်ဖြစ်၍ နေရာမဟုတ် သည်၌ ပြက်ရယ်ပြုရသလောဟု အနည်းငယ် ဒေါပွမိသော်လည်း တုံ့ပြန် ချေပခြင်း မပြုပဲ ဟိုတယ် စာရေး ကိုဘသန်းထံမှ မနှင်းရီလိပ်စာကို မေးမြန်းမှတ်သားလာခဲ့သည့်အတိုင်း မနှင်းရီရှိရာ စစ်ကိုင်းမြို့သို့ သွားရောက်ခဲ့လေ၏။

မနှင်းရီ ဆိုသူမှာ ခင်မြင့်ကြီး၏ အဖ စစ်ကိုင်းမြို့၌ နယ်ပိုင်ဝန်ထောက် ဖြစ်ဖူးစဉ်က ခ၀ ါရုံအရပ်၌ နေထိုင်ဖူး၍ ခင်မြင့်ကြီးနှင့် အကျွမ်းဝင်ကြသဖြင့် ခြောက်လုံးတွင် လေ၀င်နေဟန်ရှိသော ခင်မြင့်ကြီးကို အဖော်ပြုလျက် ထိုမိန်းမ သွားတိုင်း လိုက်ပါခဲ့ရသူ ဖြစ်လေသည်။ ခင်မြင့်ကြီ နှင့် မနှင်းရီ တို့သည် ကလောမြို့မှ မန္တလေးမြို့သို့ ဆင်းလာကြ၍ ဂရင်းဟိုတယ်၌ တည်းခိုလျက် ရှိကြစဉ် ခင်မြင့်ကြီးသည် မနှင်းရီအပေါ်တွင် မယုံသင်္ကာရှိသော အမူအရာမျိုး ဖော်ပြသည်ဟု မနှင်းရီက ယူဆသည့်တကြောင်း၊ မနှင်းရီမှာလည်း ကိုဘသန်းနှင့် ချစ်ကြိုက်လာခဲ့သည်ဖြစ်၍ လက်ထပ်ထိမ်းမြား ရဦးမည် တကြောင်း ကြောင့် မိန်းမနှစ်ယောက်တို့ ခွဲခွာကြပြီးလျှင် မနှင်းရီသည် နေရပ်ဟောင်း ဖြစ်သော စစ်ကိုင်းမြို့၌ နေထိုင်လျက်ရှိသဖြင့် ကျွန်တော်က သွားရောက်စုံစမ်းရခြင်း ဖြစ်လေသည်။

ခွဲခါနီး၌ ခင်မြင့်ကြီးက မနှင်းရီအား မင်္ဂလာဆောင်အတွက် ငွေသုံးရာ လက်ဖွဲ့သည် ဆို၍ ချက်လက်မှတ်တစောင် ရေးပေးထားခဲ့ရာ ထိုငွေဖြင့် အိမ်ထောင်မှုပစ္စည်းများ ဝယ်ခြမ်းသည်ဟုလည်း သိရှိရ၏။ မနှင်းရီးသည် မျက်မှန်နက်တပ်ထားသော လူနှင့် မသင်္ကာ၍ ကျွန်တော် ကဲ့သို့ပင် သင်္ကာမကင်း ရှိနေလျက် ကလောမြို့ ဈေးအနီးတွင် တွေ့ဆုံကြစဉ်က မျက်မှန်နက်နှင့်လူက ခင်မြင့်ကြီး၏လက်ကို ခပ်ကြမ်းကြမ်း ကိုင်ဆွဲသည်ကိုပင် မြင်လိုက်ရဖူးကြောင်းနှင့် ပြောပြလေသည်။ မနှင်းရီ၏ ထင်မြင်ချက်မှာ ခင်မြင့်ကြီးသည် မျက်မှန်နက်နှင့် လူကို ကြောက်သည့်အတွက် ဦးသိဒ္ဓိ လင်မယားကို အကာအကွယ်ယူ၍ ရန်ကုန်သို့ ထွက်သွားခြင်းဖြစ်ဟန်တူသည်ဟု ဆို၏။

ကျွန်တော်နှင့် မနှင်းရီတို့သည် အိမ်ရှေ့ဝရန်တာတွင် ထိုင်လျက် အထက်ပါ အခြင်းအရာတို့ကို တိုင်ပင်ပြောဆိုလျက် ရှိနေကြစဉ် မနှင်းရီသည် ထိုင်ရာမှ အလန့်တကြား ထလျက် လမ်းမဘက်သို့ မျှော်ကြည့်ယင်း

"ဟော၊ ဟောဒီ လူကြီးပါပဲ" ဟု ပြောလိုက်လေ၏။ ကျွန်တော်သည် လမ်းမဘက်သို့ ကြည့်လိုက်သောအခါ အလုံးအရပ် ထောင်ထောင်မောင်းမောင်းနှင့် မျက်မှန်နက်ကြီးတပ်ထားသော လူတယောက်သည် တုတ်ကောက်တချောင်းကိုင်ကာ လျှောက်လာယင်း အိမ်နံပါတ်များအား တခုစီ ကြည့်လာသည်ကို တွေ့မြင်ရလေ၏။ ထိုသူကား ကျွန်တော်ကဲ့သို့ပင် မနှင်းရီ၏ နေအိမ်ကို ခြေရာခံ၍ လိုက်လာခြင်း ဖြစ်



www.burmeseclassic.com

www.burmeseclassic.com


ကြောင်း ထင်ရှားလေပြီ။ ကျွန်တော်သည် မည်သို့ပြုလုပ်ရမည်ကို အချိန်ယူ၍ စဉ်းစားမနေပဲ ပြူမိပြူရာ အိမ်ပေါ်မှ ဆင်းလာခဲ့ပြီးလျှင် ထိုလူအနီးသို့ ချဉ်းကပ်၍

ကျွန်။ ။ "ခင်ဗျား ဘာလုပ်နေတာလဲ"

လူ။ ။ "ဘာလုပ်လုပ် ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ"

ကျွန်။ ။ "ခင်ဗျား မနှင်းရီကို လိုက်ရှာနေတာယ်မဟုတ်လား"

ထိုသူသည် အဖြေမပေးပဲ ကျွန်တော့်ကို ငေးကြည့်နေသဖြင့်

ကျွန်။ ။ "ခင်မြင့်ကြီးကို ခင်ဗျား ဘယ်ထားခဲ့သလဲ၊ ပြောစမ်း"

ထိုသူသည် မည်သို့မျှပြန်မပြောပဲ အလွန်အံ့ဩစွာနှင့် ငေးကြည့်နေလေ၏။

ကျွန်။ ။ "ပြောစမ်းပါဗျ၊ ခင်မြင့်ကြီးကို ခင်ဗျား ဘယ်ဝှက်ထားခဲ့သလဲ၊ ဘာကြောင့် သူ့နောက်ကို ခင်ဗျား တကောက်ကောက် လိုက်နေရတာလဲ၊ ပြောစမ်းပါ"

ထိုလူသည် ကျွန်တော့်အား စားတော့ဝါးတော့မည့် မျက်နှာထားမျိုးနှင့် စိမ်းစိမ်းကြီး ကြည့်ပြီးမှ လက်တွင် ကိုင်ထားသော တုတ်ကောက်ကြီးကိုမြှောက်ကာ ကျွန်တော်၏ဦးခေါင်းကို ရိုက်တော့မည်ပြုသဖြင့် ကျွန်တော်လည်း လက်ကာတက်ကိုမြှောက်ကာ ငုံ့လျှိုးမည်ပြုဆဲတွင် မျက်နှာချင်းဆိုင် လက်ဖက်ရည်ဆိုင်မှ ထိုင်လျက်ကြည့်နေသော မွှာဆလင်တစ်ယောက်က ပျာယီးပျာယာပြေးလာ၍ ထိုလူ၏ လက်ယာဘက် လက်ကောက်ဝတ်ကို သူ၏ ကြိမ်တုတ်ကလေးနှင့် ဆတ်ကာရိုက်လိုက်သဖြင့် "အလိုလေးဗျ"ဟု ဆိုကာ လက်မှတုတ်ကောက် လွတ်ကျသွားလေ၏။

ထိုလူသည် တုတ်ကောက်ကိုငုံ့၍ကောက်ယူပြီးနောက် ကျွန်တော်တို့နှစ်ယောက်အနက် မည်သူ့အား ရန်မူရမည်ကို မဆုံးဖြတ်နိုင်သည့်လက္ခဏာနှင့် တစ်ယောက်စီလှမ်းကြည့်ပြီးမှ နှစ်ယောက်နှင့်တစ်ယောက်ဖြစ်၍ အခြေမလှသည့် အဖြစ်ကို စဉ်းစားမိဟန်နှင့် မည်သို့မျှမပြောတော့ပဲ မနှင်းရီ၏ အိမ်ထဲသို့ စိုက်စိုက်ကြီး ဝင်သွားလေသည်။

ကျွန်တော်မှာမူ ပန်းပွားနက် တပ်ထားသော ဦးထုပ်နီကလေးကိုဆောင်း၍ ကွတ်အင်္ကျီခပ်ရှည်ရှည်ကို ဝတ်ထားသည့် ကျွန်တော့်ကျေးဇူးရှင် ဇေဒဗာရီဘက်သို့ လှည့်ကာ ကျေးဇူးတင်စကား ပြောတော့မည် အပြုတွင်

"ဘယ့်နှယ်လဲ ကိုသိန်းမောင်၊ စုံထောက်ဖို့လွှတ်လိုက်ပါတယ်၊ ဦးခေါင်းကွဲပြီး ဆေးရုံတက်ရတော့မလို့၊ ကံကောင်းလို့ပါလားဗျ၊ တော်ပါတော့ဗျာ၊ ဒီကနေ့ ညရထားနဲ့ ရန်ကုန် ပြန်လိုက်ခဲ့ပါတော့ ဆရာကြီးရယ်"

× × ×

ကျွန်တော်နှင့်ဦးစံရှားတို့သည် ဘူတာရုံအနီး၌ရှိသော ကျွန်တော်၏တည်းအိမ်တွင်မျက်နှာချင်းဆိုင်ထိုင်လျက် ရှိကြစဉ် ဦးစံရှားမှာ အဝတ်များလဲလှယ်ပြီး၍ သူဆောင်ရွက်ခဲ့သော အစီအစဉ်ကို ပြောပြလေ၏။ ဦးစံရှားမှာ စက်ပိုင် ဦးဘရီ၏ အမှုကလေး ပြီးပြတ်သွားသည်နှင့် ရန်ကုန်မှထွက်လာခဲ့၍ ကျွန်တော့်နည်းတူ ခြေရာကောက်ခဲ့ရာတွင် ကျွန်တော့်ထက် လျင်မြန်သည်ဖြစ်သောကြောင့် ကျွန်တော် သိရှိခဲ့ရသမျှတို့ကို သိရှိခဲ့ရသည့်ပြင် မနှင်းရီ၏နေအိမ်သို့ ကျွန်တော်ရောက်ရှိလာလိမ့်မည့် အကြောင်းကိုပင် ကြိုတင်သိရှိပြီးဖြစ်၍ အိမ်ရှေ့

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


လက်ဖက်ရည်ဆိုင်မှ ကျွန်တော့်ကို စောင့်မျှော်နေလေသော သည်။ မူစလင်တယောက်၏ အသွင်ကို ယူနိုင်ခဲ့ခြင်းမှာ ဦးစံရှားအဖို့၌ လုပ်နေကျလမ်းစဉ်ပင် ဖြစ်လေသည်။

ရှား။ ။"ခင်ဗျားအလုပ်လုပ်ခဲ့ပုံတွေ ပြန်ကြည့်လိုက်တဲ့အခါမှာ ဘယ်နေရာ ဘယ်လိုမှားတယ်လို့တော့ ထောက်ပြစရာ မတွေ့ဘူးပဗျာ၊ ဒါပေမယ့် အားလုံးခြုံပြီးကြည့်လိုက်တဲ့အခါမှာ ခင်ဗျား ကိုယ်တိုင်ထောက်လှမ်းစုံစမ်းလို့ တွေ့သွားပဲ့ အချက်ရယ်လို့တော့ မရှိဘူး၊ ဟိုဘက်က လူတွေအဖို့တော့ သတိဝီရိယနဲ့ လုပ်ကြဖို့ ကြော်ငြာမောင်း ခတ်လိုက်သလို ဖြစ်သွားကုန်ပြီကောဗျ"

ကျွန်။ ။(စိတ်ပျက်စွာနှင့်) "ခင်ဗျားကိုယ်တိုင် လိုက်လုပ်ယင်ကော ဒီထက်ပိုပြီး လုပ်နိုင်ဦးမှာလားဗျ"

ရှား။ ။"လုပ်နိုင်ပြီလားဗျာ၊ လုပ်လဲ လုပ်ခဲ့ပြီကောဗျ၊ တော်တော်ကြာတော့ ခင်ဗျား သိရပါလိမ့်မယ်၊ ခင်ဗျားနဲ့ ရန်ဖြစ်တဲ့ မျက်မှန်ကြီးနဲ့လူဟာ ဘယ်သူလဲ၊ ခင်ဗျား သိရဲ့လား"

ကျွန်။ ။"ဒီအမှုမှာ သူ အချုပ်အချာပဲ ထင်တယ်၊ ဘယ်သူလို့တော့ မသိရသေးဘူး"

ရှား။ ။"ဝတ်လုံတော်ရ ဦးသိန်းဟန်တဲ့ဗျ၊ ယိုးဒယားမှာ ဆယ်နှစ်ကျော် အလုပ်လုပ်လာခဲ့တဲ့ လူတယောက်ပေါ့"

ထိုခဏ၌ လူငယ်ကလေးတယောက် စာရွက်ကလေးနှင့်ဝင်လာ၍ ဦးစံရှားအား ပြသဖြင့် ဦးစံရှားက ဖတ်ကြည့်ပြီးနောက်

ရှား။ ။"ပြောယင်းဆိုယင်း ရောက်လာပြီကော ကိုသိန်းမောင်ရေ၊ အေး အေး၊ ဝင်ခဲ့ပါစေ၊ ခေါ်ခဲ့ပါ"

လူငယ်လေးထွက်သွားပြီးနောက် မျှားမကြာမီအတွင်း မျက်မှန်နက်ကြီးနှင့်လူသည် အခန်းတွင်းသို့ ဝင်လာလေရာ ကျွန်တော်တို့ကိုမြင်သောအခါ ရပ်တန့်လျက်ရှိလေ၏။

လူ။ ။"ခင်ဗျား ခေါ်တယ်ဆိုလို့ ကျွန်တော်လာခဲ့တယ်၊ ဒီလူက ဒီအမှုမှာ ဘယ်လို သက်ဆိုင်လို့လဲဗျ"

ရှား။ ။"ကျွန်တော့်လက်ထောက် ဦးသိန်းမောင်ပါပဲ၊ ကျွန်တော်နဲ့ လုပ်ဖော်ကိုင်ဖက်တယောက် ဖြစ်ပါတယ်"

ထိုလူသည် မကျေမနပ်ရှိသော အမူအရာနှင့် ကျွန်တော့်အား လှမ်းကြည့်၍ ကုလားထိုင်ပေါ်တွင် ထိုင်လေ၏။ ထို့နောက်မှ

လူ။ ။"တယောက်နဲ့တယောက် အယင်မှားကြတာပေါ့ဗျာ၊ သည်းခံပါနော်၊ စိတ်မရှိပါနဲ့၊ ခင်မြင့်ကြီးကို ကျွန်ဘော်ကပဲ ဝှက်ထားသလိုလို စွပ်စွဲတော့ ကျွန်တော်က ဒေါသထွက်မိတယ်ဗျ၊ ခုတလောမှာ ကျွန်တော်က စိတ်တိုနေလို့ ထစ်ကနဲဆို ရန်ဖြစ်ချင်လာတော့တာပဲ၊ ဒါထက် နေပါဦး ဦးစံရှားရဲ့၊ ကျွန်တော့်အကြောင်းကို ခင်ဗျား ဘယ်နှယ်သိသလဲ"

ရှား။ ။"ခင်မြင့်ကြီးရဲ့ သူငယ်ချင်း မခင်ညွန့်နဲ့ ကျွန်တော် တွေ့ခဲ့ပြီးပြီဗျ"

လူ။ ။"ဩော် မျက်စိ ခပ်စွေစွေနဲ့ မခင်ညွန့်ဟာလား"

ရှား။ ။"ဟုတ်ပါတယ်၊ သူက ခင်ဗျားတို့အကြောင်းကို ကောင်းကောင်း သိတယ်ဗျ၊ ဟိုတုန်းက ယိုးဒယားကို ခင်ဗျား ထွက်မသွားမီက အဖြစ်အပျက်တွေ ဆိုပါတော့ဗျာ"

လူ။ ။"အောင်မယ်၊ ဒါဖြင့် ခင်ဗျားက ကျွန်တော့်အကြောင်းကို အားလုံး သိနေပြီကိုး၊ ဒီလိုဆိုယင်လဲ ကျွန်တော်အားလုံးဖွင့်ပြောပါတော့မယ်။ ကျွန်တော့်နဲ့ခင်မြင့်ကြီး ချစ်ကြိုက်ခြင်းဟာ သာမန်မေတ္တာ


www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး ခင်ဗျာ။ သူကလဲ့ ဖဲနဲ့ဆန်ကွဲဆိုတာ စာဆိုသာ ရှိတယ်လို့ မအောက်မေ့ပါနဲ့။ ကျွန်တော်တို့မှာ တကယ်ပါခင်ဗျာ။ ကျွန်တော်ကရော သူကရော တသက်လုံး လူပျိုကြီး၊ အပျိုကြီး လုပ်နေခဲ့ကြတာပဲကြည့် ပါတော့။ ကျွန်တော်က ဟိုတုန်းက ဘိလပ်က ပြန်လာခါ ခပ်ငယ်ငယ်ပဲ ဖြစ်နေတော့ ပျော်ပျော်နေဖို့ လောက်သာ နားလည်ပြီးခပ်ရမ်းရမ်း နေခဲ့မိတာပါခင်ဗျာ။ ခင်မြင့်ကြီးကလဲ ဘိလပ်တွေ ဘာတွေရောက် ဖူးပေမယ့် သူ့စိတ်က ကမ္ဘာ့ဓာန်းဘာဝနာဘက်ကို ညွတ်ပြီး မူးတယ် ရမ်းတယ်ဆိုယင် နည်းနည်းမှ မကြား ချင်ဘူး ခင်ဗျာ။ ဒါကြောင့် ကျွန်တော်တို့ နှစ်ယောက်ဟာ မေတ္တာမျှရက်နဲ့ ရေစက် မဆုံစည်းပဲဖြစ်ပြီး ကျွန်တော်က စိတ်ညစ်ညစ်နဲ့ ယိုးဒယားပြည်ဘက် ထွက်သွားပါလေရော ခင်ဗျာ။ ဘယ်လောက်များ စုံမက် ကြသလဲဆို နှစ်ယောက်စလုံး အိမ်ထောင်မပြုပဲ နေခဲ့ကြတာကိုသာ ကြည့်ပါတော့။ ဒါနဲ့ လွန်ခဲ့တဲ့ သုံးလ လောက်က ကျွန်တော် ယိုးဒယားက ပြန်ရောက်လာပြီး စုံစမ်းကြည့်လိုက်တော့ ခင်မြင့်ကြီးမှာလဲ အိမ်ထောင် မပြုသေးကြောင်း ကြားရတာနဲ့ သူရှိရာ ကလောမြို့ကို လိုက်သွားပြီး တတ်နိုင်သမျှ ဝန်ခံကတိပေးရတာ ပေါ့ဗျာ။ ပထမတော့ သဘောတူမလိုလိုနဲ့ ပြောလာပြီး နောက်ဆုံးတော့ တိတ်တိတ်ကလေး ပြောင်းရွှေ့ ပြေးတယ် ခင်ဗျာ။ နောက်ဘကြိမ် အတန်ကြာအောင် ခြေရာခံပြီးလိုက်ပြန်လို့ မန္တလေး ရောက်လာပြန် တော့လဲ မမီလိုက်ဘူးခင်ဗျာ။ ပြောင်းပြီးသား ဖြစ်နေပြန်ပြီ။ ဒီအရေးကြောင့် ကျွန်တော့်မှာ ဒေါင်း တောက်နေရတဲ့အထဲ ခင်ဗျားလူကလာပြီး ခင်မြင့်ကြီးကို ကျွန်တော် ဝှက်ထားသလေး ဘာလေးနဲ့ စွပ်စွဲ နေပြန်တော့ စိတ်မဆိုးပဲ နေနိုင်ပါတော့မလားခင်ဗျာ။ ကိုင်း၊ ဒါထက် ခင်မြင့်ကြီးရှိတဲ့နေရာကို သိလို့ ရှိယင် တဆိတ်လောက် ညွှန်ပြပါခင်ဗျာ''

ရှား။ ။''ဟုတ်ကဲ့၊ မှာတွေ့တဲ့ အချိန်ကျတော့ အကြောင်းကြားရမှာပေါ့၊ ရန်ကုန်မှာတော့ ဘယ်အရပ်မှာ တည်းသလဲ မိတ်ဆွေ''

။လူ ။''ရှိုင်ရယ်ဟိုတယ်မှာ တည်းပါတယ်''

ရှား။ ။''ကိုင်း ဒါဖြင့် ဒီလိုလုပ်ပေတော့၊ ရန်ကုန်ပြန်သွားပြီး ခင်ဗျား စောင့်နှင့်ပေတော့၊ စိတ်သာချ၊ ကျွန်တော် အစွမ်းရှိသလောက် ထောက်လှမ်းပြီး အကြောင်းကြားပါ့မယ်။ ကျွန်တော်တို့ လိပ်ကတော့ ဟောဒီအတိုင်းပါပဲ၊ အရေးကြီးယင် လာတွေ့နိုင်ပါတယ်''ဟု ပြော၍ ကားချပ်ကလေး တခုကို ပေးအပ်လိုက်ရာ ဦးသိန်းဟန်လည်း ထွက်သွားလေ၏။

× × ×

ကျွန်တော်နှင့် ဦးစံရှားတို့သည် ရန်ကုန်သို့ပြန်ရောက်၍ ဘရုတ်ကင်းယမ်းရှိ တိုက်ခန်းသို့ ဝင်ကြသောအခါ ဦးစံရှား၏ နာမည်ဖြင့် ကြေးနန်းတစောင် ရောက်နှင့်နေသည်ကို တွေ့ရလေ၏။ ထိုကြေးနန်းမှာ မန္တလေးမြို့ ဂရင်းဟိုတယ် မန်နေဂျာထံမှဖြစ်၍ 'အနည်းငယ် စုတ်နေပါသည်'ဟူသော စကားလုံးမှတပါး တစုံတရာမျှ မပါရှိချေ။

ကျွန်။ ။''ဘယ့်နှယ်ဟာလဲဗျ ဦးစံရှား''

ရှား။ ။''ဘယ့်နှယ်ရမလဲဗျ၊ ဦးသံဒ္ဓိဆိုတဲ့လူရဲ့ လက်ဝဲဘက် နားရွက်ဟာ ဘယ်လိုနေသလဲလို့ ခင်ဗျားဆီ ကြေးနန်းရိုက်မေးတာ၊ ခင်ဗျားဆီက အဖြေမရတာနဲ့ မန်နေဂျာဆီ ကြေးနန်းရိုက် မေးလိုက်ရ တာပေါ့''

ကျွန်။ ။''ကျွန်တော်ကတော့ ခင်ဗျား နောက်ပြီး မေးလိုက်တာလားလို့ ဂရုမစိုက်မိပေဘူးဗျာ။ 'အနည်းငယ် စုတ်နေပါသည်'ဆိုတာ သူ့နားရွက်ကို ဆိုတာလား''



www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။"အစစ်ပေါ့ဗျ"

ကျွန်ုပ်။ ။"ဒီအကြောင်းသိရတော့ ဘယ်လိုများ တူးသတဲ့လဲဗျာ"

ရှား။ ။"တူးတာမှ သိပ်တူးတာပေါ့ ကိုသိန်းမောင်၊ ဦးသိဒ္ဓိ အမည်ခံတဲ့ ကမ္ဗဒ္ဓာန်းဆရာ လင်မယားဟာ ကျုပ်တို့ မြန်မာပြည်မှာ အဆိုးဆုံး၊ အပါးဆုံး၊ ဉာဏ်အများဆုံး၊ အရဲဆုံး လင်မယားနှစ်ယောက် ဖြစ်ကြောင်း သိရတာပေါ့ဗျ၊ ဖြစ်ပုံက ဒီလိုဗျ၊ ဒီလင်မယားဟာ ရုပ်ရည်ကလေးတွေက မွန်မွန်ရည်ရည် သပ်သပ်ရပ်ရပ်နဲ့ မြင်လိုက်ယင် ကြည်ညိုစရာ၊ ယုံကြည်လောက်စရာ ကောင်းလေတော့ ခင်မြင့်ကြီးတို့လို ကမ္ဗဒ္ဓာန်းဘာဝနာကလေး ဝါသနာပါတဲ့ လူကုံထံတွေကို လှည့်ပြီး လိမ်စားကြတဲ့ ကိုတွေဗျ၊ ငနဲက ဘုန်းကြီးလူထွက်၊ ဝိန် မက သီလရှင်လူထွက်ဖြစ်လေတော့ ဘာသာရေး တရားဟောတဲ့နေရာမှာ ကျလောက်အောင် ဟောတတ် ပြောတတ်တယ်ဗျ၊ သူတို့တရားကို သဘောကျလို့ အကပ်ခံမိယင် ပစ္စည်းကုန်ဖြုတ်ပြီးနောက်ဆုံးမှာ လူကိုတောင် ဖျောက်ဖျက်ပစ်တတ်သတဲ့ဗျ၊ နားရွက်စုတ်နေတယ်ဆိုတာက တခြားမဟုတ်ဘူး၊ ဖဲဝိုင်းမှာ ရန်ဖြစ်ကြလို့ ပုသင်းနဲ့ အပေါက်ခံရပြီး ရဖူးတဲ့ဒဏ်ရာတဲ့ဗျ၊ သူတို့နှစ်ယောက်လက်ထဲ ခင်မြင့်ကြီး ရောက်သွားရိုးမှန်ယင်တော့ ပါသမျှ ပစ္စည်းကလေး ပြောင်ရုံနဲ့ မပြီးပဲ လူကိုတောင် အစတုံး ဖျောက်ပစ်လိုက်မှာ စိုးရိမ်ရဘယ်၊ ဒီနေ့ ဒီရက်အထိ ခင်မြင့်ကြီးက စာမရေးပဲ တိတ်ဆိတ်နေပုံကို တောက်ရယင် ယုတ်စွအဆုံး လူကို ပိတ်လှောင်ထားတဲ့ လက္ခဏာရှိဘယ်၊ တခါတည်း အဆုံးစီရင်လိုက်ပြီဆိုယင်လဲ ကျုပ်အဖို့တော့ အံ့သြလိမ့်မယ် မဟုတ်ဘူး၊ လုပ်ချင်လုပ်မယ့်လူစုဗျ၊ ရန်ကုန်သွားကြတယ်ဆိုတဲ့သတင်းဟာ ဟုတ်ချင်လဲဟုတ်မယ်၊ မဟုတ်ချင်လဲ နေမယ်၊ သို့သော် ကျုပ်တို့အဖို့တော့ ကောင်းတဲ့ဘက် ဆွဲကြည့်ပြီး ဟုတ်ပါစေလို့ ဆုတောင်းရတော့တာပဲ၊ ကိုင်း၊ လက်ဖက်ရည်ကလေးတခွက်လောက်သောက်ပြီး ကိုအုန်းဖေဆီ သွားစုံစမ်းရဦးတော့ မှာပဲ"

သို့ရာတွင် ကိုအုန်းဖေ အမှုးရှိသော အစိုးရပုလိပ်များသည်လည်းကောင်း၊ ဦးစံရှားလက်အပ် မွေးထားသည့် ကော်ရင်ဂျီကလေးများနှင့်မြန်မာတေလေကြမ်းပိုးကလေးများပါဝင်သည့်သူလျှိုအဖွဲ့သည်လည်းကောင်း ဦးသိဒ္ဓိလင်မယားနှင့် ခင်မြင့်ကြီးတို့ကို ပေါ်ပေါက်အောင် လောက်လှမ်း စုံစမ်းရန် မတတ်နိုင်ပဲ ရှိကြလေ၏။ လူဦးရေ သုံးသိန်းကျော်မျှရှိသော ရန်ကုန်မြို့ကြီးအတွင်း၌ အသိရှိသော လူသုံးယောက်ကို ရှာဖွေရခြင်း အလုပ်မှာ ကောက်ရိုးပုံထဲ၌အပ်ကိုရှာရခြင်းထက်လွယ်ကူလှသည်မဟုတ်ချေ။ သတင်းစာများ၌ ကြော်ငြာများထည့်ခြင်း၊ ကစားဝိုင်းများ၊ ကလပ်များ အစရှိသည့် လူဆိုးများ တွေ့တတ်သောနေရာများ၌ ရှာဖွေခြင်းတည်းဟူသော အလုပ်များသည်လည်း အချည်းနှီးပင် ဖြစ်ခဲ့၏။ ဦးသိဒ္ဓိနှင့် ပေါင်းဟောင်းများကို အမှတ်မဲ့ ချောင်းမြောင်း အကဲခတ်ပါသော်လည်း အဆက်အသွယ် ပြုလုပ်ကြသည်ကိုမတွေ့ရချေ။ နောက်ဆုံး ရက်သတ္တတပတ်ခန့် ကျော်လွန်ခဲ့ရာတွင် လသာလမ်းရှိ အပေါင်ဆိုင်၌ ခင်မြင့်ကြီး၏ နီလာ လက်စွပ်တကွင်း ပေါင်နှံထားသည်ကို တွေ့ရှိရပေရာ လက်စွပ် အတွင်းဘက်တွင် ကေ-အမ်-ဂျီ (K.M.G)ဟူသော စာသုံးလုံးပါရှိသည့်ပြင် အပေါင်ဆိုင်စာရေး မှတ်မိသလောက် ပြောပြချက်မှာလည်း ဦးသိဒ္ဓိဆိုသူ၏ ရုပ်လက္ခဏာနှင့် ကိုက်ညီနေသောကြောင့် ခြေရာကောက်မိပြီဟူ၍ ဆိုနိုင်လောက်ပေ၏။ အမည်နှင့် နေရပ်မှုကား မည်သည့်နည်းနှင့်မျှမှန်သည့်အတိုင်း ပြောမည်မဟုတ်သောကြောင့် ခြေရာကောက် ရန်အတွက် ဘန်ဖိုးမရှိလှချေ။ စုတ်ပြတ်သော နားရွက်ကိုမူကား စာရေးက သတိမထားမိဟု ဆို၏။

ကျွန်တော်တို့သည် ဦးသိဒ္ဓိလင်မယားနှင့် ခင်မြင့်ကြီးတို့ကို လောက်လှမ်းစုံစမ်းလျက်ရှိစဉ် ဝတ်လုံ ဦးသိန်းဟန်သည် ကျွန်တော်တို့ထံသို့ သုံးကြိမ်တိုင်တိုင် လာရောက်မေးမြန်း၏။ ထိုသူမှာ တခေါက်ထက်

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

တခေါက် အရည်အသား လျော့ပါးဆုတ်ယုတ်၍ သူ၏ ရုပ်အင်္ဂါ လည်ပင်းပေါက်သည်ပင်လျှင် ချောင်လျက်ရှိသည်ကို တွေ့ရသဖြင့် အဘယ်မျှလောက် သောကရောက်လျက် ရှိသည်ကို သိမြင်နိုင်လေ၏။

ဟန်။ ။"မြွေသင့်ချက်ကလေးများ နည်းနည်းပါးပါး မပေးနိုင်ဘူးလား ဦးစံရှားခင်ဗျာ"

ရှား။ ။"လက်ကောက်ကိုတော့ ပေါင်သုံးနေကြပြီဗျို့။ တော်တော်တော့ နီးလာပြီထင်ပါရဲ့"

ဟန်။ ။"ခင်မြင့်ကြီးရဲ့ လက်ကောက်တဲ့လား ခင်ဗျာ"

ရှား။ ။ဟုတ်ကဲ့"

ဟန်။ ။"ဒီလိုဆိုယင် ခင်မြင့်ကြီးကို ဖျောက်ဖျက်ပစ်လိုက်ကြပြီလို့ အဓိပ္ပာယ်ရှိပါသလား ခင်ဗျာ"

ရှား။ ။(ဣန္ဒြေကြီးသော မျက်နှာထားနှင့်) "ခင်မြင့်ကြီးကို ခုအချိန်အထိ တနေရာမှာ ချုပ်လှောင်ထားတယ် ဆိုယင် သူ့ကို လွှတ်ပစ်လိုက်ပါက သူတို့အပေါ်မှာ ဘေးရန်မကင်းပေဘူးဆိုတာ သူတို့ စဉ်းစားမိမှာပဲဗျ။ သိပ်ပြီး မျှော်လင့်ချက်ထားလို့ မဖြစ်ပေဘူးထင်တယ်"

ဟန်။ ။"ကျွန်တော် ဘယ်လိုနေရာမျိုးက ကူညီနိုင်ပါသလဲ ခင်ဗျာ"

ရှား။ ။"။"ဒီလူက ခင်ဗျားကို မြင်ရုံနဲ့ မသိပေဘူးပေါ့"

ဟန်။ "မသိပေဘူးခင်ဗျာ"

ရှား။ ။"ကိုင်း၊ ဒါဖြင့် ဒီလိုလုပ်ပေတော့။ နီလာလက်ကောက်တဘက်ကို ဆိုင်မှာပေါင်ပြီးယင် ကျန်တဲ့တဘက်ကိုလဲ သူတို့ ပေါင်ကြဦးမှာပဲ။ ပေါင်ချင်တဲ့အပေါင်ဆိုင်မှာ ပေါင်နိုင်ပေမယ့် လသာလမ်း အပေါင်ဆိုင်က ဟိုတဘက်ကို သုံးရာပေးလိုက်တယ် ဆိုတော့ ဈေးမနည်းလှဘူးဗျ။ ဒီတော့ ပေါင်ချင်း ပေါင်ယင် နောက်တခါလဲ ဒီဆိုင်မှာပဲ ပေါင်ကြလိမ့်မယ် ထင်တယ်။ကျုပ်တို့တွေ့ထားတဲ့ လက်ကောက်ဟာ ဒုတိယအကြိမ်ပေါင်ခြင်းဖြစ်ယင်တော့ မတတ်နိုင်ဘူးပေါ့လေဗျာ။ ကိုင်း ဒီတော့ ကျုပ်က လသာလမ်း အပေါင်ဆိုင်ရှင်ဆီကို စာပေးလိုက်မယ်။ ခင်ဗျားက အပေါင်ဆိုင်ထဲက စောင့်နေပေတော့။ နီလာလက်ကောက်တဘက် လာပေါင်တဲ့လူတွေ့ယင် ခင်ဗျားက နောက်ယောင်ခံပြီး လိုက်သွားပေတော့။ သို့သော် ကိုယ်ထိလက်ရောက်တော့ ဘာတခုမှ မလုပ်နဲ့ဗျနော်။ ကြပ်ကြပ် သတိပြုလိုက်ပါ။ ခင်ဗျားက နောက်ယောင်ခံလိုက်သွားပြီး သူတို့ရဲ့လိပ်စာကို မှတ်ယူလာခဲ့ပေတော့။ နားလည်လား"

ဟန်။ ။"ကောင်းလှပါပြီ ခင်ဗျာ"

ဦးသိန်းဟန်သည် တိုက်ပေါ်မှ ဆင်းသွား၍ တတိယမြောက်သောနေ့ ညနေတွင် ပျာယီးပျာယာ တုန်ယင်စွာနှင့် တိုက်ပေါ်သို့ တက်လာလေ၏။

ဟန်။ ။တွေ့ပြီဗျို့၊ တွေ့ပြီ"

ရှား။ ။"ဟုတ်လား၊ နေပါကျဗျာ။ ဆိုစမ်းပါဦး"

ဟန်။ ။"ဒီတခါတော့ သူ့မိန်းမ လာပေါင်တာဗျို့။ လက်ကောက်ကတော့ ပထမဟာနဲ့ တရုံတည်းပဲ။ မိန်းမ ခပ်မြင့်မြင့်၊ အသားလတ်လတ်၊ မျက်စိစွေ့စွေ့နဲ့ဗျ"

ရှား။ ။"ဟုတ်ပြီဗျို့၊ အစစ်ပဲ။ ဆိုစမ်းပါဦးဗျ"

ဟန်။ ။"မိန်းမက အပေါင်ဆိုင်က ထွက်သွားတော့ ကျွန်တော်က နောက်က လိုက်သွားတယ်။ အနောက်ပိုင်းဆီကျတော့ ခေါင်းလုပ်ရောင်းတဲ့ဆိုင်ထဲ ဝင်သွားတယ် ခင်ဗျ"

ရှား။ ။(ဟန်လုပ်သော အမူအရာနှင့်) "ဗျာ"

ဟန်။ ။"ကျွန်တော်က ဆိုင်ရှေ့မှာ မယောင်မလည်နဲ့ စောင့်ကြည့်နေတုန်း မိန်းမကဆိုင်ရှင်ကို ကြိမ်းတယ်ဗျ။ ပြောတဲ့အချိန် မရောက်ဘူးလား၊ ဘာသားနဲ့ သူပါရောကိုးဗျ။ ဒီတော့ ဆိုင်ရှင်က ဒီလောက်

www.burmeseclassic.com

တော့ ကြာမှာပေါ့တဲ့။ ခင်ဗျားဥစ္စာက ရိုးရိုးတန်းတန်းဟာမျိုးမှ မဟုတ်ပဲကိုးတဲ့။ ဒီလို ပြောနေတုန်းမှာ သူတို့ နှစ်ယောက်လုံးက စကားရပ်ပြီး ကျွန်တော့်ကို မသင်္ကာတဲ့ မျက်နှာထားနဲ့ လှမ်းကြည့်ကြတယ်ဗျ။ ဒါနဲ့ ကျွန်တော်လဲ မဖြစ်ဘူးဆိုပြီး အသာကလေး ရှောင်ထွက်နေလိုက်ရတယ်''

ရှား။ ။''နေရာကျဗျာ။ တယ်ကောင်း။ ပြီးတော့ကောဗျာ''

ဟန်။ ။ကျွန်တော်က လမ်းဟိုဘက်ကူးပြီး သူတို့ဆီ ဂရုမစိုက်လေဟန်နဲ့ ဟိုဟိုဒီဒီ လှမ်းကြည့်နေတုန်း မိန်းမက ဆိုင်ထဲက ထွက်လာပြီး မသင်္ကာတဲ့ အမူအရာနဲ့ တောင်မြောက်လေးပါးကို ကြည့်လိုက်သေးဗျ။ နောက်ပြီးတော့မှ လန်ချားတစီးခေါ်ပြီး တက်စီးသွားတော့ ကျွန်တော်ကလဲ မြင်းရထားတစီး ခေါ်ပြီး သူ့နောက်က လိုက်ကရောကိုးဗျ''

ရှား။ ။''ဟန်ကျလိုက်လေဗျာ၊ ဆိုစမ်းပါဦး''

ဟန်။ ။''ရွှေတောင်တန်းရောက်တော့ မိန်းမက တိုက်တလုံးရှေ့မှာ လန်ချားရပ်ပြီး တိုက်ပေါ် တက်သွား။ ကျွန်တော်ကတော့ မြင်းရထားကို မောင်းမြဲတိုင်း ဆက်မောင်းစေပြီး လမ်းအကွယ်ရောက်တော့မှ မြင်းရထားကိုရပ်။ ရွှေတောင်တန်း ပြန်လာပြီး ခုနကတိုက်ကို ခပ်လှမ်းလှမ်းက မျှော်ကြည့်နေတာကိုးဗျ''

ရှား။ ။''ဒီတော့ ဘယ်သူ့တွေ့သလဲ''

ဟန်။ ။''ဆယ့်ငါးမိနစ်လောက် စောင့်ကြည့်နေတော့ အဲဒီတိုက်ရှေ့မှာ လှည်းတစီးရပ်တယ်ဗျ။ လှည်းပေါ်မှာ ခေါင်းတလုံးနဲ့ လူနှစ်ယောက်လဲ ပါတယ်။ လူနှစ်ယောက်က ခေါင်းကို လှည်းပေါ်က ချပြီး တိုက်ထဲ သွင်းသွားကြပါရောဗျား''

ရှား။ ။''ဩော်''

ဟန်။ ။''ရုတ်တရက်တော့ ကျွန်တော့်မှာ ထူပူသွားပြီး တိုက်ထဲကို တခါတည်း အတင်းဝင်ကြည့်မယ်လို့ကြံမိတယ်။ အဲဒီအချိန်မှာ ခုနင်က မိန်းမက တိုက်ပြင်ထွက်လာပြီး ကျွန်တော့်ဘက် လှည့်ကြည့်လိုက်တော့ ကျွန်တော့်ကို မြင်မြင်ချင်း ဆတ်ကနဲဖြစ်သွားတယ်ဗျ။ ခေါင်းဆိုင်ရှေ့မှာ တွေ့လိုက်တဲ့လူပဲလို့ မှတ်မိဟန် ရှိတယ်။ ဒါနဲ့ သူက ကပျာကယာ တိုက်ထဲဝင်သွားပြီး တံခါးပိတ်ထားလိုက်လေတော့ ကျွန်တော်ကလဲ ခင်ဗျားမှာလိုက်တဲ့စကားကို သတိရတာနဲ့ ချက်ချင်းလှည့်ပြန်လာခဲ့တာပဲဗျာ''

ရှား။ ။(စာရွက်ပေါ်၌ အနည်းငယ် ရေးခြစ်ပြီးနောက်) ''နေရာကျဗျာ၊ အချက်အလက် နားလည်တဲ့လူနဲ့ အလုပ်လုပ်ရတာ တယ်ကောင်းတယ်။ ရော့၊ ဟောဒီစာရွက်ကလေး ယူသွားပြီး ဝရမ်းရအောင် လုပ်ချေပေဦးတော့ဗျို့။ ကိုအုန်းဖေဆီသွားယင် သူ ကြည့်လုပ်ပေးလိုက်ပါလိမ့်မယ်''

ဟန်။ ။''ဒီ အတောအတွင်းမှာ သူတို့က ခင်မြင့်ကြီးကို သတ်ပစ်ထားယင် ဘယ့်နှယ်လုပ်မှာ့မလဲဗျာ။ ခေါင်းဟာ သူ့အတွက်များ ဖြစ်နေရော့လားဗျာ''

ရှား။ ။''ကျွန်တော့်တာဝန် ထားလိုက်ပါ ဦးသိန်းဟန်၊ ကျွန်တော် ကြည့်လုပ်ပါ့မယ်။ ကိုင်း ကိုသိန်းမောင်၊ ဦးသိန်းဟန်က အစိုးရပုလိပ်တစုနဲ့ အလုပ်လုပ်တုန်း ကျုပ်ကလဲ ကျုပ်တို့နည်းနဲ့ ကျုပ်တို့ ဆောင်ရွက်ကြရလိမ့်မယ်။ အချိန် သိပ်မရှိဘူးဗျို့။ လာ၊ ရွှေတောင်ဟန်းသွားကြရအောင်''

ကျွန်တော်တို့သည် မြင်းရထားတစီးနှင့် ရွှေတောင်တန်းဘက်သို့ မောင်းနှင်သွားကြစဉ် လမ်းခရီး၌

ရှား။ ။''ဒီအမှုကို အစကပြန်ပြီး သုံးသပ်ကြမယ်ဆိုယင် ဦးသိဒ္ဓိ လင်မယားဟာ ခင်မြင့်ကြီးကို သူ့အဖော် မနှင်းရီနဲ့ကွဲအောင် ခွဲပြီးတဲ့နောက် ရန်ကုန်မြို့ကို သွေးဆောင်ခေါ်လာကြတယ်။ ခင်မြင့်ကြီးက မိတ်ဆွေခတွေဆီ စာရေးထည့်ခဲ့လို့ရှိယင်လဲ သူတို့က ဆုတ်ပစ်ခဲ့ကြတယ်။ ရန်ကုန်ရောက်လာတော့ မသူတော်ချင်း ပူးပေါင်းပြီး အိမ်တလုံးရအောင် ရှာငှား။ ခင်မြင့်ကြီးကို အတင်းလှောင်ထား၊ လက်ဝတ်လက်စားကို



www.burmeseclassic.com

www.burmeseclassic.com


ရအောင်နှုးဖြုတ်၊ ပေါင်ပြီး သုံးကြ ဖြုန်းကြ။ နောက်ဆုံးတနေ့ ပစ္စည်းကုန်တဲ့အခါမှာ ခင်မြင့်ကြီးကို လွှတ်ခဲ့လို့ရှိယင် သူတို့အပေါ်မှာ ဘေးရန်လာမှာကိုမြင်တယ်။ ဒါကြောင့် သူတို့အဖို့မှာ တခြားနည်းလမ်း မရှိဘူး။ ခင်မြင့်ကြီးကို တခါတည်း ဖျောက်ဖျက်ပစ်ဖို့ပဲ နည်းလမ်း ရှိတော့တယ်''

ကျွန်။ ။''ဟုတ်ကဲ့၊ ဒီအထိတော့ ရှင်းပါရဲ့ဗျာ''

ရှား။ ။''သို့သော် ဒီပြင်တနည်း စဉ်းစားစရာရှိသေးတယ်။ ဒီတခါတော့ ခင်မြင့်ကြီးကနေပြီး မစဉ်းစားပဲ ခေါင်းကနေပြီး စဉ်းစားကြဦးစို့။ ခေါင်းဝယ်ခြင်းကို ကြည့်ခြင်းအားဖြင့် ခင်မြင့်ကြီးတော့ သေပြီဖြစ်ဟန်တူတယ်။ သို့သော် အလောင်းတခုကို သချိုင်းမှာမြှုပ်မယ်ဆိုယင် ဘယ်လိုရောဂါနဲ့ သေဆုံးတယ်ဆိုတာကို ဆရာဝန်လက်မှတ်ယူပြီး ဖွားသေရုံးကို အကြောင်းကြားဖို့လိုတယ်။ တကယ်လို့ ခင်မြင့်ကြီးဟာ ၉၆ ပါးရောဂါနဲ့မဟုတ်ပဲ သူတို့သတ်လို့ သေတယ်ဆိုလို့ရှိယင် လက်မှတ်ယူဖို့ ခဲယဉ်းတဲ့အတွက်သချိုင်းမှာ ထုံးစံအတိုင်းမမြှုပ်ပဲ တနေရာမှာ တိတ်တဆိတ်မြှုပ်ဖို့ရှိတယ်။ အခုတော့ ခေါင်းတွေ ဘာတွေနဲ့ စည်းကမ်းတကျ သင်္ဂြိုဟ်ဖို့ ကြံစည်ခြင်းကို တောက်ခြင်းအားဖြင့် ၉၆ ပါးရောဂါနဲ့ သေ့ရိုးသားရိုးသေဆုံးသည်ဖြစ်စေ၊ ဆရာဝန်မရိပ်မိနိုင်လောက်အောင် နည်းမျိုးနဲ့ သတ်ခြင်းအားဖြင့်ဖြစ်စေ အသက်ကုန်ခြင်းဖြစ်တယ်လို့ ယူဆရမယ်၊ ဆရာဝန်သစ်တယောက်ကို ငွေထိုးပြီး လက်မှတ်ရအောင် လုပ်တဲ့နည်းတော့ရှိတယ်ပေါ့လေ၊ သို့သော် ဒီဟာတော့ တဆိတ် ခဲယဉ်းလွန်းအားကြီးတယ်။ ဟုတ်ပုံမရဘူး''

ကျွန်။ ။''ဆရာဝန်လက်မှတ်ကို လိမ်ထိုးယင်ကောဗျာ''

ရှား။ ။''ဒါလဲ ဘေးမကင်းဘူးဗျ၊ သိပ်လွယ်တဲ့ကိစ္စ မဟုတ်ဘူး၊ ဒီလိုလုပ်ကြလိမ့်မယ် မဟုတ်ဘူး။ ဟေး ဂယ်ရီဝါးလား၊ ဟိုး''

မြင်းရထားသည် ခေါင်းများလုပ်သောဆိုင်ရှေ့၌ ရပ်တန့်လေရာ ကျွန်တော်သည် ဦးစံရှား၏ သွန်သင်ချက်အရ ဆင်း၍မေးမြန်းသဖြင့် စဥ္စအိုးတန်းအသုဘမှာ နက်ဖြန် ၁၁ နာရီတွင် ကြံတော သချိုင်းသို့ ပို့ချမည်ဖြစ်ကြောင်း သိရှိခဲ့ရလေ၏။ ထို့နောက် စဥ္စအိုးတန်းသို့ ဆက်လက်မောင်းနှင်ပြန်လေရာ

ရှား။ ။''ကျုပ်တွေးတဲ့အတိုင်း စည်းကမ်းတကျ သင်္ဂြိုဟ်တဲ့ လက္ခဏာပဲဗျ။ လက်မှတ်တွေ ဘာတွေနဲ့ တော်တော်ခိုင်လုံဟန်တူတယ်''

လမ်းထိပ်သို့ ရောက်ကြသောအခါ ကျွန်တော်တို့သည် မြင်းရထားကိုလွှတ်၍ ခြေကျင်လျှောက်လာကြစဉ် ဦးစံရှားက ''ဝရမ်းတွေဘာတွေ စောင့်မနေနိုင်ဘူးဗျ၊ အရေးကြီးယင် ကြီးသလို အလုပ်လုပ်ကြရတော့မှာပဲဗျို၊ မှန်တဲ့ဘက်က အနိုင်ရကောင်းပါရဲ့ဗျာ''

ကျွန်တော်တို့သည် ဦးသိန်းဟန် ညွှန်ကြားသော တိုက်ရှေ့သို့ရောက်စဉ် တံခါးကိုခေါက်လိုက်သောအခါ တံခါးပွင့်လာ၍ မိန်းမတယောက် ထွက်လာလေ၏။

မိန်း။ ။(မသင်္ကာသော မျက်နှာထားနှင့် ကြည့်နေပြီးနောက်) ''ဘာကိစ္စလဲရှင်''

ရှား။ ။''ဦးသိဒ္ဓိတယောက် ရှိပါစခင်ဗျာ''

မိန်း။ ။ဦးသိဒ္ဓိဆိုတာ ဒီမှာမရှိပါဘူး''ဟု ပြောပြောဆိုဆိုနှင့် တံခါးကို ပိတ်မည်ပြုသော်လည်း ဦးစံရှားက ခြေထောက်နှင့် ထိုးခံထားသဖြင့် ပိတ်မရပဲ ရှိရာတွင်

ရှား။ ။''ဦးသိဒ္ဓိခေါ်ခေါ် ဘာခေါ်ခေါ် ဒီတိုက်ခန်းမှာနေတဲ့လူနဲ့ ကျုပ်တွေ့ချင်တယ်''

မိန်းမသည် အတန်ငယ်ဆိုင်းနေပြီးမှ တံခါးကိုဖွင့်ပြီးလျှင်''ဝင်ချင်ဝင်ကြပါလေ၊ ကျွန်မယောကျ်ားက ဘယ်သူ့မှ ကြောက်တတ်တဲ့လူမဟုတ်ပါဘူး''ဟုပြော၍ ကျွန်တော်တို့အားနေရာထိုင်ခင်းပေးပြီးနောက် ''နေကြပါဦး၊ ကျွန်မယောကျ်ား သွားခေါ်လိုက်ပါဦးမယ်''ဟု ဆိုကာ ထွက်သွားလေ၏။

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


မျှားမကြာမီ ကာယဗလအတန်ကောင်း၍ ကြောင်သူတော် မျက်နှာမျိုးရှိသော လူတယောက်သည် အခန်းတွင်းမှ ထွက်လာ၍

လူ။ ။''မိတ်ဆွေများ အိမ်မှားနေပြီထင်ပါတယ်၊ ဟိုဘက်နားလျှောက်ပြီးမေးယင်''

ရှား။ ။''ကောင်းပါပြီ၊ ကျုပ်တို့အချိန်မရှိပါဘူး၊ ခင်ဗျားနာမည် ဦးသိဒ္ဓိခေါ်၊ ဖိုးသူတော်ခေါ်၊ မန်းစကြာ မဟုတ်လားဗျ၊ ဦးစံရှားလေ၊ ကြားဖူးမှာပေါ့''

ထိုသူသည် ဆတ်ကနဲ ဖြစ်သွားသော်လည်း ရုတ်တရက် မျက်နှာပိုးသတ်၍ ''ဦးစံရှားဆိုယင် လူဆိုး လူမိုက် လောကမှာတော့ တုန်လှုပ်ကြပေမှာပေါ့ဗျ၊ ကျုပ်တို့ကတော့ လူဆိုးလဲ မဟုတ်၊ လူမိုက်လဲမဟုတ်လို့ ဘာကြောက်စရာရှိလိမ့်မှာလဲ၊ ဒါထက် ဘာကိစ္စ ကြွလာပါသလဲ ခင်ဗျာ''

ရှား။ ။''မန္တလေးမြို့က ဖြားယောင်းပြီး ခေါ်ဆောင်လာတဲ့ ခင်မြင့်ကြီးတယောက် ဘယ်ရောက် နေသလဲဆိုတာ သိချင်လို့ပါ ခင်ဗျာ''

လူ။ ။''နေရာကျလိုက်လေဗျာ၊ ကျုပ်ကိုယ်တိုင်ကလဲ ဒီမိန်းမကိုလိုက်ရှာနေတာပဲ။ ကျုပ်ဆီက ငွေတထောင်ချေးပြီး လက်ကောက်တရံပေးခဲ့တာ သူ့ပစ္စည်းက အပေါင်ဆိုင်မှာ ခြောက်ရာတည်းရလို့ ငွေ လေးရာကျန်နေလို့ လိုက်ရှာနေတုန်းပဲဗျ၊ မန္တလေးကတည်းက ကျုပ်တို့နဲ့အတူလိုက်လာပြီး ရန်ကုန်ရောက် ရောက်ချင်း ပျောက်ခြင်းမလှ ပျောက်သွားပါလေရောကိုး ဆရာကြီးရဲ့၊ ခုကျုလိုက်တဲ့မိန်းမဗျာ၊ တွေ့များ တွေ့ကြယင် တဆိတ်လောက် အကြောင်းကြားကြပါဗျာ၊ ကျေးဇူးပါပဲ''

ရှား။ ။''တွေ့ရမယ် စိတ်သာချ၊ ဒီအိမ်ထဲမှာ တွေ့ရစေမယ်၊ လာဗျို့ ကိုသိန်းမောင်''

လူ။ ။''သယ်၊ ဘယ့်နှယ်လူစုတွေလဲ ခင်ဗျားတို့။ ဘယ်မှာလဲ၊ ခင်ဗျားတို့ ဝရမ်းကော''

ဦးစံရှားသည် ခြောက်လုံးပြူးသေနတ်ကိုဆွဲထုတ်၍ ''ဝရမ်းအစစ်မရောက်ခင် ဟောဒီဝရမ်းပဲ''

လူ။ ။''တယ်ဆိုတဲ့ လူတွေပါလား ခင်ဗျားတို့၊ မအုန်းရေ ပုလိပ်ခေါ်ချေဟေ့၊ သွား မြန်မြန် ခေါ်ချေဟ''

ထိုခဏ၌ မိန်းမတယောက်သည် အိမ်ရှေ့တံခါးကိုဖွင့်၍ ပြေးဆင်းသွားလေ၏။

ရှား။ ။''ကိုင်း အချိန်မရှိဘူး ဦးသိဒ္ဓိ၊ ကျုပ်တို့ကိုနှောင့်ယှက်ယင် ခင်ဗျား နာသွားလိမ့်မယ်၊ ခင်ဗျားတို့ ဝယ်ခဲ့တဲ့ခေါင်း ဘယ်မှာလဲ၊ ပြစမ်း''

လူ။ ။''ဘာလုပ်မလို့လဲ ခင်ဗျားတို့။ ခေါင်းထဲမှာ အလောင်းသွင်းထားတယ်ဗျ''

ရှား။ ။''အဲဒီအလောင်းကို ကြည့်ချင်တယ်''

လူ။ ။''မကြည့်ရဘူး၊ ကျုပ် ခွင့်မပြုနိုင်ဘူး''

ရှား။ ။''ခွင့်မပြုယင် အတင်းကြည့်ရမှာပဲ''

ဦးစံရှားသည် ထိုသူကို တွန်းဖယ်၍ တိုက်နောက်ပိုင်းသို့ အတင်း ဝင်သွားလေရာ ကျွန်တော်လည်း သူ့နောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားရလေ၏။ အခန်းတွင်း၌ ခုတင်တခုပေါ်တွင် ခေါင်းတလုံး တင်လျက်ရှိရာ ဦးစံရှားသည် ခေါင်းဖုံးကို လက်ဖြင့်လှပ်ကြည့်လိုက်သည်တွင် အလွန်တရာ ပိန်ကြုံလှသဖြင့် အရိုးနှင့်အရည်မျှသာရှိသော အလောင်းတခုသည် ခေါင်း၏အောက်ပိုင်းတွင် ကပ်လျက်ရှိသည်ကို တွေ့ကြရ လေ၏။ အလောင်းမှာ အလွန်အိုမင်းလှသော အမယ်ကြီးတယောက်၏ အလောင်းဖြစ်၍ အရည်များသည် ပေါလောပေါ်လျက်ရှိသောအရိုးများပေါ်တွင်တွန့်လိမ်ပိန်ရှုံ့၍လျက်ရှိလေရကား ရုပ်ရည်အလွန်ချောမော လှပသည်ဆိုသော ခင်မြင့်ကြီး၏ အလောင်းဖြစ်နိုင်ရန် ခဲယဉ်းလှပေတော့သည်။ မည်မျှလောက် အစာတော ထား၍ မည်မျှလောက်ညှဉ်းပန်းနှိပ်စက်စေကာမူ ၃၀ စကျော် ၄၀ နီးပါးရှိသော ခင်မြင့်ကြီး၏ ရုပ်အသွင်



www.burmeseclassic.com

www.burmeseclassic.com


သည် ၇၀ ကျော်အရွယ်ရှိ အမယ်အိုကြီးတယောက်၏ အသွင်သို့ ပြောင်းလဲရန် ဖြစ်နိုင်မည် မဟုတ်ချေ။ ဦးစံရှားမှာ ထိုအလောင်းကို မြင်ရသောအခါ၌ အလွန်လည်း အံ့သြ၍ စိတ်သက်သာခြင့် ရသွားသော အံ့မူအရာမျိုးလည်း ဖြစ်ပေါ်လာပေတော့သည်။

ရှား။ ။"တော်ပါသေးရဲ့ဗျာ။ ခင်မြင့်ကြီး မဟုတ်ဘူးဗျို"

လူ။ ။"ဦးစံရှား လူပါးလူနပ်ကြီး လုပ်နေပြီး ဒီတခါတော့ ချော်သွားပြီ မဟုတ်လား"

ရှား။ ။"ဒီအမယ်ကြီး ဘယ်သူလဲ"

လူ။ ။"ခင်ဗျားသိချင် ပြောရတာပေါ့ဗျာ။ ကျုပ်မိန်းမရဲ့ အဒေါ်ကြီး ဖွားသူဇာတဲ့ဗျ။ လူအို ရုံက ခေါ်လာခဲ့ပြီး ဆရာဝန်နဲ့ ကုသပေမယ့် အမှည့်ကြွေ ကြွေပြီး ခန္ဓာစဲရှာလို့မို့ နက်ဖြန် ညနေ ကြံတော သင်္ချိုင်း ပို့မလို့ပါတဲ့ဗျ။ ဟီး ဟီး ဟီး ရယ်လိုက်ရဦးတော့မယ်ဗျာ။ ဦးစံရှား၊ ဦးစံရှားနဲ့ နာမည်ကြီး တလုံးနဲ့ နေလာပြီး ခင်မြင့်ကြီး အလောင်းရယ်လို့ ဖွင့်ကြည့်လိုက်တာ ဖွားသူဇာကြီးအလောင်း ဖြစ်နေ ပြီကောဗျ။ ဟား ဟား ဟား ဟား"

ရှား။ ။"ခင်ဗျားအိမ် ကျုပ်ရှာနိုင်တယ်"

လူ။ ။"အလို ခင်ဗျားရှာချင်တိုင်း ကျုပ်က ခွင့်ပြုရမှာတဲ့လားဗျာ။ ဟော လာကြပြီ။ လာတော့ မအုန်းရေ၊ ပါခဲ့ရဲ့လားဟေ့ ပုလိပ်တွေ။ ဩော် ဩော် ကြွကြွပါ စာသင်ကြီး ခင်ဗျာ"

ထိုခဏ၌ အိမ်ရှင် မအုန်းသည် ပုလိပ်အရာရှိ သုံးယောက်တို့နှင့်အတူ ရောက်ရှိလာကြလေရာ ယင်းတို့ သည် ဦးစံရှားကို မြင်လျှင်မြင်ချင်း အံ့အားသင့်လျက် ငေးကြည့်နေလေ၏။

ရှား။ ။"မောင်ဘသောင်းလားဟေ့"

သောင်း။ ။"မှန်ပါတယ် ဆရာကြီး ခင်ဗျာ"

ရှား။ ။"ငါက ဒီတိုက်ကို ရှာချင်တယ်ကွယ်"

သောင်း။ ။"ဒါကတော့ ထုံးစံအတိုင်း ဝရမ်းပါမှပေါ့ဆရာကြီး ခင်ဗျာ"

ရှား။ ။"ဝရမ်းရောက်လာပါလိမ့်မယ်ကွယ်။ မရောက်ခင် ငါက တာဝန်ယူမယ်ပေါ့ကွယ်"

သောင်း။ ။"သည်းခံပါ ဆရာကြီးခင်ဗျာ။ ဥပဒေကို ကျွန်တော် လိုက်နာရပါ့မယ် ခင်ဗျာ"

လူ။ ။"ဘာလုပ်နေကြတာလဲ၊ ဖမ်းကြပါ စာသင်ကြီးရဲ့။ သူက အတင်းဝင်နေတယ်ဗျ"

သောင်း။ ။"အတင်းဝင်တော့ ဖမ်းရမှာပေါ့။ ကျုပ် နားလည်ပါတယ်။အားနာပါရဲ့ဆရာကြီး။ တဆိတ်လောက် သည်းခံပါ။ မဝင်ပါနဲ့ ဆရာကြီး"

နောက်ဆုံး၌ ဦးစံရှားမှာ ဥပဒေကျူးလွန်ရန် မဖြစ်နိုင်တော့သည့်အတွက် စိတ်ပျက်စွာဖြင့် ထွက် လာခဲ့လေရာ ဦးသိဒ္ဓိသင်မယားလည်း အူရှင်၍ တဟားဟား ရယ်မောနေရစ်ကြလေ၏။

လမ်းပေါ်သို့ ရောက်ကြသောအခါ ကျွန်တော့်မှာ မခံချင်လှသည်နှင့် ဒေါဖောင်းမိသော်လည်း ဦးစံရှားမူကား ခပ်ခြေအေးအေး အမူအရာနှင့် လျှောက်သာခဲ့လေ၏။ စာသင် မောင်ဘသောင်းသည် ကျွန် တော်တို့နောက်မှ မှီအောင်လိုက်လာ၍

သောင်း။ ။"ဆရာကြီးခင်ဗျာ၊ ကျွန်တော့်ကို စိတ်မရှိပါနဲ့"

ရှား။ ။"အေးပါ၊ မှန်ပါတယ်။ မင်း ဘာမှ မတတ်နိုင်ပေဘူးပေါ့"

သောင်း။ ။သို့သော် အကြောင်းကောင်းတခုခု မရှိပဲနဲ့ ဆရာကြီးဝင်ချင်မှာ မဟုတ်ဘူးဆိုတာ ကျွန်တော် ရိပ်မိပါတယ်။ ဆရာကြီးခိုင်းချင်တာရှိယင်"

---

**တတိယအကြိမ်**

www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။"ဒီလိုကွယ့် မောင်ဘသောင်းရဲ့။ ဂုဏ်သရေရှိ မိန်းမတယောက် ပျောက်နေတာ သူ့တိုက်ထဲမှာ ရှိဘယ်သို့ ငါဘင်တယ်။ ဝရမ်းတော့ တော်တော်ကြာ ရောက်လာပါလိမ့်မယ်"

သောင်း။ ။"ဒါဖြင့် ကျွန်တော် စောင့်ကြည့်နေရစ်မယ် ဆရာကြီး။ အကြောင်းထူးယင် ကျွန်တော် ချက်ချင်းလူလွှတ်ပြီး ပြောခိုင်းလိုက်ပါ့မယ်"

× × ×

ကျွန်တော်တို့သည် လူအိုရုံသို့ သွားရောက်စုံစမ်းကြည့်ရာ ဖွားသူဇာအမည်ရှိ အမယ်ကြီးတယောက်ကို သူ၏တူ ဆိုသူက ထုတ်ယူခေါ်ဆောင်သွားခြင်း မှာ အမှန်ပင်ဖြစ်ကြောင်း သိရှိရ၏။ အခြေအနေကို စစ်ဆေးကြည့်ရှုရသော ဆရာဝန်ကလည်း လူအိုနာနှင့် သေဆုံးခြင်းဖြစ်သည်ဟု အမှန်အတိုင်းပင် ထွက်ဆိုလေ၏။

ထို့နောက် ကျွန်တော်တို့သည် ရာဇဝတ်ရုံးသို့သွား၍ ဦးစံရှား စေလွှတ်သော ဦးသိန်းဟန်နှင့် တွေ့ဆုံပါသော်လည်း ဝရမ်းမှာ ကိုအုန်းဖေ၏ အကူအညီဖြင့် ကြိုးစားလျက်နှင့်ပင် တရားသူကြီးနှင့် ပတ်သက်သည့် အခက်အခဲကြောင့် ထိုနေ့အဖို့၌ ရနိုင်ဖို့မရှိပဲ နက်ဖြန်မှ ရနိုင်လိမ့်မည်ဟု သိရှိရလေ၏။ ထိုအတောအတွင်း စဥ့်အိုးတန်းအိမ်၌ စောင့်ကြည့်နေသော စာသင် မောင်ဘသောင်းနှင့် တွေ့၍ ထိုအကြောင်းကို စုံစမ်းကြည့်ရှုရာ ညဥ့်အချိန်တွင် ထိုတိုက်အတွင်း၌ လှုပ်လှုပ်ရှားရှား မြင်ရသော်လည်း လူအထွက်အဝင် မရှိကြောင်းနှင့် ပြောပြလေ၏။

ထိုညဥ့်၌ ဦးစံရှားသည် တညလုံး အိပ်တော့သည်မရှိပဲ စကြံလျှောက်ချည်တခါ ပက်လက်ကုလားထိုင်ပေါ်တွင် ဆေးတံသောက်ချည်ဘလုညွှ်နှင့် အချိန်ကုန်လေတော့သည်။ သူ၏ ကျယ်ဝန်းသော နဖူးကြီးအတွင်းရှိ ဦးနှောက်တွင် ဤအမှုနှင့် ပတ်သက်၍ ဖြစ်နိုင်လောက်သော အခြင်းအရာများကို အပြန်ပြန်အလှန်လှန် စဉ်းစားနေဟန်တူသဖြင့် ကျွန်တော်နှင့် စကားပြောရန်ပင် အလိုမရှိချေ။

နံနက်လင်းသည်နှင့် တပြိုင်နက် ဦးစံရှားသည် ကျွန်တော်၏ ခုတင်သို့ လာ၍ "နိုးပြီလားဗျို့။ ဖြစ်မှဖြစ်ရခသဗျာ။ ကျုပ်ဦးနှောက်လဲ ဘာများဖြစ်ပါလိမ့်။ ညံ့လိုက်တာဗျာ။ ဒါလောက်ဟာလေးများတောင် မစဉ်းစားမိဘူး။ လာဗျာ၊ မြန်မြန်လုပ်။ စဥ့်အိုးတန်းသွားကြစို့။ အသုဘက ၁၁ နာရီထိုး မဟုတ်လား။ အချိန်ရှိပါသေးရဲ့ဗျာ"

ကျွန်တော်တို့သည် တက္ကစီနှင့် သွားကြ၍ စဥ့်အိုးတန်းသို့ ရောက်ကြသောအခါ မသာရထားမှာ အိမ်ရှေ့တွင် ရပ်လျက် လူလေးယောက်တို့သည် ခေါင်းကို တိုက်ခန်းအတွင်းမှ ထမ်း၍ ထုတ်လာကြသည်ကို တွေ့ရ၏။ ဦးစံရှားသည် ကားပေါ်မှ ခုန်ဆင်း၍ ခေါင်းထမ်းလာသူများအနက် ရှေ့ဆုံးလူ၏ ရင်ဘတ်ကို တွန်းထားလျက် "ပြန်သွင်းသွားလိုက်၊ မြန်မြန်ပြန်သွင်းသွားလိုက်စမ်း"ဟု အမိန့်ပေးလေ၏။

ထိုအခါ အိမ်ရှင် ဦးသိဒ္ဓိက "ခင်ဗျား ဘာလာရှုပ်ပြန်တာလဲ။ ခင်ဗျား ဝရမ်းဘယ်မှာလဲ"ဟု ဒေါသကြီးနှင့် ဟစ်အော်မေးလိုက်ရာ ဦးစံရှားက "ဝရမ်းနောက်က လိုက်လာပြီ။ ဝရမ်း မရောက်ခင် ဒီခေါင်းကို ထမ်းမထုတ်ကြရဘူး၊ နားလည်ကြလား"ဟု ဒေါသနှင့်ပင် ပြန်ပြောလေ၏။

ဦးသိဒ္ဓိသည် ဦးစံရှား၏ ခက်ထန်တင်းမာသော မျက်နှာထားကို မြင်လိုက်ရသည်တွင် ဆင်ဖြူ၏ မျက်နှာကို ဆင်မည်းမကြည့်ဝံ့ဆိုသော စကားပုံကဲ့သို့ ရှုံ့ခြောက်သွားဟန်လက္ခဏာနှင့် အိမ်ထဲသို့ ပြန်ဝင်လေရာ ဦးစံရှားသည် ခေါင်းထမ်းလူများ၏ ပခုံးပေါ်မှ ခေါင်းကို ဆွဲယူပြီး ထိုနေရာ၌ပင် ချစေပြီးလျှင် "မြန်မြန်ဖွင့်ကြစမ်းဟေ့ ငါ့လူများ။ ငါးမိနစ်အတွင်း ပွင့်ယင် ငွေ ၅ဝိ ပေးမယ်ဟေ့"ဟု ပြောလေ၏။

ဒုတိယအကြိမ်

www.burmeseclassic.com



ထိုလူများသည် ယောင်တောင်တောင် ဖြစ်နေကြလေရာ ဦးစံရှားသည် လက်နက်တခုကို ယူ၍ ခေါင်းဖုံးကို သုံးလေးနေရာတို့မှ ကလန့်ပြီး ဖွင့်လေ၏။ အဖုံးပွင့်သွားသည်နှင့် တပြိုင်နက် ကလိုရိုဖောင်း (မေ့ဆေး)နံ့သည် ခေါင်းထဲမှ ထောင်းကနဲထွက်လာလေရာ အတွင်း၌ကား မျက်နှာပတ်ဝန်းကျင်၌ ဂွမ်းများ စုပုံထားသည့် မိန်းမတယောက်ကို တွေ့ရလေ၏။ ဦးစံရှားသည် ဂွမ်းများကို လျင်မြန်စွာ ဖယ်ရှား၍ မိန်းမကို ပွေ့ထူလိုက်ရာ အသက် ၄၀ နီးပါးရှိ၍ ရုပ်ရည်ချောမောလှသော ခင်မြင့်ကြီး ဖြစ်နေသည်ကို အံ့သြစွာနှင့် တွေ့မြင်ရလေ၏။ ထိုခဏ၌ပင် အင်စပက်တော်ဦးအုန်းဖေနှင့်ဝတ်လုံဦးသိန်းဟန်တို့သည်ဆရာဝန် တယောက်နှင့်အတူ ကားတစီးနှင့် ရောက်လာကြလေရာဆရာဝန်၏ကိုရိယာတန်ဆာပလာများဖြင့်ခင်မြင့်ကြီး အား ဆေးထိုးခြင်း၊ လေသွင်းပေးခြင်း၊ ခြေလက်တို့ကို ပွတ်တိုက်ပေးခြင်းစသည်ဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြ သည်တွင် ခင်မြင့်ကြီးမှာ သေမင်းတည်းဟူသော ချောက်ကမ်းပါးအစွန်းမှ ပြန်လည်လာ၍ မျက်တောင် များ ခတ်လာလေတော့၏။ ခေါင်းထဲ၌ကား အမယ်အိုတယောက်၏အလောင်း ကျန်ရစ်သေးသည်ဖြစ်ရာ ဦးစံရှားသည် ခင်မြင့်ကြီးကို ဦးသိန်းဟန်လက်သို့ပေးအပ်၍ ခေါင်းကိုပြန်းရထားပေါ်သို့တင်စေပြီး ထုံးစံ အတိုင်း သုဿန်သို့ ပို့ဆောင်စေလေ၏။

ထိုညနေ၌ ဦးစံရှားသည် အမှုအကြောင်းနှင့်ပတ်သက်၍ ကျွန်တော့်အား ထုံးစံအတိုင်း ရှင်းလင်း ပြောပြသည်မှာ

ရှား။ ။"ပညာရှိ သတိဖြစ်ခဲ့ဆိုတဲ့ စကားပုံရှိ မဟုတ်လား ကိုသိန်းမောင်၊ မြင်းကောင်းခွာလိပ် ဆိုတဲ့စကားကြိုက်ယင်လဲ သုံးပေတော့၊ ကျုပ်တော့ဖြင့် ဒီတခါ တော်တော်ချော်သွားပေတယ်ဗျာ၊ သို့သော် အင်္ဂလိပ်စကားပုံကလေးကဖြင့် ရှိပေသေးတာပဲ၊ ညတုန်းက တညလုံး ကျုပ်စဉ်းစားလိုက်တာဗျာ မပြော ပါနဲ့တော့။ စကားလေးတလုံး ခပ်ဆန်းဆန်း ကျုပ် ကြားလိုက်မိပါတယ်လို့ အောက်မေ့ပြီး လိုက်ဖော် လိုက်တာ ပေါ်ကိုမပေါ်နိုင်ဘူး၊ ရိပ်ကနဲပေါ်လာလိုက်၊ တော်တော်ကြာ ငုပ်သွားလိုက်နဲ့ အခံရ ခက်လိုက် တာဗျာ မပြောပါနဲ့တော့၊ နောက်ဆုံး မိုးလင်းခါနီးတော့မှ ဦးသိန်းဟန် ကြားခဲ့တဲ့ ခေါင်းလုပ်သမားက ဟိုမိန်းမကို ပြောတဲ့ဟာကိုးဗျ၊ ဘာတဲ့၊ 'ဒီလောက်တော့ကြာမှာပေါ့၊ ခင်ဗျားဥစ္စာက ရိုးရိုးတန်းတန်းဟာ မျိုးမှ မဟုတ်ပဲကိုး' ဆိုပါကလား၊ ဒီဟာ ဘာကိုဆိုလိုတာလဲ၊ ဘာကြောင့် ရိုးရိုးတန်းတန်းခေါင်း မဟုတ်ရ ပါလိမ့်မလဲလို့ စဉ်းစားပြန်တော့ အင်မတန်ကြီး ဇောက်နက်ပြီးလုပ်ထားတဲ့သစ်သားခေါင်းကြီးကို ကျုပ် သွားစဉ်းစားမိတယ်၊ ဘာကြောင့် ဒီလောက်တောင်နက်အောင် လုပ်ရပါလိမ့်မလဲဆိုတော့ တခြားဟုတ်ရိုး လားဗျ၊ ခေါင်းတလုံးတည်းမှာအလောင်းနှစ်ခုထည့်ချင်တဲ့အကြံအစည်ကိုးဗျ၊ ဘာကြောင့်နှစ်ခုထည့်ရသလဲ ဆို ဖွားသေရုံးမှာ လက်မှတ်တခုယူပြီး နှစ်လောင်းပူး မြှုပ်ချင်လို့ပေါ့ဗျ၊ လူကိုသေအောင် သတ်နိုင်ပေမယ့် အလောင်းကို သင်္ချိုင်းမှာ စည်းစနစ်တကျ မြှုပ်နှံဖို့အလုပ်က မလွယ်သေးဘူးဗျ၊ ဒါကြောင့် မောင်မင်း ကြီးသားများက ဒီလောက် ခဲခဲယဉ်းယဉ်း ကြံစည်နေကြတာကိုးဗျ"

ကျွန်။ ။"ခင်မြင့်ကြီးကို ဘာကြောင့် တခါတည်း မသတ်လိုက်သလဲဗျ"

ရှား။ ။"ဒါကတော့ ဒီလိုလေဗျာ၊ ဒီလင်မယားဟာက ရာဇဝတ်ပြစ်မှုကလေး တော်တော်များ များ ကျူးလွန်ခဲ့ဖူးပေမယ့် လူသတ်တဲ့အထိ မလုပ်ခဲ့သေးဘူးဗျ၊ ပစ္စည်းကိုလိမ်ယူတာက ထောင်ဒဏ်သာ ရှိတယ်၊ လူကိုသတ်တော့ ကြိုးဒဏ်ရှိတာကိုးဗျ၊ ဒါကြောင့် သူတို့က တတ်နိုင်လို့ရှိယင် မသတ်ပဲနဲ့ ကိစ္စပြီး ချင်တာကိုးဗျ၊ ကျုပ်အထင်တော့ ခင်မြင့်ကြီးကို မေ့ဆေးပေးပြီး သင်္ဂြိုဟ်ခါနီးမှ ခေါင်းထဲ သွင်းထည့် လိုက်ဟန်တူပါရဲ့။ကျုပ်ကလဲဒီလိုဖြစ်ပါစေဆုတောင်းခဲ့တာ၊သေကံမရောက်သေးလေတော့ ကျုပ်ဆုတောင်း တဲ့ အတိုင်း ဖြစ်နေတော့တာပဲ ဆရာရေ့"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ဦးသိဒ္ဓိလင်မယားတို့မှာ ခင်မြင့်ကြီးကို ကျွန်တော်တို့ ဂရုစိုက်နေကြသည့်အချိန်အတွင်း တိုက်နောက်ဖေးမှ ဆင်းပြေးကြသည် ဖြစ်သောကြောင့် ရုတ်တရက် မမိလိုက်ပဲ ရှိသော်လည်း နောက်ဆုံးတွင် ဗိုလ်တထောင်ဘက်၌ အဖမ်းခံကြရ၍ ထောင်ဒဏ်ခုနစ်နှစ် ကျခံကြရလေသည်။ ခင်မြင့်ကြီးနှင့် ဦးသိန်းဟန်တို့ မှာကား အသက် ၄၀ နီးပါးမျှစီ ရှိကြသည့်တိုင်အောင် အပျိုကြီးနှင့်လူပျိုကြီး လုပ်ခဲ့ကြပြီးနောက် ခင်မြင့်ကြီးသည် ဤမျှလောက် သစ္စာရှိသော ယောကျ်ားတယောက်ကို တွေ့ရခဲ့သည်ဆို၍ တိမ်းရှောင်ကွေ့ကွင်းလိုသောစိတ်ကို လျှော့ချလိုက်ပြီး ဦးသိန်းဟန်နှင့်အတူ ယိုးဒယားပြည်သို့ လိုက်ပါသွားလေတော့သတည်း။

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

# ၅၀။ ဘုရင်ခံကတော်၏ စာပျောက်မှု *

ဖော်ပြလတ္တံ့သော အဖြစ်အပျက်များမှာ ဗြိတိသျှအစိုးရတို့ လက်ထက်ဖြစ်၍ မလျော်သည့်အလျောက် ဖော်ပြခြင်းမပြုခဲ့သော်လည်း လွတ်လပ်ရေးရပြီးဖြစ်သော ယခုအချိန်တွင် လျှို့ဝှက်ထိန်ချန်ရန် အကြောင်း လုံလောက်စွာမရှိတော့သည်ဖြစ်၍ စုံလင်စွာ ရေးသားဖော်ပြလိုက်ရပေသည်။ သို့သော် ဘုရင်ခံနှင့် ဘုရင်ခံကတော်တို့၏ အမည်နာမများကိုမူ လူအချင်းချင်း အခါခပ်သိမ်း စောင့်စည်းထိန်းသိမ်းအပ်သော ဝတ္တရား အလျောက် ဖျောက်ဖျက် ထိန်ဝှက်ထားလိုက်ရပေသေးသည်။

တနေ့သ၌ ကျွန်တော်နှင့် ဦးစံရှားတို့သည် လမ်း ၄၀ တိုက်ခန်းမှဘရုတ်ဓာင်းလမ်းသို့ပြောင်းရွှေ့၍ အသားသေအခြေကျလျက် ထုံးစံအတိုင်း ဆေးတံတချောင်းစီနှင့် ပက်လက်ကုလားထိုင်တွင် ကိုယ်စီထိုင်ကာ ပြည်တွင်းရေးရာများအကြောင်းကို ဆွေးနွေးတိုင်ပင်နေကြစဉ် ရန်ကုန်မြို့မ ပုလိပ်အဖွဲ့မှ ရာဇဝတ်ဝန်ကလေး ဦး× × × သည် အခန်းတွင်းသို့ ဝင်လာလေ၏။ ဝန်ကလေးမှာ ကျွန်တော်တို့နှင့် အထိုက်အလျောက် သိကျွမ်းသော်လည်း များစွာ အထင်မကြီးပဲ "မင်းတို့လူက မင်းတို့ပြောသလောက် ဟုတ်မသင်ပေါင်ကွာ။ မင်းတို့က အမွှမ်းတင်နေကြတာ ထင်ပါရဲ့" စသည်ဖြင့် ဦးစံရှားကို ချီးကျူးပြောပြသော သူ၏တပည့် ကိုအုန်းဖေတို့အား ပြောဖူးသူဖြစ်လေသည်။ နေရာထိုင်ခင်းပေး၍ ဦးစံရှားက ဆေးပြင်းလိပ်သေတ္တာမှ ဆေးပြင်းလိပ်တလိပ်ကို မီးညှိပြီးနောက်

ဝန်။ ။"ကျွန်တော်တော့ 'အကြံကုန် ဂဠုန်ဆားချက်' ဆိုတဲ့ စကားလို ကိုယ့်ဟာကိုယ်မကြံတတ်တာနဲ့ ရောက်လာရတော့တာပဲ ဆရာကြီးရွှေ"

ရှား။ ။"ပြောပါဗျာ၊ တတ်နိုင်တဲ့ ကိစ္စဖြစ်လဲ ကူညီရတာပေါ့"

ဝန်။ ။"ပြောဆို ဒီလိုရှိတယ်ဗျ၊ ပထမဦးဆုံးအချက်က အောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ ဒီအကြောင်းကိုတော့ နှုတ်လုံမှ ဖြစ်ကြလိမ့်မယ်"

ရှား။ ။"ဒါကတော့ နားလည်ပြီးသားထားပါတော့။ ကျွန်တော်တို့ နှစ်ယောက်ကို ဒီအတွက်တော့ စိတ်ချလက်ချ ယုံကြည်နိုင်ပါတယ်"

---

* ဤဝတ္ထုကို ရှုမဝ မဂ္ဂဇင်း၊ ၁၉၅၁၊ ဇူလိုင်၊ အမှတ် ၅၀ တွင် တွေ့ရသည်။ အမည်အပြည့်အစုံမှာ 'ဘုရင်ခံကတော်၏ စာပျောက်မှု၌ မောင်စံရှားစုံထောက်ပုံ' ဖြစ်သည်။ မြန်မာပြည်စာအုပ်တိုက်နှင့် နှလုံးလှစာပေတိုက်ထုတ် မူများတွင် မတွေ့ရသော ဦးစံရှားဝတ္ထုများအနက် တပုဒ်ဖြစ်သည်။ ကိုနှင်းဒွိုင်း၏ ရှားလော့ဟုမ်း ဝတ္ထုများတွင် ရှာမတွေ့သေး။

www.burmeseclassic.com



ဝန်။ ။"တခြားဟာကြောင့် မဟုတ်ဘူးဗျ။ ဒီအကြောင်းနဲ့ ပတ်သက်ပြီး သန့်သန့်ကလေး ပေါက်ကြားသွားယင် ကျွန်တော်အလုပ်ပြုတ်ဖို့ သေချာလိုက်ပုံဟာက မြေကြီးလက်ခတ်မလွဲလို့ပြောဝံ့တယ်"

ရှား။ ။"စိတ်ချပါ"

ဝန်။ ။"အလုပ်ပြုတ်ရုံမကသေးဘူး။ အကျိုးယုတ် အရှက်ကွဲဖို့ဖြစ်ပြီး လွန်ခဲ့တဲ့ အမှုထမ်းနှစ်တွေအတွက် ပင်စင်ကလေးတောင် ပြုတ်သွားနိုင်တယ်"

ရှား။ ။"နားလည်ပါပြီ ခင်ဗျာ"

ဝန်။ ။"ကိုင်း ပြောပြတော့မယ်။ အမှုသည်က တခြားလူဟုတ်ရိုးလားဗျာ။ ကျွန်တော်တို့မြန်မာပြည်မှာ ရာထူးအကြီးဆုံး ပုဂ္ဂိုလ်ကြီးရဲ့ ကတော်ကြီးပေါ့"

ကျွန်။ ။"ဘုရင်ခံ ကတော်လား ခင်ဗျာ"

ဝန်။ ။"အစစ်ပဲဗျာ၊ သူတို့မျက်နှာဖြူများက မျက်နှာဖြူ အချင်းချင်းတော့ ရှက်တတ်တယ်ဗျ။ ကျွန်တော်တို့ မြန်မာတွေကိုတော့ ဒီလောက်ရှက်ပုံမပေါ်ဘူး၊ ကျွန်တော်ပြောလိုတာက ရှက်ရမယ့်ကိစ္စတခု ရှိယင် သူတို့ မျက်နှာဖြူအချင်းချင်းသိသွားမှာကို သာပြီးစိုးရိမ်တယ်။ ခင်ဗျားတို့ကျွန်တော်တို့ မြန်မာတွေသိတာတော့ ဒီလောက်မပူပန်လှဘူး၊ ဒါကြောင့်မို့လဲ ဘုရင်ခံကတော်က ဒီကိစ္စကို သူတို့မျက်နှာဖြူအရာရှိ တယောက်ယောက်လက် မအပ်ပဲ ကျွန်တော့်ကို တမင်ခေါ်ပြီး ခိုင်းခြင်းဖြစ်တယ်"

ရှား။ ။ဟုတ်မှာပေါ့၊ ကျွန်တော်တို့လူစုဏ ကော်ရင်ဂျီကုလားကို မရှက်တတ်သလို နေမှာပေါ့"

ဝန်။ ။"ဟုတ်တယ်၊ အမှုက ဒီလိုဗျ၊ ကျွန်တော်တို့ ဘုရင်ခံဟာ မြန်မာပြည်ကိုလာတော့ သူ့ကတော်ကို မခေါ်ခဲ့ဘူး။ ဘိလပ်မှာထားပစ်ခဲ့ရတယ်၊ ဒီအတောအတွင်းမှာ ဘိလပ်မှာထားခဲ့တဲ့ သူ့မယားနဲ့ ပတ်သက်လို့ သက်ာမကင်းစရာ သတင်းများကြားရတယ်၊ ဒီတော့မှ သူ့မယားကို မြန်မာပြည်ခေါ်ယူတယ်။ ဘုရင်ခံကတော် မြန်မာပြည်ရောက်လို့ လေးငါးလလောက်ရှိတော့ ဘိလပ်က စာတစောင်ရတယ်"

ကျွန်။ ။"ဘယ်သူရတာလဲ ခင်ဗျာ"

ဝန်။ ။"ဘုရင်ခံကတော်ရတာပေါ့၊ အဲဒီစာဟာ ဘုရင်ခံကတော့်လက်ထဲမှာ ပျောက်သွားတယ်။ ဒီစာကို ဘယ်သူယူတယ်ဆိုတာလဲ သိတယ်"

ရှား။ ။"ဘယ်လိုလုပ်ပြီး သိနိုင်သလဲ"

ဝန်။ ။"သိရပုံက ဒီလိုလေ။ စာကိုယူသွားတာ သူ့မျက်စိနဲ့ မြင်လိုက်ရတယ်၊ သူ့လက်ထဲမှာ ရှိနေသေးဘယ်ဆိုတာကတော့ တွေ့ဆချက်ပဲ၊ ဘာကြောင့်လဲဆိုတော့ တကယ်လို့ ဒီစာဟာ သူ့လက်မှာ မရှိဘော့ပဲ လက်ပြောင်းသွားတယ်ဆိုလို့ရှိယင် ထူးထူးခြားခြား တစုံတခုဖြစ်ဖို့ လမ်းရှိတယ်။ အခုတိုင် ထူးထူးခြားခြားမဖြစ်သေးခြင်းကို ထောက်ခြင်းအားဖြင့် လက်မပြောင်းသေးဘူး၊ သူ့လက်ထဲမှာပဲ ရှိနေသေးတယ်လို့ သိနိုင်ပါတယ်"

ရှား။ ။"တဆိတ် ထပ်ရှင်းစမ်းပါဦးဗျာ"

ဝန်။ ။"ဒီလိုပါလေ၊ ဒီစာကိုယူတဲ့လူဟာက စာကိုလက်ကိုင်ပြုပြီး အခွင့်အရေးတခုခု တောင်းယူဖို့ ကြံရွယ်ချက်နဲ့ ယူထားခြင်းဖြစ်တယ်။ အခုတိုင်အောင် အခွင့်အရေးလဲ မတောင်းသေး၊ ဘာသံမှလဲ မကြားရသေးတဲ့အတွက် ဒီစာကို လက်ထဲမှာထားပြီး စဉ်းစားနေဟန် တူပါတယ်"

ရှား။ ။"ဘယ်လို စဉ်းစားတာတဲ့လဲဗျ"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ဝန်။ ။"ကျွန်တော် ပြောခဲ့တဲ့အတိုင်း ဒီစာနဲ့ခြောက်ပြီး အခွင့်အရေး တခုခု တောင်းရမလား၊ ဒါမှမဟုတ် အရှက်ကွဲအောင် သက်သက် လုပ်ရမလားဆိုတာ စဉ်းစားမှာပေါ့ဗျ။ အရှက်ကွဲစေချင်စရာ အချက်ကလဲ ရှိတယ်ဆိုကာပဲ"

ကျွန်။ ။"အခွင့်အရေး တောင်းတယ်ဆိုပေမယ့် သူယူတယ်ဆိုတာကို ပျောက်တဲ့လူက သိဦးမှကိုး ခင်ဗျ။ ဘုရင်ခံကတော် တယောက်လုံးရဲ့စာကို အယ်လိုလူက ယူထားဝံ့မှာလဲခင်ဗျ"

ဝန်။ ။"ယူတဲ့လူက ညံ့တဲ့လူ မဟုတ်ဘူးဗျ။ ဘုရင်ခံရဲ့ အပါးတော်မြဲပဲ။ ဘုရင်ခံနဲ့တောင် ဆွေနီးမျိုးစပ် တော်တယ်။ ဘိလပ်က ဆွေမျိုးတွေနဲ့ အဆက်အသွယ်လုပ်ပြီး သတင်းပို့နေတဲ့ လူတယောက်ပဲ။ တော်တော်ညစ်ချင်တဲ့ လူတယောက်ဗျ။ ဘာမဆိုလုပ်ဝံ့တယ်။ အထက်တန်း အရာရှိတွေကလဲ ဘုရင်ခံကို ဒီလောက်မကြောက်ဘူး။ သူ့ကို လန့်နေကြရတယ်"

ရှား။ ။"စာပျောက်ပုံကလေး တဆိတ်လောက် ပြောပြပါဦးဗျာ"

ဝန်။ ။"ဒီလိုဗျ။ ဘုရင်ခံကတော်က ဒီစာကို ဘိလပ်ကရလို့ အခန်းထဲမှာ သူတယောက်တည်း ဖတ်နေတုန်း ဗြုန်းဆို ဘုရင်ခံဝင်လာတယ်။ စာကိုစားပွဲအံဆွဲထဲ ထိုးထည့်လိုက်ဖို့စိတ်ကူးမိသော်လည်း ဒီလိုဝှက်တာ မြင်သွားယင် မသင်္ကာသထက် မသင်္ကာဖြစ်တော့မှာပဲဆိုပြီး အချိန်ကောင်းကောင်းမရတာနဲ့ စာကို ဖွင့်လျက်သား စားပွဲပေါ်မှာတင်ထားလိုက်ရသတဲ့။သို့သော် စာအိတ်ကအပေါ်က၊ စာကအောက်ကနေလေတော့ လိပ်ကိုသာ မြင်နိုင်တယ်။စာကိုတော့ မမြင်နိုင်ဘူးတဲ့။ ဒီအတောအတွင်းမှာအပါးတော်မြဲက အခန်းထဲ ဝင်လာပါရောတဲ့။ ဒီလူက သိပ်ပါး၊ သိပ်လုစ်၊ သိပ်မျက်စိလျင်တဲ့လူဗျ။ စားပွဲပေါ်ကစာကို လှမ်းကြည့်လိုက်လို့ လိပ်စာကိုမြင်လေတော့ ကတော့်မျက်နှာကို အကဲခတ်လိုက်ရာမှာ မျက်နှာထား ခပ်ပျက်ပျက် ဖြစ်သွားတာ မြင်လို့မို့ ဘယ်သူ့ဆီကစာပဲလို့ ရိပ်မိသွားသတဲ့။ ဘုရင်ခံဆီမှာ သူက အစီရင်ခံစရာရှိတာ အစီရင်ခံပြီး ဘုရင်ခံကတော်နဲ့ စကားစမပြတ်သေးလို့ ဆက်ပြောနေခိုက်မှာ အပါးတော်မြဲက သူ့အိတ်ထဲက စာတစောင် ထုတ်ဖတ်ချင်ယောင်ဆောင်ပြီး ဟိုစာနားမှာ ယှဉ်ချထား။ နောက်တခဏနေတော့ သူ့စာကို သူမယူပဲ ကတော့်ရဲ့စာကို ကောက်ယူပြီး အိတ်ထဲထည့် ထွက်သွားတော့တယ်ဆိုကိုး။ ကတော်က မြင်လိုက်တယ်။ သို့သော် သူ့စာသူပြန်တောင်းလို့ရှိယင် အနားမှာရှိတဲ့ ဘုရင်ခံက ဘာစာလဲ ဘာလဲ ညာလဲမေးမှာ စိုးရိမ်ရလေတော့ ဒီအတိုင်း အသာကျိတ်နေလိုက်ရသတဲ့။ ဒါနဲ့ အပါးတော်မြဲက အရေးမကြီးတဲ့ သူ့စာကို ထားပစ်ခဲ့ပြီး ကတော်ရဲ့ စာကို လစ်ပြေးတော့တာပဲ ဆိုပါတော့ဗျာ"

ရှား။ ။"ဒီတော့ကာ ဒီစာကိုပြန်ရဖို့ ကတော်က ခင်ဗျားကို တိုင်ပင်ရောလား"

ဝန်။ ။"ချက်ချင်း မတိုင်ပင်ဘူး။ သူ့ဘာသာသူ နည်းမျိုးစုံနဲ့ကြိုးစားသေးတယ်။နောက်ဆုံးမှာ သူမတတ်နိုင်တော့မှ ကျွန်တော့်ကို အကူအညီတောင်းတယ်"

ကျွန်။ ။"ဒီစာ သူ့လက်ထဲရောက်ပြီးတဲ့နောက် စာကိုလက်ကိုင်ပြုပြီး အရေးအခွင့် မရှာသေးတဲ့အတွက် ဒီစာဟာ သူ့လက်ထဲမှာ ရှိရဦးမယ်လို့ ယူဆတယ်ဆိုပါတော့"

ဝန်။ ။"မှန်ပါတယ်။ဒီတွက်ကိန်းအရ အပါးတော်မြဲ နေတဲ့အဆောင်ကို ကျွန်တော်တို့ သေသေချာချာ မွှေနှောက်ပြီးရှာပါတယ်။ သို့သော် ရှာတယ်ဆိုပေမယ့် ပြောင်ပြောင်ကြီးရှာလို့ မဖြစ်ဘူး။ သူ မသိအောင် တိတ်တတိတ် ရှာရပါတယ်"

ရှား။ ။"သူ့အဆောင်ကို ရှာတယ်ဆိုတာ သူသိသွားယင် တခြားတနေရာရွှေ့ပြီး ဝှက်ထားမှာကိုလဲ စိုးရိမ်ရတယ် ဆိုပါတော့"

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ဝန်။ ။“ဟုတ်ပါတယ်။ ကျွန်တော်တို့က သူဟာ ဘယ်အချိန်မှာ သူ့အဆောင်ထဲမှာ ရှိတယ်။ ဘယ်အချိန်မှာ အလုပ်ခန်းထဲမှာရှိတယ် ဆိုတာသိတော့ ရှာရတာ တော်တော် ချောင်ပါတယ်။ တခါတလေမှာ သူ့အဆောင်ထဲ သူမအိပ်ပါဘူး။ မြို့ထဲမှာ အိပ်ပါတယ်။ ရှာရတာကတော့ စိတ်တိုင်းကျရှာခွင့်ရပါတယ်။ သူ့အစေခံနှစ်ယောက်ကိုလဲ ကျွန်တော်တို့ကလာဘ်ထိုးထားပြီးဖြစ်လို့သူမရှိတဲ့အခိုက်မှာသဘောရှိရှာနိုင်ပါတယ်။ သူ့မှာရှိတဲ့ ဗီရိုတို့၊ ယေတ္တာတို့၊ အံဆွဲတို့ဆိုတာတွေလဲ ကျွန်တော်တို့ သော့တူနဲ့ အားလုံးဖွင့်နိုင်ပါတယ်။ လွန်ခဲ့တဲ့ တလလုံးလုံးမှာ တပည့်တွေနဲ့ချည်း အားမရတာနဲ့ ကျွန်တော်ကိုယ်တိုင်ဝင်ရှာခဲ့ပါတယ်။ အမှန်ပြောရယင် ကတော့်အပေါ်မှာ မျက်နှာလုပ်ချင်ရုံသာမက ဆုငွေကလဲ မက်လောက်အောင်ပေးထားပါတယ်။ မူလက ငါးထောင်တဲ့။ နောက်တော့ တသောင်း။ မနေ့ကတော့ နှစ်သောင်းအထိပေးပါ့မယ်လို့ ထပ်ပြီးပဋိညာဉ်ပေးပြန်ပါတယ်။ ကျွန်တော်ကြိုးစားလိုက်ပုံတော့ မပြောပါနဲ့တော့။ သူ့အဆောင် တခုလုံးမှာ ကျွန်တော် မရှာဘူးတဲ့ နေရာဆိုလို့ တကွက်မှမကျန်တော့ပါဘူး”

ကျွန်။ ။“ဒီစာဟာ သူ့ဆီမှာ ရှိဘယ်ဆိုဘာတော့ ဟုတ်ပါပြီ။ ထားပါတော့။ သို့သော် သူ့အဆောင်ထဲမှာ မထားပဲ တခြားတနေရာမှာ ဝှက်ထားတယ်ဆိုယင်ကော မဖြစ်နိုင်ပေဘူးလား”

ဝန်။ ။“ဒီလိုရှိတယ်လေ။ ဒီစာက အရေးရှိယင် ချက်ချင်းထုတ်ပြဖို့လိုမယ့်ကိစ္စမျိုးဖြစ်နေပါတယ်။ တခြားတနေရာမှာမထားပေဘူး။ အလွယ်တကူထုတ်သုံးနိုင်အောင် သူ့အနီးအပါးမှာပဲထားရပါလိမ့်မယ်”

ကျွန်။ ။“နေပါဦးခင်ဗျာ။ ဒီစာကို သူ့အဆောင်မှာ မထားပဲနဲ့ သူ့ကိုယ်ထဲမှာထားယင်ကော မဖြစ်နိုင်ပေဘူးလား”

ဝန်။ ။“ဖြစ်နိုင်တာပေါ့။ ဒါကြောင့် သူ့ကို လမ်းကချောင်းဖမ်းပြီး တကိုယ်လုံး အနှံ့အပြားရှာကြည့်ဘာ သုံးကြိမ်ရှိပြီ။ တခါမှ မတွေ့ဘူးဗျ”

ကျွန်။ ။“ဟုတ်မှာပေါ့လေ။ ဒီလူက လူပါးနဲ့တူတယ်။ သူ့ကို ဒီလိုလုပ်လိမ့်မယ်ဆိုတာ သိနှင့်ပြီးဖြစ်လို့မို့ သူ့ကိုယ်ထဲမှာ ထားဖို့ စိတ်ကူးထည့်မှာ မဟုတ်ပါဘူး”

ဝန်။ ။“စိတ်ကူးတော့ စိတ်ကူးသမားပဲ။ ဘယ်လောက်ပါးတယ်တော့မပြောတတ်ဘူး။ စိတ်ကူးဆို ဒီလူက လင်္ကာတွေ ဘာတွေ စပ်တတ်ဟပ်တတ်တဲ့ ကဗျာသမားတယောက်တဲ့။ကျွန်တော့် အထင်ကတော့ ကဗျာသမားများဟာ သဘာဝအကြောင်းတွေ ဘာတွေကိုသာ စိတ်ကူးတတ်တယ်။ လူအချင်းချင်း သူဘယ်လိုလုပ်ယင် ငါက ဘယ်လိုလုပ်မယ်။ ဒီကိစ္စမျိုးမှာ တဘက်သားက ဘယ်လိုလုပ်တတ်တယ်။ ဒါကြောင့် ငါက ကြိုတင်ပြီး ဘယ်လိုစီမံထားမယ်ဆိုတာမျိုးတော့ စိတ်မကူးတတ်ဘူးလို့ ကျွန်တော် ထင်တယ်”

ရှား။ ။(ဆေးတံကိုဖွာလျက်မှိန်းနေရာမှ) “ဟုတ်ကဲ့။ စိတ်ကူးပုံ အမျိုးမျိုး ရှိပေတာပေါ့။ ကျွန်တော်တို့လဲ စိတ်ကူးသမားကပဲ။ စိတ်ကူးမရှိပဲ ဒီအလုပ်မျိုးကို မလုပ်နိုင်ဘူးပေါ့။ သို့သော် ကျွန်တော်တို့က ကဗျာစိတ်ကူးနည်းမျိုးတော့ မတတ်ပေဘူးလို့ ဝန်ခံရလိမ့်မယ်။ ဒါထက် ခင်ဗျားတို့ ဆောင်ရွက်ပုံကို ပြောပြစမ်းပါဦး”

ဝန်။ ။“ကျွန်တော်တို့က သူ့အဆောင်ကို ကွက်စိပ်ရိုက်ပြီး တလက်မ မကျန်အောင် အနှံ့အပြားရှာကြပါတယ်။ သူ့အခန်းတွေမှာရှိတဲ့ စားပွဲ၊ ကုလားထိုင်၊ ခုတင်၊ ဗီရို၊ ကြောင်အိမ် အစရှိတဲ့ အိမ်ထောင်မှုပစ္စည်းဟူသမျှကို အပိုင်းစီဖြုတ်ပြီး တခုမကျန် ရှာကြပါတယ်။ အံဖုံးတို့ ဘာတို့ လူမသိအောင် တိတ်တဆိတ်တပ်ထားတဲ့ဟာမျိုး ရှိတတ်တယ်ဆိုတာ သိလေတော့ နေရာတိုင်းမကျန်အောင် လက်နဲ့ခေါက်ကြည့်ပြီး အခေါင်းရှိသမျှ သိရအောင် ရှာကြပါတယ်။ အံဆွဲမှာ အံဖုံးပါယင် အတွင်းနဲ့အပြင်နဲ့ အတိုင်းအထွာ ကွဲလွဲတတ်တယ်ဆိုတာကိုလဲ သိလေတော့ အားလုံး ပစ္စည်းတွေကို ပေတံနဲ့ထောက်ကြည့်ပြီး ရှာကြ



www.burmeseclassic.com

ပါတယ်။ ဆိုဖာကြီးများကို အပ်ရှည်ကြီးတွေနဲ့ ထောက်ကြည့်ပါတယ်။ ခုတင်ကိုလဲ တခုစီဖြုတ်၊ ကုလားထိုင်များကိုတောင် အကြိုအကြား ရှိမလားလို့ မှန်ဘီလူးနဲ့ကြည့်ကြပါတယ်။ စားပွဲတွေကိုတောင် အပေါ်ဖုံး ဖြုတ်ပြီး ခြေထောက်တွေကို တချောင်းစီ ထုတ်ကြည့်ကြပါတယ်''

ကျွန်။ ။''ဘာလုပ်ဖို့လဲ ခင်ဗျာ''

ဝန်။ ။''တချို့လူက စာရွက်တခုခုဝှက်ချင်ယင် ခြေထောက်ကိုဖြုတ်ပြီး စာရွက်ကို အခေါင်းထဲ ထိုးထည့်ပြီး ခြေထောက်ကို ပြန်တပ်တဲ့ နည်းနဲ့ ဝှက်တတ်ဘယ်ကြားဖူးလို့ အဆက်ဟူသမျှ အားလုံးဖြုတ် ကြည့်ရခြင်း ဖြစ်ပါတယ်''

ရှား။ ။''အခေါင်းရှိတယ်ဆိုယင် ခေါက်ကြည့်လိုက် သိနိုင်တာပေါ့ဗျာ''

ဝန်။ ။''တခါတလေတော့ ဝှက်တဲ့လူက လူပါးဆိုယင် ကွက်လပ် မကျန်စေရအောင် ဂွမ်းတို့ အဝတ်စုတ်တို့ကို ထည့်ထားမယ်ဆို ဖြစ်နိုင်တယ်ဗျ။ ခေါက်ကြည့်လို့ ရုတ်တရက် မသိနိုင်ဘူး''

ရှား။ ။''ပစ္စည်းတိုင်းကို ဖြုတ်ကြည့်နိုင်ပါ့မလားဗျာ''

ဝန်။ ။''ပစ္စည်းတိုင်းကို ဖြုတ်ဖို့ မလိုပါဘူး။ မှန်ဘီလူးရှိသားကပဲ။ အဆက်နေရာတွေမှာ မှန်ဘီလူးနဲ့ကြည့်လိုက်လို့ ခြေရာလက်ရာ ပျက်တယ်ထင်ယင် ဖြုတ်ကြည့်လိုက်တာပဲ''

ရှား။ ။''မှန်များကောဗျာ ခွာကြည့်သေးသလား။ သစ်သားနဲ့ မှန်နဲ့အကြားမှာ တချို့ဝှက်တတ်ကြတယ်''

ဝန်။ ။''ကြည့်ပြီးသားဗျာ။ ဘယ်ချမ်းသာပေးမလဲ။ ဖြုတ်ကြည့်ကြတာပေါ့''

ရှား။ ။''မွေ့ရာတို့ ခန်းဆီးတို့ ခြင်ထောင်တို့ကောဗျာ''

ဝန်။ ။''မရှာပဲ နေမလားဗျာ။ ဒါတွင် ဘာကမလဲ၊ ကြမ်းတို့ နံရံတို့၊ လိုက်ကာတို့တောင် ပျဉ်ပြားတချပ်စီ ဖြုတ်ကြည့်သေးတာပဲ''

ရှား။ ။''တော်တော် ဒုက္ခခံပြီး ရှာတာပဲကိုး''

ဝန်။ ။''ဒုက္ခခံဆို မျက်နှာရချင်တာက တကြောင်း၊ ပေးထားတဲ့ဆုငွေကလဲ မနည်းပေဘူးဗျ''

ရှား။ ။''သူ့စာအုပ်တွေထဲမှာကော ရှာဖွေပြီး နေမှာပေါ့''

ဝန်။ ။''ရှာပြီးလားဗျာ။ စာအုပ်တွေဆိုယင် သူများလို မှောက်ချကြည့်ရုံနဲ့ မပြီးဘူး။တရွက်စီ လှန်ပြီး တမျက်နှာစီ လိုက်ကြည့်ပါတယ်။ အဖုံးတွေဆိုယင်လဲ ဝှက်စရာအကြားရှိမလားလို့ တခုစီ မှန်ဘီလူးနဲ့ ကြည့်ကြပါတယ်။ စာအုပ်နှစ်အုပ် သုံးအုပ်ဟာ သားရေဖုံး ပြင်ဖုံးထားတာ တွေ့ရလို့ မသင်္ကာတာနဲ့ အပ်နဲ့ထောက်ကြည့်ပါသေးတယ်''

ရှား။ ။''ကော်ဇောတို့၊ ကြမ်းတို့ကော အားလုံး ကြည့်ပြီးပြီပေါ့''

ဝန်။ ။''တနေရာမကျန်၊ တလက်မမကျန် ရှာကြည့်ပါတယ်။ ပျဉ်ပြားတွေကိုတောင် မှန်ဘီလူးနဲ့ ကြည့်ပါတယ်''

ရှား။ ။''အရုပ်ကားတွေ၊ ခေတ်ပုံတွေ နောက်မှာကော''

ဝန်။ ။''ကြည့်ပါတယ်။ မှန်ဘောင်တွေကိုပါ ဖြုတ်ကြည့်ပါတယ်''

ရှား။ ။''ကြမ်းနဲ့မြေကြီးနဲ့ခွာပြီး လေဝင်ပေါက်ရှိတတ်တယ်။ ကြည့်ပြီးပြီပေါ့''

ဝန်။ ။''ကြည့်ပါတယ်''

ရှား။ ။''ဒါဖြင့် သေချာပေသားပဲ။ ဒီစာဟာ သူ့အဆောင်ထဲမှာ မရှိဘူးလို့ ယူဆရုံရှိတော့ တာပေါ့''

တတိယအကြိမ်

www.burmeseclassic.com

ဝန်။ ။''ကျွန်တော်လဲ ဒီလိုပဲ ဆိုချင်တော့တာပဲ။ ဦးစံရှားကော ဘယ့်နှယ်လဲ''

ရှား။ ။''ကျွန်တော်ကတော့ နှံ့သထက်နှံ့အောင် ရှာ:စချင်သေးတာပဲ''

ဝန်။ ။ကျွန်တော်တော့ ကျေနပ်ပြီ။ ကျွန်တော့်ကိုယ်မှာ အသက်ရှိတယ်ဆိုတာ သေချာတာထက် ဒီစာဟာ သူ့အဆောင်ထဲမှာ မရှိတော့ဘူးဆိုတာက ပိုပြီး သေချာနေတယ်''

ရှား။ ။''ကျွန်တော်ကတော့ သူ့အဆောင်ထဲမှာ နှံ့အောင်ရှာဖို့ထက် တခြားအကြံ မပေးတတ်အောင် ဖြစ်နေပြီ။ ဒီစာရဲ့ပုံသဏ္ဌာန်ကိုတော့ သေသေချာချာ သိထားတယ်ပေါ့''

ဤနေရာ၌ ရာဇဝတ်ဝန်ကလေးသည် မှတ်တမ်းစာအုပ်ကလေးကိုထုတ်၍ မည်သို့သော စာရွက်မျိုးပေါ်တွင်မည်သို့သော အမှတ်တံဆိပ်များ ရိုက်နှိပ်ပါရှိခြင်းမှစ၍ ယင်းစာရွက်၏ပုံပန်းသဏ္ဌာန်အနေအထားများအကြောင်းကို ကျွန်တော်တို့အား ဖတ်ပြလေသည်။ နောက်ဆုံး၌ ဤကိစ္စတွင် တတ်နိုင်သမျှ ကူညီစဉ်းစားပေးပါမည်ဟု ဦးစံရှားက ကတိပေးလိုက်သည်နှင့် ဝန်ကလေးလည်း တိုက်ပေါ်မှဆင်းသွားလေ၏။

ရက်သတ္တ တပတ်ခန့် ကြာသောအခါ ဝန်ကလေးလည်း ကျွန်တော်တို့ထံ လာရောက်ပြန်ရာ

ကျွန်။ ။''ဘယ့်နှယ်လဲဗျ။ ဟိုစာ တွေ့ပြီလား။ မြန်မာ့ဉာဏ်က ဘိုဉာဏ်ကို မမှီနိုင်လို့ လက်လျှော့လိုက်ရတယ်လို့တော့ မဖြစ်စေနဲ့ဗျာ''

ဝန်။ ။''လက်လျှော့တယ်လို့တော့ မဟုတ်သေးပါဘူး။ ဦးစံရှားပြောသလို ကျွန်တော်လဲ အထပ်ထပ်ရှာကြည့်သေးတာပဲ။ ရှာပေမယ့် မောတာ ရှိတာပါပဲဗျာ။ မတွေ့ပါဘူး''

ရှား။ ။''ဆုငွေပေးတာ ဘယ်လောက်တဲ့''

ဝန်။ ။''နှစ်သောင်းတောင် ပေးထားတယ်။ ကျွန်တော်လဲ လောဘမကြီးပါဘူးဗျာ။ ဒီစာကို တွေ့အောင်ရှာပေးနိုင်တဲ့ လူရှိယင် တသောင်းတော့ ခွဲပေးဖို့ အဆင်သင့်ပါပဲ။ အမှန်ပြောရမှာဖြင့် ကိုယ့်ကိုအားကိုးပြီး ခိုင်းထားခြင်း ဖြစ်လေတော့ ဆုငွေရဖို့ထက် မျက်နှာလိုချင်မှုက သာပြီး အရေးကြီးနေတော့တာပါပဲ''

ရှား။ ။''ကြိုးစားပါဦးလေဗျာ။ လူကြံယင် ခံနိုင်ရိုးလား ဆိုထားတာကပဲ''

ဝန်။ ။''ကျွန်တော် ကြိုးစားလိုက်ပုံတော့ မပြောနဲ့တော့။ နည်းလမ်းကို ကုန်နေပြီဗျ''

ရှား။ ။''ဒါထက် အဘာနသီဆိုတဲ့ ဆရာဝန်ကြီးအကြောင်း ကြားဖူးရဲ့လား''

ဝန်။ ။''မကြားဖူးဘူးဗျ။ ဆရာဝန်ကြီးက ဘာဖြစ်လို့လဲ''

ရှား။ ။''တခါက ကပ်စေးနဲ့ သဌေးကြီးတယောက်က အဘာနာသီဆီ လာပြီး ပိုက်ဆံမကုန်ပဲ အချောင်စုံစမ်းဖို့ ကြိုးစားသတဲ့။ သူက စကားဥပမာအဖြစ်နဲ့ လူဘယောက်မှာ တကယ်လို့ နေထိုင်မကောင်းပဲ ဒီလိုဒီလို ဖြစ်နေတယ်ဆိုပါတော့။ ခင်ဗျားက ဘယ်လိုအကြံပေးမလဲလို့ ဆရာဝန်ကြီးကို မေးလိုက်တယ်။ အမှန်ကတော့ သူ့ရောဂါကို ထုတ်ပြောပြီး ပိုက်ဆံမပေးချင်လို့ အချောင်စုံစမ်းတာပဲကိုးဗျ။ ဆရာဝန်ကြီးက သူ့အကြံကို ရိပ်မိလေတော့ ဒီလိုဆိုယင် ကျွန်တော် အကြံပေးရမှာဖြင့် ဆရာဝန်ခေါ်ပြီး စုံစမ်းပေးစေလို့ ပြန်ပြောလိုက်တယ်''

ဝန်။ ။''ကျွန်တော်က ပိုက်ဆံပေးမယ်လို့ ပြောပါတယ်ဗျာ။ ဒီစာကိုတွေ့အောင် ရှာပေးနိုင်ယင် ဘယ်သူ့မဆို ငွေတသောင်းပေးဖို့ အဆင်သင့်ပါလို့ ပြောထားတယ်မဟုတ်လား''

ရှား။ ။''ဒီလိုဆိုယင် ချက်လက်မှတ် ရေးပေးလေဗျာ။ ခင်ဗျားလက်မှတ်ထိုးပြီးတဲ့ အချိန်မှာ ခင်ဗျားလိုချင်တဲ့စာ ရစေ့မပေါ့''

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့် ရာဇဝတ်ဝန်တို့သည် ဦးစံရှားအား အံ့သြစွာနှင့် ငေးကြည့်မိကြလေရာ ဦးစံရှားမှုကား ခပ်ပြုံးပြုံးထိုင်လျက် ဆေးတံကို ဖွာနေလေ၏။ ဦးစံရှားမှာ စကားအပိုပြောတတ်သော လူတယောက်မဟုတ်ကြောင်းကို ကျွန်တော်တို့သိသည့်နှင့် အတည်ပြောခြင်းပင်ဖြစ်သည်ဟု ရိပ်မိကြလေသည်။ ရာဇဝတ်ဝန်သည် ကျွန်တော့်အား လှမ်းကြည့်လိုက်ရာ ကျွန်တော်၏ မျက်နှာထားမှာလည်း အကယ်ပြောခြင်း ဖြစ်သည်ဟု ယုံကြည်ကြောင်း ဖော်ပြသည်ကို မြင်ရသည့်လက္ခဏာနှင့် အိတ်ထဲမှ ချက်စာအုပ်ကို ဆွဲထုတ်လေတော့သည်။ ထို့နောက် ဦးစံရှားကလှမ်းပေးသော ဖောင်တိန်ဖြင့် ချက်လက်မှတ်တွင် ငွေတသောင်းရေး၍ လက်မှတ်ထိုးပြီးနောက် ဦးစံရှားသို့ လှမ်းပေးလိုက်၏။ ဦးစံရှားသည်ချက်ကိုယူ၍ ကြည့်ရှုပြီးနောက် စာအုပ်ဗီရိုသို့သွား၍ စာတအုပ်ကြားမှ စာတစောင်ကို ယူလာပြီးလျှင် ရာဇဝတ်ဝန်လက်သို့ ပေးအပ်လေ၏။ ရာဇဝတ်ဝန်သည် အံ့သြဝမ်းသာသော အမူအရာနှင့် စာကိုလှမ်းယူ၍ လိပ်နှင့် အတွင်းမှစာများကို အနည်းငယ်မျှ ဖတ်လိုက်ရသည်နှင့်တပြိုင်နက် ကျွန်တော်တို့ကိုမျှ နှုတ်မဆက်နိုင်တော့ပဲ ချက်ချင်းပင် တိုက်ပေါ်မှ ဆင်းပြေးလေတော့သည်။

ရာဇဝတ်ဝန် ဆင်းသွားသောအခါ ဦးစံရှားသည် ဆရာက တပည့်အား 'လက်ချာ' ပေးသော အမူအရာမျိုးနှင့် ကျွန်တော့်အား အောက်ပါအတိုင်း ရှင်းလင်းပြောပြလေ၏။

ရှား။ ။"ကျုပ်တို့ ရာဇဝတ်ဝန်ဟာ တော်တာကတော့ တကယ်တော်တဲ့ လူတယောက်ပါပေပဲ။ အလုပ်ဝတ္တရားကို အလွန်ရိုသေပြီး လုပ်စရာရှိယင် မအိပ်မနေ သေသေသပ်သပ် လုပ်တတ်တဲ့ ဝါသနာရှိပေတယ်။ ဒါကြောင့်လဲ အင်္ဂလိပ်စာ ၇ တန်းလောက်နဲ့ ဒီအသက်အရွယ်မှာ ဒီရာထူးအထိ တက်လာပေတာပဲ။ ဇွဲကောင်းကောင်းနဲ့ လိုက်ကြစို့ဆိုယင် ပုလိပ်တဖွဲ့လုံးမှာသူ့ကိုမှီတဲ့လူရှားလိမ့်မယ်။ ဒါကြောင့်မို့ အပါးတော်မြဲအဆောင်ကို နှံ့အောင်ရှာပြီးပါပြီလို့ သူကပြောတော့ သူဉာဏ်မီသလောက်တော့ အားလုံးနှံ့အောင်ရှာပြီးပြီလို့ ကျုပ်က လက်ခံတယ်"

ကျွန်။ ။"သူဉာဏ်မီဘာက ဘယ်လိုအဓိပ္ပာယ်လဲခင်ဗျာ"

ရှား။ ။"ဉာဏ်မှီသလောက်ဆိုတာက သူတို့ရှာတဲ့နေရာတွေ အတွင်းမှာတော့ မျက်လျှမ်းပြီး ကျန်နေရစ်တယ်လို့ မရှိနိုင်ဘူး။ အဲဒီနေရာတွေမှာရှိယင်တော့ ကေန်မုချ သူတို့တွေ့မှာပဲလို့ ဆိုလိုတယ်"

ကျွန်တော်က ရယ်မောမိသော်လည်း ဦးစံရှားက ဣန္ဒြေကြီးနှင့် ပြောလျက်ရှိ၏။

ရှား။ ။"ကျုပ်ပြောလိုတာက သူတို့ရှာကြတာတော့ ဟုတ်ပါရဲ့။ သို့သော် သူတို့ဉာဏ်နဲ့ ဝှက်ထားတဲ့ အပါးတော်မြဲဉာဏ်နဲ့ မတိုက်ဆိုင်မိဘူးလို့ ဆိုလိုတယ်။ ဒါမျိုးဟာ ဒီလိုရှိတယ်ဗျ။ ဝှက်တဲ့လူနဲ့ ရှာတဲ့လူနဲ့ ဉာဏ်ရည်ချင်းတူမှ တွေ့နိုင်တယ်။ နက်လွန်းသည်ဖြစ်စေ၊ တိမ်လွန်းသည်ဖြစ်စေ ရှိနေယင် တွေ့ဖို့ခဲယဉ်းတယ်။ ဥပမာတခု ကျုပ်ပြောပြမယ်။ ကျုပ်တို့ငယ်ငယ်တုန်းက ပေသီးစုံမ ဝှက်ကစားနည်း မှတ်မိသေးလား"

ကျွန်။ ။"မှတ်မိပါတယ်။ ပေသီးတွေကို လက်ထဲမှာ တယောက်က အုပ်ထားပြီး တယောက်က စုံလား မလားလို့ မှန်အောင်ပြောရတယ်။ မှန်ယင် သူ့ပေသီးကို ယူရတယ်။ မှားယင် ပေသီးရှိသလောက် လျှော်ရတယ်"

ရှား။ ။"ဝှက်တော့ တယောက်တလှည့်စီ ဝှက်ရတယ်နော်"

ကျွန်။ ။"ဟုတ်ပါတယ်"

ရှား။ ။"ကျုပ်တို့ငယ်ငယ်တုန်းက ကျောင်းမှာ ပေသီးစုံမ ဝှက်ကြယင် တကျောင်းလုံး ကျုပ်နိုင်တာချည်းပဲဗျ။ နောက်ဆုံးကျတော့ သူတို့ဝှက်တဲ့ အလှည့်မှာ သူတို့ ပေသီးကို သူတို့ မရေဝံ့တော့ဘူး။

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ယမ်းပြီး လက်နဲ့အုပ် ဝှက်ကြတော့တယ်။ ကျုပ်အလှည့်ကြတော့သာ သူတို့အထင်လွဲအောင် ကျုပ်က လုပ်ယူရတော့တယ်''

ကျွန်။ ။''ဝှက်ပုံပြောပြစမ်းပါဦးဗျာ''

ရှား။ ။''ဒီလိုလေဗျာ။ ခင်ဗျားနဲ့ကျုပ်နဲ့ တလှည့်စီ စုံမ ဝှက်ကြတယ် ဆိုပါတော့။ ရှေးဦးစွာ ကျုပ်က ခင်ဗျားသဘောကိုသိအောင် စမ်းကြည့်လိုက်တယ်။ဥပမာ ခင်ဗျားက ရှေးဦးစွာဝှက်တယ် ဆိုပါတော့။ ခင်ဗျားက ပေသီးငါးလုံးကို လက်နဲ့ဆုပ်ပြီး ဝှက်လိုက်တဲ့အခါမှာ ကျုပ်က ပထမ အကြိမ်တော့ ယမ်းပြီး ဆိုလိုက်ရတာပဲ။ကောင်းပြီ။ကျုပ်က 'စုံ'လို့ဆိုလိုက်မိလို့ လွဲသွားတယ်ဆိုပါတော့။နောက်တကြိမ် ခင်ဗျားဝှက်တဲ့အလှည့်မှာ ကျုပ်ကစဉ်းစားခွင့်ရလာပြီ။သူငယ်ချင်း ခပ်ရိုးရိုးဆိုယင်ပထမအကြိမ်မှာ'မ'ဝှက်ပြီးယင် ဒုတိယအကြိမ်မှာ 'စုံ' ပြောင်းပြီးဝှက်တတ်တယ်။ဒီတခါတော့ကော ခင်ဗျားကို ကျုပ်ကလူရိုးလား လူဆန်းလားလို့ စဉ်းစားရတယ်။ လူရိုးဆိုယင် ကျုပ်က'စုံ'လို့သာ ဖော်လိုက်၊ တန်းကနဲ မှန်တော့တာပဲ။ တော်တော်သယ်တဲ့လူဆိုယင်'မ' လို့ဖော်လိုက်၊ မှန်နေတာပဲ။ ဒီထက်ဒီ လည်သာပြန်တော့ တပတ်ကျော့ပြန်ရောဗျ။ လူသည်မှန်းသိလို့ ရိုးချင်ယောင်ဆောင်တာတို့ ဘာတို့ ရှိသေးတာကိုး။ကျုပ်အလှည့်ကျတော့လဲ ထိုနည်းအတူပဲ စဉ်းစားရပြန်တယ်။'စုံ''နဲ့'မ'ချည့် ဖော်တတ်တဲ့လူရှိတာ မှန်ပေမယ့် နောက်တခါလွဲကောင်းရဲ့ဆိုပြီး ဒီအတိုင်း ဆက်ဝှက်တဲ့လူရှိတယ်။ဒီလိုနဲ့ သူ့အလှည့်ကိုယ့်အလှည့် ဝှက်လိုက်ကြတာ ဆယ်ခါအနက်မှာ ကျုပ်က အနည်းဆုံး ခုနစ်ခါရှစ်ခါ မှန်တာချည်းပဲဗျ။ နောက်ဆုံးကျတော့ သူတို့ ဘယ့်နှယ်လုပ်သလဲဆိုတော့ သူတို့စိတ်ကို ကျုပ်က သိတယ်ထင်ပြီး သူတို့ဝှက်တဲ့အလှည့်မှာ ပေသီးကို ရေမကြည့်ပဲ အယမ်းလက်နဲ့ဆုပ်ပြီး ဝှက်ကြတော့တယ်။ ဒီတော့လဲ ကျုပ်က ကံအတိုင်း ယမ်းတုပ်ရတော့တာပေါ့။ သို့သော် ကျုပ်ဝှက်တဲ့အလှည့်ကျတော့ ကျုပ်ကသူတို့လွဲအောင်ချည်း ဝှက်လိုက်တာ၊ အများအားဖြင့်'စုံ''မ'ဝှက်ကစားတိုင်း ကျုပ်က နိုင်တာချည်းပဲ။ နောက်ဆုံးမှာတော့ တကျောင်းလုံးက ဒီကစားနည်းမှာတော့ ကျုပ်ကို လန့်ကုန်ကြတယ်။ တချို့ကတော့ ကျုပ်ကို ကံကောင်းတယ်လို့ထင်ကြတယ်။ကံဟုတ်ရဲ့လားဗျာ''

ကျွန်။ ။''ကံသက်သက် ဘယ်ဟုတ်မှာလဲ၊ ဉာဏ်လဲပါတာပေါ့''

ရှား။ ။''ဘယ်လိုဉာဏ်မျိုးလဲ''

ကျွန်။ ။''တဘက်သား၏ဉာဏ်ကို ကိုယ့်ဉာဏ်နဲ့ တိုက်ဆိုင်ကြည့်တဲ့ဉာဏ်ပေါ့''

ရှား။ ။''အစစ်ပဲဗျ။ ကျုပ်တို့ရာဇဝတ်ဝန်က တဘက်သား၏ဉာဏ်ကို နှိုက်ကြည့်ဖို့ နားမလည်ဘူး။ ပစ္စည်းကို ဝှက်ချင်ယင် သူ့အိမ်မှာ အခက်ခဲဆုံးနေရာ၊ လူတိုင်းမရောက်နိုင်တဲ့ နေရာမျိုးမှာ ဝှက်ထားတယ်လို့ တထစ်ချယူဆပြီး ခဲယဉ်းပေ့ဆိုတဲ့ နေရာတွေကို အားလုံး စေ့ငုအောင် လိုက်ရှာတော့တာပဲကိုး။ သို့သော် သူ့တွေးနည်းလဲ မရိုင်းလှပါဘူး။လူတွေကို ပျမ်းမျှခြင်းနည်းနဲ့ ကြည့်လိုက်ယင် သူတွေးတဲ့အတိုင်းမှန်မှာပဲ။ တခုခုဝှက်ချင်ယင် ခဲယဉ်းပေ့ဆိုတဲ့နေရာမှာ ရွေးပြီးဝှက်ချင်တဲ့လူက များမှာပါပဲ။ ဒါကြောင့်မို့လို့ ပျမ်းမျှခြင်းထဲက တရားခံမျိုးဆိုယင် သူတို့ပုလိပ်တွေ စုံစမ်းလိုက်ပြီဆိုမှဖြင့် ပေါ်တတ်ပါတယ်။ သို့သော် တရားခံတယောက်တလေကတော့ ပျမ်းမျှခြင်းထဲကမဟုတ်ပဲ ပျမ်းမျှခြင်းထက်သာယင်လဲသာတတ်တယ်၊ လျော့ယင်လဲ လျော့တတ်တယ်။ အဲဒီအခါမျိုးကျ သူတို့မှာအခက်တွေ့တော့တာပဲ။အမှုက အရေးကြီးလေလေ၊ ဒါမှမဟုတ် ဆုငွေများများကြီးပေးထားလေလေ၊ သူတို့လူစုက စဉ်းစားနေကျ နည်းထဲက တတ်နိုင်သမျှ စေ့စပ်အောင်၊ တတ်နိုင်သမျှ စုံလင်အောင် ကြိုးစားဖို့လောက်သာ နားလည်ကြတယ်။ နည်းကိုတော့ ပြင်ပြီး စဉ်းစားဖို့ နားမလည်ရှာကြဘူးဗျ။ဒါကြောင့်မို့ ကြမ်းတွေခုတင်တွေ၊ကုလားထိုင်တွေ၊ အိမ်ထောင်မှုပစ္စည်းတွေကို ဖြုတ်လိုဖြုတ်၊ မှန်ဘီလူးနဲ့ ကြည့်လိုကြည့် လုပ်ကြတယ်မဟုတ်လား။ ဘယ်လိုပဲ



www.burmeseclassic.com

www.burmeseclassic.com


ကြည့်ကြည့်၊ ဘယ်လိုပဲရှာရှာ သူတို့အသုံးပြုနေကျ စဉ်းစားနည်းထဲက မထွက်သေးဘူးဗျ။ အခက်ခဲဆုံး နေရာမှာ ဝှက်ထားရမယ်ဆိုတဲ့ စဉ်းစားနည်းအတိုင်းပဲ ဖြစ်နေသေးတယ်။ ပြီးတော့ ရာဇဝတ်ဝန်က ပြောသေးတယ်။ အပါးတော်မြဲဟာ ကဗျာဆရာတယောက်ပါတဲ့။ သူဆိုလိုယင်းက ကဗျာဆရာဟာ စိတ်ကူးသမားတွေ ဖြစ်သော်လဲ ဒီလိုကိစ္စမျိုးမှာ သူတပါးထက်ထွင်ပြီး နက်နက်နဲနဲကြီး စိတ်မကူးတတ်ပါဘူးလို့ ပြောလိုတယ်''

ကျွန်။ ။''ဒီဟာ ထည့်စဉ်းစားဖို့ လိုလို့လားဗျာ''

ရှား။ ။''လိုသလောက် လိုတယ်ဗျ။ ဒီအပါးတော်မြဲအကြောင်းကို ကျုပ်စုံစမ်းကြည့်တယ်။ အခု အတွင်းဝန်ဖြစ်နေတဲ့ ဘိုတယောက်နဲ့ ကျုပ်က နှီးနှီးရင်းရင်းပေါင်းဖူးတယ်။ ကျုပ်အကြောင်းကို သူက ကြားဖူးလို့ ကျုပ်နဲ့တွေ့ချင်တယ်ဆိုပြီး မိတ်ဖွဲ့ဖူးတာကိုး။ အဲဒီအတွင်းဝန်ဆီ ကျုပ်သွားပြီး စုံစမ်းကြည့်တော့(သို့သော် ဒီအကြောင်းနဲ့ပတ်သက်လို့တော့ တခွန်းမှ မပြောခဲ့ဘူးပေါ့လေဗျာ။) ဒီအပါးတော်မြဲက လောဂျစ်ပညာတို့၊ ဆိုက်ကော်လော်ဂျီပညာတို့မှာ တော်တော်ဝါသနာပိုလို့မို့ အနောက်နိုင်ငံက မဂ္ဂဇင်းတွေထဲမှာ ဆောင်းပါးတွေ ဘာတွေ ရေးထည့်ဖူး ဆိုကိုးဗျ''

ကျွန်။ ။''ဆိုက်ကော်လော်ဂျီတို့၊ လောဂျစ်တို့ဆိုတဲ့ ပညာတွေနဲ့ ဘယ်လို သက်ဆိုင်လို့လဲဗျာ''

ရှား။ ။''ဆိုင်ပုံက ဒီလိုဗျ။ ဒီပညာတွေ တတ်ထားတဲ့ လူတယောက်ဖြစ်လေတော့ အလုပ်တခုခု စီမံယင် တဘက်သားရဲ့ စိတ်ထဲကို ဝင်ကြည့်တတ်တဲ့ အလေ့အထရှိတယ်။ ဥပမာ အခုကြည့်လေ။ ပုလိပ်အဖွဲ့က သူ့ကို လမ်းမှာ ချောင်းဖမ်းပြီး သူ့တကိုယ်လုံးမှာ ရှာကြည့်ကြတယ်ဆို မဟုတ်လား။ ရှာတော့ ဘာတွေ့သလဲ။ ဘာမှ မတွေ့ကြဘူး။ ဘယ်တော့ တွေ့မှာလဲဗျ။ သူ့ကို ဒီလိုချောင်းပြီး ရှာကြလိမ့်မယ်ဆိုတာ ကြိုတင်ပြီး တွက်ထားတဲ့ လူပေကိုးဗျ။ သူ့အခန်းထဲမှာရှိတဲ့ အိမ်ထောင်မှုပစ္စည်းတွေကို ဖြုတ်ဖျက်ပြီး မွှေနှောက်ရှာကြလိမ့်မယ်ဆိုတာတွေကို သူကတွက်ပြီးသားပဲ။ သူမရှိခိုက်မှာ သူ့အဆောင်ထဲဝင်ပြီး မွှေကြနှောက်ကြတယ်ဆို မဟုတ်လား။ အဲဒါ သူက တမင်ရှောင်ပေးထားတာနဲ့ တူတယ်ဗျ။ တော်တော်လာတဲ့ လူပဲ။ ဟိုလူတွေ စိတ်တိုင်းကျ လုပ်ခွင့်ရအောင် သူက အပြင်ထွက် ရှောင်ပေးလိုက်သေးဗျား''

ကျွန်။ ။''ဒါကတော့ ဘယ်လိုရည်ရွယ်ချက်လဲဗျာ''

ရှား။ ။''ခဏခဏ အိမ်ကထွက်လည်ခြင်းကို ထောက်ခြင်းအားဖြင့် သူ့အဖို့ အလွန်အရေးကြီးတဲ့ စာဟာ သူ့အဆောင်ထဲမှာ ရှိတော့ဟန် မတူဘူးလို့ ပုလိပ်အဖွဲ့က တွေးချင်တွေးအောင် လုပ်တဲ့နည်းပေါ့ဗျ။ မရမကယူပြီး ခဲခဲယဉ်းယဉ်းဝှက်ထားရတဲ့ ပစ္စည်းတခုကို အိမ်မှာပစ်ထားခဲ့ပြီး ဘယ်နည်းနဲ့မှ ထွက်လည်နိုင်မှာ မဟုတ်ဘူးလို့ တွေးမယ်ဆို တွေးစရာပဲဗျ။ ပြီးတော့ ပုလိပ်အဖွဲ့က ရှာတယ်ဆိုယင် ဟိုဒင်းကို ဒီအကြားဟိုဝက်အူ ဒီဝက်အူ၊ ဟိုအံဖုံး ဒီအံဖုံး အစရှိတဲ့ ကြိုကြိုကြားကြားတွေကိုတော့ တခုမကျန် မွှေနှောက်ပြီး ရှာတော့မှာပဲလို့ သူစဉ်းစားမိရမယ်။ ဒါကြောင့် ဒီလူစု မတွေ့စေရအောင် ဝှက်မယ်ဆိုယင် သိပ်ပြီး နည်းဆန်းဆန်းနဲ့ ခက်ခက်ခဲခဲကြီးမဟုတ်ပဲ ရိုးရိုးကလေး၊ လွယ်လွယ်ကလေးနဲ့ မျက်စိလျံသွားအောင် လုပ်လေမှ ပဲလို့ သူစဉ်းစားမိရမယ်''

ကျွန်။ ။''ဟုတ်ပေတယ်။ ဒီအကြောင်းကို ခင်ဗျားခဏခဏ ပြောဖူးပေတယ်။ တချို့အမှုဟာ ရိုးလွန်းအားကြီးတာနဲ့၊ ရှင်းလွန်းပေါ်လွင်လွန်းအားကြီးတာနဲ့ ခြေရာကောက်ဖို့ ခက်တတ်တယ်လို့ ခင်ဗျား ပြောပြောနေတာပဲ''

ရှား။ ။''ဥပမာတခုကျုပ်ပြမယ်။ဆိုင်းဘုတ်တို့၊ပိုစတာတို့ဆိုတာ လူမြင်စေလို့ပဲ ရည်ရွယ်ချက်နဲ့ ဆွဲကြ ကပ်ကြ ကြော်ငြာကြတယ် မဟုတ်လား။ တခါတလေမှာ ကြီးလွန်းအားကြီးလို့၊ ထင်ရှားလွန်း

www.burmeseclassic.com

အားကြီးလို့ မထင်ရှားပဲ ဖြစ်တတ်တာမျိုးလဲ ရှိတတ်တယ်။ တရပ်လုံး တလမ်းလုံးက ရောမဆိုင်းဘုတ်ကြီးတွေနဲ့ ရောမစာလုံးကြီးတွေ ရေးထားကြတဲ့အခါမှာ ခပ်သေးသေးဆိုင်းဘုတ်က ပေါ်လွင်ချင် ပေါ်လွင်နေတတ်တာမျိုးကိုးဗျ"

ကျွန်။ ။"ဟုတ်ပေတယ်။ ဒီဟာလဲ ကျွန်တော် သတိပြုမိပါတယ်"

ရှား။ ။"ဥပမာတခု ပေးဦးမယ်။ ကျုပ်တို့ ကျောင်းသားတုန်းက ပထဝီမြေပုံနားမှာရပ်ပြီး တယောက်တလှည့်စီ စာလုံးဝှက်ကြတယ် မဟုတ်လား။ အများဖြင့် အလွန်သေးငယ်ပြီး ချောင်ထဲမှာ မြုပ်နေတဲ့စာလုံးကိုရွေးပြီး ဝှက်ကြတယ်။ တခါတရံမှာတော့ မြေပုံတခုလုံးမှာ ရောမစာလုံးကြီးနဲ့ အစမှ အဆုံးတိုင် ထင်ထင်ရှားရှားကြီး ဖော်ပြထားတဲ့ နာမည်တခုကို တယောက်ယောက်က ဝှက်လိုက်ပြီဆိုမှဖြင့် တော်တော်နဲ့ ရှာမတွေ့နိုင်ပဲ နောက်ဆုံးမှာ ဘယ်သူမှ မဖော်နိုင်လို့ ပန်းပေးကြရတဲ့ အဖြစ်မျိုးကို တောင် တခါတရံ ကြုံရဖူးတယ် မဟုတ်လား။ ကျုပ်တို့မိတ်ဆွေက ဒီဟာမျိုးကို နားမလည်လေတော့ အပါးတော်မြဲ ဝှက်လိုက်တဲ့ ကိစ္စမှာ မြေပုံရှာတာလို သေးပေ့ဆိုတဲ့ စာလုံးကလေးမျိုးနဲ့ ချောင်ထဲမှာချည်း လိုက်ရှာခဲ့တယ်ဗျ။ စာလုံးကြီးနဲ့ထင်တင်ရှားရှားကြီး ပေါ်နေတဲ့ဟာမျိုးကို လုံးဝမကြည့်တော့ပဲဟာကိုး။ ဒါကြောင့် သူမတွေ့တာပဲ"

ကျွန်။ ။"ကျွန်တော်ရိပ်မိပါပြီ။ ခင်ဗျားပြောသလိုပဲ ကျွန်တော် ၄တန်းရောက်တုန်းက အားလပ်တဲ့ အချိန်မှာ ၆တန်းသင်တဲ့ အခန်းထဲဝင်ပြီး ဥရောပတိုက်မြေပုံကြီးမှာ စာလုံးဝှက်ကြဖူးတယ်။ ကျွန်တော်တို့က ၄တန်းသမားတွေဆိုတော့ အိန္ဒိယပြည် မြေပုံကိုသာ သင်ကြရသေးတယ်။ ဥရောပတိုက် မြေပုံကိုတော့ ကျွန်တော်တို့ မသင်ရသေးလို့ မသိကြဘူး။ ဒီတော့ တယောက်က ဥရောပ(Europe)ဆိုတဲ့ စာလုံးကို ဝှက်လိုက်တယ်။ ခင်ဗျားပြောသလိုပဲ ကျွန်တော်တို့ ကျောင်းသား လေးငါးယောက်က ချောင်ထဲက မှုန်မှုန်မွှားမွှား စာလုံးကလေးတွေကိုသာ ကြည့်နေကြလို့မို့ ဥရောပဆိုတဲ့ စာလုံးကို တယောက်မှ ရအောင်မရှာနိုင်ကြဘူး။ နောက်ဆုံး ပန်းပေးလို့ ဝှက်တဲ့လူကိုယ်တိုင်က ထောက်ပြလိုက်တော့ မြေပုံတခုလုံးမှာ လက်ဝဲဘက်ကစပြီး လက်ယာဘက်အစွန်းထိအောင်ပြည့်နေတဲ့ 'ဥရောပ'ဆိုတဲ့ စာလုံးကြီးကို မြင်ကြရတော့မှ အားလုံးဝိုင်းပြီး ရယ်ကြရတယ်"

ရှား။ ။"ဟုတ်ပါတယ်။ ပြီးတော့ အပါးတော်မြဲ လုပ်လိုက်ပုံ ကြည့်လိုက်စမ်းဦးဗျ။ စာကို ယူတုန်းက တိတ်တိတ်ကလေး ခိုးယူသွားတာ မဟုတ်ဘူး။ ဥစ္စာရှင်ရှေ့မှာ ပြောင်ပြောင်ကြီးယူသွားတာ တွေ့လိုက်တယ် မဟုတ်လား။ တော်တော့်လူဟာ ဒီအကြံမျိုးကို စိတ်ကူးရနိုင်ပါ့မလားဗျ။ သူတို့ လင်မယားမျက်စိအောက်မှာ ပြောင်ယူသွားတာပဲ။ သူယူသွားလို့ရှိယင် ဘုရင်ခံကတော်ဟာ ဘုရင်ခံသိမှာစိုးတဲ့အတွက် မပြောဝံ့ပဲ ကျိတ်ခံရလိမ့်မယ်ဆိုတာကို သူဘက်မိတာ ဘယ်လောက် အံ့သြဖို့ကောင်းသလဲ။ ပထမတော့ ကတော်က အလန့်တကြားနဲ့ ပြောလိုက်မိတော့မလိုလို လုပ်ကောင်းလုပ်မိပြီး ဘုရင်ခံသိသွားမှာကို သတိရတာနဲ့ သူ့ပါးစပ် သူပိတ်လိုက်ရဟန်တူရဲ့။ ကိုင်း ဘယ်လောက်တော်တဲ့လူလဲဗျ။ ဒီလိုလူ တယောက်ဟာ သူတကာလို ဝှက်ရိုးဝှက်စဉ် နေရာမျိုးမှာ ဝှက်ထားပါ့မလားဗျ။ ကျုပ်ကတော့ ရာဇဝတ်ဝန်ပြောကတည်းကိုက ဒီအချက်ကိုတော့ ချက်ချင်း စဉ်းစားမိပါတယ်"

ကျွန်။ ။"ဟုတ်ပါပေ့ခင်ဗျာ"

ရှား။ ။"ဒီတော့ ကျုပ်က ဘာလုပ်တယ်မှတ်သလဲ။ ခုနပြောတဲ့ အတွင်းဝန်ဆီသွားပြီး မိတ်ဆက်စာကလေးတစောင် ရေးပေးဖို့တောင်းတယ်။ အတွင်းဝန်က စိတ်ပညာနဲ့ပတ်သက်လို့ မြန်မာပြည်မှာ တော်တော်ပေါက်ရောက်တဲ့ လူသာယောက်ဖြစ်တဲ့အတိုင်း ပညာသည်အချင်းချင်း တွေ့ရွေးယင်း မိတ်ကျွမ်းတဝင်

www.burmeseclassic.com

ဖြစ်စေချင်တဲ့အကြောင်း စသည်ဖြင့် ကျုပ်ကို အတော်အတန် ချီးမြှောက်ပြီးရေးထားတဲ့ စာကခေါင် ရေးပေးလိုက်တယ်။ ဒီစာရတော့ ကျုမ်က ကျုပ်ကို အကဲမခတ်နိုင်အောင် မျက်မှန်အနက်ကြီးတပ်ပြီး အပါးတော်မြဲဆီ အလည်သွားတာကိုးဗျ။ အတွင်းဝန်နဲ့ အပါးတော်မြဲက အတော် အကျွမ်းဝင်ကြလေတော့ ကျုပ်ကို ဖော်ဖော်ရွေရွေ လက်ခံစကားပြောပေတယ်”

ကျွန်။ ။“ခင်ဗျားကို ဦးစံရှားလို့ သူက သိရဲ့လား”

ရှား။ ။“မိတ်ဆက်တဲ့ စာဆိုတော့ အတွင်းဝန်က အစုံအလင် ထည့်ရေးပေးရတာပေါ့ဗျ။ သို့သော် ဦးစံရှားလို့ သိပေမယ့် ကျုပ်ကို အထင်မကြီးလှဘူးလေ။ အနှစ်မရှိတဲ့တောမှာ မင်းမူနေတဲ့ ကြက်ဆူပင်ထဲကပဲ အောက်မေ့တာပေါ့”

ကျွန်။ ။“ဦးစံရှားမှန်းသိယင် မသင်္ကာတဲ့ အမူအရာမျိုး မပြဘူးလား”

ရှား။ ။“ကျုမ်လာခြင်းဟာ သူ့စာနဲ့ပတ်သက်ပြီး လာခြင်းဖြစ်လေသလားလို့ မသင်္ကာတဲ့ လက္ခဏာတော့ရှိတယ်။ သို့သော် ကျုပ်ကို သူက တယ်ကြီးလေးစားတဲ့ အမူအရာမျိုး မတွေ့ရဘူး။ ကျုပ်လို လူတယောက်က ခဏတဖြုတ်လာတွေ့လို့ ဘာတတ်နိုင်မှာလဲလို့ အောက်မေ့တန်တူပါရဲ့။ ပထမလောက်သာ ကျုပ်ကို အကဲခတ်ပြီး နောက်တော့ ခပ်အေးအေးပဲဗျ။ ကျုပ်က သူနဲ့ စကားပြောနေခိုက်မှာ မျက်မှန်နက်ကြီးအားကိုးပြီး သူ့အခန်းထဲမှာ ရှိသမျှ ပစ္စည်းတွေကို ကြည့်တာကိုးဗျ။ မျက်မှန်နက်ကျေးဇူးကြောင့် နေရာကျလိုက်တာဗျာ။ မျက်နှာကိုသူ့ဘက်လှည့်ထားသမျှကာလပတ်လုံး မျက်လုံးက ရောက်ချင်ရာရောက်၊ ကြည့်ချင်ရာကြည့်။ သူဘာမှ မရိပ်မိဘူးဗျ”

ကျွန်။ ။“နေရာကျပေ့ဗျာ”

ရှား။ ။“ကျုပ်က အထူးသဖြင့် ဂရုစိုက်ပြီးကြည့်တာက သူ့စာရေးစားပွဲကြီးပဲ။ သူနဲ့ ကျုပ်နဲ့ စာပွဲကြီးမှာ မျက်နှာချင်းဆိုင် ထိုင်ပြီး စကားပြောကြတာကိုး။ သူ့စားပွဲပေါ်မှာစာရွက်တွေ၊ စာရေးစက္ကူတွေ၊ စာအုပ်တွေ ရှုပ်လို့ပွေလို့ပဲ။ သို့သော် စားပွဲကြီးကို သေသေချာချာ စုံစမ်းကြည့်ရှုပြီးတဲ့နောက်မသင်္ကာစရာ အခြေအနေဆိုလို့ ဘာတခုမှ မတွေ့ရဘူး။ ဒါနဲ့ ကျုပ်က သူ့အခန်းထဲမှာရှိတဲ့ တခြား ပစ္စည်းတွေကို ထိုင်ရာကလှမ်းပြီး တခုစီကြည့်လိုက်ရာမှာ သူထိုင်တဲ့ ကုလားထိုင်နောက်မှာ ချိတ်ထားတဲ့ စာညှပ်ကလေး တခု တွေ့ရတယ်။ စာညှပ်ကလေးဟာ ကျွန်းသားနဲ့လုပ်တဲ့ပစ္စည်းပဲ။ အကန့်ကလေး လေးငါးခု ပါတယ်။ ဒီအထဲမှာ သူတို့ဥရောပတိုက်သားများသုံးလေ့ရှိတဲ့ ဗစ်ဇစ်တင်းကဒ်ခေါ်တဲ့ ကားချပ်ကလေး သုံးလေးခု ရှိတယ်။ ကိုယ့်နာမည်နဲ့ အလုပ်အကိုင်ကို ပုံနှိပ်ထားပြီး တယောက်အိမ်တယောက် အလယ်လာတဲ့အခါမှာ အိမ်ရှင်ကို မတွေ့ယင် ဒီကားချပ်ကို ထားပစ်ခဲ့တယ်။ ဒါမှမဟုတ် အသိမိတ်တွေ အသစ်တွေ့တဲ့အခါမှာ ကားချပ်ချင်းလဲပြီး တယောက်လိပ်ကို တယောက်သိအောင် ညွှန်တဲ့ ကားချပ်ပေါ့ဗျ။ အဲဒီကားချပ်လေး သုံးလေးခုအပြင် စာတစောင်ကိုလဲ ကျုပ်မြင်ရတယ်။ စာရွက်ကတော့ အင်မတန် နွမ်းပေနေပြီး အလယ်နားဆီက နှစ်ပိုင်းပြတ်တော့မတတ် ဖြစ်နေတယ်။ လက္ခဏာမှာ စာကိုဖတ်ပြီးလို့ အသုံးမဝင်တော့ဘူးဆိုပြီး အလယ်ကနေ ဆုတ်လိုက်ပြီးတဲ့နောက်မှ မဆုတ်သေးပါဘူးလေလို့ အကြံဖြစ်ပေါ်လာတာနဲ့ ဆုံးအောင် မဆုတ်တော့ပဲ နှစ်ပိုင်းပြတ်ခါနီးမှာမှ တန့်ထားလိုက်ပြီး အကန့်ထဲ ထိုးထည့်ထားလိုက်တဲ့ သဘောမျိုးပဲ။ ဒီစာအိတ်ပေါ်မှာတော့ အပါးတော်မြဲ့ရဲ့နာမည်ကို မိန်းမလက်ရေးနဲ့ သပ်သပ်ရပ်ရပ်ရေးထားတဲ့စာလုံးတွေ တွေ့ရတယ်”

ကျွန်။ ။“ခင်ဗျားက စားပွဲတဘက်မှာ ထိုင်နေပါလျက်နဲ့ အပါးတော်မြဲနောက်မှာ ချိတ်ထားတဲ့ စာညှပ်ထဲက စာအိတ်ပေါ်မှာ ရေးထားတဲ့ အက္ခရာတွေကို ဖတ်နိုင်သလားဗျာ”

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။"ဒီလိုဗျ ကိုသိန်းမောင်။ အကန့်တွေက တကန့်နဲ့တကန့် ယှဉ်လျက်မဟုတ်ဘူးဗျ။ အကန့်ပေါ်မှာ တကန့်နဲ့တကန့် ကပ်လျက်ရှိတယ်။ ဒီတော့ကာ စာအိတ်ကိုထိုးထည့်လိုက်ရာမှာစာအိတ်ကခပ်ထောင်ထောင်ဖြစ်နေလေတော့ ကျုပ်နေရာက လှမ်းကြည့်လိုက်တဲ့အခါမှာ ကျုပ်အဖို့ တမင်ထောင်ပြထားသလို ဖြစ်နေလို့မို့ မြင်နိုင်တာပေါ့ဗျ"

ကျွန်။ ။"အကန့်ထဲကို စာအိတ်ထိုးထည့်ယင် အပြားလိုက် နေသင့်ပါလျက်နဲ့ ခပ်ထောင်ထောင် နေတယ်ဆိုတော့ တမင်ပြုပြင်ထားတဲ့ အဓိပ္ပာယ်ပေါ့"

ရှား။ ။"တော်တယ်ဗျို့ ကိုသိန်းမောင်။ ခင်ဗျား အပုံကြီး တိုးတက်လာပြီ။ ကျုပ်လဲပဲ ဒီလိုပဲ စဉ်းစားမိတယ်။ ဒါကြောင့်မို့လို့ ဒီစာအိတ်ကို ကျုပ်က သိပ်ဂရုစိုက်နေတာပဲ"

ကျွန်။ ။"ဆိုပါဦးဗျာ"

ရှား။ ။"ကျုပ် စိတ်ထဲမှာ ဒီစာအိတ်ကို မြင်မြင်ချင်း ရာဇဝတ်ဝန် ရှာနေတဲ့စာဟာ ဒီဟာပဲ ဖြစ်ရမယ်လို့ ဆုံးဖြတ်ပြီးပြီကောဗျာ။ စာရဲ့ အနေအထားကတော့ ရာဇဝတ်ဝန် ပြောပြသွားတဲ့ အနေအထားနဲ့ အပုံကြီး ကွဲပြားတယ်ဗျ။ သူ ပြောပြသွားတဲ့ စာအိတ်ဟာက ဘုရင်ခံကတော်ရဲ့ နာမည်ကို လက်နှိပ်စက်နဲ့ရိုက်ထားတယ်ဆို မဟုတ်လား။ ခုစာအိတ်က အပါးတော်မြဲရဲ့ နာမည်နဲ့လိပ်ကို လက်ရေးနဲ့ ရေးထားတယ်ဗျ။ အရွယ်တခုတည်းပဲတူတယ်။ ပြီးတော့လဲ ဟိုစာအိတ်ဟာက တော်တော် လတ်လတ် ဆတ်ဆတ်။ အင်္ဂလန်ပြည်က စာတိုက်တံဆိပ်တွေ ဘာတွေနဲ့။ ခုစာအိတ်က စုတ်စုတ်ပြတ်ပြတ် နွမ်းနွမ်းပေပေ။ စာတိုက်တံဆိပ်ကလဲ မြန်မာပြည်က စာတိုက်တံဆိပ်မျိုးဖြစ်လေတော့ အင်မတန် ကွဲလွဲနေတယ်။ အမှန်ကို ပြောရယင် စာအိတ်ကိုမြင်လိုက်ရကတည်းက တရိုတသေသိမ်းထားချင်လောက်အောင် အရေးကြီးတဲ့စာမျိုး မဟုတ်နိုင်ဘူးလို့ ချက်ချင်းထင်လိုက်စရာ ဖြစ်နေတယ်။ ပြီးတော့ ခင်ဗျား ခုနကပြောတဲ့အတိုင်း စာညှပ်ထဲ ထိုးထည့်ထားပုံကလဲ စာအိတ်နဲ့တကွ လိပ်ကိုပါ အလွယ်တကူ မြင်နိုင်အောင် တမင်တကာ ဆင်ပြင်ထားခြင်း ဖြစ်ရမယ်လို့ စဉ်းစားမိတဲ့အတွက် ကျုပ်အဖို့မှာတော့ ဒီစာအိတ်ကို တန်းတန်းစွဲ ဖြစ်နေတော့တာကိုး။ ကျုပ်ကလဲ မူလ လာကတည်းက ဒီစာဟာ ရာဇဝတ်ဝန် တွေးတဲ့အတိုင်း ခဲခဲယဉ်းယဉ်း ဝှက်မထားပဲ လွယ်ကူလွန်း ထင်ရှားလွန်းအားကြီးလို့ မျက်စိလျှံသွားအောင် လုပ်ထားလိမ့်မယ်လို့ ယူဆပြီးသားဖြစ်လေတော့ ကျုပ်အဖို့မှာ ဒီစာဟာ ဧကန္တ ကျုပ်တို့လိုချင်တဲ့စာ ဖြစ်ရမယ်လို့ တထစ်ချ ဆိုရမလောက် ယုံကြည်နေတော့တာကိုးဗျ။ ဒီတော့ ကျုပ်က ဘယ်နှယ့်လုပ်သလဲ။ အပါးတော်မြဲ ဝါသနာပါတယ်ဆိုတဲ့ စိတ်ပညာ (ဆိုက်ကော်လော်ဂျီ) အကြောင်းကို သူတို့ကြားဖူးတဲ့ ,အနောက်တိုင်းနည်းနဲ့ မဟုတ်ပဲ ကျုပ်တို့ အဘိဓမ္မာထဲကနည်းမျိုးတွေနဲ့ ရှင်းလင်းပြောပြလေတော့ သူက အင်မတန်စိတ်ဝင်စားပြီး နားထောင်လို့ မငြီးနိုင်အောင် ဖြစ်နေတော့တာပေါ့။ ဒီတော့ ဘာတွေ့ရသလဲဆိုတော့ စာအိတ်ထဲက စာရွက်အစွန်းကလေးတဘက် ထွက်နေရာမှာ ဒီစာရွက်ဟာ မူလက လေးခေါက် ခေါက်ပြီး စာအိတ်ထဲ ထည့်ဖူးသော်လဲ အခုအခါမှာ မူလခေါက်တဲ့အတိုင်းမဟုတ်တော့ပဲ ပြောင်းပြန် လှည့်ခေါက်ထားကြောင်း တွေ့ရတယ်"

ကျွန်။ ။"ဘယ့်နှယ် သိသလဲဗျာ"

ရှား။ ။"စာရွက်ကို ကြာရှည်စွာ တဘက်သပ် ခေါက်ထားပြီးတဲ့နောက် ပြောင်းပြန် လှန်ပြီး ခေါက်လိုက်တဲ့အခါမှာ စာရွက်ကျိုးပုံဟာ တမျိုးဖြစ်နေတယ်ဗျ။ ကိုင်း ကျုပ်ပြမယ် ကြည့်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



ဦးစံရှားသည် စာတစောင်ကိုယူ၍ မူလ အချိုးအတိုင်းမဟုတ်ပဲ ပြောင်းပြန်လှန်ပြီး ခေါက်လိုက်သည်တွင် ချိုးထားသောနေရာမှာ တမျိုးတမည် ဖြစ်နေသည်ကို တွေ့ရပေသည်။ ကျွန်တော်မှ ထိုအခြင်းအရာကို မြင်ရသည်နှင့်

ကျွန်။ ။“တော်ပါပေ့ဗျာ၊ တကယ်စေ့စပ်တဲ့လူပါပဲ။ ဒါကြောင့်လဲ စဉ်းစားတဲ့ နေရာမှာ အရာရောက်ပေတာကိုး”

ရှား။ ။“သို့သော် စာရွက်တိုင်းဟာတော့ ဒီလောက်မထင်ရှားဘူးဗျ။ ခပ်ထူထူ စာရွက်ကောင်းမျိုးမှာမှ အခုလိုထင်ရှားတယ်”

ကျွန်။ ။“ဆိုပါဦးဗျာ”

ရှား။ ။“ဒီတော့ ကျုပ်စဉ်းစားတာက မူလစာရွက်မှာပါတဲ့ စာလုံးတွေကို အတွင်းဘက်ရောက်သွားအောင် ပြောင်းပြန်လှန်ခေါက်သွင်းပြီး တဘက်မျက်နှာမှာ လိပ်အသစ်နဲ့ တံဆိပ်အသာစ် ရိုက်ထားခြင်း ဖြစ်ရမယ်လို့ သဘောပေါက်လာတာပေါ့ဗျ။ ဒီလောက်သေချာပြီဆိုတော့မှ ကျုပ်က အပါးတော်မြဲကို နှုတ်ဆက်ပြီး ထွက်လာခဲ့တာကိုး။ သို့သော် နောက်တခေါက် လာနိုင်အောင် ကျုပ်ဆေးအိတ်ကို စားပွဲအောက်ချပစ်ခဲ့တယ်။ ခင်ဗျားမြင်တဲ့အတိုင်း ကျုပ်ဆေးအိတ်ဟာက မိကျောင်းရေအစစ်နဲ့ ချုပ်ထားလို့ အင်္ဂလန်မှာတာတောင် ၁ဝိကျသိုမို့ နှမြောလောက်တဲ့ ဆေးအိတ်ပဲကိုးဗျ”

ကျွန်။ ။“နေရာကျတဲ့ နည်းတခုပဲဗျို”

ရှား။ ။“ဒါနဲ့ နောက်တနေ့ကျတော့ကျုပ်တခေါက်သွားပြီး ဆေးအိတ်ယူယင်း မနေ့ကပြောမြကြတဲ့ ဆိုက်ကော်လော်ဂျီပညာ အကြောင်းကို စပြီးဆွေးနွေးကြပြန်တာကိုး။ သူကလဲ အဘိဓမ္မာထဲက စိတ်အကြောင်းကို မကြားရဘူးသေတော့ ဝမ်းသာအားရပဲ လက်ခံစကားပြောပေတယ်။ အထူးသဖြင့် ဝိသိအကြောင်းကို သူက သိပ်ကျေနပ်တာပဲ။ ကျုပ်ကလဲ တာသခွေ့မှာသရွေ့ ဖြန်းသန်းနေတုန်း ပြုန်းဆို ယခုဘက်က သေနတ်သံတချက် ထွက်ပေါ်လာလေတော့ သူက ကပျာကယာထပြီး လမ်းဘက်က ပြတင်းပေါက်ကို ဖွင့်ကြည့်လိုက်တယ်။ ကျုပ်ကလဲ သူကျောခိုင်းနေခိုက်မှာ သူ့စာနဲ့တူအောင် အသင့်လုပ်လာခဲ့တဲ့စာတစောင်ကိုစာညှပ်ထဲထိုးထည့်ပြီးသူ့စာကိုအိတ်ထဲထည့်ယူခဲ့ပြီးနောက်သူရှိတဲ့ပြတင်းပေါက်ဆီသွားကြည့်လိုက်သေးတယ်။ လမ်းပေါ်မှာ ဖြစ်တဲ့ကိစ္စက တခြားဟုတ်ရိုးလားဗျ။ကျုပ်စီစဉ်ထားတဲ့အတိုင်း ကျုပ်လူ ရာဇဝတ်အုပ်တယောက်က ခွေးရူးတကောင်ကို သေနတ်နဲ့ပစ်တဲ့ကိစ္စပါပဲ။ ခွေးရူးတော့ ထွက်ပြေးပြီပေါ့ဗျာ။ သေနတ်ကလဲ အမှုန်မှာတော့ ယမ်းတောင့်အလွတ်ပါပဲ။ ကျည်ဆံမပါပါဘူး”

ကျွန်။ ။“ဟိုဘခါတုန်းက ကချေသည်မဆီက ဓာတ်ပုံခိုးဖို့ စီစဉ်ရပုံနဲ့ ခပ်ဆင်ဆင်ပါပဲ”

ရှား။ ။“အစစ်ပါပဲ။ဒီနောက်တော့ ကျုပ်လဲ ကြာကြာမထိုင်တော့ပဲ နှုတ်ဆက်ပြီး ပြန်လာခဲ့တာပါပဲ”

ကျွန်။ ။“ငွေတသောင်းဆိုတော့ အိုစာမင်းစာကလေးရပြန်တာပေါ့လေဗျာ”

ရှား။ ။“ထိမထိုးတဲ့လူတော့ ဒီလိုနည်းနဲ့ရမှာပဲ အသက်ရှူ ချောင်တော့တာပေါ့လေဗျာ”



www.burmeseclassic.com

www.burmeseclassic.com

# ၅၁။ ပန်းဆိုးတန်း လူသတ်မှု*

တနေ့သော ညနေခင်းအချိန်တွင် ကျွန်တော်နှင့် ဦးစံရှားတို့သည်ညစာထမင်းစားသောက်ပြီးစီးသဖြင့် အိမ်ဦးခန်းတွင် ထိုင်ပြီးလျှင် ဦးစံရှားမှာ မိတ်ဆွေဘဦးထံမှ ရရှိသော စာတစောင်ကို ဖတ်လျက်ကျွန်တော်မှာလည်း စိတ်မပါ့တပါဖြင့် နေ့စဉ်သတင်းစာတစောင်ကိုဖတ်ရှုလျက် ရှိနေလေ၏။ ထိုသို့ရှိကြစဉ် ကျွန်တော်သည် သတင်းစာ၌ ကြည့်ရှုမှတ်သားဖွယ်ရာ များစွာမပါသဖြင့် သတင်းစာကို စားပွဲပေါ်သို့ ပစ်ချပြီးလျှင် ရောက်မိရောက်ရာ တွေးတောစဉ်းစားလျက်ရှိရာ ဦးစံရှားက ရုတ်တရက် ''ဟုတ်တယ်ဗျို့ ကိုသိန်းမောင် ခင်ဗျားထင်တဲ့အတိုင်းပဲ။ အမှိုက်ကစ ပြာသာဒ်ခိုးလောင်''ဆိုဘာလို အခုစစ်ကြီးမှာဘာမဟုတ်တာကလေးအကြောင်းပြုပြီး လူ့အမြောက်အမြားမှာ အသက်ဆုံးရှုံးရတာ အင်မတန် ဝမ်းနည်းဖွယ်အချက်တခုပဲဗျို့'' ဟု ပြောလိုက်လျှင် ကျွန်တော်က ''ဟုတ်တယ်ဗျ။ အလို ဒါနဲ့ ကျွန်တော် ဒီအကြောင်း စဉ်းစားနေတာ ကျွန်တော့်အကြံ ခင်ဗျား ဘယ့်နှယ်သိသလဲဗျာ''ဟု အံ့အားသင့်လျက် မေးလိုက်ရာ ဦးစံရှားလည်း အနည်းငယ် ပြုံးရယ်လျက်''လူတယောက်ရဲ့အကြံကိုဖွင့်မပြောပဲနဲ့ တယောက်က သိနိုင်တယ်ဆိုတာခင်ဗျား ယုံကြည်ရဲ့လား''ဟု မေးလိုက်သဖြင့် ကျွန်တော်က(Thought Reading) 'အကြံကို သိနိုင်ခြင်း'ဆို၍ အဘတ်ပညာများ အနောက်နိုင်ငံများမှာ ပေါ်ပေါက်တယ်ဆိုတဲ့ အကြောင်းတော့ တယ်ပြီး မယုံကြည်လှပါဘူးဗျာ''ဟု ပြောလျှင် ဦးစံရှားက ''မယုံကြည်မရှိနဲ့ဗျို့။ ဒီဟာလဲ ဖြစ်နိုင်တဲ့အရာတခုပဲ။ ခင်ဗျားအကြံကို ကျုပ်အခုသိသွားတာ ခင်ဗျားယုံကြည်ဖို့ မဟုတ်လားဗျာ''

''ကျုပ်အကြံ ခင်ဗျားသိတာမတော့ ဟုတ်ပါပြီ။ သို့သော် ဘယ်အတွက် ခင်ဗျားသိတယ်ဆိုတာ ကျုပ်ဖြင့် မစတွးမိသေးပါဘူးဗျာ''

''ဘာခက်သလဲ ကိုသိန်းမောင်ရဲ့။မျက်နှာပေါ့ဗျ။ မျက်နှာထားနဲ့အမူအရာ အထူးသဖြင့် မျက်စိကိုကြည့်ခြင်းအားဖြင့် လူတဦးရဲ့အကြံအစည်ကို သိရှိနိုင်တာပေါ့ဗျာ''

''ကဲ ခုနင်က ကျုပ်စိတ်ကူးတဲ့နေရာကို ခင်ဗျားသိပုံ တဆိတ် ပြောပြစမ်းပါဦးဗျာ''

''ဒါကတော့ ဒီလိုဗျ။ ခင်ဗျား လက်ဦးဆုံး သတင်းစာ ဖတ်နေတယ် မဟုတ်လား။ ဖတ်နေလို့ တော်တော်ကြာတော့ သတင်းစာမှာ တယ်ပြီးအကြောင်းမထူးတဲ့လက္ခဏာနဲ့ သတင်းစာကို စားပွဲပေါ်ပစ်ချလိုက်ပြီးရောက်မိရောက်ရာလျှောက်ပြီးစဉ်းစားနေတယ်၊ဒီလိုစဉ်းစားနေတုန်းကျွန်တော်ကခင်ဗျားမျက်နှာကို

---

* ဤဝတ္ထုကို သူရိယမဂ္ဂဇင်း၊ ၁၉၁၉၊ မေလထုတ်တွင် တွေ့ရသည်။အမည်အပြည့်အစုံမှာ ပန်းဆိုးတန်း လူသတ်မှု၌ မောင်စံရှား စုံထောက်ပုံ'ဖြစ်သည်။ မြန်မာပြည်စာအုပ်တိုက်နှင့် နှလုံးလှ စာပေတိုက်ထုတ်များတွင် မပါရှိသော ဦးစံရှားဝတ္ထုများအနက် တပုဒ်ဖြစ်သည်။ ကိုနှင်ဒွိုင်း၏ ရှားလော့ဟုန်း ဝတ္ထုများတွင် ရှာမတွေ့သေး။

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


ကြည့်ပြီး အကဲခတ်နေတော့ ခင်ဗျားမျက်လုံးဟာ ဘယ်ရောက်သွားသလဲဆိုတော့ စားပွဲပေါ်က နံရံမှာ ဆွဲထားတဲ့ လပ်ကာစ်ချုနာဓာတ်ပုံကို ရောက်သွားတယ်မဟုတ်လား။ ဒီတော့ ခင်ဗျားက ဒီဓာတ်ပုံရဲ့လက်ယာဘက်က နေရာလပ်တခုကို သွားပြီးမြင်တယ်။ ဒီနေရာမှာ ဓာတ်ပုံတခု ဆွဲထားရယင် ကောင်းမှာပဲလို့ ခင်ဗျားအကြံဖြစ်တော့ ဒီဓာတ်ပုံနဲ့လိုက်အောင် ဘယ်ဓာတ်ပုံဆွဲရပါ့မလဲလို့ ခင်ဗျားစဉ်းစားတော့ လပ်ကာစ်ချုနာကလဲ စစ်ဗိုလ်ဖြစ်တော့ စစ်ဗိုလ်ဘယောက်ဓာတ်ပုံ ဆွဲမှပဲ နေရာကျမယ်လို့ ခင်ဗျားအကြံဖြစ်ပြန်တယ်။ ပြီးတော့ ခင်ဗျား ဘာသွားပြီး သတိရသလဲဆိုတော့ တနေ့က စပီရာ (Sphere) ဆိုတဲ့ အင်္ဂလိပ်သတင်းစာထဲမှာ ဆာဒေါက်ဘလပ်ဟိတ်ရဲ့ပုံ ပါလာတာ သွားပြီးသတိရတယ်။ သတိရတော့ ဒီသတင်းစာထားတဲ့ စင်ပေါ်ကိုလှမ်းပြီး ခင်ဗျားတချက်ကြည့်လိုက်သေးတယ် မဟုတ်လား။ ပြီးတော့ ခင်ဗျားက စစ်ဗိုလ်တွေအကြောင်းစဉ်းစားရာက စစ်ကြီးအကြောင်း သွားပြီး စဉ်းစားမိပြန်တယ်။ ဒီအကြောင်းစဉ်းစားမှန်းဘယ့်နှယ် ကျုပ်သိသလဲဆိုတော့ ခင်ဗျားမျက်နှာထားဟာ တွေ့ပြီးနေတာကို မြင်ခြင်းအားဖြင့် ကျုပ်သိရတယ်။ ဒီအကြောင်းတွေ ခင်ဗျားစဉ်းစားတော့ စစ်ဖြစ်ရခြင်းရဲ့အကြောင်းရင်းကို သွားပြီးစဉ်းစားမိတယ် မဟုတ်လား။ ဒီတော့ 'အမှိုက်ကစ ပြသာဒ်မီးလောင်' ဆိုသလို ဘာမဟုတ်တာကလေးအတွက် လူတွေ အမြောက်အများ သေဆုံးကြရတဲ့အဖြစ်တွေ တွေးတောပြီး ခင်ဗျားက ဦးခေါင်းကိုယမ်းတယ်မဟုတ်လား။ ဒီတော့မှ ကျုပ်က ခင်ဗျားအကြံကို ရိပ်မိလို့ ဝင်ပြီးထောက်ပြောလိုက်တယ် မဟုတ်လားဗျ။ ဒါပါပဲဗျာ''

''ဟုတ်ပါပေတယ်ဗျာ။ ကျုပ်ဖြင့် ခင်ဗျားက ဒီလို စီကာစဉ်ကာ အကျိုးနဲ့အကြောင်းနဲ့ ပြောပြလို့သာ။ နို့မို့ဖြင့် ခင်ဗျားကို စုန်းတတ်ဘယ်လို့ စွပ်စွဲရတော့မှာပဲ။ ခုလိုတော့ ခင်ဗျားဥစ္စာ တယ်ပြီးမခက်လှပါဘူးဗျာ''

''ဒါပေါ့ ကိုသိန်းမောင်၊ ဒီဟာလဲ စုံထောက်ပညာလိုပေါ့။ နည်းသိတော့ အလွယ်ကလေးပဲလို့ ဆိုကြတာပဲ။ သို့သော် နည်းကျအောင် စဉ်းစားဖို့က ခက်တာပဲဗျ။ ကဲဗျာ၊ လာထ။ ညောင်းလှတယ်။ အပြင်ခဏထွက်ပြီး လမ်းလျှောက်ကြရအောင်ဗျာ''

ကျွန်တော်နှင့် ဦးစံရှားတို့လည်း တိုက်ပေါ်မှ ဆင်းလာခဲ့ကြ၍ မဂိုလမ်းတွင် မုန့်များ စားသောက်ကြပြီးနောက် အရိပ်ပြပွဲရုံများရှိရာသို့ ခေတ္တလည်ပတ်ကြပြီးလျှင် ရှစ်နာရီထိုး အချိန်ခန့်တွင် တိုက်သို့ပြန်လာကြလေ၏။

တိုက်ပေါ်သို့ တက်မိကြလျှင် ဥရောပတိုက်သားတို့ကဲ့သို့ ကုတ်အင်္ကျီ ဘောင်းဘီ စသည်တို့ကို ဝတ်ဆင်လျက်ရှိသော ဘာဘူကုလားတယောက်သည် ကျွန်တော်တို့အား စောင့်ဆိုင်းလျက်ရှိသည်ကို တွေ့မြင်ရလေသည်။ ထိုသူသည် ကျွန်တော်တို့အား မြင်လျှင်မြင်ချင်း ထိုင်ရာမှထ၍ အင်္ဂလိပ်ဘာသာဖြင့် ''အခန့်သင့်လိုက်လေတယ်ခင်ဗျာ။ ကျွန်တော်လဲ ထိုင်ခါကလေးပဲရှိသေးတယ်။ ဦးစံရှားဆိုတာ ခင်ဗျားပဲလားဗျာ'' ဟု မေးရာ ဦးစံရှားက ''ဟုတ်ပါတယ်ဗျာ။ ထိုင်ပါ ထိုင်ပါ။ ကဲ ကျုပ်တို့ အဝတ်ကလေး ခဏလဲလိုက်ပါရစေဦး'' ဟု ပြောရာ အဝတ်များလဲလှယ်ပြီးလျှင် ဆေးတံကိုမီးညှိသောက်ပြီး ''ကဲ ပြောစမ်းဗျာ၊ ခင်ဗျားကိစ္စ'' ဟု ဧည့်သည် ဘာဘူကုလားအား မေးလေ၏။

ထိုအခါ ဧည့်သည်ဘာဘူကုလားက ''ကျွန်တော့်နာမည် ဆန်နရယ်ပါတဲ့ ခင်ဗျာ၊ ဒေါက်တာဆန်နရယ်ပါတဲ့။ အလုပ်ကတော့ ဆေးဆရာဝန်ပါပဲ။ နေတော့ ပန်းဆိုးတန်းမှာ နေပါတယ်။ ကျွန်တော့်ဆိုင်းဘုတ်ကိုလဲ ခင်ဗျားတို့ မြင်မိပါလိမ့်မယ်။ ကျွန်တော် အခုလာတဲ့အကြောင်းကတော့ ဒီလိုပါခင်ဗျာ။ လွန်ခဲ့တဲ့ လေးငါးရက်အတွင်း ကျွန်တော့်အိမ်မှာ အင်မတန်ထူးဆန်းတဲ့ အဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပါတယ်။ ဒါနဲ့ တနေ့ဖြင့်လဲ ခင်ဗျားဆီလာမယ် တနေ့ဖြင့်လဲလာမယ်နဲ့ ရက်ဆွဲပြီးနေခဲ့။ အခုတော့ဖြင့် ရက်ဆွဲလို့မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်လောက်အောင် ဖြစ်နေတဲ့အတွက် လာခဲ့ရခြင်း ဖြစ်ပါတယ်ခင်ဗျာ။ ဒီအမှုမှာ ခင်ဗျားလဲ တတ်နိုင်သလောက် စောင်မကြည့်ရှုလိမ့်မယ်လို့ မျှော်လင့်ပြီး လာခဲ့ပါတယ်ခင်ဗျာ''ဟု ပြောလျှင် ဦးစံရှားလည်း ဆေးတံသောက်ရာမှ ''ကဲဗျာ၊ ခင်ဗျားဖြစ်ပျက်ပုံကိုဆက်ပြောပါ။ ကျုပ် တတ်နိုင်သလောက် စောင်မပါ့မယ်။ စိတ်ချပါ''ဟု ပြောလေ၏။

ထိုအခါ ဘာဘူကုလားက ''ဒီလိုပါခင်ဗျာ။ ဒီအမှုအကြောင်းပြောရမယ်ဆိုယင် အစကစပြီးပြောပြမှ မိတ်ဆွေတို့ ကောင်းကောင်းနားလည်နိုင်ဖို့ ရှိပါတယ်။ ဒီတော့ ကျွန်တော်ကျောင်းနေစဉ်အခါကစပြီး ဖြစ်ပျက်ခဲ့ပုံကို အကုန်ပြန်ပြီး ပြောပါရစေ။ ဒီလိုခင်ဗျာ။ ကျွန်တော်က ဘင်္ဂလားပြည်သား ဘင်္ဂါလီလူမျိုးပါပဲ။ ကျွန်တော့်မှာ ခပ်ငယ်ငယ်က အဖေသေဆုံးပြီး အမိမုဆိုးမကြီးနဲ့ သားအမိနှစ်ယောက် နေထိုင်ခဲ့။ ကျွန်တော့် အဖေကျန်ရစ်တဲ့ ပစ္စည်းကလေးအနည်းငယ်နဲ့ ကျွန်တော့်အမေက ကျွန်တော့်ကို ကျောင်းမှာထား၊ ထားလို့ ကျောင်းက အောင်အောင်အောင်ပြီး အစိုးရဆီက စကောလားရှစ်ရတာနဲ့ ဆေးကျောင်းမှာ ၅ နှစ်ဆက်ပြီးနေ။ အမ် ဒီ (M.D) စာမေးပွဲအောင်ခဲ့တာကိုးခင်ဗျ။ ကျွန်တော် ဆေးကျောင်းမှာနေစဉ်အခါကလဲ ဆင်းရဲနွမ်းပါးတဲ့ သားသမီးတယောက် ဖြစ်တဲ့အလျောက် တဆိတ် လုံ့လဝီရိယကလေးရှိပြီး ဆေးဘက်မှာ တော်တော်ပဲ ကြိုးစားပြီးသင်ခဲ့။ ဝက်ရူးပြန်တဲ့ ရောဂါအကြောင်းကိုတော့ ကျွန်တော်အထူးပဲကျွမ်းကျင်အောင် လေ့လာ လိုက်စားခဲ့ပါတယ်။ ဒီအကြောင်းနဲ့ စပ်လျဉ်းပြီး ကျွန်တော် စာအုပ်တအုပ် ရေးခဲ့လို့ အစိုးရဆီက ဆုငွေများတောင် ရခဲ့ဖူးပါတယ်။ ဒါနဲ့ ကျောင်းက အမ်ဒီ(M.D)ဘွဲ့ရပြီး အလုပ်လုပ်မယ်ကြံတော့ ကျွန်တော်တို့မြို့မှာ ပညာတတ်ကွေ့က တဆိတ်ပေါတာနဲ့ ဘင်္ဂလားမှာ မနေပါဘူးရယ်လို့ မြန်မာပြည် ကူးပြီးလာခဲ့။ မြန်မာပြည်ရောက်တော့ မိတ်ဆွေတယောက်က အကြံပေးတဲ့အတိုင်း လခစားအဖြစ် အမှုထမ်းပဲ ကိုယ့်တိုက်ကိုယ်ဖွင့်ပြီး လူနာများကုသခဲ့တာကိုးဗျ။ ကျွန်တော့်ပါတဲ့ ငွေကလေးကလဲ သုံးလေးရာဖြစ်တော့ ခမ်းခမ်းနားနားကြီးလဲ တိုက်ကြီးတာကြီး မငှားနိုင်ပါဘူးခင်ဗျာ။ ချောင်ကျကျအရပ်ဘခုမှာပဲ ဆေးတိုက်ကလေး ဖွင့်ရပါတယ်။ ဒီလိုနဲ့ ကုသပြီးစားသောက်နေ၊ ဝမ်းဝရုံလောက်ပဲ ရှိပါတယ် ဆိုပါတော့ခင်ဗျာ။ ဒါနဲ့ ဒီလိုလုပ်နေလို့ဖြင့် ဖြစ်မှဖြစ်ပါ့မလားလို့ စိတ်ခပ်ပျက်ပျက်ရှိနေတုန်း တနေ့တော့ ကျွန်တော်တို့ ဘင်္ဂါလီမျိုးထဲကပါပဲ၊ ကုလားတယောက် တိုက်ထဲဝင်ပြီးလာ။ ကျွန်တော်လဲ ဆေးကုမလိုက်ရတာ ကြာတာနဲ့ ဒီတခါဖြင့် တယောက်ပေါ်လာပေပြီလို့ အားရဝမ်းသာနဲ့ နေရာထိုင်ခင်းများပေးပြီး ကိစ္စကိုမေးတော့ ဒီလူက 'ဝက်ရူးပြန်တဲ့ ရောဂါအကြောင်းရေးလို့ မကြာသေးမီက ဆုငွေရတဲ့ ဒေါက်တာဆန်နရယ်ဆိုတာ ခင်ဗျားပဲမဟုတ်လား'တဲ့ မေးတော့ 'ဟုတ်ပါတယ် ခင်ဗျာ'လို့ ကျွန်တော်က ပြောရတာပေါ့ခင်ဗျာ။ ဒီတော့ သူက 'ခင်ဗျား မြန်မာပြည်ကူးလာတာ ဘယ်လောက် ကြာပြီလဲ'တဲ့။ ဒီတော့ ကျွန်တော်က 'တနှစ်ကျော်လောက် ရှိပါပြီ'လို့ ပြောတာကိုးခင်ဗျ။ ဒီတော့ သူက 'ကဲ ကျုပ်မေးတာ ခင်ဗျား မှန်မှန်ပြောစမ်း။ မှန်မှန်ပြောလို့ရှိယင် ခင်ဗျားအကျိုးရှိဖို့ပဲ။ ခင်ဗျား လူပုံလူပန်းနဲ့ ရေးပုံသားပုံ ကုပုံသပုံကြားသိရတာ တော်တော်ပညာထက်မြက်တဲ့ လက္ခဏာရှိတယ်။ သို့သော် ပညာထက်မြက်သလောက် ပိုက်ဆံရှိပုံမပေါ်ဘူး။ ကဲကဲ၊ ကျုပ်တခုမေးမယ်။ ပညာတော့ ခင်ဗျားမှာ ရှိပါပြီ။ သို့သော် ခင်ဗျား ဉာဏ်များကော ရှိရဲ့လားဗျာ'လို့မေးတော့ ကျွန်တော်က 'ဘယ်လိုဉာဏ်ပါလဲ ခင်ဗျာ'လို့မေးတော့ သူက 'ဉာဏ်ဆိုတာမျိုးက မိမိပညာစွမ်းကို ဉာဏ်ခေါ်တယ် ခင်ဗျ။ ခင်ဗျားအကျိုးရှိဖို့ တစုံတခု ကျုပ်ကပြောယင် ကျုပ်ပြောတဲ့အတိုင်း ခင်ဗျား လိုက်နာတတ်ခြင်းကို ဉာဏ်ခေါ်တယ်ဗျ။ ကဲ၊ ခင်ဗျားဒီဉာဏ်မျိုးရှိရဲ့လား'လို့ မေးတော့ ကျွန်တော့်မှာ ဘယ့်နှယ်လူမျိုးနဲ့ တွေ့နေပါလိမ့်မလဲလို့ စိတ်ထဲက အောက်မေ့ပြီး 'ကျွန်တော်အကျိုးရှိဖို့ပြောယင် တကယ်အကျိုးရှိမယ် မရှိဘူးဆိုတာ ဆင်ခြင်တတ်တဲ့ဉာဏ်တော့ ရှိပါရဲ့



www.burmeseclassic.com

 www.burmeseclassic.com 

ခင်ဗျာ'လို့ ကျွန်တော်က ပြောတာကိုးခင်ဗျ။ ဒီတော့ သူက 'ခင်ဗျားမှာ အကျင့်ဆိုး ဝါသနာဆိုးများ ကော ရှိသလား။ အရက်များ သောက်တတ်သလား''

''မသောက်တတ်ပါဘူး ခင်ဗျာ''

''မြင်းများကော လောင်းတတ်ပါသလား''

''မလောင်းတတ်ပါဘူးခင်ဗျာ''လို့ ပြောတော့ သူက ''ဒါလောက် တော်လျက်သားနဲ့ခင်ဗျားဘယ့်နှယ်ကြောင့် မကြီးပွားရသလဲဗျာ။ ဘာလုပ်မယ့် ဒီလမ်းစုတ်ကလေးမှာ ခင်ဗျား တိုက်ဖွင့်ရသလဲ။ ကျုပ်ပြောတဲ့ အတိုင်းပါပဲလေ။ ပညာရှိသလောက် ပိုက်ဆံက မရှိဘူးပေါ့။ ကဲကဲ၊ ကျုပ်ပြောမယ်။ ခင်ဗျား ပန်းဆိုးတန်းလို လမ်းကြီးလမ်းကောင်း တခုမှာနေပြီး တိုက်မဖွင့်ချင်ဘူးလား''

''ဖွင့်ချင်ပြီလား ခင်ဗျာ''

''ကဲ ဒါဖြင့် ကျုပ်တခုပြောမယ်။ ကျုပ်မှာ ငွေပိုကလေး လေးငါးထောင်လောက်ရှိတယ်။ ဒီငွေကို ကျုပ်က ခင်ဗျားကို စိုက်ထုတ်ပြီး တိုက်ဖွင့်ဖို့ ထုထောင်ပေးမယ်။ ခင်ဗျား သဘောကျရဲ့လား''လို့မေးတာကိုး ခင်ဗျ။ ဒီတော့ ကျွန်တော့်မှာ မယုံ့တယုံနဲ့အံ့အားသင့်ပြီး ဘာမှပြန်မပြောနိုင်ပဲ စိုက်ပြီးကြည့်နေတော့ သူက 'ကျုပ်ပြောတာ မောင်မယုံဘူးလား။ မောင့်ကို မေတ္တာရှိလွန်းလို့ မောင့်အကျိုးသက်သက် ကျုပ်က လုပ်ပေးမယ်လို့ မမှတ်နဲ့။ ကျုပ်မှာလဲ အကျိုးရှိဖို့ မျှော်ကိုးပြီး ဒီအကြံကို ကျုပ်ကြံမိခြင်း ဖြစ်တယ်။ ဘယ့်နှယ်လဲ၊ သဘောတူရဲ့လား မောင်''

''တဆိတ်နားရှင်းအောင် သေသေချာချာ ထပ်ပြီးပြောစမ်းပါဦးခင်ဗျာ''

''ဒီလို မောင်ရဲ့။ ကျုပ်ခုနင်က ပြောတဲ့အတိုင်း ကျုပ်မှာရှိတဲ့ ငွေကလေး လေးငါးထောင်နဲ့ ပန်းဆိုးတန်းလမ်းလိုလမ်းကြီး လမ်းကောင်းတခုမှာတိုက်တလုံးငှားပြီးဟန်ဟန်ပန်ပန် ခမ်းခမ်းနားနားခင်းကျင်းပြီး အလုပ်တိုက်တခုဖွင့်။ မောင့်နာမည်နဲ့ဆိုင်းဘုတ်ကြီးကြီးတခုဆွဲ။ သတင်းစာမှာကောင်းကောင်းထည့်ပြီး ကြော်ငြာ။ မောင့်ဆီလာတဲ့ လူများဆီက မောင်ရသမျှငွေကို ကျုပ်ကိုအပ်။ ကျုပ်က မောင့်ကို အိပ်ဖို့စားဖို့ တာဝန်ခံတဲ့အပြင် မောင်ရတဲ့ ငွေထဲက လေးပုံတပုံ မောင့်ကို ပေးမယ်။ ရှုံးယင်လဲ ကျုပ်ခံမယ်။ မြတ်ယင်လဲ ကျုပ်ယူမယ်။ ကဲ ဒါပါပဲ မောင်၊ သဘောတူရဲ့လား'လို့ မေးတာကိုခင်ဗျ။ ဒီတော့ ဒီနည်းဟာ တော်တော်ထူးဆန်းတဲ့နည်းပဲလို့ ကျွန်တော်အောက်မေ့ပြီး သဘောတူရယင်တော်မလား၊ မတော်လား စဉ်းစားတာကိုး ခင်ဗျ။ ဒီတော့ ကျွန်တော့်မှာလဲ ကိုယ့်ဟာကို အလုပ်တိုက်ကလေး ချောက်တီးချောက်ချက်ဖွင့်လို့ဝမ်းမှ မဝတဝဖြစ်နေတော့ ဒီအကြံက ကောင်းလိမ့်မယ်ထင်ပါရဲ့လို့ အောက်မေ့ပြီး သူ့အကြံကို လက်ခံလိုက်မိပါရော ခင်ဗျာ။ ဒါနဲ့ တိုတိုပြောကြပါစို့။ နောက်တနေ့ပဲ ပန်းဆိုးတန်းမှာ နှစ်ထပ်တိုက်တခုငှား။ အောက်ထပ်က ကျွန်တော့်အဖို့ အလုပ်တိုက်ဖွင့်။ အပေါ်ထပ်မှာ သူကနေ။ ဒီလိုနဲ့ နေလာကြ။ သူ့ကုသိုလ် ကလေးကလဲ ကောင်းတာနဲ့ ၁၀ ရက်လောက်ကြာယင်ပဲ ကုဖို့ သဖို့ လူနာတွေ တော်တော်ပဲ လာကြတာကိုး ခင်ဗျ။ ဒီတော့ တိုက်လခ ၁၅ဝိ နဲ့ ကျွန်တော်တို့ စားတာသောက်တာ နှုတ်လိုက်ယင် တော်တော်ပဲ သူ့ဖို့ ကျန်သေးတယ်''

''နာမည်က ဘယ့်နှယ် ခေါ်သလဲ ခင်ဗျ''

''တောဝါရီ တဲ့ဗျ''

''ခင်ဗျားလို ဘင်္ဂါလီ လူမျိုးပဲလား''

''ဟုတ်တယ်''

''ကဲ ပြောစမ်းပါဦးဗျာ''

တတိယအကြိမ်

www.burmeseclassic.com

 www.burmeseclassic.com 

"ဒါနဲ့ ဒီလိုနေကြတော့ ဒီလူကဘယ်သူနဲ့မှဆက်ဆံပေါင်းသင်းခြင်းရှိတဲ့လက္ခဏာမရှိဘူး။ တနေ့လုံး တိုက်ပေါ်မှာအောင်းပြီးနေတယ်။ ညတိုင်ကျမှတိုက်အောက်ကိုဆင်းပြီးလာ။ ကျွန်တော်ရှိတဲ့နေ့တွက်ကိုယူ။ ငွေဖာကျပ် အတွက် မတ်စေ့တစေ့ ကျွန်တော့်ဖို့ ထားခဲ့ပြီး တိုက်ပေါ် ခဏပြန်တက်သွား။ တော်တော် ကြာတော့ တုတ်ကောက်ကလေး ကိုင်ဆင်းလာပြီး လမ်းလျှောက်ထွက်သွားပါရောဗျား။ နေ့တိုင်း ဒီလို ကျွန်တော့်တွက် စုခွဲပေးပြီး လမ်းလျှောက် မှန်မှန်ထွက်တာပဲခင်ဗျ။ ဒါနဲ့ တော်တော် အကြံကောင်းတဲ့ လူဘယောက်ပါပေပဲခင်ဗျ။ ကျွန်တော်နဲ့ တွဲဖက်ပြီးလုပ်လိုက်တာ သူ့မှာမလုပ်မကိုင်ပဲ အေးအေးသာသာနဲ့ တနေ့ ငွေတဆယ် ဆယ့်ငါးကျပ်တော့ အမှန် ဝင်တာပဲခင်ဗျာ။ ဒါနဲ့ ဒီလို တနှစ်ကျော် နှစ်နှစ်လောက် လုပ်မိတော့ သူ့မှာ ပိုက်ဆံတော်တော် စုဆောင်းမိပါရောခင်ဗျာ။ အဲ လွန်ခဲ့တဲ့ အဖြစ်အပျက်ကတော့ ဒါပါပဲ ခင်ဗျာ။ အခုလာခဲ့ရခြင်း အကြောင်းကိစ္စကိုသာ ပြောဖို့လိုပါတော့တယ်"

"ကဲ ဆိုစမ်းဗျာ"

"ဒီလိုဗျ။လွန်ခဲ့တဲ့ တနင်္ဂနွေနှစ်ပတ်လောက်အခါက တေ၀ါရီက ညနေလမ်းလျှောက်ပြီးပြန်အလာ။ ကျွန်တော့်အခန်းထဲ ပျာယီးပျာယာဝင်လာပြီး ရန်ကုန်အရှေ့ပိုင်းမှာ တိုက်ကိုဖောက်ပြီးသူခိုးများ ခိုးသွား တယ်လို့ ကြားခဲ့ရသတဲ့။ ဒီတော့ ကျွန်တော်တို့တိုက်ကိုလဲ မှောင်ယင်မှောင်ချင်း တံခါးများကို ကောင်း ကောင်းပိတ်ပြီး မင်းတုပ် သေသေချာချာ ချရမယ်တဲ့။ ရှူးရှူးရှားရှားနဲ့ ပြောတာကိုခင်ဗျ။ ဒီတော့ ကျွန်တော်က အရှေ့ပိုင်းက တိုက်ဖောက်တာနဲ့ ဒီလောက်တောင် အရေးတကြီးဖြစ်လာရသလားလို့အံ့သြပြီး သူမှာကြားတဲ့အတိုင်း လုပ်ပါ့မယ်လို့ ပြောရတာပေါ့ခင်ဗျာ။ ဒီလိုပြောပြီးတဲ့နောက် တနင်္ဂနွေ တပတ် လောက်အတွင်းမှာ ဒီလူ့ကြည့်ရတာ အယင်နဲ့ မတူဘူးခင်ဗျ။ အင်မတန် အမူကွဲပြားတယ်။ နေ့ခင်း ကြောင်တောင်မှာလဲ တိုက်ပေါက်ကချောင်းပြီး အပြင်ကို ကြည့်လိုကြည့်။ လမ်းသွားယင်လဲ တံခါးကြို တံခါးကြား လှန်လှော့ကြည့်လိုကြည့်။ လှေကားအောက်ကြည့်။ ဗီရိုကြားကြည့်နဲ့ အင်မတန် တုန်လှုပ်တဲ့ လက္ခဏာရှိတယ်။ ဒီအခေတာအတွင်း ခါတိုင်းလို ညနေတိုင်း အပြင်လမ်းလျှောက်ထွက်နေကျ မထွက်ဘူး။ ဒီတော့ ကျွန်တော်က ဒီလူဟာ ကေန္တ တစုံတရာအတွက် အထူးသဖြင့် စိုးရိမ်မကင်းဖြစ်ပြီး နေတယ်လို့ တွေးမိတာနဲ့ အကျိုးအကြောင်း နည်းနည်းပါးပါး မေးမြန်းကြည့်ဖယ်လို့ တခွန်းနှစ်ခွန်းလောက်တီးခေါက် ကြည့်လိုက်ယင်ပဲ ကျွန်တော့်ကို သူ့ဘစိတ်ဆိုးမာန်ဆိုး မျက်နှာထားကြီးနဲ့ ငေါက်ပြောတာကိုး ခင်ဗျ။ဒါနဲ့ ကျွန်တော်လဲ ကိုယ့်အလုပ် မဟုတ်ဘူးလေလို့ အသာအမှတ်တမဲ့နေခဲ့တယ်။ ဒီလိုနဲ့ တနင်္ဂနွေ တပတ် လောက်ရှိတော့ သူ နည်းနည်း စိတ်အေးသွားတဲ့ လက္ခဏာနဲ့ အယင်ကလိုပဲ ညနေတိုင်း လမ်းလျှောက် ထွက်ပြန်ရောခင်ဗျ။ ဒါနဲ့ ကျွန်တော်က တခါဖြန့် အေးသွားပေပြီလို့ ဝမ်းသာနေတုန်း။ ဟော အခုတော့ ဒုက္ခကြီး တွေ့ရပြန်ပါရောခင်ဗျာ။ ဒုက္ခတွေ့ပုံက ဒီလိုခင်ဗျ။ လွန်ခဲ့တဲ့ နှစ်ရက်လောက်က ကျွန်တော့် နာမည်နဲ့ စာဘစောင် ရပါတယ်ခင်ဗျာ။ ဒီစာလဲ ကျွန်တော် ယူခဲ့ပါတယ်။ ဟောဒီမှာ ကျွန်တော် ဖတ် ပြမယ်"ဟုပြော၍ ဒေါက်ဘာဆန်နရယ်သည် စာတစောင်ကို အောက်ပါအတိုင်း ဖတ်ပြလေ၏။

ဘင်္ဂလားနယ်မှ ဘင်္ဂါလီလူမျိုး ကုန်သည်ကြီး တဦးသည် ကိစ္စတခုနှင့် မြန်မာပြည် သို့ လာရောက်ခဲ့ရာ ယခုအခါ ရန်ကုန်မြို့ပေါ်၌ ရှိနေကြောင်း၊ ယင်း ကုန်သည်ကြီးမှာ လွန် ခဲ့သည့် နှစ်ပေါင်းများစွာကပင် ဝက်ရူးပြန်ရောဂါစွဲကပ်လျက် ရှိနေရာ ဆရာဝန်အပေါင်း တို့အား စုံစမ်း မေးမြန်းပါသော်လည်း ယင်းရောဂါကို ပျောက်ကင်းအောင် ကုသနိုင်မည့် သူ တစုံဘယောက်မျှ မတွေ့ကြက်မပေါ် ရှိနေခဲ့ကြောင်း။ ဒေါက်တာဆန်နရယ်မှာ ဝက်ရူးပြန် သော ရောဂါ၌ အထူးသဖြင့် ကျွမ်းကျင်နားလည်ကြောင်းနှင့် မိတ်ဆွေအဦးက ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် သိရှိရသည်ဖြစ်၍ ဒေါက်တာဆန်နရယ်ထံသို့ စုံစမ်းမေးမြန်းရန် ယနေ့ညနေ ၆ နာရီခွဲ အချိန်ခန့်တွင် လာရောက်လိုသည် ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ယင်းအချိန်တွင် တွေ့ဆုံနိုင်ရန် ဒေါက်တာ ဆန်နရယ်က အသင့်ပြင်ဆင် ထားရှိစေလိုကြောင်း' စသည်ဖြင့် ဒေါက်တာ ဆန်နရယ်က ဖတ်ပြလေ၏။

ထို့နောက် ဒေါက်တာဆန်နရယ်က "ကျွန်တော်က ဒီရောဂါမျိုးမှာ အထူးသဖြင့် လိုက်စားလေ့လာခဲ့တာနဲ့ ဒီစာရတော့ ကိုယ့်ပညာ အသုံးချရတော့မယ်လို့အထူးဝမ်းသာမိတာကိုး ခင်ဗျ။ ဒါနဲ့ ချိန်းဆိုထားတဲ့ အချိန်ကျတော့ ကျွန်တော်က အဆင်သင့်စောင့်နေတာကိုး ခင်ဗျ။ စောင့်နေတော့ ၆ နာရီခွဲတိတိမှာပဲ လူနှစ်ယောက် ကျွန်တော့်အခန်းထဲ ဝင်လာတယ်။ တယောက်ကတော့ ပိန်ပိန်ပါးပါးနဲ့၊ အသက်ကတော့ ငါးဆယ်ကျော်လောက်ပဲ ရှိပါလိမ့်မယ်။ ဒီပြင် တယောက်ကတော့ အရပ်အမောင်း ထွားထွားကျိုင်းကျိုင်းနဲ့။ ကာယဗလနဲ့ အင်မတန်ပြည့်စုံတဲ့ သူတယောက်ပဲ။ အသက်ကတော့ သုံးဆယ်ကျော်ကလေးလောက်ပဲ ရှိဦးမယ်။ သူတို့နှစ်ယောက် ဝင်လာတော့ အငယ်လူက ကျွန်တော့်ကို 'ဒေါက်တာဆန်နရယ်ဆိုတာ ခင်ဗျားမဟုတ်လား။ ဒီဟာက ကျွန်တော့်အဖေပါ ခင်ဗျာ။ ကဲ သူ့ရောဂါပျောက်အောင် ခင်ဗျားဆေးကုနိုင်ယင် အခကြေးငွေဆိုတာမတော့ ကျွန်တော်တို့မှာ နည်းနည်းမှ အတွက်မရှိပါဘူး။ ပျောက်အောင်သာ ကုသပါတော့'လို့ ပြောတာကိုး ခင်ဗျ။ ဒီတော့ ကျွန်တော်က ကျွန်တော် အစွမ်းရှိသလောက် ကြိုးစားပါ့မယ် ခင်ဗျာ'လို့ ပြောပြီး လူနာကို စုံစမ်းကြည့်ရှုချင်တာနဲ့ 'လူနာကို ကြည့်ရှုတုန်း ခင်ဗျား ဒီအခန်းထဲမှာပဲ နေမလား'လို့ အငယ်လူကို မေးတော့ သူက သူ့အဖေရောဂါကို မကြည့်လိုတဲ့ မျက်နှာထားနဲ့ 'မနေပါရစေနဲ့ခင်ဗျာ။ ကျွန်တော် အပြင်ကပဲ စောင့်နေပါ့မယ်တဲ့' ပြောပြီး အခန်းပြင် ထွက်သွားတာကိုးခင်ဗျ။

"ဒီတော့ ကျွန်တော်က လူနာရောဂါကို စစ်ဆေးမေးမြန်းပြီး ဘယ်တုန်းက စပြီးဖြစ်သလဲ၊ ဆွေထဲမျိုးထဲမှာ ဒီရောဂါမျိုး ဖြစ်ပေါ်တဲ့လူများ ရှိဖူးသလား စသည်ဖြင့် မေးမြန်းပြီး သေသေချာချာ စာအုပ်မှာ ရေးသားနေတုန်း တော်တော်ကြာတော့ လူနာက မေးမြန်းယင်းပဲ ဝက်ရူးပြန်ပြီး လာတာကိုးဗျ။ ဒီတော့ ကျွန်တော်က အခန့်သင့်လှပြီလို့ သူ့ရောဂါ လက္ခဏာတွေကို ကျွန်တော်တွေ့ဖူးတဲ့ ဟာများနဲ့ ကြည့်ရှုနှိုင်းယှဉ် မှတ်သားပြီး နေတာကိုး ခင်ဗျ။ ဒီတော့ ဒီရောဂါမှာ ကျွန်တော်က သူများထက် ထူးချွန်ပြီး လိုက်စားထားတဲ့အတွက် ဆေးကောင်းတလက်ကို တွေ့ထားတာနဲ့ ဒီဆေးတန်ခိုးကို စမ်းသပ်ဖို့ အချက်ပေါ်လာလို့ ဆေးထားတဲ့အခန်းထဲ ကပျာကယာ ပြေးသွားတာကိုး ခင်ဗျ။ ဆေးထားတဲ့အခန်းက တိုက်နောက်ဖေးမှာ ဆိုတော့ ကျွန်တော် သွားတာရော ပြန်တာရော ဆေးစပ်နေတာရော အားလုံး ငါးမိနစ်လောက်ပဲ ကြာလိမ့်မယ်။ ဒါနဲ့ ကျွန်တော်က ဆေးပုလင်းကိုင်ပြီး ခုနင်က လူနာရှိတဲ့ အခန်းထဲကိုပြေးဝင်လာတော့ လူနာလဲ ဘယ်ရောက်သွားတယ် မဆိုနိုင်ဘူးခင်ဗျ။ အခန်းထဲမှာ မရှိတော့ပါဘူး။ ဒီတော့ ကျွန်တော်က အလွန့်အလွန် အံ့သြပြီး သူ့သားစောင့်တဲ့နေရာ အခန်းပြင်ဘက်ကို လိုက်သွားတော့ အပြင်မှာလဲ သားရော အဖေရော ဘယ်ရောက်သွားတယ် မဆိုနိုင်ဘူး။ ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ကြပါရော ခင်ဗျ။

"ဒါနဲ့ ကျွန်တော် အခန်းပေါက်မှာ စောင့်တဲ့ ဒရဝမ်ကုလားကို မေးကြည့်တော့ ဒီကောင်ကလဲ အကောင်သစ်မို့ ဟီးတီးယားတားနဲ့ မေးလို့ကောင်းကောင်းမရဘူး ခင်ဗျာ။ သူလဲ မမြင်လိုက်ဘူးလို့လို ပြောတာပါပဲ။ ဒီလိုနဲ့ ခဏနေတော့ ကျွန်တော့်တိုက်ရှင် တောဝါရီလဲ လမ်းလျှောက်ရာက ပြန်ပြီးလာ။ လာတော့ ကျွန်တော်လဲ သူနဲ့ စကားတယ်ပြီး မပြောတာနဲ့၊ ဒီအကြောင်း ဘာမှ မပြောလိုက်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com


ခင်ဗျာ။ ဒါနဲ့ ကျွန်တော်လဲ ဒီသားအဘနှစ်ယောက်အကြောင်း အံ့သြပြီးနေ။ နောက်ထပ်ပြီး တွေ့ရလိမ့်မယ်လို့ မထင်ပဲ ရှိနေတုန်း ဒီကနေ့ညနေ ၆ နာရီ အချိန်မှာ ကျွန်တော့်အခန်းထဲ တနေ့က သားအဘနှစ်ယောက် လာပြန်ချေရော ခင်ဗျ။ ဝင်လာ လာချင်း လူနာက 'တနေ့က ကျွန်တော့်ပြုမူပုံ ခင်ဗျားဖြင့် အပုံကြီးအံ့သြသွားတယ် မှတ်တယ်'လို့ပြောတော့ ကျွန်တော်က အံ့သြကြောင်းပြောတော့ သူက 'ဒီလိုဗျ၊ ကျွန်တော်က ဒီရောဂါဖောက်လာပြီး ရုတ်တရက် ပျောက်သွားတဲ့ အခါကျယင် လုံးလုံးကြီး သတိလစ်ပြီး သွားမိ သွားရာ သွားတတ်ပါတယ်။ ဒီတော့ မနေ့က ဒီအခန်းမှာ ဒီရောဂါဖောက်လာပြီး ကျသွားတော့ ဘယ့်နှယ်ကြောင့် ဒီအခန်းထဲ ငါရောက်နေပါလိမ့်မလဲလို့ ထိုင်ရာကထပြီး အပြင်ထွက်သွားမိပါတယ် ခင်ဗျာ'လို့ ပြောတော့ သားလုပ်တဲ့လူက ဝင်ပြီး ကျွန်တော်လဲ 'ကျွန်တော့်အဖေက အပြင်ထွက်လာတော့ ကိစ္စပြီးခဲ့ပြီမှတ်လို့ အဖေ့နောက်ကထပြီး လိုက်သွားတာပါဗျာ။ အိမ်ရောက်လို့ အဖေ့ကို အကျိုးအကြောင်း မေးမြန်းကြည့်တော့ ဒီလိုအကြောင်းဆိုတာ ကျွန်တော်လဲ ရိပ်မိပါတယ်ဗျာ'လို့ ပြောတော့ ကျွန်တော်က 'ဒါဖြင့်လဲ ကိစ္စမရှိပါဘူးဗျာ။ ကျွန်တော်က ဘယ်များ ရောက်ကုန်ကြပါလိမ့်မလဲလို့ အံ့သြမိတာပဲ။ ကဲ ခင်ဗျာ၊ ခင်ဗျား အပြင်က စာဆိတ်စောင့်နေပါဦး။ ကျွန်တော် လူနာကို ဆက်လက်ပြီး စစ်ဆေးစမ်းပါရစေဦး'လို့ ပြောပြီး သားလုပ်တဲ့လူလဲ အပြင်ထွက်သွားရော ကျွန်တော်လဲ လူနာကို စစ်ဆေးမေးမြန်းတာကိုးဗျ။ ဒီတခါတော့ ရောဂါမဖောက်ပါဘူးခင်ဗျ။ ဒါနဲ့ ကျွန်တော် နာရီဝက်လောက် အကျိုးအကြောင်း မေးမြန်းပြီး ဆေးနဲ့တကွ ပေးလိုက်ပြီး သူတို့ သားအဘနှစ်ယောက်လဲ ပြန်သွားကြတာကိုး ခင်ဗျ။

''တော်တော်ကြာတော့ ကျွန်တော့်တိုက်ရှင် တောဝါရီက လမ်းလျှောက်ရာက ပြန်လာပြီး တိုက်ပေါ်တက်သွား။ ခဏနေတော့ ပျာယီးပျာယာနဲ့ ဆင်းပြေးလာပြီး ကျုပ်အခန်းထဲ ဘယ်သူဝင်သတုံးပြောစမ်း'လို့ ကျွန်တော့်ကို ငေါက်ပြီးမေးတော့ ကျွန်တော်က 'ဘယ်သူမှ မဝင်ကြောင်း'ပြောတော့ 'ခင်ဗျားမလိမ်ပါနဲ့။ တိုက်ပေါ် လာကြည့်လှည့်စမ်း'တဲ့ဆိုပြီး ကျွန်တော့်လက် ဆွဲခေါ်သွားပါရော ခင်ဗျားတိုက်ပေါ်ရောက်တော့ သူက အခန်းဝနားမှာ ခင်းထားတဲ့ကော်ဇောကို လက်ညှိုးထိုးပြီး 'ဒီဟာကြည့်စမ်း။ ဒီဟာ ကျုပ်ခြေရာ ဟုတ်ကဲ့လား'တဲ့ မေးလို့ ကျွန်တော်က သေသေချာချာကြည့်တော့ ခြေရာက တောဝါရီ့ခြေရာထက် အပုံကြီး ကြီးတယ်ခင်ဗျ။ နင်းထားတာလဲ တယ်ကြာတဲ့လက္ခဏာမရှိသေးဘူး၊ ဒီကနေ့ညနေမိုးကလေးလဲ ရွာထားတော့ ကော်ဇောပေါ်မှာ ခြေရာကောင်းကောင်းထင်နေတာကိုး ခင်ဗျ။ ဒီတော့ ကျွန်တော်က စဉ်းစားမိတယ်။ ဒီညနေမှာ ဒိပြင်ဘယ်သူမှ မလာဘူး။ ဟို သားအဘနှစ်ယောက်ပဲ လာတယ်။ ဒီတော့ အဖေက ကျွန်တော်နဲ့ စကားပြောနေတုန်း သားက တစုံတခု အကြံအစည်ရှိလို့ တိုက်ပေါ်တက်သွားတဲ့ လက္ခဏာပဲလို့ စဉ်းစားမိတယ်။ ဒီတော့ ကျွန်တော်က ဘာများ ပျောက်ဆုံးသလဲလို့ အကုန်လိုက်ပြီး ကြည့်တော့ ပစ္စည်းတွေလဲ ဘယ်သင်းမှ ခြေရာလက်ရာ မပျက်ဘူးခင်ဗျ။ သို့သော် ကော်ဇောပေါ်မှာ ခြေရာကြီးထင်နေတဲ့အတွက် တစုံတယောက် ဝင်ရောက်တာတော့ အမှန်ပဲခင်ဗျ။ သို့သော် ခြေရာတွေ့ရလို့ နည်းနည်းစိတ်ပူဖို့ ကောင်းတာမှန်သော်လဲ ပစ္စည်း ဘာမှမပျောက်ခဲ့ယင် စိတ်အေးဖို့မဟုတ်သားခင်ဗျာ။ တောဝါရီမှာတော့ ဒီလိုမဟုတ်ဘူး ခင်ဗျ။ ပစ္စည်းမပျောက်ပေမယ့် ခြေရာတွေ့တာကိုပဲ အင်မတန် တုန်လှုပ်ပြီး ကုလားထိုင်ပေါ် ထိုင်ပြီး ချုံးချုံးချ ငိုတာပါပဲခင်ဗျာ။ ဒီတော့ သူ့အမှုအရာမြင်ရတာ ကောင်းကောင်းနားမလည်လို့စဉ်းစားနေတုန်း သူက ကျွန်တော့်ခေါ်ပြီး ဦးစံရှားဆိုတာ စုံထောက်အတတ်မှာ တော်တော် ကောင်းတယ်လို့ ကြားဖူးတယ်။ သူက အစိုးရအမှုထမ်းလဲ မဟုတ်ဘူး။ ဒီတော့ ကျုပ်ကို ခဏခဏ ခေါ်လား ငင်လားနဲ့ ဒုက္ခပေးမယ် မဟုတ်ဘူး။ ဒီတော့ သူ့ဆီ တဆိတ်သွားပြီး အကျိုးအကြောင်း ပြောပြစမ်းပါဗျာ'လို့ ပြောတာနဲ့ ကျွန်တော် လာခဲ့ရခြင်း ဖြစ်ပါတယ်ခင်ဗျာ။ ကဲ ဒီတော့ တဆိတ်လောက် သူစိတ်အေးအောင် ခဏလိုက်နိုင်



www.burmeseclassic.com

www.burmeseclassic.com


လိုက်ခဲ့ပါဦး မိတ်ဆွေကြီးရယ်''ဟု ပြောလေ၏။ ဦးစံရွှေးလည်း ဤမျှလောက် ရှည်လျားသော အဖြစ်အပျက်တို့ကို စိတ်အားထက်သန်စွာ နားထောင်ပြီးနောက် စကားအဆုံးတွင် ထိုင်ရာမှ ရုတ်ကရက် ထ၍ ကျွန်တော့်အား လမ်းလျှောက်တုတ်ကို လှမ်း၍ပေးပြီးလျှင် သူကိုယ်တိုင်လည်း တုတ်တချောင်းကိုကိုင်လျက် တိုက်ပေါ်မှ ဆင်းလာကြလေ၏။

ထိုသူ၏အိမ်မှာ မျှားစွာ မဝေးကွာသဖြင့် ကျွန်တော်တို့လည်း ခြေကျင်လျှောက်၍ လာကြရာ နေအိမ်သို့ ရောက်လျှင် ထိုသူလည်း ကျွန်တော်တို့အား တိုက်ပေါ်သို့ ခေါ်ဆောင်သွားလေ၏။

ဒေါက်တာ ဆန်နုရယ်လည်း ရှေ့မှသွားသဖြင့် ကျွန်တော်တို့လည်း သူ၏ နောက်မှကပ်၍ ကျဉ်းမြောင်းလှသော လှေကားဖြင့် တိုက်ပေါ်သို့တက်လာကြရာ ဒုတိယအထပ်သို့ ရောက်ခါနီးတွင် လှေကား၌ ထွန်းထားသော ဓာတ်မီးသည် ရုတ်တရက် ငြိမ်းသွားပြီးလျှင် တစုံတယောက်သောသူက မှောင်ထဲမှနေ၍ 'မတက်ခဲ့နဲ့နော်၊ ငါ့မှာ သေနတ်ရှိတယ်။ တလှမ်းတက်ယင် ပစ်လိုက်မယ်''ဟု ဟစ်အော်သည့်အသံကို ကြားကြရလေ၏။

ထိုအခါ ဒေါက်တာဆန်နုရယ်က ''ကျွန်တော်တို့ပါခင်ဗျာ၊ မကြောက်ပါနဲ့။ တခြားသူ မဟုတ်ပါဘူး''ဟု ပြောသည့်အခါမှ ထိုသူက ''ဩော် ဒေါက်တာဆန်နုရယ်လား။ လာ လာ။ ဒီပြင်လူတွေက ကော ဘယ်သူများလဲ''

''ဦးစံရွှေးနဲ့ သူ့မိတ်ဆွေတယောက်ပါပဲ။ ခင်ဗျား တွေ့ချင်တယ်ဆို''

''ဩော် ဟုတ်သား။ လာပါ လာပါ''ဟု ပြောပြီးနောက် ဓာတ်မီးလည်း လင်း၍လာပြန်လေ၏။ ထို့နောက် လူတယောက်လည်း အခန်းအပြင်သို့ထွက်လာရာ ထိုသူမှာ ပုပုဝဝရှိလျက် ဆံပင်တို့သည်ကြောက်လွန်း အားကြီးလှသည်နှင့် ဦးခေါင်းတွင် ထောင်လျက်ရှိနေသည်ကို တွေ့မြင်ရလေ၏။

ထိုအခါ ဒေါက်တာဆန်နုရယ်က ''ဒီဟာက ကျွန်တော့်အိမ်ရှင် တေဝါရီပါပဲခင်ဗျာ။ ကဲ လာကြပါ''ဟု ကျွန်တော်တို့အား ခေါ်ပြီးလျှင် အခန်းတွင်းသို့ ထိုသူနှင့်အတူ ဝင်သွားကြလေ၏။

ကျွန်တော်တို့လည်း အခန်းတွင်းသို့ရောက်၍ ကုလားထိုင်တွင် ထိုင်မိကြလျှင် တေဝါရီက ဦးစံရွှေးအား ''ကျေးဇူးတင်လှပါတယ်ခင်ဗျာ။ ဒီအမှုမှာ ခင်ဗျားရဲ့ ကူညီစောင်မခြင်းကို အထူးသဖြင့် ကျွန်တော် အလိုရှိလှပါတယ်။ ဒါနဲ့ ဒီကကိစ္စအကြောင်းကို ဒေါက်တာဆန်နုရယ်က ပြောပြီးပြီ မဟုတ်လားခင်ဗျာ'' ဟု ပြောလျှင် ဦးစံရွှေးက ''ဟုတ်ကဲ့၊ ပြောပြီးပါပြီ။ ဒါနဲ့ ဒီလူနှစ်ယောက်က ဘယ်သူများလဲ။ ဘယ်အတွက် ခင်ဗျားကို သူတို့ကနှောင့်ယှက်ချင်ရသလဲ''ဟု မေးလျှင် တေဝါရီက တုန်လှုပ်သော အမူအရာနှင့် ''ဒါက အခက်အခဲရအခက်သားကလားခင်ဗျာ။ ဒီဟာတော့ ကျွန်တော် ဘယ်မှာပြောတတ်မလဲ''ဟု ပြောသဖြင့် ဦးစံရွှေးက ''ဒါဖြင့် ဒီလူနှစ်ယောက်ကို ခင်ဗျားမသိဘူးလို့ ပြောချင်တယ်ပေါ့လေ''ဟု ပြောလျှင် ထိုသူလည်း ဦးစံရွှေး၏ မေးခွန်းကို ပြန်၍မဖြေပဲ ''ကဲ ခင်ဗျာ၊ ဒီ လာပါ၊ ဒီ တဆိတ်လောက် လာကြည့်စမ်းပါဦး''ဟု ပြော၍ မီးခံသေတ္တာကြီးတခုကို လက်ညှိုးညွှန်ပြလျက် ''ဒီသေတ္တာ မြင်လားခင်ဗျာ။ အဲ ကျွန်တော့်မှာပိုက်ဆံများများတော့ မကြွယ်ဝပါဘူး။ သို့သော် ရှိသမျှကလေးကို ဘဏ်တိုက်မှာ မထားပဲ ဒီအထဲမှာ အကုန်ထည့်ပြီးထားပါတယ်။ ဘာပြုလို့ ဘဏ်မှာမအပ်သလဲဆိုတော့ ကျွန်တော်က ဘဏ်တိုက်ကို မယုံနိုင်ဘူးခင်ဗျ။ ကိုယ့်သေတ္တာကိုမှ ကိုယ်ယုံတယ်။ ဒီတော့ ရှိစုမဲ့စုကလေးတွေ ဒီသေတ္တာမှာချည်းထားတော့ ကျွန်တော့်အခန်းထဲ လူစိမ်းဝင်လာတယ်ဆိုယင် စိုးရိမ်မကင်းဖြစ်မိတာပေါ့ခင်ဗျာ''ဟု ပြောလျှင် ဦးစံရွှေးလည်း မယုံကြည်သောမျက်နှာထားနှင့် တေဝါရီအားကြည့်လျက် ဦးခေါင်းကို ယမ်းပြီးလျှင် ''စုံထောက်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ယင် အမှုကို အမှန်အတိုင်း အလုံးစုံပြောပြမှ စုံထောက်နိုင်တယ်ဗျ။ မှန်မှန်ပြောပါ''ဟု ပြောလျှင် ထိုသူက ''အမှန်ပါပဲ ခင်ဗျာ။ ဒီအတိုင်းပါပဲ''

''ဒါပြင် ဘာမှ ပြောစရာမရှိဘူးလား''

''မရှိပါဘူးခင်ဗျာ''ဟု ပြောလျှင် ဦးစံရှားသည်း စက်ဆုပ်သော မျက်နှာထားနှင့် တေဝါရီအား ကြည့်ပြီးလျှင် ''ကဲ ဒေါက်တာဆန်နရယ်၊ ကျုပ်တို့ပြန်ဦးမယ်''ဟု ပြောဆို၍ တိုက်အပေါ်မှ ဆင်းမည်ပြုရာ တေဝါရီက ''ဒါဖြင့် ကျွန်တော့်ကို ခင်ဗျား ဘာမှ အကြံမပေးနိုင်ဘူးလား ခင်ဗျာ''ဟု မေးလျှင် ''ကျုပ်အကြံပေးစေချင်သလား။ ကျုပ်က ခင်ဗျားကို စကားပြောယင် လျှို့ဝှက်ပြီးမပြောပဲ အတိအလင်း ထုတ်ဖော်ပြောဆိုဖို့ အကြံဘဲပေးချင်တယ်။ ကဲ လာဗျာ ကိုသိန်းမောင်''

ကျွန်တော်တို့လည်း တိုက်အောက်သို့ ဆင်းလာကြ၍၊ အတန်ငယ် လျှောက်မိကြလျှင် ဦးစံရှားက စဉ်းစားလျက်ရှိရာမှ ''ခင်ဗျားကို ဒုက္ခပေးသလို အလကား ခေါ်လာမိတယ်ဗျာ။ သို့သော် အမှုကတော့ တော်တော်ကောင်းတဲ့ အမှုကလေးပါပဲ။ ဟိုအကောင်ကြီးက မှန်မှန်ထုတ်ပြီး မပြောတာ ခက်တယ်''

''ကျွန်တော်ဖြင့် ဘာမှမတွေးတတ်ပါဘူးဗျာ''

''အမှုက ဒီလိုဗျာ။ ဒီအမှုက လူနှစ်ယောက်တော့ အနည်းဆုံးပါတယ်။ ပိုချင်လဲ ပိုမယ်ပေါ့လေ။ သို့သော် အနည်းဆုံး နှစ်ယောက်တော့ပါတယ်။ ကျုပ်အထင်မှာတော့ ဒေါက်တာဆန်နရယ်ဆီလာတဲ့ လူနှစ်ယောက်နဲ့ ဒီလူနဲ့ဟာ ရန်စဘူးရှိလို့ လက်စားချေဖို့လာတဲ့ လက္ခဏာရှိတယ်။ ဒီတော့ တယောက်က ဒေါက်တာဆန်နရယ်ကို အလုပ်ပေးထားပြီး တယောက်က ဒီလူ့အခန်းကိုတက်ပြီး ရှာတယ်ထင်တယ်။ ပထမအခေါက်ဘည်းက အငယ်လူက ရောက်ခဲ့တဲ့သက္ခဏာပဲ။ မတွေ့လို့ ပြန်ပြီးဆင်းလာတယ် မှတ်တယ်''

''နို့ ဝက်ရူးပြန်တာကကောဗျာ''

''တယ်ခက်တယ် ကိုသိန်းမောင်၊ ဟန်ဆောင်တာပေါ့ဗျာ။ ဝက်ရူးပြန်သလို ဟန်ဆောင်ရတာ လောက်လွယ်တာ ဘယ်မှာရှိမလဲ။ ကျုပ်ကိုယ်တိုင် ဟန်ဆောင်ခဲ့ရပေါင်း များလှပြီကော''

''ကဲ ဆိုစမ်းပါဦးဗျာ''

''သူတို့နှစ်ယောက်လာ။ လာတဲ့အတိုင်း ကံအားလျော်စွာ တေဝါရီက အပြင်လမ်းလျှောက်ထွက်တဲ့ အခိုက်နဲ့ချည်းပဲ ကြုံနေတယ်။ ဒီဟာကိုထောက်ခြင်းအားဖြင့် ဒီလူနှစ်ယောက်က တေဝါရီဟာ ဒီအချိန်မှာ မှန်မှန်လမ်းလျှောက်တတ်တဲ့အကြောင်းကို သိနှင့်တဲ့လက္ခဏာ မရှိဘူး။ ဒီလူများဟာ ပစ္စည်းအတွက် လာရောက်ခြင်းဖြစ်ယင် ဘယ်နည်းနဲ့မဆို လူမရှိတုန်းဝင်မိယင် မွှေနှောက်ပြီးရှာမပေါ့ဗျ။ ပြီးတော့ ဒိပြင် တကြောင်းကလဲ ကျုပ်က လူရဲ့မျက်စိကိုကြည့်ယင် ဝမ်းတွင်းက စိတ်ကူးကို တော်တော် ရိပ်မိတယ်ဗျ။ အခု တေဝါရီ စိုးရိမ်နေတာက ပစ္စည်းအတွက် လုံးဝ မဟုတ်ဘူးဗျ။ အသက်ဘေးအတွက် သူစိုးရိမ်နေတာ အမှန်ပဲ။ ဒီတော့ သူ့ကို ဒီလောက်မုန်းနေတဲ့ လူနှစ်ယောက် ရှိနေတဲ့အကြောင်း သူမသိဘူးဆိုတာ ဘယ်နည်းနဲ့မှ မဟုတ်နိုင်ဘူး။ သူ အမှန်သိရမယ်။ သို့သော် တစုံတခုသော အကြောင်းကြောင့် သူက ဖွင့်ပြီး ကျုပ်ကိုမပြောချင်ဘူး။ သို့သော် နက်ဖြန်တနေ့လောက် ဆိုင်းလိုက်ယင်တော့ ကြောက်လွန်းအားကြီးတာနဲ့ မပြောပဲ မနေနိုင်ပေဘူး မှတ်တယ်''

''သို့သော် ကျွန်တော်တခုအကြံရတယ်ဗျာ။ ဒီလိုများဖြစ်ချင်ဖြစ်နေမလားမပြောတတ်ဘူး၊ ဒေါက်တာဆန်နရယ်က တေဝါရီမရှိတုန်းအခန်းထဲဝင်ပြီး ကော်ဇောမှာ ခြေရာထင်နေတာနဲ့ သားအဘနှစ်ယောက် လာသလေး ဘာလေးနဲ့ ကြံဖန်ပြီး ပြောချင်ပြောမယ် မဟုတ်ဘူးလားဗျာ''ဟု ပြောလျှင် ဦးစံရှားသည်း အနည်းငယ်ပြုံးရယ်၍ ''ဒီဟာကို ကျုပ်လက်ဦးသွားပြီး တွေ့မိပေတယ်ဗျ။ တွေးမိလို့ကော်ဇောပေါ်က ခြေ



www.burmeseclassic.com

www.burmeseclassic.com



ရာနဲ့ ဒေါက်တာ ဆန်နရယ် ဖိနပ်နဲ့ယှဉ်ပြီး ကျုပ်ကြည့်လိုက်တော့ ခြေရာက အပုံကြီး ကြီးနေတယ်ဗျ။ ဒီပြင်လဲ ခြေရာက ဖိနပ်ဦးတုံးကြီး။ ဒေါက်တာ ဆန်နရယ် ဖိနပ်က ဦးချွန်ကလေးဗျ။ ကဲဗျာ၊ ဒီအကြောင်း တော်ပါတော့။ မနက်ကျတော့ အမှုန်ထပ်ပြီး ကျုပ်တို့ ကြားရပါလိမ့်ဦးမယ် ထင်တယ်''ဟု ပြောဆိုယင်း ကျွန်တော်တို့လည်း နေအိမ်သို့ ရောက်သဖြင့် အိပ်ကြလေ၏။

နံနက်လင်းသည်နှင့် တပြိုင်နက် တစုံတယောက်သော သူသည် ကျွန်တော့်အား လှုပ်နှိုးသဖြင့် မျက်စိဖွင့်ကြည့်လိုက်ရာ ဦးစံရှားသည် စာတစောင်ကို လက်တွင်ကိုင်လျက် ခုဘဝ်ခြေရင်းတွင် ရပ်နေသည်ကို တွေ့မြင်ရလေ၏။ ကျွန်တော်က ကိစ္စကိုမေးလျှင် ဦးစံရှားသည် စာကို ကျွန်တော့်အား လှမ်းပေး၍ ''မနေ့က ပန်းဆိုးတန်းကိစ္စပေါ့ဗျာ။ ဒါကြောင့် ကျုပ်မပြောဘူးလား။ ရော့ ဒီစာကို ဖတ်ကြည့်စမ်း။ အောက်မှာ ရထားစောင့်နေတယ်ဗျို့။ မြန်မြန်လုပ်ပါ''ဟု ပြောသဖြင့် ကျွန်တော်သည် စာကိုဖတ်ကြည့်ရာ ယင်းမှာ ခဲတံဖြင့် ကပျာကယာခြစ်၍ထားသော စာကလေး ဖြစ်လေ၏။ စာတွင်ပါရှိသည်မှာ

ကျေးဇူးပြု၍ အလျင်အမြန် လာပါ။

ဒေါက်တာဆန်နရယ်

ကျွန်တော်လည်း စာကိုဖတ်ပြီးလျှင် ဦးစံရှားက ''ကဲ ကိုသိန်းမောင်၊ မြန်မြန်လုပ်ဗျာ။ အင်မတန် အရေးကြီးနေတဲ့ လက္ခဏာနဲ့တူတယ်။ အောက်မှာ လူတယောက် ရထားနဲ့စောင့်နေတယ်''ဟု ပြောသဖြင့် ကျွန်တော်လည်း လျင်မြန်စွာ အဝတ်များလဲပြီးလျှင် ဦးစံရှားနှင့်အတူ လိုက်ပါသွားလေ၏။ ပန်းဆိုးတန်းသို့ ရောက်လျှင် ဒေါက်တာဆန်နရယ်လည်း အပြင်သို့ ထွက်ပြေးလာ၍ မိမိဆံပင်ကိုဆွဲလျက် ''တခါဖြင့် ကိစ္စ တုံးပြီမိတ်ဆွေ''ဟု ပြောရာ ဦးစံရှားက ''ဘယ်လိုတုံးသလဲဗျ''ဟု မေးသဖြင့် ဒေါက်တာဆန်နရယ်က ''ဇေဝရီဖြင့် ကိုယ့်ကိုယ်ကို သတ်သေပြီဗျာ''ပြောရာ ဦးစံရှားလည်း မယုံကြည်သော မျက်နှာထားနှင့် ကြည့်နေသဖြင့် ဒေါက်တာဆန်နရယ်က ထပ်လောင်း၍ ''ဟုတ်တယ် မိတ်ဆွေရဲ့။ မနေ့ညကပဲ ကြိုးဆွဲချ သေတယ်ဗျ''ဟု ပြောယင်း ကျွန်တော်တို့လည်း တိုက်ပေါ်သို့ တက်လာကြလေ၏။ လှေကားပေါ်တွင် ဒေါက်တာဆန်နရယ်က ''ကျွန်တော်ဖြင့် မှန်သွားတာပဲ ခင်ဗျာ။ ဘာလုပ်ရမှန်းလဲ မသိဘူး။ ပုလိပ်တိုင်ပြီး ခင်ဗျားဆီ လူလွှတ်လိုက်ရတာပဲ။ ပုလိပ်တွေလဲ တိုက်ပေါ်ရောက်နေပြီ''

''သေမှန်း ခင်ဗျား ဘယ်တော့က သိသလဲ''

''မနက်စောစော အခစေခံမိန်းမကြီးက လက်ဖက်ရည်ခွက်ကို သူ့အခန်းထဲယူနေကျ ယူသွားတော့ အခန်းအလယ်က ချိတ်တခုမှာ တွဲလောင်းကြီး သေနေတာ တွေ့တာပါပဲဗျာ။ လက္ခဏာကတော့ မနေ့က ကျွန်တော်တို့ပြတဲ့ ဓာတ်ဆီမီးပေါ်က ခုန်ချပြီးသေတာနဲ့တူတယ်။ ကဲ လာပါခင်ဗျ။ ကိုယ်တိုင်ကြည့်ကြပါဦး''ဟု ပြော၍ အခန်းကိုဖွင့်လိုက်ရာ ကျွန်တော်တို့သည်း အလွန်ကြောက်မက်ဖွယ်ကောင်းသည့် အခြင်းအရာ များကို တွေ့မြင်ကြရလေ၏။

ဇေဝရီသည် အိပ်ခန်း၏အလယ်၌ရှိသော ချိတ်ငယ်တခုမှ ကြိုးဖြင့် တွဲလောင်းကျလျက် ရှိနေရာ ဝဖိုးသော သူတယောက်ဖြစ်သဖြင့် ပါးလုပ်သားတို့သည် တွဲရရွဲကျလျက် လျှာသည် အပြင်သို့ ထွက်ပြီးလျှင် မျက်စိမှာလည်း ပေါက်ကွဲလုမတတ် ပြူးလျက်ရှိနေရကား လွန်စွာ ကြောက်မက်ဖွယ်ကောင်းသော အရုပ်အဆင်း ရှိပေ၏။ သည်ပင်းမှာလည်း အမွေးနုတ်၍ထားသော ကြက်ကဲ့သို့ ရှည်ထွက်၍ နေသဖြင့် သေးငယ်သည်ဟု မှတ်ထင်ရသည်ဖြစ်ရာ အခြားသော အင်္ဂါအစိတ်အပိုင်းတို့မှာ သာ၍ ကြီးမား ပွဖောင်း၍ နေသည်ဟု မှတ်ထင်ရပေ၏။ ထိုသူ၏ ကိုယ်၌ကား စွပ်ကျယ်အင်္ကျီနှင့် ဒိုတီကလေးမျှသာ ရှိသည်ဖြစ်၍ အမြဲသမီ



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာသို့ဝင်နေခဲ့သော ယက္ခဏာရှိပေ၏။ အလောင်း၏ အနီး၌ကား အင်စပက်တော် တယောက်သည် သေချာစွာကြည့်ရှု၍ မှတ်ချက်တို့ကို စာအုပ်တွင် ရေးသားလျက် ရှိလေ၏။

အင်စပက်တော်လည်း ကျွန်တော်တို့ ဝင်လာသည်ကို မြင်လျှင် ဦးစံရှားအား "အလို၊ ဆရာပါကလား။ လာပါခင်ဗျာ၊ တဆိတ် ကြည့်စမ်းပါဦး"

ရှား။ ။"ကိုထွန်းတင်လား၊ ဒီဟာ ခင်ဗျားနယ်အတွင်းလား။ ဩော် ဩော် ဒီအမှုဖြစ်ပုံ အစကမပြီး ခင်ဗျား ကြားပြီပြီလား"

"တင်။ ။"ဟုတ်ကဲ့။ တော်တော်တန်တန် ကြားပြီးပါပြီ"

ရှား။ ။ဘယ်နှယ်များ ခင်ဗျား ထင်ချက်ရသလဲ"

တင်။ ။ကျွန်တော့်ထင်မြင်ချက်ကတော့ သူဟာ ကြောက်အားကြီးလို့ ရူးသွားပြီး လုပ်မိလုပ်ရာ လုပ်တယ် ထင်တာပဲဗျာ။ ညက သူ အိပ်ရာမှာ အိပ်သေးတယ်ဗျ။ မြင်လား၊ အိပ်ရာကိုကြည့်ပါလား။မနက်လင်းအားကြီးလောက်မှ ကြိုးဆွဲချသေတဲ့လက္ခဏာပဲ။ လူများကြိုးဆွဲချယင် ဒီအချိန် တယ်ချတတ်တယ်"

ကျွန်။ ။"လူသေက တောင့်သားကောင်းပုံကြည့်ရတော့ ကျုပ်အထင်ဖြင့် သေတာ အနည်းဆုံး ခလေးနာရီလောက် ရှိပြီထင်တယ်ဗျာ"

ရှား။ ။"အခန်းထဲမှာ ထူးထူးဆန်းဆန်း ဘာများ ခင်ဗျားတို့ တွေ့ရသလဲ"

တင်။ ။"ဝက်အူကလေး လေးငါးချောင်းနဲ့ ဝက်အူလှည့်တချောင်း တွေ့ပါတယ်ဗျာ။ ဒိပြင်တော့ ဆေးပြင်းလိပ်တို လေးတိုပဲ တွေ့တယ်။ မသေခင်ညက တော်တော် ဆေးလိပ်သောက်ပြီး စဉ်းစားတဲ့ လက္ခဏာရှိတယ်"

"ရှား ။"ဘယ်မှာလဲ။ ဆေးလိပ်တိုတွေ တဆိတ်လောက် ကြည့်ရအောင်"

တင်။ ။"ဒီမှာ ဆရာရဲ့"

ရှား။ ။"သူ့ ဆေးလိပ်စွပ်တံ ခင်ဗျား တွေ့ပြီလား"

တင်။ ။"မတွေ့ဘူး ဆရာရဲ့"

ရှား။ ။"ဆေးလိပ်ထည့်တဲ့အိတ်ကော တွေ့သလား"

တင်။ ။"တွေ့တယ်ဆရာ"

ရှား။ ။"ဒီဟာ ဘယ်က တွေ့သလဲ"

တင်။ ။"နေ့ခင်း သူ ဝတ်တဲ့ အင်္ကျီထဲက"

ဦးစံရှားလည်း ဆေးလိပ်ထည့်သော သားရေအိတ်ဆို ဖွင့်ကြည့်ရာ ဆေးတလိပ်ကို တွေ့ရှိသဖြင့် ထုတ်ယူနမ်းရှုပ်ပြီးနောက် ဆေးလိပ်ကို ချေလိုက်ပြီးလျှင် သေချာစွာကြည့်ရှု၍ "ဒီဟာ ကမ္ဘာ တဘက်မှာ ဂေါ်ရင်ဂျီအစာထည့်ပြီး လိပ်တဲ့ဆေးလိပ်ပဲ။ ဒီက ဆေးလိပ်တိုလေးခုက ကမ္ဘာ့ဘက်က မဟုတ်ဘူး။ရွှေကျင်တဘက်ဘာပဲ"ဟု ပြော၍ ဆေးလိပ်တိုလေးခုကို သေချာစွာကြည့်ပြီးလျှင်

"ဒီ ဆေးလိပ်တို လေးခုမှာ နှစ်ခုက ဆေးစွပ်နဲ့ သောက်တယ်။ နှစ်ခုဟာကတော့ ဒီအတိုင်း အစွပ် မပါပဲ သောက်တယ်။ အစွပ်မပါပဲ သောက်တဲ့လူက ဒီဆေးလိပ် သောက်တုန်း အင်မတန် ဒေါသထွက်တဲ့ လက္ခဏာ ရှိတယ်။ ဆေးလိပ်ဖင်မှာ ကိုက်ထားလိုက်တဲ့ သွားရာတွေ မြင်ရဲ့လား။ တခုဟာကဖြင့် ဖင်အောက်မှာ ပြတ်နေပြီ။ ဒီဟာ သွားနဲ့ကိုက်ဖြတ်တဲ့ အရာပဲ။ ဒီအလောင်းဟာ ကိုယ့်ကိုယ်ကို သတ်သေတဲ့ လာအင်းမဟုတ်ဘူး ကိုထွန်းတင်။ သေသေချာချာ အပင်ပန်းခံ ကြံစည်ပြီး သတ်ထားတဲ့ အလောင်းပဲဗျ"

www.burmeseclassic.com



တင်။ ။"မဟုတ်နိုင်ပါဘူး ဆရာရယ်"

ရှား။ ။"ဘာလုပ် မဟုတ်နိုင်သလဲဗျာ"

တင်။ ။"ဘယ့်နှယ်ဆရာရယ်၊ လူတယောက်အသက်ကို သတ်ချင်ယင် သတ်တဲ့ နည်းတွေ အပုံပဲ ရှိတာပဲ။ ဘယ့်နှယ်ကြောင့် ဒီလို အပင်ပန်းခံပြီး ကြိုးဆွဲချ သတ်ပါ့မလဲ ဆရာရယ်"

ရှား။ ။"ဘယ့်နှယ်ကြောင့် သတ်တယ်ဆိုတာ ကျုပ်တို့ စုံထောက်ဖို့ လိုတာပဲ မဟုတ်ဘူးလား"

တင်။ ။"သူတို့ ဘယ်နည်းနဲ့ အိမ်ထဲဝင်နိုင်သလဲ ဆရာရယ်"

ရှား။ ။"အိမ်ရှေ့ပေါက်က ဝင်တာပေါ့"

တင်။ ။"မဟုတ်ဘူးဆရာ။ မနက်ကျတော့ အပေါက်ကို ပိတ်လျက်တွေ့တယ်"

ရှား။ ။"ဒါဖြင့် သူတို့ထွက်ပြီးမှ ပိတ်တာပဲ"

တင်။ ။"ဆရာ ဘယ့်နှယ်သိသလဲ"

ရှား။ ။"သူတို့ခြေရာ ကျုပ် မြင်လို့ပေါ့။ ကဲဗျာ။ ခဏ နေလိုက်ကြဦး။ တော်တော်ကြာယင် ဒိထက်စုံလင်အောင် ကျုပ်ပြောနိုင်ပါလိမ့်မယ်"

ဤသို့ပြောပြီးလျှင် ဦးစံရှားသည် အခန်းတံခါးသို့ သွားပြီးလျှင် သော့ကို သေချာစွာ ကြည့်ရှုပြီးနောက် အတွင်းဘက်မှ တန်းလန်းတပ်လျက်ရှိသော သော့တံကို နှုတ်ယူ၍ သေချာစွာ ကြည့်ရှုပြန်လေ၏။ ထို့နောက် အိပ်ခန်းအတွင်းရှိ တေဝါရီ၏အိပ်ရာ၊ ကော်ဇော၊ ကုလားထိုင်များ၊ စားပွဲများနှင့်တေဝါရီ၏ အလောင်းတို့ကို သေချာစွာ ကြည့်ရှုပြီးလျှင် ကြိုးကိုလည်း စမ်းသပ်ကြည့်ရှု၍ စိတ်ကျေနပ်သည့် အမူအရာနှင့် အလောင်းမှကြိုးကို ဖြုတ်ပြီးလျှင် ကျွန်တော်တို့သည် ထုံးစံရှိသည့်အတိုင်း ဆေးရုံသို့လူ စေလွှတ်၍ ပို့လိုက်ကြလေ၏။

ထို့နောက် ဦးစံရှားက "ဒီကြိုးက ဘယ်က ရသလဲဗျာ"ဟု ဒေါက်တာ ဆန်နရယ်အား မေးရာ ဒေါက်တာဆန်နရယ်က "ဒီကြိုးက ဒီလိုခင်ဗျ။ တေဝါရီက မီးအင်မတန်ကြောက်တတ်တယ်။ ဒီတော့ တိုက်အောက်မှာ မီးလောင်ပြီး လှေကားက မဆင်းနိုင်ခဲ့လို့ရှိယင် ဒီကြိုးနဲ့ဆင်းဖို့ ကြိုးတချောင်း သူ့အခန်းမှာ အစဉ်ထားတယ်ခင်ဗျ"ဟု ပြောလျှင် ဦးစံရှားက "တယ်အခန့်သင့်ပါကလား"ဟု တယောက်တည်း ပြောပြီးနောက် ကျွန်တော်တို့အား "ကဲဗျာ၊ ညနေကျယင်ဖြင့် ဒီအကြောင်း ကောင်းကောင်းပေါ်လိမ့်မယ်ထင်တယ်။ ဟောဟိုဟာ တေဝါရီရဲ့ ဓာတ်ပုံ မဟုတ်လား။ ကျုပ် ခဏယူသွားမယ်"ဟု ပြောပြီးလျှင် ဒေါက်တာဆန်နရယ်က "နို့ ကျွန်တော်တို့အခုဖြင့် ဘာမှ မသိရဘူးလားခင်ဗျာ"ဟု မေးသဖြင့် ဦးစံရှားက "အခု ကျုပ်သိသလောက် ပြောရမှာဖြင့် ဒီအကြံဟာ လူသုံးယောက် အကြံပဲ။ တယောက်က ခပ်ငယ်ငယ်၊ တယောက်ကကြီးကြီး၊ ဒိပြင်တယောက်တော့ ကျုပ်ကောင်းကောင်း မပြောနိုင်သေးဘူး။ ပထမနှစ်ယောက်ဟာကတော့ ဝက်ရူးပြန်ရောဂါနဲ့ ခင်ဗျားဆီလာတဲ့ လူနှစ်ယောက်ပဲ ဆိုတာ ခင်ဗျား တွေ့မိပါလိမ့်မယ်။ သူတို့အကြံကို အထမြောက်အောင် အိမ်တွင်းကနေပြီး ဆောင်ရွက်တဲ့ လူတယောက်ရှိတယ်။ ကဲ ကိုထွန်းတင်။ ခင်ဗျားကို ကျုပ် အကြံတခုပေးချင်တယ်။ အပေါက်စောင့်တဲ့ ဒရဝမ်ကုလားကို ဖမ်းပြီး ချုပ်ထားယင် ကောင်းလိမ့်မယ်ထင်တယ်"ဟု ပြောလျှင် ဒေါက်တာ ဆန်နရယ်က "မနက်လင်းကတည်းက ဒီကောင်ပျောက်သွားတာ ခုထက်ထိ မပေါ်လာသေးဘူး"

ရှား။ ။"ဒီအမှုမှာ ဒီ ဒရဝမ်ဟာ တော်တော် အရေးကြီးတယ်။ သူတို့ သုံးယောက်သား လှေကားက ခြေဖျားထောက်ပြီးတက်တော့ လူကြီးကြီးက ရှေ့ဆုံးက၊ လူငယ်ငယ်က အလယ်က၊ တတိယလူက နောက်ဆုံးက"



www.burmeseclassic.com

www.burmeseclassic.com



"လွန်လွန်းလှချေကလားဗျာ"

"အို ဒီဟာအတွက်တော့ ဘာမှရှုပ်ထွေးစရာမရှိပါဘူး။ ခြေရာတွေက ကောင်းကောင်း ထင်ရှားနေပါတယ်။ ဒါနဲ့ သူတို့သုံးယောက်အပေါ်ရောက်တော့ တံခါးက သော့ခတ်ထားတာနဲ့ သူတို့မှာ ပါတဲ့သံချောင်းနဲ့ ထိုးပြီးဖွင့်တယ်။ ဒီမှာ ခြစ်ရာတွေ မမြင်ဘူးလား။ မှန်ဘီလူးနဲ့တောင် ကြည့်စရာမလိုပါဘူးဗျာ။ ဒါနဲ့ အခန်းထဲဝင်မိတော့ သူတို့ဘာလုပ်သလဲ။ ရှေးဦးစွာ တေဝါရီကို မအော်နိုင်အောင် ပါးစပ်ကို အဝတ်နဲ့ဆို့တယ်။ ပြီးတော့ သူ့လက်များ ခြေများကိုလဲချည်တုပ်ပြီး သူတို့သုံးယောက် စည်းဝေးတိုင်ပင်ကြတဲ့ လက္ခဏာရှိတယ်။ စည်းဝေးတာလဲ တော်တော်ပဲကြာတဲ့ လက္ခဏာရှိတယ်။ ဘာပြုလို့လဲဆိုတော့ ဒီလို စည်းဝေးတုန်းသူတို့သောက်တဲ့ ဆေးလိပ်တိုများကို မြင်ခြင်းအားဖြင့် သိနိုင်တယ်။ စည်းဝေးတဲ့ အခါမှာ လူကြီးကြီးက ဟောဟို ကုလားထိုင်မှာ ထိုင်ပြီး ဆေးတံနဲ့ ဆေးလိပ်သောက်တယ်။ လူငယ်ငယ်ကဟောဟို စားပွဲအစွန်းမှာထိုင်တယ်။ သူက ဆေးလိပ်သောက်ပြီး ပြာကို စားပွဲနဲ့ပွတ်ပြီးချေတယ်။ တတိယအကောင်ကတော့ ဒီမှာ စကြံ့လျှောက်ပြီးနေတယ်။ ဒီအခါမှာ တေဝါရီကတော့အိပ်ရာမှာ မျက်လုံးကြီးပြူးပြီး ထိုင်နေတဲ့ လက္ခဏာရှိတယ်။ ဒီလို စည်းဝေးတိုင်ပင်ပြီး သူတို့ဆုံးဖြတ်ချက်က တေဝါရီကို ကြိုးဆွဲချပြီး သတ်ဖို့ သဘောတူကြတယ်။ ဒီလိုသတ်ဖို့ကို သူတို့အစကတည်းက ကြံရွယ်ထားတဲ့အတွက် ကြိုးဆင်ရအောင်စက်အူလှည့်နဲ့ ဝက်အူများတောင် ယူလာခဲ့တယ်။ သို့သော်လဲ မီးအိမ်ချိတ်စရာ သံချိတ်ကိုမြင်တော့ အခန့်သင့်လှပြီလို့ ဝက်အူများကို ပစ်လိုက်ကြသည်။ နောက်ဆုံးမှာ သူတို့ တေဝါရီကို အဆုံးစီရင်ပြီးတော့ လာလမ်းအတိုင်း ပြန်ပြီးသွားလို့ အပြင်ရောက်တော့ တတိယလူက အထဲကနေပြီး တံခါးကို ပိတ်မြဲတိုင်း အခြေမပျက် ပိတ်ထားလိုက်တယ်"

ဦးစံရှားမှာ ကျွန်တော်တို့၏ မျက်စိ၌ မထင်ရှားသော အထိမ်းအမှတ်ကလေးများကို ကြည့်ရှုချင့်ချိန်ကာမျှနှင့် ဤမျှလောက် သိရှိနိုင်သဖြင့် မိမိထင်မြင်ချက်များကို တခုပြီးလျှင်တခု ပြောပြသည်တွင် ကျွန်တော်တို့မှာ ပါးစပ်ကို ဟလျက် နားထောင်နေကြရရာ စကားအဆုံး၌ အင်စပက်တော် ကိုထွန်းတင်သည် ဒရဝမ်ကိုရှာရန် ထွက်သွားသဖြင့် ကျွန်တော်တို့လည်း ထမင်းစားရန် နေအိမ်သို့ ပြန်လာကြလေ၏။

ထမင်းစားပြီးလျှင် ဦးစံရှားက "ညနေ ငါးနာရီ မထိုးမီ ကျုပ်ပြန်ရောက်အောင် လာခဲ့မယ်ဗျို။ ဒေါက်တာဆန်နရယ်နဲ့ ကိုထွန်းတင်တို့လဲ လာကြလိမ့်မယ်။ ခင်ဗျားလဲ အလုပ်ပြီးပြီးချင်း ပြန်ခဲ့ပေတော့။ ကျုပ်ပြန်လာယင်ဖြင့် ဒီအမှုပေါ်ကောင်းပါရဲ့"ဟု ပြော၍ ဦးစံရှားလည်း စုံထောက်ရန် ထွက်သွားရာ ကျွန်တော်လည်း အလုပ်တိုက်သို့ ထွက်လာခဲ့လေ၏။

အလုပ်မှ ပြန်လာလျှင် အင်စပက်တော်နှင့် ဒေါက်တာဆန်နရယ်တို့သည် အိမ်မှ စောင့်ဆိုင်းလျက်ရှိနှင့်ကြရာ နာရီတဝက်ခန့်အကြာတွင် ဦးစံရှားလည်း တက်လာလေ၏။

အင်စပက်တော်ကိုမြင်လျှင် ဦးစံရှားက "ဘယ်နှယ်လဲ ကိုထွန်းတင်၊ ဘာများ ထူးသေးသလဲ"

တင်။ ။"ဒရဝမ်ဖြင့် ကျွန်တော်မိပြီ ဆရာရဲ့"

ရှား။ ။"ဟုတ်လား၊ ကျုပ်လဲ ဟိုလူနှစ်ယောက်ကို သိခဲ့ပြီ"ဟု ပြောလျှင် ကျွန်တော်တို့လည်း အံ့သြလျက် ရှိကြရာ ဦးစံရှားက "ဟုတ်တယ်၊ ကျုပ်လဲ သူတို့နှစ်ယောက်အကြောင်း ကောင်းကောင်း သိခဲ့ပြီဗျ။ ဒီကောင်တွေက နာမည်ကျော်တွေကလားဗျ။ ခင်ဗျား ကြားဖူးပါလိမ့်မယ်။ ဂူတာရယ်၊ မိုဟန်ရယ်၊ ဂွတ်ရယ်။ သူတို့သုံးယောက်ပေါ့"

တင်။ ။"ဩော်၊ လွန်ခဲ့တဲ့ ၇ နှစ်လောက်က ဘင်္ဂလားမှာ ဘဏ်တိုက်ဖောက်တယ်ဆိုတဲ့အကောင်တွေ လားဗျာ"

တတိယအကြိမ်

www.burmeseclassic.com

 www.burmeseclassic.com 

ရှား။ ။"အစစ်ပေါ့ဗျာ။ သူတို့ပဲ"

တင်။ ။"ဒါဖြင့် တေဝါရီက သူတို့တသင်းတည်းသားပေါ့လေ။ တေဝါရီဆိုတာ ဘရှုဝါပဲ မှတ်တယ်"

ရှား။ ။"ဟုတ်တယ်။ ဩော် ခင်ဗျား လူဆိုးစာရင်း တော်တော်တတ်တဲ့ လူပဲဗျို့။ မှတ်ဉာဏ်လဲ တော်တော်ကောင်းတယ်။ တော်ရဲ့ ခင်ဗျာ"

တင်။ ။"ဩော် ဟုတ်ပြီဗျို့။ ဒါဖြင့် အရှင်းသားပါကလား"ဟု တယောက်နှင့်တယောက် အချီအချ ပြောနေကြလျှင် ကျွန်တော်နှင့် ဒေါက်တာဆန်နရယ်တို့မှာ နားမလည်နိုင်သဖြင့် သူတို့မျက်နှာကိုသာ ကြည့်နေကြရလေ၏။

ထိုအခါ ဦးစံရှားက "လွန်ခဲ့တဲ့ ၇နှစ်လောက်က ကာလကတ္တားမှာ ဘဏ်တိုက်ဖောက်တဲ့အကောင်တွေ ဒီအကောင်တွေပေါ့ဗျ။သေတဲ့ တေဝါရီရယ်၊အခု ဒရဝမ်ကုလားယောင်ဆောင်နေတဲ့အကောင်ရယ်၊ သားအဘယောင်ဆောင်ပြီး လာတဲ့ အကောင်နှစ်ယောက်ရယ်။ သူတို့ လေးယောက်ပေါ့ဗျ။ ဒီတုန်းက ငွေတသိန်းကျော် ပါသွားတယ်။ နောက်မတော့ သူတို့မိရော။ မိသော်လဲ သက်သေက ကောင်းကောင်းမလုံလောက်တော့ လွတ်မလိုဖြစ်နေတုန်း ဒီက တေဝါရီဆိုတဲ့ကောင်က အစိုးရသက်သေအဖြစ်နဲ့ သက်သေခံ၊ သူ့မှာတော့ လွတ်ကရော။ ဟိုအကောင်တွေမှာတော့ ထောင် ၇ နှစ်စီ ကျတာကိုးဗျ။ ဒီတော့ ဒီအကောင် သုံးယောက်က တေဝါရီ့အပေါ်မှာ အင်မတန် ရန်ငြိုးကြီးနေ။ ထောင်က လွတ်လွတ်ချင်း သေကြောင်းကြံတာ သုံးခါရှိပြီ။ ဒီတခါမှ ခင်ဗျားတို့မြင်တဲ့အတိုင်း သူတို့အကြံ အောင်သွားတာပါပဲ။ ကဲဗျာ၊ ဘာများ မရှင်းလင်းတာ ရှိသေးသလဲ"

ဒေါက်တာ။ ။"ရှင်းပါပေတယ်ဗျာ။ ဩော် အခုမှ ကျွန်တော် ရိပ်မိတယ်ဗျို့။ ဟိုတနေ့က တေဝါရီ ထိတ်လန့်တုန်လှုပ်တာက ဒီကောင်တွေ ထောင်က နှစ်စေ့လို့ လွတ်လာကြောင်း ကြားရလို့ သူ တုန်လှုပ်တာပဲ။ ဟုတ်ပြီ။ ဟုတ်ပြီ"

ရှား။ ။"အစစ်ပဲ။ ရန်ကုန်အရှေ့ပိုင်းမှာ တိုက်ဖောက်တယ်ကြားလို့လေး ဘာလေးဆိုတာ ညာတဲ့ အလုံးတွေပဲ"

ဒေါက်တာ။ ။"ဒါဖြင့် ဒီအကြောင်း သူဘာဖြစ်လို့ ဖွင့်မပြောရသလဲဗျ"

ရှား။ ။"ဩော် သူက နာမည်ပြောင်းပြီး ရန်ကုန်မှာလာနေတော့ သူ့စိတ်က လွတ်လိမ့်မယ်လို့လဲ ထင်မိသပေါ့ဗျာ။ ဒီအပေါ်မှာ သူ့အဖြစ် ပြန်ပြောရမှာက ရှက်စရာကြီးကလား။ ဒါကြောင့် သူမြုံပြီး မလွဲမကင်းသာမှ ထုတ်ပြောမယ်လို့ စိတ်ကူးထားတယ်ထင်တယ်။ ဩော် သွားရှာပေါ့ လူမိုက်တယောက်။ သို့သော် သူဘယ်လိုပင် မိုက်သော်လဲ ဒီကောင်တွေ ဖမ်းဖို့ဝတ္တရားက ခင်ဗျားအပေါ်မှာ ရှိသေးသဗျနော် ကိုထွန်းတင်"

ထို့နောက် တနင်္ဂနွေတပတ်ခန့် ကြာရှိလတ်သော် ကုလားသုံးယောက်တို့သည် မြစ်ကြီးနား မြောက်ဘက် တရုတ်နယ်စပ်မှ ဖြတ်သန်း၍ တရုတ်နယ်သို့ကူးရန် ကြံစည်လျက်ရှိသည်ကို ပုလိပ်ဘက်ဆိုင်ရာက သက်သာမကင်းသဖြင့် ဖမ်းဆီးထားရာ ယင်းလူသုံးယောက်တို့မှာ တေဝါရီကိုသတ်သွားသောသူများပင်ဖြစ်ကြောင်းနှင့် အက်စပက်တော် ကိုထွန်းတင်ထံမှ ကြားသိရပါသတည်း။

ဘာတွဲယအကြိမ်

www.burmeseclassic.com

# ၅၂။ လယ်ဝန် ဦးသာလူနှင့် ဇနီးမခင်တင့် သတ်မှု*

ကျွန်တော်နှင့် ဦးစံရှားတို့သည် တယောက်နှင့်တယောက် သိကျွမ်းခါစအချိန်၌ ရက်သတ္တတပတ်လျှင် တကြိမ်နှစ်ကြိမ်မျှ နံနက်စောစော ကန်တော်ကြီးတပတ် လမ်းလျှောက်လေ့ရှိ၏။ နောက်ပိုင်း ဦးစံရှား နာမည်ကြီးလာသော အချိန်၌ လမ်းလျှောက်ဖို့ အချိန်မရသောနေ့က များနေသဖြင့် တဖြည်းဖြည်း အလေ့အကျင့်ပျက်သွားပါသည်။ တနေ့သ၌ ကျွန်တော်တို့သည် လမ်းလျှောက်ရာမှ ပြန်လာ၍ အိမ်ပေါ်သို့ တက်ကြသည်တွင် ကုလားထိုင်ပေါ်၌ ထိုင်စောင့်နေသော မိန်းမတယောက် ထလိုက်၍ "ကျွန်မစောင့်နေတာ ကြာလှပါပြီ ကိုသိန်းမောင်"ဟု ပြောရာ ကျွန်တော်ကလည်း "မကြီးမေပါကလား။ မလာစဖူး ဘာကိစ္စများရှိလို့လဲဗျ"ဟု မေးရလေသည်။

ဦးစံရှားနှင့် အတူမနေမီ ကျွန်တော်သည် ကျောင်းဆရာမ အပျိုကြီးများဖြစ်ကြသည့် မကြီးမေ၊ မခင်တင့်တို့၏ တိုက်ခန်းတွင် ထမင်းလခပေးစားပြီး အတူတူနေကြ၏။ ကျွန်တော်တို့သုံးယောက်မှာ အညာသူ အညာသားများ ဖြစ်ကြလေသည်။ ကျွန်တော်တို့အကြောင်းကို အနည်းအကျဉ်းမျှသာ သိသူများက အပျိုကြီးနှစ်ယောက်နှင့် လူပျိုကြီးတယောက် အတူနေကြသည်ဆို၍ တနေ့နေ့၌ ကျွန်တော်နှင့် အပျိုကြီးတယောက်ယောက် ညားကြလိမ့်မည်ဟု ထင်ကြ၏။ အမှန်မှာ ကျွန်တော်သည်လည်းကောင်း၊ မခင်တင့်နှင့် မကြီးမေသည်လည်းကောင်း အိမ်ထောင်ပြုချင်စိတ် မရှိကြပဲ အပျိုလူပျိုအဖြစ်နှင့် လွတ်လပ်စွာနေရခြင်းတည်းဟူသော အရသာကို လက်မလွှတ်ချင်သူများဖြစ်ကြပါသည်။ သို့ရာတွင် ကျွန်တော်က သူတို့နှစ်ယောက်နှင့်ခွဲပြီး ဦးစံရှားနှင့်အတူ နေထိုင်ရာတွင် သူတို့နှစ်ယောက်အနက် တယောက် မခင်တင့်မှာ မုဆိုးဖို လယ်ဝန်ကြီး ဦးသာလူနှင့် အိမ်ထောင်ကျ၍ ပတ်ကလိန်းလမ်းသို့ ပြောင်းရွှေ့သွားကြ၏။ မခင်တင့်သည် ဦးသာလူကို ယူမည်ပြုသောအခါ မိမိ၌ ညီအစ်မ အရင်းတမျှချစ်သည့် သူငယ်ချင်း မကြီးမေနှင့် မခွဲမခွာနေရမှ ယူနိုင်မည်ဟု ပြောသည်နှင့် ဦးသာလူကလည်း သဘောတူပါသည်ဟု ပဋိညာဉ်ပေးပြီးမှ လက်ထပ်ကြခြင်းဖြစ်လေသည်။ ဦးသာလူနှင့် မခင်တင့်တို့ မင်္ဂလာဆောင်သောနေ့တွင် ကျွန်တော်မှာ မိခင် နေမကောင်းလျက်ရှိသော မန္တလေးမြို့သို့ သွားနေရသည်နှင့် အချို့က မကြည့်ချင်သောကြောင့် ဟွက်သွားသည်ဟူ၍ပင် ပြောကြပါသေးသည်။

---

* ဤဝတ္ထုကို မသွေးသောက်မဂ္ဂဇင်း၊ ၁၉၆၁၊ အောက်တိုဘာလထုတ် အမှတ် ၁၀၉တွင် ဤအမည်နှင့်ပင် တွေ့ရသည်။ မြန်မာပြည်စာအုပ်တိုက်နှင့် နှလုံးလှစာပေတိုက်ထုတ် မူများတွင် မတွေ့ရသော ဦးစံရှားဝတ္ထုများအနက် တပုဒ်ဖြစ်သည်။ ကိုနင်ဒွိုင်း၏ ရှားလော့ဟုမ်း ဝတ္ထုများတွင် ရှာမတွေ့သေး။

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်သည် ဦးစံရှားနှင့် မကြီးမေတို့ကို မိတ်ဆက်ပေးပြီးနောက် မကြီးမေအား ကိစ္စကိုမေးရာ မကြီးမေက ''ရှင့်မိတ်ဆွေကြီး ဦးစံရှားကို တွေ့ချင်လို့ပဲ။ မခင်တင့်တို့ လင်မယားနှစ်ယောက်စလုံး သေကုန်ကြပြီ ကိုသိန်းမောင်ရဲ့''

''အလိုဗျာ၊ လယ်ဝန်ဦးသာလူရောလား''

''နှစ်ယောက်စလုံး ကိစ္စချောကုန်ပြီရှင့်''

''ဖြစ်ရလေဗျာ၊ ဦးသာလူကို စိတ္တဇဆေးရုံတင်ထားတယ်ဆို၊ ဆင်းလာတာ ဘယ်လောက်ကြာပြီလဲ''

''တလကျော်လောက် ရှိပါပြီရှင်၊ ဆင်းလာတော့ အကောင်းကြီးပဲ၊ အခုကျတော့မှ ဘယ့်နှယ်ဖြစ်တယ် မဆိုနိုင်ဘူး၊ သူ့မယားသူ ပစ်သတ်၊ နောက်ပြီးတော့ သူ့ကိုယ်သူ ပစ်သတ်သတဲ့၊ နှစ်လောင်ပြိုင်သေကြပါရောလား ကိုသိန်းမောင်''

''ဒါဖြင့် တရားခံဟာ ဦးသာလူပေါ့လေ''

''ဟုတ်တာပေါ့ရှင့်၊ တံခါးပိတ်ထားတဲ့ အခန်းထဲ သူတို့နှစ်ယောက်တည်းပဲ ရှိတယ်၊ ဦးသာလူ မပစ်ယင် ဘယ်သူက လာပစ်နိုင်မှာလဲ ကိုသိန်းမောင်ရဲ့၊ နို့ပေမယ့် ကျွန်မ စိတ်ထဲမှာ သံသယ မကင်းတာ ကလေးတချက်ကတော့ ဦးသာလူဟာ လူကြီးလူကောင်းတယောက်ပဲရှင့်၊ တကယ်လို့ တချက်တချက် စိတ်နောက်တဲ့ရောဂါ ပေါ်တယ်ဆိုစေဦးတော့ သူ အင်မတန် မြတ်နိုးတားတဲ့ မယား မခင်တင့်ကိုတော့ ပစ်သတ်လိမ့်မယ် မထင်မိဘူးရှင်''

ဤနေရာ၌ ကျွန်တော်သည် မခင်တင့်နှင့် မကြီးမေတို့၏ ခင်မင်ကြဖူးခြင်း အကြောင်းနှင့် မခင်တင့်နှင့် ဦးသာလူတို့ အကြောင်းများကို အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဦးစံရှားအား ပြောပြပြီးနောက်

''ကြည့်လုပ်ပါဦးဗျ'' ဟု ပြောလေ၏။

ရှား॥ ॥''သေဆုံးပုံကို အသေးစိတ် နည်းနည်းပြောပြစမ်းပါဦးလေဗျာ''

မေ॥ ॥''မနေ့ညတုန်းက ၈ နာရီ အချိန်လောက်မှာ ဦးသာလူနဲ့ မခင်တင့်တို့ နှစ်ယောက်ဟာ တိုက် အရှေ့ဘက် အစွန်ဆုံးမှာရှိတဲ့ ဦးသာလူရဲ့ စာကြည့်ခန်းထဲမှာ နှစ်ယောက်တည်း စကားပြောနေကြတယ်လို့ ကျွန်မတို့ သိရပါတယ်၊ သေနတ်သံကြားမှ သွားကြည့်လိုက်တော့ နှစ်ယောက်လုံး လဲနေတာ တွေ့ရပြီး ဦးသာလူ အနီးက သေနတ်တလက် တွေ့ရပါတယ်''

ရှား॥ ॥''သူတို့ လင်မယား ဒီအခန်းထဲမှာ တံခါးပိတ်ပိတ်ပြီး စကားပြောတတ်တဲ့ အလေ့အကျင့် ရှိသလား''

မေ॥ ॥''ခါတိုင်း ဒီလိုလုပ်နေကျလို့တော့ ကျွန်မ မပြောနိုင်ပါဘူးရှင်''

ရှား॥ ॥''ဒီအခိုက်မှာ ဘယ်သူတွေများ ရှိနေသလဲ''

မေ॥ ॥''ဦးသာလူရဲ့တူ ကိုမြင့်ထူးနဲ့ သူ့သူငယ်ချင်း ကိုဖုန်းကျော်တို့က မန္တလေးက ရောက်လာပြီး အိမ်မှာတည်းနေကြတာ လေးငါးရက်လောက် ရှိနေပါပြီ၊ သူတို့လဲ ရှိကြပါတယ်''

ရှား॥ ॥''သူတို့ လင်မယားနှစ်ယောက်ကတော့ ချစ်ချစ်ခင်ခင်ပဲဆို''

မေ॥ ॥အင်မတန် ချစ်ခင်ကြပါတယ်၊ သို့သော် လင်နဲ့မယား လျှာနဲ့သွားဆိုတာလို တခါတရံ ဘာကြောင့်လဲမသိ၊ ကတောက်ကဆ စကားများကြတာကိုတော့ ကြားရဖူးပါတယ်''

ရှား॥ ॥''ညတုန်းက ဖြစ်ပုံကို အသေးစိတ် ပြောပြစမ်းပါဦး''

မေ॥ ॥''မနေ့ညတုန်းက ထမင်းစားပြီးကြတဲ့နောက်''

www.burmeseclassic.com


ရှား။ ။“ထမင်းစားကြတာ ဘယ်နှစ်ယောက်လဲ”

မေ။ ။“သူတို့လင်မယားရယ်၊ ညွှန့်သည်နှစ်ယောက်ရယ်၊ ကျွန်မရယ်အားလုံး ငါးယောက်ပါပဲ၊ စားပြီးတဲ့နောက် မခင်တင့်က ဦးသာလူကို စာကြည့်ခန်းထဲ ခေါ်သွားပါတယ်၊ စာကြည့်ခန်း ဆိုတာက ဦးသာလူ တယောက်တည်း အသုံးပြုတဲ့ အလုပ်ခန်းပါပဲ”

ရှား။ ။“သူတို့နှစ်ယောက် ထသွားကြတော့ ကျန်တဲ့လူ သုံးယောက် ဘယ်မှာ ဘာလုပ်နေကြသလဲ”

မေ။ ။ကျွန်မနဲ့ ကိုဖုန်းကျော်ကညွှန့်ခန်းထဲ ဝင်သွားကြပြီ ဓာတ်စက်ဖွင့်ကြပါတယ်၊ကိုမြင့်ထူးက စားပွဲခန်းထဲမှ တယောက်တည်း ထိုင်ကျန်ရစ်ပြီး ‘ပေးရှင်း’ဖဲ ကစားနေရစ်ပါတယ်”

ရှား။ ။“စကားပြောဖို့ အဖော်တွေရှိလျက်နဲ့ တယောက်တည်း ဖဲကစားနေရစ်သလား”

မေ။ ။“ကိုမြင့်ထူးက ‘ပေးရှင်း” အင်မတန် ဝါသနာပါတယ်ရှင့်။ တခါကစားယင် သုံးကြိမ် မရမချင်း မထပဲ ကစားတတ်ပါတယ်”

ရှား။ ။“အခန်းတည်နေပုံက ဘယ်လိုလဲဗျ”

မေ။ ။“အနောက်ဘက်ဆုံးက ညွှန့်ခန်း၊ အလယ်မှာ စားပွဲခန်း၊ အရှေ့ဘက်ဆုံးက စာကြည့် ခန်းပါ”

ရှား။ ။“ညွှန့်ခန်းကို နေပူတဲ့ဘက်က ထားသလား”

မေ။ ။“နေမပူပါဘူး၊ အနောက်ဘက်က ပိန္နဲပင်ကြီး ရှိပါတယ်၊ ဦးသာလူက သူ စာကြည့်ဖို့နဲ့ အလုပ်လုပ်ဖို့ အကောင်းဆုံး အခန်းကို ယူထားပါတယ်”

ရှား။ ။“ကိုမြင့်ထူး တယောက်တည်း ဘယ်လောက်ကြာကြာ ကစားနေရစ်သလဲ”

မေ။ ။“သူ့ထုံးစံက သုံးခါ မရမချင်း ကစားတတ်တယ်ရှင့်၊ နှစ်ခါရပြီးတဲ့နောက် ကိုမြင့်ထူးက ကျွန်မတို့ဘက် ကူးလာပြီး ဘကြီးတို့လင်မယား စကားများနေကြတယ်ဗျို့တဲ့၊ ကျွန်မတို့ကိုပြောပြီး အပြင် ဘက်ထွက်သွားပါတယ်”

ရှား။ ။“သူထွက်သွားပြီးတဲ့နောက် ဆရာမတို့ နှစ်ယောက်ကကော ထိုင်နေရစ်ကြတာပဲလား”

မေ။ ။“ကိုဖုန်းကျော်က စီးကရက် ကုန်သွားလို့ တိုက်ပေါ်တက်ပြီး သွားယူတယ်၊ ဒီတော့ ကျွန်မတယောက်တည်း ဖိုးစိန်ကြီးရဲ့ ချင်းဖဝေးဓာတ်ပြား ဖွင့်ပနရစ်တုန်းမှာ ဒိုင်း ဒိုင်းဆို သေနတ်သံ နှစ်ချက် ကြားလိုက်ရပါတယ်”

ရှား။ ။“အရှေ့ဘက်ဆီကလား”

မေ။ ။“ဟုတ်ပါတယ်၊ သို့သော် မခင်တင့်တို့ အခန်းကလို့တော့ တပ်အပ်မထင်တတ်သေးပါဘူး”

ရှား။ ။“ဒီတော့ ဘာလုပ်သလဲ”

မေ။ ။“ကျွန်မ တယောက်တည်းဖြစ်နေလေတော့ကြောက်ပြီး ထမင်းစားခန်းဘက်ကူးပြေးရာမှာ တိုက်ပေါ်က စီးကရက်ဗူးနဲ့ ပြန်ဆင်းလာတဲ့ ကိုဖုန်းကျော်နဲ့ လှေကားမှာ တွေ့ပါတယ်၊ နောက်တခဏမှာပဲ ကိုမြင့်ထူးက အိမ်အပြင်က ပြေးဝင်လာပြီး ‘ဆရာမ အသာနေဗျို့၊ လူဆိုးတွေ ရောက်နေတယ်ထင်တယ်၊ ဒမြလား မဆိုနိုင်ဘူး၊ ဆရာမ နေရစ်ခဲ့၊ ကျွန်တော်တို့ သွားကြည့်လိုက်ဦးမယ်၊ လာဗျို့ ကိုဖုန်းကျော်’ဆိုပြီး သူတို့နှစ်ယောက် စာကြည့်ခန်းတံခါးကို တွန်းဖွင့်ကြတယ်၊ ဟိုဘက်က မင်းတုပ်ချထားလို့ ဖွင့်မရဘူးရှင့်”

ရှား။ ။“နောက် ဘယ့်နှယ်လုပ်ကြသလဲ”

မေ။ ။“ကျွန်မတို့ သုံးယောက်စလုံး အိမ်ပြင်ထွက်ကြပြီး မြတင်းပေါက်က ချောင်းကြည့်ကြတယ်”



www.burmeseclassic.com

www.burmeseclassic.com


ရှား။ ။"မှန်ပြတင်းပေါက် ပိတ်ထားတာတွေလို့ ချောင်းကြည့်ကြတယ်ပေါ့"

မေ။ ။"ဟုတ်တယ်ရှင့်။ လင်မယားနှစ်ယောက်စလုံး ကြမ်းပေါ်မှာ ပက်လက်ကြီးတွေလန်လို့။ ရင်ဘတ်က သွေးတွေစီးလို့ရှင့်"

ရှား။ ။"နောက်ကော"

မေ။ ။"ကိုမြင့်ထူးက ပန်းအိုးတွေနားက ကျောက်ခဲကြီးတလုံးကို ပြေးကောက်လာပြီး မှန်ပြတင်းပေါက်တခုကို ထုခွဲပြီး ဖွင့်တယ်ရှင့်"

ရှား။ ။"မှန်ပြတင်း ဘယ်နှစ်ပေါက်ရှိသလဲ"

မေ။ ။"နှစ်ပေါက်ရှိတယ်ရှင့်"

ရှား။ ။"ဘယ်ဘက်က ပြတင်းပေါက်ကို ဖွင့်သလဲ"

မေ။ ။"ကျွန်မတို့ကို မှန်ကွဲအစအနတွေ စဉ်မှန်မှာစိုးလို့ ဝေးတဲ့ဘက်က မှန်ပြတင်းကို ထုခွဲတယ်ရှင့်"

ရှား။ ။"မှန်ပြတင်းကို အမြဲပဲ ပိတ်ထားတတ်သလား"

မေ။ ။"ညတိုင်း ပိတ်တယ်ရှင့်"

ရှား။ ။"ဒီအခန်းထဲမှာ အဖိုးတန်ပစ္စည်း ဘာများထားလို့လဲ"

မေ။ ။"ဦးသာလူက မြေတိုင်းနဲ့ပတ်သက်တဲ့ ကျမ်းတခုရေးပါတယ်။ သူ့စာမူတွေ ပျောက်မှာကို သိပ်စိုးရိမ်တယ်။ မခင်တင့်ရဲ့ လက်ဝတ်လက်စားကိုတောင် သူက ဒါလောက် ဂရုမစိုက်ဘူး"

ရှား။ ။"သေနတ်ကို ဘယ်နားမှာတွေ့သလဲ"

မေ။ ။"ဦးသာလူရဲ့ လက်ယာလက်နားမှာ တွေ့ပါတယ်"

ရှား။ ။"ဆုပ်ကိုင်ထားသလား"

မေ။ ။"ဆုပ်ကိုင်မထားပါဘူး။ လက်နားမှာရှိပါတယ်"

ရှား။ ။"နောက်ဆုံးအခြေအနေ ဘယ့်နှယ်လဲ"

မေ။ ။"ဆရာဝန်ခေါ်၊ အလောင်းတွေကို ဆေးရုံပို့၊ ဌာနက လာစစ်၊ ကျွန်မစိတ်ထဲမှာ အဖန်ငါးရာ ငါးကမ္ဘာဆိုတာမျိုး မဖြစ်စေချင်တာနဲ့ လွဲပါစေ ချော်ပါစေဆိုတဲ့ မျှော်လင့်ချက်နဲ့ ကိုသိန်းမောင်ဆီ လာတိုင်ပင်ခြင်းဖြစ်ပါတယ်။ သေတာချင်းအတူတူပေမယ့် ကိုယ့်ကိုယ်ကို သတ်သေတယ်ဆိုတော့ ဘဝကူး မကောင်းဘူးရှင့်"

ကျွန်။ ။"ဟုတ်ပါရဲ့ဗျာ။ ဟုတ်ချင်ဟုတ်၊ မဟုတ်ချင်နေ။ ကျွန်တော်တို့ လိုက်ကြည့်ဦးစို့လားဗျို ဦးစံရှား"

ထို့နောက် ကျွန်တော်သည် မြင်းရထားတစီးခေါ်၍ ပတ်ကလိန်းသို့ သုံးယောက်သွားကြလေ၏။ မကြီးမေမူကား လမ်းတလျှောက်လုံး ရှိုက်ကြီးတငင် ငိုကြွေးကာ လိုက်ပါလာလေ၏။

ပက်ကလိန်းသို့ ရောက်သောအခါ အတန်ကျယ်ဝန်းသော ဝင်းခြံကြီးအတွင်း နှင်းဆီပန်းအိုးများနှင့် ခြံရံလျက်ရှိသည့် တိုက်ခံအိမ်ကြီးတလုံးသို့ ရောက်သောအခါ မကြီးမေက မြင်းရထားကို ရပ်စေ၍ ကျွန်တော်သို့သုံးယောက် ဆင်းကြလေ၏။ ဦးစံရှားသည် ရှေ့ဆုံးမှ လျှောက်သွားစဉ် မြေကြီးကို သေချာစွာ လျှောက်ကြည့်ရာ မြေကွက်လပ်တခုကို မြင်သဖြင့် ကျွန်တော့်အား ထောက်၍ပြ၏။ ယင်းမှာ မှန်ပြတင်းကို ထုခွဲသည့် ကျောက်တုံးရှိဖူးသောနေရာပင် ဖြစ်လေသည်။ တခုသော မှန်ပြတင်းပေါက်မှာ မကြီးမေ ပြောသည့်အတိုင်း ထုခွဲပြီး ဖွင့်ထားသည့် လက္ခဏာနှင့် မှန်ကွဲ အစအနများကို တွေ့ရလေ၏။ ဦးစံရှားသည်


www.burmeseclassic.com

www.burmeseclassic.com



မှန်ကွဲအစအနမျှားကို တခုစီ ကောက်ယူကြည့်ရှုလျက်ရှိသည်။ အိမ်နောင်ဖေးဘက်ဆီမှ စကား အော်ကျယ် အော်ကျယ် ပြောတတ်သူတယောက်သည် ကြိမ်လုံးလေးတလုံးကို ဝင့်လျက် ကျွန်တော်တို့ရှိရာသို့ လျှောက် လာလေ၏။ ထိုသူကား အင်စပက်တော် ကိုအုန်းဖေပင် ဖြစ်သည်။

ဖေ။ ''ဩော် ဆရာရောက်လာမှကိုး။ ဆရာက စိတ်စနောင့်စနင့်ဖြစ်ဟန်ရှိတယ်။ အမှုကတော့ မထူးလှပါဘူး ဆရာရယ်။ ဆရာစုံစမ်းချင်ယင် လယ်ဝန်မင်း ဦးသာလူဟာ ဘာကြောင့်စိတ်ဖောက်ပြန်သွား တယ်ဆိုတာကို စုံစမ်းရုံလောက် ရှိတာပါပဲ။ တရားခံကိုတော့ အထူးစုံထောက်နေဖို့ အလုပ်မရှိပါဘူး။ ရှင်းနေတာပါပဲ ဆရာ''

ရှား။ ။''ဟုတ်မှာပေါ့လေ။ သို့သော် ဆရာမ ကျေနပ်အောင် ခဏလောက်တော့ ဝင်ကြည့် ဦးမှ တော်မယ်ထင်တယ်''

စာကြည့်ခန်းအတွင်းသို့ ရောက်ကြသောအခါ မှန်ဗီရိုသုံးလုံးနှင့် အပြည့်ရှိသော စာအုပ်များကို တွေ့ကြ၍ ဦးစံရှားသည် စာအုပ်များကို ထုတ်ကြည့်ရာတွင် မြေတိုင်းခြင်းပညာနှင့် ဆိုင်သော အင်္ဂလိပ် စာအုပ်များဖြစ်ခြင်းကို တွေ့ရ၏။ အခန်းတဘက်၌ စာရေးစားပွဲတခုနှင့် ပတ်ချာလည်သော ကုလားထိုင်တလုံးရှိရာ ယင်းမှာ ဦးသာလူ အလုပ်လုပ်သော စားပွဲဖြစ်ဟန်ရှိ၏။ အခြားတဘက်၌ကား စားပွဲ ဝိုင်းကလေးနှင့် ကုလားထိုင်တခု ရှိလေသည်။ ယင်းတို့ကို တွေ့ပြီးနောက်

ရှား။ ။''အလောင်းတွေ တွေ့တာက ဘယ်နေရာလဲဗျ''

ဖေ။ ။''ဒီကော်ဇောပေါ်မှာ ဆရာရဲ့''

အခန်း၏အလယ်တွင် ဥရောပတိုက်သားများ အသုံးပြုသည့် သိုးမွေးကော်ဇောကြီးတချပ် ရှိလေရာ ကုလားထိုင်ခုံကို မကော်ဇောတခြမ်းပေါ်၌ ခင်းထားခြင်း ဖြစ်လေသည်။ ဦးစံရှားသည် အလောင်းများတွေ့ သည့်ဆိုသော နေရာသို့ ငုံ့ကြည့်ရာတွင်''အလို၊ ဒါကဘာလဲဗျ''ဟုဆိုကာ ကောက်ယူလိုက်၏။ ယင်းမှာ ဘင်္ဂလားဆေးလိပ် အတိုကလေးတခု ဖြစ်သည်။

ရှား။ ။''အလောင်းတွေကိုတွေ့တော့ ဘယ်ဘက်ကို ခေါင်းလှည့်နေကြသလဲ''

ဖေ။ ။''အရှေ့ဘက်ကိုပါဆရာ''

ရှား။ ။''နှစ်လောင်းစလုံးလားဗျ''

ဖေ။ ။''တလောင်းက အရှေ့ဘက်၊ တလောင်းက အနောက်ဘက်ပါဆရာ''

ရှား။ ။''ဩော်''

ထိုခဏ၌ ဆရာမ မကြီးမေသည် ကိုဖုန်းကျော်နှင့် ကိုမြင့်ထူးတို့ကို ခေါ်ယူကာ အခန်းတွင်းသို့ ဝင် လာကြလေ၏။ ကိုဖုန်းကျော်မှာ ခပ်တုတ်တုတ် ခန့်ခန့် လူတယောက်ဖြစ်၍ ကိုမြင့်ထူးမှာ ခပ်သွယ်သွယ် မြင့်မြင့်နှင့် ရုပ်ရည်သနားကမားရှိသူတယောက် ဖြစ်လေသည်။ ထိုလူနှစ်ယောက်အနက် ကိုဖုန်းကျော်သည် ခပ်တည်တည် စကားပြောတတ်၍ ကိုမြင့်ထူးမှုကား ရယ်ရွှန်းပါရွှန်း ပြောတတ်သူဖြစ်၏။ သူ၏ ဘကြီး တယောက် သေဆုံးခြင်းကိစ္စတွင် ရယ်ကာမောကာ စကားပြောနိုင်ခြင်းကို ကျွန်တော် သတိပြုလိုက်မိသည်။ ဦးစံရှားကမူ ထိုလူနှစ်ယောက်လုံးကို စိတ်ဝင်စားသော မျက်နှာထားနှင့် တချက်တချက် လှမ်းကြည့်လျက် ရှိ၏။ ဦးစံရှား၏ အလေ့အကျင့်တခုမှာ မိမိစိတ်ဝင်စားခြင်းကို တိုက်ရိုက် စေ့စေ့ကြည့်ခြင်းအားဖြင့်သာ ဖော်မပြပဲ တချက်တချက် စောင်းမြောင်းကြည့်ရှုရုံမျှလောက်သာ ပြုလုပ်လေ့ရှိ၏။ သို့ရာတွင် တပ်အပ် သေချာ သက်သမကင်းသော လူတယောက်ကို စစ်ဆေးသောအခါမျှား၌ လူတဘက်သား လိမ်၍မပြောနိုင် လောက်အောင်ထုတ်ချင်းပေါက်မြင်နိုင်သည်ဟုထင်ရသောစူးစူးစိုက်စိုက်ကြည့်ခြင်းမျိုးဖြင့်ကြည့်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုခဏ၌ ကိုအုန်းဖေ ဝင်လာ၍ ကော်ဇောပေါ်တွင် ဆေးမြင်းလိပ်တိုကျ၍ မီးကျွမ်းထားသည့် အပေါက်ငယ်ကလေးကို ကြည့်လျက်ရှိသော ဦးစံရွှား အနီးသို့ ချဉ်းကပ်လျက်

ဖေ။ ။"ဘာကြည့်သလဲ ဆရာ။ (ဒီအမှုက ရှင်းနေတာပါဆရာ။အခက်အခဲရှိယင်တော့ ဆရာ့ကို ကျွန်တော်ကိုယ်တိုင် လာပြီး တိုင်ပင်မှာပေါ့။ အခုဟာကတော့ ရှင်းပါတယ်။ လယ်ဝန် လင်မယားဟာ အလုံပိတ်ထားတဲ့အခန်းထဲမှာ သေနတ်မှန်ပြီး သေတယ်ဆိုတော့ ပစ်တဲ့လူ ဘယ်သူ ဖြစ်နိုင်မှာလဲ ခင်ဗျာ။ သူတို့ဟာ သူတို့ ပစ်တာဖြစ်မှာပေါ့။ သူတို့နှစ်ယောက်အနက်မှာလဲ ပစ်ချင်းပစ်ယင် ဦးသာလူပဲ ဖြစ်ရမယ် မဟုတ်လား ခင်ဗျာ"

ရွှား။ ။"ဒါထက် အခန်းတံခါးပိတ်ထားတဲ့ ကိစ္စမှာ ခင်ဗျား ဘယ်လိုယူဆသလဲဗျ"

ဖေ။ ။"ဒီပြင်လူတွေ ဝင်မလာနိုင်အောင် ပိတ်ထားခြင်း ဖြစ်ရမှာပေါ့ ဆရာ"

ရွှား။ ။"ဒါဟာ စဉ်းစားစရာ တခုပဲဗျ"

ဖေ။ ။"စဉ်းစားစရာ မရှိပါဘူးဆရာ။ သေချင်တဲ့ လူမို့လို့ သူ့ဟာသူ သေအောင် ဖန်တီးတာပေါ့ ခင်ဗျာ"

ဤနေရာတွင် ကွယ်လွန်သူ ဦးသာလူ၏ တူ ကိုမြင့်ထူးက ဦးစံရွှားအား ဝင်ပြောသည်မှာ

ထူး။ ။"ဦးရဲ့အကြောင်းကို တနိုင်ငံလုံး သိပြီးဖြစ်နေလေတော့ ကျွန်တော်တောင် ထုတ်ပြောနေဖို့ မလိုပါဘူး။ကျွန်တော့်ကိုယ်၌ကလဲ ဘကြီးတယောက်ဟာ သူ့မယားကို သတ်ပြီး သူ့ကိုယ်သူ သတ်သေတယ် ဆိုတော့ နာမည်မကောင်းပါဘူး။ တတ်နိုင်ယင် သတ်တဲ့တရားခံ ပေါ်စေချင်တာပဲ ဦးရယ်။ နို့ပေမယ့် ဘကြီးတို့ အမှုကတော့ ရှင်းနေလို့မို့ ဦးအတွက် သက်သာက် အလုပ်ပိုရုံ ရှိမှာပါပဲခင်ဗျာ"

ရွှား။ ။(ကိုမြင့်ထူး၏ မျက်နှာကို စေ့စေ့ကြည့်လျက်) "အလုပ်မပိုပါဘူး။ ဦးသာလူဟာ သူ့ကိုယ်သူလဲ မသတ်ဘူး။ သူ့မယားကိုလဲ မသတ်၊ တစုံတယောက်က သေ့အေးအေးနဲ့ ဇကြံထုတ်ပြီး ရက်ရက်စက်စက် အသတ်ခံရခြင်း ဖြစ်တယ်"

ထိုအခါ အခန်းတွင်းရှိသော လူအားလုံးသည် အံ့ဩသော မျက်နှာထားများနှင့် ဦးစံရွှားအား ငေးကြည့်နေကြလေ၏။ နောက် တခဏ၌ ကိုဖုန်းကျော်သည် ဦးစံရွှားကို ငေးကြည့်နေရာမှ ပြောင်လှောင် လိုသည့်အနေဖြင့် ပြုံးစိစိ မျက်နှာထားဖြစ်ပေါ်လာ၍ "လူသတ်တရားခံက ဘယ်သူလဲ။ ကျွန်တော်များ ဖြစ်နေရော့လား ခင်ဗျာ"ဟု မေးလိုက်၏။

ရွှား။ ။"ဘယ်သူ ဘယ်ဝါဆိုတာ နက်ဖြန်တော့ သိမှာပေါ့။ ပြတင်းပေါက် တံခါးက မှန်ကွဲ တွေကို စုပြီး စားပွဲပေါ် ကျုပ်တင်ထားခဲ့တယ်။ နက်ဖြန်တော့ ကျုပ် လာပြီး မှန်ကွဲတွေကို ဆက်စပ်ကြည့်တဲ့ အခါကျတော့ တရားခံ ပေါ်လာရမှာပေါ့"

ကိုအုန်းဖေနှင့်တကွ အားလုံးသည် မယုံနိုင်သော မျက်နှာထားမျိုးနှင့် ကြည့်နေလေရာ

ရွှား။ ။"ကိုအုန်းဖေ၊ ခင်ဗျားကို တာဝန်တခု ပေးခဲ့မယ်။ မှန်ကွဲအစအနတွေကို ဘယ်သူမှ မကိုင်တွယ်စေနဲ့နော်။ ဒီတခုတော့ ခင်ဗျား ဆောင်ရွက်လိုက်ဗျာ"

ဖေ။ ။"ကောင်းပါပြီ ဆရာ"

ရွှား။ ။"ပြီးတော့ တခုရှိသေးတယ်။ မှန်ကွဲနေတဲ့ ပြတင်းပေါက်ကို သင်္ဘောနဲ့ ပိတ်ရိုက်ထား လိုက်ဗျာ။ နက်ဖြန်တော့ ကျုပ်လာကြည့်မယ်။ ဒီအခန်းထဲက ပစ္စည်းတွေကို တခုမှ ရွှေ့လား ပြောင်းလား မလုပ်နဲ့ဗျိုနော်"

ဖေ။ ။"စိတ်ချပါ ဆရာ"

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်တို့သည် ထိုအိမ်မှထွက်လာကြ၍ လမ်းလျှောက်ကြရာ ကန်တော်ကြီးကွေ့၌ မြင်းရထားတစီးတွေ့သည်နှင့် အဘူစီးလာကြပြီးနောက် ဘူတာရုံအနီးသို့ ရောက်သောအခါ၌ ကျွန်တော်မှာ ကြို့ကုန်း၌ ကိစ္စတခုရှိသည်နှင့် မြင်းရထားပေါ်မှ ဆင်းနေရစ်၍ ဦးစံရှားတယောက်တည်း ဘုရင့်ကောင်း လမ်းသို့ ဆက်လက်သွား၏။

ထိုနေ့ညနေ ကျွန်တော် ပြန်ရောက်သောအခါ ကိုအုန်းဖေနှင့် လှေကားရင်းမှာ ဆုံမိကြ၍ ကိုအုန်းဖေက ဦးစံရှား တယ်လီဖုန်းဆက်သောကြောင့် လာရောက်ရခြင်းဖြစ်ကြောင်း ပြောသဖြင့် တိုက်ပေါ်သို့ အတူတက်သွားကြလေ၏။ ဦးစံရှားမှာ ဆေးတံဟာဖွားမွှားနှင့် စဉ်းစားလျက်ရှိရာ ကျွန်တော်တို့ နှစ်ယောက်ကို မြင်သောအခါ ဆေးတံကို ချထားလျက်

ရှား။ ။"နေရာကျလိုက်လေဗျာ။ ခင်ဗျားတို့နှစ်ယောက် ဘယ်ဆီမှာ ဆုံမိလာကြသလဲ"၊

ဖေ။ "လှေကားရင်းမှာ တွေ့ကြတာပဲ ဆရာရဲ့။ ဆရာပြောတဲ့အတိုင်း ပြတင်းပေါက်ကို ပျဉ်ပြားပိတ်လိုက်ပြီးပါပြီ။ ကျွန်တော်တို့ ဝင်ဖို့အတွက်တော့ မခက်ပါဘူး။ ကျွန်တော် စီမံထားပါတယ်။ ဆရာမှာတဲ့အတိုင်း ဝင်ပေါက်မှာ ပုလိပ်တယောက် အစောင့်ချထားပါတယ်"

ရှား။ ။"ဟုတ်ပြီ။ ကျုပ်အစီအစဉ်က ၁၂ နာရီလောက်မှ သွားကြဖို့ပဲ။ ဒီထက် စောပြီးသွားဖို့ မလိုပေဘူး ထင်တယ်။ ဒီအတောအတွင်း တရုတ်ဟိုတယ်မှာ ညစာစားပြီး 'ဒွန်ဂွမ်း' ရုပ်ရှင် သွားကြည့်ကြမယ်ဗျို့။ ဇာတ်လိုက်က ဂျွန်ဘယ်ရီမိုးတဲ့။ ဘိုင်စကုပ် မင်းသား ရိုးရိုးထက် အကဲတင် ကောင်းလှတယ် ပြောတယ်"

ကျွန်တော်တို့သည် ဆီနပ်လို ဟိုတယ်၌ ညစာစား၍ အာလမ်ဘရာရုံ၌ ဘိုင်စကုပ်ကြည့်ကြပြီးနောက် မြင်းရထားတစီးနှင့် ပတ်ကလိန်းသို့ သွားကြလေ၏။ အိမ်နှင့် တဖာလုံလောက် အဝေးတွင် မြင်းရထားကို လွှတ်လိုက်ပြီး ခြေကျင်လျှောက်လာခဲ့ကြရာ ဝင်းတံခါးပေါက်တွင် အစောင့်ချထားသည့် ပုလိပ်နှင့် တွေ့ကြလေ၏။ အိမ်မှာ မီးမထွန်းပဲ မှောင်မည်းလျက် ရှိလေသည်။ လမ်းပေါ်၌ ထွန်းထားသည့် ဓာတ်မီးတပွင့်၏ အလင်းရောင်သည် ဝင်းထဲသို့ မှေးမှိန်စွာ ထိုးဝင်နေခြင်းမှတပါး ဝင်းထဲ၌လည်းကောင်း၊ အိမ်ကြီး၌လည်းကောင်း အလင်းရောင် လုံးဝမရှိချေ။

ကျွန်တော်တို့သည် ဝင်းထဲသို့ လာကြစဉ် ကိုအုန်းဖေက ရှေ့ဆုံးမှ လမ်းညွှန်ကာ ပျဉ်ပြား ရိုက်ပိတ်ထားသည့် ပြတင်းပေါက်သို့ ချဉ်းကပ်ကြလေ၏။ ကိုအုန်းဖေသည် အောက်ဆုံးပျဉ်ပြားကို လွယ်ကူအောင် တမင် စီမံထားသည့်အလျောက် ပလာယာနှင့်ကလန့်၍ ဖွင့်ကာ အခန်းထဲသို့ တယောက်ချင်း ဝင်ကြလေ၏။ ဦးစံရှား၌ လက်နှိပ်ဓာတ်မီးပါသော်လည်း အသုံးမပြုပဲ ကျွန်တော်တို့သည် နံရံကို လက်ဖြင့်စမ်းကာ ဖြည်းညင်းစွာ လျှောက်ကြ၍ အစအနများတင်ထားသည့် စားပွဲကလေးအနီး၌ ထိုင်နေကြလေ၏။ နာရီဝက်ခန့် ကြာလတ်သော် အခန်းပြင်မှ ဖြည်းညင်းစွာလျှောက်လာသည့် ခြေသံကိုကြားရ၍ အခန်းဝသို့ ရောက်လာသောအခါ အခန်းတံခါးသော့ကို ဖွင့်သံကြားရသည်။ ကျွန်တော်တို့သည် အခန်းပေါက်မှ စားပွဲကလေးဆီသို့ သွားသည့်လမ်းကြောင်းကို ဖွင့်ထား၍ နံရံတွင် ကပ်ကာ စောင့်နေကြ၏။ နောက်တခဏ၌ 'ဂျိဂျိဂျိ' မြည်သော အသံများကြားရ၍ ဝုန်းဒိုင်း ဝုန်းဒိုင်း မြည်သောအသံများလည်း ပေါ်ထွက်လာသည်။ ကျွန်တော်သည် အသံကြားသော နေရာကို လက်ဖြင့်စမ်းကြည့်ရာ လူသုံးယောက် လုံးထွေးသတ်ပုတ်လျက်ရှိသည်ကို စမ်းမိ၏။ ထိုခဏ၌ အရာဝတ္ထုတခုကို ခြေထောက်နှင့် တိုက်မိ၍ ငုံ့ပြီး စမ်းလိုက်ရာ လက်နှိပ်ဓာတ်မီး တလက်ကို တွေ့သည်နှင့် မီးခလုတ်ကို နှိပ်လိုက်၏။ ဤတွင် ဦးစံရှားနှင့် ကိုအုန်းဖေတို့သည် လူတယောက်ကို ကိုင်ဖမ်းလျက် ရှိကြသည်ကို တွေ့ရ၏။ ထိုသူ၏လက်ထဲ၌ ဆေးကြိတ်သည့် ကျောက်လုံးတခုရှိရာ ထိုလူသည် ယင်း



www.burmeseclassic.com

www.burmeseclassic.com

ကျောက်လုံးဖြင့် ဦးစံရှားနှင့် ကိုအုန်းဖေတို့ကို အကျောက်အကန်ထုနှက်ကာ ကိုယ်လွတ်ရုန်းလျက် ရှိလေ၏။ ကျွန်တော်က မီးရောင်ထိုးပြလိုက်သော အခါ၌မှ ဦးစံရှားတို့ လူစုသည် ထိုလူကို မိအောင် ဖမ်းနိုင်ကြလေသည်။ ထိုလူကား အခြားမဟုတ်။ ကိုမြင့်ထူးပင် ဖြစ်လေသည်။ ကိုမြင့်ထူးသည် စားပွဲကလေး ပေါ်မှ မှန်ကွဲ အစအနများကို ကျောက်လုံးဖြင့် ဖိချေလျက်ရှိစဉ် ဦးစံရှားတို့က လက်ရဖမ်းဆီးလိုက်ခြင်း ဖြစ်လေသည်။ ထိုခဏ၌ အိမ်ပေါ်မှ လှုပ်လှုပ်ရှားရှားဖြစ်လာ၍ တစုံတယောက်က ခေတ်မီးခလုတ်ကိုဖွင့်လိုက်ရာ မီးရောင်များလင်းလာ၏။ ထို့နောက် ကိုဖုန်းကျော်၊ မကြီးမေနှင့် အစေခံများ ဆင်းလာကြလေ၏။ ထိုနောက် အပြင်၌ အစောင့်ချထားသည့် ပုလိပ်များဝင်လာကြ၍ ကိုမြင့်ထူးကို ဖမ်းဆီး ချုပ်နှောင်ကြလေသည်။

တရားခံကို ဌာနသို့ပို့ပြီးနောက် ကျွန်တော်တို့သုံးဦးသည်ဘုရှတ်ကလင်းလမ်းရှိ နေအိမ်သို့သွားကြပြီးလျှင် ဦးစံရှား၏ ရှင်းလင်းချက်ကို ကြားနာကြလေသည်။

ရှား။ ။"ရှေးဦးစွာ ကျုပ်မသင်္ကာတဲ့အချက်တချက်ကတော့ အလောင်းနှစ်လောင်းဟာ ခေါင်းချင်းယှဉ်လျက်မသေပဲ ခြေပြန်ခေါင်းပြန် ဖြစ်နေတဲ့ အချက်ပဲဗျ။ လင်က မယားကိုသတ်ပြီး သူ့ကိုယ်သူ သတ်သေတယ်ဆိုလို့ရှိယင် ခြေချင်းခေါင်းချင်းဆိုင်ပြီး သေနေတာကိုချည်း တွေ့နေရတယ်။ ကိုယ့်မယားကို သတ်တယ်ဆိုဘာ ဒေါသအလျောက်ပြုကြပေမယ့် ကြင်နာတဲ့သဘောကလေးက မကင်းတတ်ဘူးဗျ။ ဓားနဲ့ ထိုးသတ်တယ်ဆိုယင် တချို့များ ပွေ့ပြီးတော့သတ်တတ်ကြတယ်။ သေနတ်နဲ့ ပစ်သတ်တယ် ဆိုယင်လဲ ယှဉ်လျက်သား သေအောင် စီရင်တတ်ကြတာပဲ။ ဒါကြောင့် ကျုပ်က ဦးသာလူ သတ်ခြင်းမဟုတ်။ သတ်သူတယောက်ယောက် ရှိရမယ်လို့ စဉ်းစားမိတယ်"

ကျွန်။ ။"သတ်သူဟာ ကိုမြင့်ထူးဖြစ်တယ်လို့ ဘယ်နှယ် သိသလဲခင်ဗျာ"

ရှား။ ။"သူတို့အိမ်မှာ လူသုံးယောက်ရှိတဲ့အနက် မကြီးမေတော့ မဖြစ်နိုင်ဘူးပေါ့။ သူ့ကို ဖယ်ထားနိုင်တယ်။ အိမ်သားထဲက သတ်လို့ရှိယင်တော့ ကိုဖုန်းကျော်နဲ့ ကိုမြင့်ထူးပဲ ဖြစ်ရမယ်ပေါ့။ ကိုဖုန်းကျော်ကတော့ စိမ်းလွန်းတယ်ဗျ။ သူ့သူငယ်ချင်းနဲ့အတူ အလည်လိုက်လာလို့ လေးငါးရက် အတွင်းမှာ အိမ်ရှင်ဦးသာလူကို သတ်ဖို့ဆိုဘာကတော့ အတော်ခဲယဉ်းတယ်။ ခိုက်ရန်ဖြစ်ကြတယ်လို့လဲ မကြီးမေက မပြောဘူး။ လူသတ်ပြီး ပစ္စည်းယူဖို့ ဆိုတာဟာလဲ သူတို့ အခြေအနေအရ အတော်ကြီး ခဲယဉ်းတယ်။ ဒီတော့ကာ အိမ်သားဆိုယင်တော့ ကိုမြင့်ထူးပဲ ဖြစ်ရမှာ ပေါ့ဗျ"

ကျွန်။ ။"တူနဲ့ဦးကြီးပဲခင်ဗျာ၊ ဆွေမျိုးအရင်းကြီး ရှိသေးတာကပဲ"

ရှား။ ။"ဆွေမျိုးမို့လို့ သာပြီးမသင်္ကာစရာ ဖြစ်တာပေါ့ဗျ။ ဦးသာလူ လင်မယား သေကုန်ကြယင် တူအရင်းဆိုတဲ့ ကိုမြင့်ထူး ရမယ် မဟုတ်ဘူးလား"

ကျွန်။ ။"ဒါလောက်နဲ့တော့ အပြောလုံလောက်မယ် မထင်ပါဘူးဗျ"

ရှား။ ။"လုံလောက်တယ်လို့ ကျုပ်ကမဆိုသေးပါဘူး။ ဒီသုံးယောက်ထဲကဆိုယင် သူ့ကိုထင်စရာ အကောင်းဆုံးလို့ ပြောရုံ ပြောပါသေးတယ်"

ကျွန်။ ။"ဒါတော့ ဟုတ်ပါတယ်"

ရှား။ ။"ပြီးတော့ ကျုပ်က ဂွင်းထောင်ပြီး ဖမ်းလိုက်တဲ့ တချက်ကို ခင်ဗျားတို့ တွေ့တယ် မဟုတ်လား"

ကျွန်။ ။"ဘယ်ဒင်းလဲဗျ"

ရှား။ ။"မှန်ကွဲတွေလေဗျာ"

---

တတိယအကြိမ်

www.burmeseclassic.com

ကျွန်။ ။"ဘယ်လိုလဲဗျ"

ရှား။ ။"မှန်ကွဲတွေကို ကျုပ်က စပ်ဟပ်ပြီး ကြည့်မယ်လို့ ပြောတယ် မဟုတ်လား"

ကျွန်။ ။"ဒါ ဘာဖြစ်လဲ"

ရှား။ ။"လင်မယားနှစ်ယောက်ဟာ သူတို့ဟာသူတို့ ပစ်သတ်တာ ဟုတ်ချင်မှဟုတ်မယ်။ အငြင်းကနေပြီး မှန်ကိုပါ ဖောက်ပစ်ခဲ့ယင်လဲ ဖြစ်နိုင်တယ်။ ဒီလိုဆိုယင် မှန်မှာ အပေါက်ကလေးနှစ်ပေါက် ဖြစ်နေမှာပဲ။ မှန်ကွဲတွေကို ဆက်စပ်ကြည့်ယင် အပေါက်ကလေး နှစ်ပေါက် တွေ့ရမှာပဲလို့ ဆိုလိုခြင်း ဖြစ်တယ်။ တကယ်ဆိုတော့ အစိပ်စိပ်အမွှာမွှာ ကျေမွနေတဲ့ မှန်ကွဲတွေကို နဂိုအတိုင်း ပြန်ပြီးဆက်စပ်လို့ ဘယ်မှာ ဖြစ်နိုင်မလဲဗျာ။ နို့ပေမယ့် လူသတ်မှုတရားခံ ဆိုတာမျိုးဟာ ကြံကြံဖန်ဖန် တွေးပြီး ကြောက်တော့တာကိုးဗျ။ ကျုပ်လို နာမည်တလုံးနဲ့ လူတယောက်က လုပ်ကြည့်မယ်ဆိုယင် ဖြစ်နိုင်တော့မလားလို့ လန့်ဖျပ်ကုန်တတ်တာကိုးဗျ။ ဒါကြောင့် မှန်ကွဲတွေကို ကျောက်ခဲနဲ့ တိတ်တိတ်ထုချေဖို့ ကြိုးစားခဲ့တယ် မဟုတ်လား"

ကျွန်။ ။"သတ်တဲ့အကြောင်းက ဘယ်လိုလဲဗျ"

ရှား။ ။"သတ်တာကတော့မှန်ပြီ။ သတ်တဲ့အကြောင်းကတော့ အခုအခြေအနေမှာတော့ တွေးယူရဦးမှာပဲ။ ရုံးကျတော့ ပေါ်မှာပေါ့ဗျာ"

ကျွန်။ ။"တွေးပုံကလေး လုပ်ပါဦးဗျ"

ရှား။ ။"တဦးတည်းသော တူအရင်းတယောက်အနေနဲ့ ဦးကြီးသာလူကို ညှဉ်းလာလိုက်တာ ဦးကြီးကလဲ ခံလာခဲ့တယ် ထင်ပါရဲ့။ သို့သော် မခင်တင့်နဲ့ အိမ်ထောင်ကျတဲ့အခါကျတော့ သူတောင်းတိုင်း ဦးကြီးက မပေးနိုင်ဘူး ရှိလိမ့်မယ်။ သူ့တူ ညှဉ်းတိုင်း ခဏခဏ ပေးရမလားလို့ မခင်တင့် ဆူပါလိမ့်မယ်။ ဒီလို လူဟော့ရမ်းကလေးဆိုတာ ကြံချင်ရာကြံပြီး လုပ်ချင်ရာ လုပ်တတ်တာကိုးဗျ"

ကျွန်။ ။"မှန်ကွဲတွေထားတဲ့ အခန်းတံခါးကို ဘယ်လိုလုပ်ပြီး ဖွင့်ဝင်သလဲဗျာ"

ရှား။ ။"ဒါတော့ သောတူရှာမှာပေါ့ဗျာ။ တနေ့လုံးအချိန်ရှိတယ် မဟုတ်ဘူးလား"


www.burmeseclassic.com

www.burmeseclassic.com

# ၅၃။ ထူးဆန်းသော အဆိပ်ခတ်မှု*

ကျွန်တော်၏ မိတ်ဆွေ ဦးစံရွှေးသည် အာဇာနည်အသင်းမှူကြီးနှင့် ပတ်သက်၍ ပဲခူးမြို့နယ်သို့ သွားရောက်နေခိုက်တွင် တညတ္တသ၌ ကျွန်တော်သည် ညစာ စားသောက်ပြီးနောက် အခါတိုင်းကဲ့သို့ တွေ့ရာလေးပါး စကားပြောဆို၍ ငြင်းခုံရမည့်သူ မရှိသည်ဖြစ်ရာ ကလပ်သို့ သွားရမည်။ ဟိုတယ်သို့သွား၍ ဘိလိယက် ကစားရမည်ကို စဉ်းစားလျက်ရှိနေစဉ် အင်စပက်တော် ကိုအုန်းဖေသည် တိုက်ပေါ်သို့တက်လာ၍ "ဦးစံရွှေး ရှိပါသလား" ဟု မေးရာ ကျွန်တော်က မရှိကြောင်းနှင့် ပြောဆိုပြီးလျှင် နေရာထိုင်ခင်း ပေးလေ၏။

ကျွန်။ ။"ထိုင်ပါဦးတော့လားဗျာ။ ပျာယီးပျာယာ ရှိလှချည့်ကလား။ ဘာများ ဖြစ်လာပြန်လို့လဲဗျ"

ဖေ။ ။"ခွကျလိုက်လေဗျာ။ ဆရာ မရှိတာ သိမ်ပြီး ခွကျတာပဲ။ ဘယ်တော့လောက် ရောက်မလဲဗျာ"

ကျွန်။ ။"နက်ဖြန်လောက် ရောက်မယ်လို့ စာရေးလိုက်တာပဲ။ ဘာများထူးလို့လဲဗျာ"

ဖေ။ ။"မဂိုလမ်းက စပါးပွဲစားကြီး ဦးဘအောင်အမှုပေါ့ဗျာ"

ကျွန်။ ။"ဦးဘအောင်က ဘာဖြစ်လို့လဲဗျာ"

ဖေ။ ။"ဦးဘအောင် သေရှာပြီကောဗျ"

ကျွန်။ ။"ဟယ် ဖြစ်ရလေဗျာ။ တနေ့ကပဲ ကျွန်တော်နဲ့ ဟိုက်ကုတ်နားမှာ တွေ့လိုက်သေးတယ်။ ဘာရောဂါနဲ့လဲဗျာ"

ဖေ။ ။"သူ့ကိုယ်သူ သတ်ပြီးသေတဲ့ လက္ခဏာနဲ့ တူတယ်ဗျ"

ကျွန်။ ။"မဟုတ်နိုင်တာပဲဗျာ။ စီးပွားကလဲ တက်၊ သားသမီးတွေကလဲ ထွန်းကား၊ ဘာများ စိတ်ညစ်စရာရှိလို့ သတ်သေရမှာလဲ ကိုအုန်းဖေရယ်"

ဖေ။ ။"သတ်ပြီးသေတာ ဟုတ် မဟုတ် သိရအောင် ခင်ဗျားလဲ လိုက်ချင်လိုက်ခဲ့လေ။ ဆရာကြီး ဦးစံရွှေးမရှိတဲ့အခိုက်မှာ ခင်ဗျားက ဆရာကြီးနည်းတွေ အသုံးချပြီး တတ်နိုင်သလောက် ကူညီစမ်းပါဦးဗျာ" ဟု ပြောသဖြင့် ကျွန်တော်သည် အဝတ်များလဲလှယ်ပြီးလျှင် ကိုအုန်းဖေ၏နောက်သို့ လိုက်ပါသွားခဲ့လေ၏။

---

* ဤဝတ္ထု မည်သည့် မဂ္ဂဇင်းတွင် ပထမဆုံး ပုံနှိပ်ခဲ့ကြောင်း မသိရသေး။ မြန်မာပြည်စာအုပ်တိုက်မှ အတွဲ ၄နှင့် နှလုံးလှစာပေတိုက်မှ အတွဲ၂တို့တွင် ပါရှိသည်။ မူရင်းဝတ္ထုကို ကိုနင်ဒွိုင်း၏ ရှားလော့ဟုမ်း ဝတ္ထုများတွင် မတွေ့ရ။



www.burmeseclassic.com

www.burmeseclassic.com


စပါးပွဲစားကြီး ဦးဘအောင်မှာ မဂိုလမ်း၌ အလုပ်တိုက်တခန်း ငှားရမ်း၍ နေ့အခါ၌ အလုပ်ကိစ္စကို ဆောင်ရွက်လျက် နေအိမ်မှာ လမ်း၄၀၌ တည်ရှိရာ ကျွန်တော်တို့အိမ်ရှိရာလမ်းနှင့် များစွာ မဝေးကွာလှပေ။

ဦးဘအောင်သည် ညနေတိုင်း ၆နာရီအချိန်ခန့်တွင် နေအိမ်သို့ပြန်လာမြဲ ဖြစ်လေရာ ထိုနေ့ညနေ၌ ၈ နာရီထိုးသော်လည်း မပြန်လာသေးပဲ ရှိသည်နှင့် သားမယားတို့သည် ထမင်းပွဲနှင့် တစောင့်ဆိုင်းဆိုင်း ရှိနေခဲ့လေ၏။ ၈ နာရီခွဲလတ်သော် မယားဖြစ်သူ ဒေါ်မြမေသည် အစေခံ ဘရင်ကို မဂိုလမ်းရှိ အလုပ်တိုက်သို့ သွား၍ စုံစမ်းစေရာ ဘရင်သည် အလုပ်တိုက်သို့ ရောက်သောအခါ တိုက်ခန်းအတွင်း မီးလင်းလျက်ရှိသည်ကို တွေ့မြင်ရသော်လည်း အခန်းတံခါးအတွင်းမှ မင်းတုပ်ချ၍ ပိတ်ထားသည်ကို တွေ့ရှိရလေ၏။ ထိုအခါ ဘရင်သည် ဆရာဖြစ်သူအား ဟစ်အော်ခေါ်ပါသော်လည်း မည်သူမျှ ထူးသံမကြားရပဲ ဆိတ်ငြိမ်လျက် ရှိသည်တွင် စိုးရိမ်မကင်းဖြစ်၍ လာခဲ့လေ၏။

ဦးဘအောင်၏ အလုပ်ခန်းမှာ နှစ်ထပ်၌ ရှိသည်ဖြစ်၍ ဘရင်သည် အောက်ထပ်သို့ ဆင်းပြီးလျှင် အောက်ထပ်၌ နေသူများအား 'ဦးဘအောင်ပြန်သွားသည်ကို မြင်ကြပါသလော'ဟု မေးမြန်းရာ မမြင်ကြကြောင်းဖြင့် ပြန်ပြောကြသည်တွင် ဘရင်သည် စိုးရိမ်သည်ထက် စိုးရိမ်လာသည်နှင့် လမ်းစောင့်ပုလိပ်ကို ခေါ်ပြီးလျှင် ပုလိပ်နှင့်အတူ အခန်းတံခါးကို ချိုးဖွင့်၍ အခန်းတွင်းသို့ ကြည့်ကြသောအခါ ခတ်မီးများအားလုံး လင်းလျက်ရှိသည်ကို တွေ့ရှိရလေရာ ဦးဘအောင်မှာမူ မီးခံသေတ္တာကြီးအနီး၌ အလျားမှောက်လျက် အသက်ကုန်နေသည့် အဖြစ်ကို သိရှိရလေ၏။

တခန်းလုံးမှာလည်း တစုံတရာကို အရေးတကြီး မွှေနှောက်ရှာဖွေဘိကဲ့သို့ စာရင်း စာအုပ်များ မင်အိုး၊ ကလောင်တံ စသည့် အရာဝတ္ထုများသည် ပြန့်ကျဲလျက်ရှိသည်ကို တွေ့ရှိကြရလေ၏။

အထက်ပါ အကြောင်းအရာများမှာ ကိုအုန်းဖေက ကျွန်တော့်အား မဂိုလမ်းသို့အသွား လမ်းခရီး၌ ပြန်ပြောင်းပြောဆိုသဖြင့် သိရှိရသော အဖြစ်အပျက်များဖြစ်လေရာ ကျွန်တော်တို့သည် မဂိုလမ်းသို့ ရောက်သောအခါ ဦးဘအောင်၏ သားမယား သားသမီးတို့သည် အခန်းဝ၌ ဆူညံစွာ အော်ဟစ်ငိုကြွေးလျက် ရှိကြသည်ကို တွေ့မြင်ရလေသည်။ ကိုအုန်းဖေသည် ပုလိပ်အရာရှိဖြစ်သည့်အတိုင်း စုံစမ်းစစ်ဆေးရန် အခန်းတွင်းသို့ ဝင်သွားရာ ကျွန်တော်မှာ ဒေါ်မြမေတို့မိသားတစုက ဦးစံရှားအကြောင်း မေးမြန်းကြသည်များကို ဖြေဆိုပြီးလျှင် မိတ်ဆွေတို့၏ ဝတ္တရားအတိုင်း ပရိဒေဝမီးလောင်ကျွမ်းခြင်းမှ သက်သာနိုင်သမျှ သက်သာရာ ရနိုင်စေရန် တတ်အားသမျှ အားပေးစကားပြောကြားပြီးနောက် အခန်းတွင်းသို့ဝင်၍ လိုက်သွားလေ၏။

ဦးဘအောင်၏ အလောင်းမှာ ကိုအုန်းဖေ၏ အမိန့်အတိုင်း ဦးစံရှား ကြည့်ရှုရန်အတွက် ခြေရာလက်ရာမပျက်စေပဲ ယခင်ကအတိုင်း မီးခံသေတ္တာအနီးတွင် အလျားမှောက်လျက်ပင် ရှိသေးရာ ကျွန်တော် ဝင်သွားသည့်အခါ၌ ဆရာဝန်တယောက်သည် အလောင်းကို စမ်းသပ်ကြည့်ရှုလျက် ရှိနေလေ၏။ ဆရာဝန်သည် အလောင်းကို ကြည့်ရှုပြီးနောက် အနီးရှိ စားပွဲပေါ်၌ရှိသော ပုလင်းငယ်တခုမှ ဆေးရည်တို့ကို တစက်နှစ်စက်မျှ လက်တွင်းသို့ သွန်၍ နမ်းရှုပ်ကြည့်ရှုပြီးနောက် ကိုအုန်းဖေအား

ဝန်။ ။"ခင်ဗျားတို့နဲ့ဆိုင်တဲ့အမှု ဟုတ်မယ် မထင်ပါဘူးဗျာ။ ကိုယ့်ကိုယ်ကို သတ်ပြီးသေတဲ့ အမှုနဲ့ တူပါတယ်"

ဖေ။ ။"ဘယ်နည်းနဲ့ သေသလဲဗျာ"

www.burmeseclassic.com

 www.burmeseclassic.com 

ဝန်။ ။(ပုလင်းငယ်နှင့် အနီးရှိပြွန်ငယ်ကို လက်ညှိုးညွှန်လျက်)"မော်ဖီးယားနဲ့ ထိုးသတ်ပြီး သေတဲ့လက္ခဏာပဲ။ မှန်းစမ်း။ ဘယ်နေရာထိုးသလဲ။ ကျုပ်ကြည့်စမ်းဦးမယ်"ဟု ပြော၍ ဆရာဝန်သည် အလောင်းကို လှန်လှော၍ကြည့်ရှုရာ အလောင်း၏ ခါတက်လက်မောင်းတွင် ရဲရဲနီသော အရာကို တွေ့သဖြင့်

ဝန်။ ။"ကျုပ်ပြောတဲ့အတိုင်းပါပဲ အင်စပက်တော်မင်း။ မော်ဖီးယားက ရေနည်းနည်းထည့်ပြီး ပြင်းပြင်းဖျော်စပ်ထားလေတော့ ဒီအရေနဲ့သုံးလိုက်လို့ရှိယင်ဖြင့် လူစိမ်းဆိုယင် ၅ မိနစ်တောင် မခံဘူးဗျ"

ဖေ။ ။"ပွဲစားကြီးက မော်ဖီးယားထိုးနေကျမို့ မော်ဖီးယားလွန်ပြီးသေတယ်လို့ ဆိုချင်သလား ခင်ဗျာ"

ဝန်။ ။"ထိုးနေကျဆိုယင် အနာတွေရှိမယ်။ အခုတော့ ဘယ်နေရာမှာမှ အနာလဲမရှိဘူး။ စိတ်ညစ်စရာ အကြောင်းရှိလို့ ကိုယ့်ကိုယ်ကို တနည်းနည်းနဲ့ သတ်သေတယ်လို့ ကျုပ်ထင်တယ်"

ဖေ။ ။"ဒီပြွင်တယောက်က မော်ဖီးယားနဲ့ အတင်းထိုးသတ်တယ်ဆိုယင်ကော မဖြစ်နိုင်ဘူးလား ဗျာ"

ဖေ။ ။"မှန်ပါတယ်။ ခဲယဉ်းပါတယ်။ ပြီးတော့လဲ အခန်းကို အတွင်းကနေပြီး ပိတ်ထားလို့ ဘရင်နဲ့ လမ်းစောင့်ပုလိပ်က အတင်းဖွင့်ပြီး ဝင်ရတယ်ဆိုတော့ အခန်းတွင်းမှာ ဒိပြင်လူလဲ ရှိတဲ့လက္ခဏာ မရှိဘူး။ သို့သော် လာဗျာ ကိုသိန်းမောင်၊ နောက်ဖေးက ထွက်ပြေးနိုင်မလား ကြည့်စမ်းရအောင်"

ထို့နောက် ကျွန်တော်နှင့် ကိုအုန်းဖေတို့သည် အခန်း၏အခြေအနေကို သေချာစွာ ကြည့်ရှုကြရာ နောက်ဖေးပြတင်းပေါက်မှာ မြေနှင့် ပေ ၃၀ခန့် ဝေးသည့်ပြင် အလောင်းကို တွေ့စဉ်အခါမှစ၍ ယခုတိုင် ပိတ်လျက်ပင်ရှိကြောင်းကို ဘရင်က သက်သေခံသည်ဖြစ်၍ ဤလမ်းမှလည်း ထွက်၍မပြေးနိုင်ကြောင်းကို စိတ်ကျေနပ်ကြလေ၏။ ထို့နောက် ကိုအုန်းဖေကအခန်းကို သေချာစွာ ကြည့်ရှုလျက်ရှိစဉ် ကျွန်တော်သည် စေ့စေ့ပါအောင် ဆုပ်ထားသော အလောင်း၏ လက်ယာဘက်လက်တွင် ဖြူဖြူအရာဝတ္ထုတခုကို မြင်သည်နှင့် ကိုအုန်းဖေအား ပြရာ ကိုအုန်းဖေသည် လက်ကိုဖြေ၍ နှုတ်ယူလိုက်သည်တွင် လက်ကိုင်ပဝါ တထည်ကို တွေ့ရှိရလေ၏။ ထိုအခါ ကိုအုန်းဖေလည်း ယင်းကိုဖြန့်၍ ကြည့်ရှုသည်တွင် ဦးဘအောင်၏ နာမည်ကို တခုသောထောင့်၌ အင်္ဂလိပ်စာဖြင့် အတိုကောက် ရေးထိုးသည်ကို မြင်သဖြင့် ဦးဘအောင်၏ လက်ကိုင်ပဝါဖြစ်ကြောင်း သိရှိသည်နှင့် အရေးမကြီးဟု အောက်မေ့ကာပစ်ချမည်အပြုတွင် ကျွန်တော်က ဦးစံရွှေးကို သတိရ၍ တောင်းယူပြီးလျှင် အိပ်တွင်းသို့ ထည့်ထားလိုက်လေ၏။

ထို့နောက် ဆရာဝန်လည်း မိမိ၏ ဝတ္တရားကုန်ပြီဖြစ်၍ ပြန်သွားရာ ကျွန်တော်က မီးခံသေတ္တာမှ တစုံတရာ ပျောက်ဆုံးပါသလောဟု မေးမြန်းရန် ကိုအုန်းဖေအား သတိပေးသည်တွင် ကိုအုန်းဖေက "ကြံကြီးစည်ရာဗျာ ကိုသိန်းမောင်ကလဲ။ ကိုယ့်ကိုယ်ကိုသတ်ပြီး သေကြောင်းထင်ရှားနေပြီဥစ္စာပဲ။ ဘယ်သူက ဘာကိုယူလို့ ပျောက်ရဦးမှာလဲဗျ။ ခင်ဗျားကို ဦးစံရွှေးနည်း အသုံးချစမ်းပါပြောတာနဲ့ ယုန်ထင် ကြောင်ထင် ထင်ကုန်ပြီလားဗျာ"

ကျွန်။ ။"လိုလိုမယ်မယ် သတိပေးမိတာပါဗျာ"

ဖေ။ ။"ကိုင်းဗျာ။ ခင်ဗျား ဒီလောက်မေးချင်ယင်လဲ မေးရတာပေါ့"

ထို့နောက် ကိုအုန်းဖေသည် ဘရင်ကိုခေါ်၍ မီးခံသေတ္တာမှ သော့၏အကြောင်းကိုမေးမြန်းပြီးလျှင် အလောင်း၏ အင်္ကျီအိတ်၌လည်းကောင်း၊ စားပွဲ၊ အံဆွဲ၊ ဗီရိုအစရှိသည်တို့၌သည်းကောင်း သော့ကိုရှာဖွေပါသော်လည်း မီးခံသေတ္တာသော့ကို မတွေ့ပဲရှိနေလေ၏။ သို့ပါသော်လည်း ယင်းအကြောင်းမှာ များ



www.burmeseclassic.com

www.burmeseclassic.com


စွာ အရေ မကြီးဟူ၍ ကိုအုန်းဖေက သဘောရရှိသည်ဖြစ်သောကြောင့် တနေရာရာ၌ ရှိပါလိမ့်မည်ဟူ၍သာ ပြောဆိုပြီးလျှင် အရေးမယူပဲ ရှိနေခဲ့လေ၏။ ထို့နောက် ကိုအုန်းဖေသည် ဦးစံရှားလည်း ထိုနေ့၌လာနိုင်ရန်မရှိ။ အဘယ်၍ လာပင်လာစေကာမူ လူသတ်မှုမဟုတ်၊ မိမိကိုယ်ကို မိမိသတ်၍ သေသော အမှုဖြစ်ကြောင်း ထင်ရှားနေပြီဖြစ်၍ အကျိုးမရှိဟု သဘောရသည်နှင့် အလောင်းကို ရင်ခွဲရုံသို့ ပို့လိုက်လေ၏။

ထို့နောက် ကျွန်ုပ်တော်တို့သည် ဦးဘအောင်၏ ဇနီးနှင့်သားသမီးများကို ပူလောင်သောကပျောက်စေခြင်းငှာ ထိုက်သင့်ရာစကားတို့နှင့် ချော့မော့ပြောဆို၍ ယင်းတို့၏ နေအိမ်သို့ပို့ပြီးလျှင် ကျွန်တော်သည် တိုက်ခန်းသို့ ပြန်လာခဲ့လေ၏။ အိပ်ရာသို့ဝင်သော်လည်း ကျွန်တော်သည် မည်သို့ အကြောင်းကြောင့်မသိ၊ ဦးဘအောင်သည် မိမိကိုယ်ကိုမိမိ သတ်၍သေသည် ဆိုခြင်းကို မကျေနပ်နိုင်အောင် ရှိသည်ဖြစ်၍ နံနက်လင်းလင်းချင်း ဦးစံရှားထံသို့ သံကြိုးဖြင့် အကြောင်းကြားမည်ဟု ဆုံးဖြတ်ပြီးမှ အိပ်ပျော်ခြင်းသို့တိုင်ရောက်ခဲ့လေ၏။

နံနက်လင်းသည်နှင့်တပြိုင်နက် ကျွန်တော်သည် ဦးစံရှားထံသို့ ဦးဘအောင်၏အကြောင်းကိုသံကြိုးရိုက်ကြားလိုက်လေရာ မွန်းမတည့်မီပင် ဦးစံရှားသည် ကားတစီးနှင့် ရောက်လာလေ၏။ ထိုနေ့သည်ကားတနင်္ဂနွေနေ့ဖြစ်သဖြင့် ကျွန်တော့်မှာ အလုပ်တိုက်သို့ မသွားရောက်ပဲ အိမ်၌ရှိနေသည့်ဖြင့် ဦးစံရှားရောက်လာသည့်အခိုက်၌ ကိုအုန်းဖေလည်း ကျွန်တော်တို့၏တိုက်ခန်းသို့ အလည်ရောက်လျက် ရှိနေ၏။ ကျွန်တော်တို့သည် ဦးဘအောင်သေဆုံးပုံ အဖြစ်အပျက်များကို ဦးစံရှားအား ပြောပြသောအခါ ဦးစံရှားက

ရှား။ ။"ကိုအုန်းဖေ ဘယ့်နှယ်ထင်သလဲ"

ဖေ။ ။"ကိုယ့်ကိုယ်ကို သတ်တဲ့အမှုပါ ဆရာရယ်၊ တွေးနေစရာ မရှိပါဘူး"

ရှား။ ။"ပစ္စည်းတွေ ပြန့်ကျဲနေတာကကောဗျာ"

ဖေ။ ။"ဒီဟာကတော့ ကိုယ့်ကိုယ်ကိုသတ်ပြီး သေခါနီးမှာ တခုခု မှာထားခဲ့ချင်တဲ့အတွက် ကိုယ်ရှာတဲ့ပစ္စည်း မတွေ့လေတော့ စိတ်ပေါက်ပြီး ပစ္စည်းတွေကို မွှေနှောက်ထားဟန် တူပါရဲ့ဆရာ"

ရှား။ ။"ကိုယ့်ကိုယ်ကို သတ်ပြီးသေတယ်ဆိုတာ စိတ်ညစ်ညူးဖို့အကြောင်း ရှိရမယ်မဟုတ်လားဗျ။ ဘယ်လိုအကြောင်းများ ခင်ဗျားစုံစမ်းလို့တွေ့သလဲ"

ဖေ။ ။ဒါတော့ ကျွန်တော် မစုံစမ်းမိဘူးဆရာ။ တစုံတခု ရှိလို့သာပေါ့"

ရှား။ ။"ရှိလိုဟာပေါ့နဲ့ မပြီးဘူးဗျ။ ရှိမရှိကို သေသေချာချာ စုံစမ်းဖို့ကောင်းတယ်။ ဒါပေမယ့် ရှိပါစေတော့။ ဒါထက် သော့လဲမတွေ့ဘူးဆို"

ဖေ။ ။"မတွေ့သေးဘူးဆရာရဲ့။ ရှိတော့ရှိမှာပါပဲဆရာ"

ရှား။ ။ဘာပစ္စည်းများ အလောင်းနားမှာတွေ့သလဲ"

ဖေ။ ။"ဘာမှထူးထူးဆန်းဆန်း မတွေ့ပါဘူးဆရာ။ ကျွန်တော်ပြောတဲ့ မော်ဖီးယားပုလင်းနဲ့ ပြွန်တံကလေး တွေ့တာပါပဲ"

ကျွန်။ ။"အလောင်းလက်ထဲမှာ လက်ကိုင်ပဝါတထည် တွေ့သေးတယ်မဟုတ်လားဗျ။ နေဦး ကျွန်တော့်အိတ်ထဲမှာ ရှိလိမ့်မယ်။ ကျွန်တော်ပြောပြမယ်"ဟုပြော၍ လက်ကိုင်ပဝါကို ထယူခိုက်တွင်

ဖေ။ ။"လက်ကိုင်ပဝါမှာ ဦးဘအောင်နာမည်ကြီးနဲ့ပါဆရာရဲ့။ ကျွန်တော်ကြည့်ပြီးပါပြီ"

ကျွန်တော်သည် လက်ကိုင်ပဝါကို တိုင်၌ချိတ်ထားသော အင်္ကျီအိတ်ထဲမှ ယူလာခဲ့၍ ဦးစံရှားအား ပြသလေရာ ဦးစံရှားသည် လက်ကိုင်ပဝါ သေချာစွာ ဖြန့်ကြည့်သည်တွင် တစုံတခုကို အနံ့ရသည့်လက္ခဏာ

www.burmeseclassic.com

ဖြင့် နှာခေါင်းရှုံ့ပြီးနောက် တကြိမ်နှစ်ကြိမ်မျှ နမ်းရှုပ်ပြီးလျှင် တွေဝေကာ စဉ်းစားနေပြီးမှ "ဩော်၊ဒီလိုကိုး" ဟု လွှတ်ကနဲ ပြောလိုက်လေ၏။

ထိုအခါ ကျွန်တော်နှင့် ကိုအုန်းဖေတို့သည် "ဘယ်လိုလဲခင်ဗျာ"ဟု မေးသည်တွင် ဦးစံရှားသည် မည်သို့မျှ ပြန်မပြောပဲ လက်ကိုင်ပဝါကို ကျွန်တော်နှင့် ကိုအုန်းဖေတို့၏ နှစ်ယောက်အကြား၌ လေယပ်သဖွယ် လှုပ်ရှားပေးလေ၏။

ပထမ၌ ကျွန်တော်သည် ထူးဆန်းသော ရေမွှေးတမျိုး၏ အနံ့ကို ရရှိပြီးနောက် အတန်ငယ်ကြာသောအခါ အနံ့သည် အီ၍အီ၍ လာလေရာ ကြာသည်ထက် ကြာသောအခါ၌ကား ကျွန်တော်ယခင်က တွေ့ဖူး ကြားဖူး ဖတ်ဖူးသော သွေးထွက်သံယိုရှိသည့် အဖြစ်အပျက်တို့သည် စိတ်ထဲ၌ တခုပြီးလျှင် တခု လျှပ်ပြက်သကဲ့သို့ ပေါ်၍ ပေါ်၍ လာလေ၏။

တခဏမျှ ကြာပြန်သောအခါ ကျွန်တော်သည် စိတ်ထဲ၌ လှုပ်ရှားထကြွ၍ လာပြီးလျှင် ထိုးချင် ရိုက်ချင်၊ သတ်ချင် ပုတ်ချင်သော စိတ်တို့သည် ဖြစ်ပေါ်လာပြီးလျှင် ကိုအုန်းဖေ၏မျက်နှာကို ကြည့်ရသည်မှာ ကျွန်တော်၏ ရန်သူကြီး တဦးကဲ့သို့ မှတ်ထင်၍ လာလေ၏။ ယင်းကဲ့သို့ ကြည့်ယင်းကြည့်ယင်းဖြင့် ရှိကြစဉ် ကိုအုန်းဖေ၏ မျက်နှာထားသည် ဆိုးရွားသည်ထက် ဆိုးရွား၍လာသဖြင့် ကျွန်တော်သည် ထိုမျက်နှာကြီးကို လက်သီးဖြင့် ထိုးသတ်လိုသော စိတ်သည် ချုပ်တည်း၍ မရနိုင်လောက်အောင် တိုးတက် ဖြစ်ပေါ်လာသည် ဖြစ်သောကြောင့် လက်ယာဘက်လက်ဖြင့် တအားကျုံး၍ ထိုးလိုက်ရာ ကိုအုန်းဖေ၏ မျက်နှာကို မထိုးမိပဲ ကျွန်တော်၏ လက်ကောက်ဝတ်မှာ ဦးစံရှား၏ လက်ဖြင့် ဆုပ်ကိုင်ပြီး ဖြစ်၍ နေလေ၏။

ထိုအခါ ဦးစံရှားက ရယ်မောလျက်

"ဘယ့်နှယ် ဒီလောက် ဒေါသကြီးရသလဲဗျ ကိုသိန်းမောင်"ဟု ပြောလျက်ရှိစဉ် ကိုအုန်းဖေသည် ထိုင်ရာမှ ရုတ်တရက်ထ၍ ကျွန်တော်၏မျက်နှာကို ချိန်ရွယ်လျက် လက်သီးနှင့် ထိုးသတ်လိုက်ပြန်ရာ ဦးစံရှား၏ အားလပ်သော လက်တဘက်သည် ကိုအုန်းဖေ၏ လက်ကောက်ဝတ်ကို ဆုပ်ကိုင်ပြီး ဖြစ်ပြန်လေ၏။ ထိုအခါ ကိုအုန်းဖေသည် ကျွန်တော့်အား ထိုးချင်ကြိတ်ချင်စိတ် မကုန်သေးသည့် လက္ခဏာဖြင့် ရန်းဖယ်လျက်ရှိရာ ကျွန်တော်ကလည်း ထိုးလိုသောစိတ် ပေါ်ပေါက်လာပြန်၍ ဦးစံရှား၏ လက်မှ လွတ်အောင် ရုန်းဖယ်ပြန်လေ၏။

ယင်းသို့ ကျွန်တော်တို့ နှစ်ယောက်သည် ဦးစံရှား၏ လက်မှ လွတ်အောင် နှစ်ယောက်စလုံးမင် အကျောက်အကန် ရုန်းဖယ်လျက်ရှိကြပါသော်လည်း ဦးစံရှားသည် အရေးရှိသည့် အခါတို့၌ ခွန်အားကို လိုသလောက်ညှစ်၍ ထုတ်ယူနိုင်သော လူတယောက်ဖြစ်သဖြင့် လက်ဆစ်များ ပြုတ်၍ထွက်မတတ် စိစိပါ အောင် ဆုပ်ကိုင်၍ ထားလေရကား ကျွန်တော်တို့နှစ်ယောက်မှာ လူကြီး၏ လက်တွင်းမှ လွတ်အောင် ရုန်းသော ကလေးနှစ်ယောက်ကဲ့သို့ မလွတ်ကင်းနိုင်ပဲ ရှိနေကြလေသည်။ ကျွန်တော်တို့ အတန်ငယ်မောပန်း ကြသောအခါမှ ဦးစံရှားက "တော်ကြလေ။ ဘယ့်နှယ် ဒီလောက် ဒေါသကြီးရတာလဲ"ဟု ရယ်မောကာ ပြောဆိုသည်တွင် ကျွန်တော်တို့ နှစ်ယောက်သည် မိမိတို့၏ စိတ်ဖောက်ပြားခြင်းကို သတိရ၍ ရယ်မောကာ မိမိတို့နေရာသို့ တဖန်ပြန်၍ ထိုင်ကြလေ၏။ ထို့နောက် ဦးစံရှားသည် ကျွန်တော်တို့၏ မျက်နှာများကို ကြည့်လျက် ဟက်ဟက်ပက်ပက် ရယ်မောလျက် ရှိလေ၏။

ဖေ။ ။"ဘယ့်နှယ်လဲ ဆရာ။ ကျွန်တော်တို့ ဘာဖြစ်ကြတာလဲ"

ရှား။ ။"ခင်ဗျားဖြစ်တာ ခင်ဗျားသိမှာပေါ့ဗျ။ ဘယ့်နှယ် ဖြစ်တာလဲ"

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ဖေ။ ။"စိတ်ထဲက ထိုးချင်၊ ကြိတ်ချင်၊ သတ်ချင်၊ ပုတ်ချင်တဲ့စိတ်တွေ ရုတ်တရက် ဖြစ်ပြီးလာလိုက်တာ ဆရာရယ်။ ကိုသိန်းမောင်ကို ကျွန်တော်က ရန်သူကြီးတယောက်လို ဖြစ်သွားတာပဲ"

ရှား။ ။"ခင်ဗျားကောဗျ ကိုသိန်းမောင်ရဲ့"

ကျွန်။ ။"ကျွန်တော်လဲ ဒီလိုပဲ ဖြစ်တယ်ဗျ"

ရှား။ ။"ဘာကြောင့် ထင်သလဲ"

ကျွန်။ ။"မပြောတတ်ဘူး"

ဖေ။ ။"ဘာကြောင့်လဲ ဆရာ"

ထိုအခါ ဦးစံရှားသည် ဆုပ်နယ်ထားသော လက်ကိုင်ပဝါကို တဖန် ထုတ်၍ပြလေရာ

ဖေ။ ။"တောပါတော့ ဆရာ။ကျွန်တော် ရိပ်မိပါပြီ။ ပထမတော့ မွှေးသလိုလို အနံ့ရပြီး ခေါင်းထဲမှာ ဝေတေတေ၊ ရီတီတီဖြစ်လာပြီး ထိုးချင်တဲ့စိတ်တွေ ဝင်လာတာပဲဆရာရေ့။ တန်တော့။ သူ့သတ္တိပဲ ဆရာ။ ကျွန်တော် ရိပ်မိပြီ။ သို့သော် ဘယ်လို ရေမွှေးမျိုး ဘယ်လိုဆွတ်ပြီး ဦးဘအောင်က"

ရှား။ ။"ရေမွှေးဟုတ်ရောလားဗျာ။ အင်မတန်ပြင်းထန်တဲ့ အဆိပ်တမျိုးပေါ့။ နေဦး၊ နောက်တော့ ကျုပ် ပြောပြမယ်။ ကိုင်း ကိုင်း၊ လက်ကိုင်ပဝါကို သေသေချာချာကြည့်ကြဦးစို့။ ခင်ဗျားတို့အိတ်ထဲက လက်ကိုင်ပဝါနဲ့ နှာခေါင်းကို ပိတ်ထားကြနော်။ မတော်လို့များ ခုနင်ကလို ဖြစ်နေကြဦးမယ်"

ထို့နောက် ကျွန်တော်တို့ သုံးဦးသည် မိမိ၏နှာခေါင်းကို လက်ကိုင်ပဝါနှင့် အသီးသီးပိတ်ဆို့ကြပြီးနောက် ယခင်က လက်ကိုင်ပဝါကို စားပွဲပေါ်၌ဖြန့်၍ တင်ပြီးလျှင် မှန်ဘီလူးနှင့် လက်ကိုင်ပဝါကို သေချာစွာ ကြည့်ရှုကြလေ၏။ ထိုလက်ကိုင်ပဝါ၏ တခုသော ထောင့်၌ (B.A) ဟူသော အင်္ဂလိပ်စာလုံးများနှင့် ဦးဘအောင်၏ အမည်ကို အတိုကောက် ချည်ဖြင့်ထိုးထားလျက် လက်ကိုင်ပဝါ၏ အလယ်၌ကား စွန်းပေလျက်ရှိသော အဝိုင်းငယ်တခုကို တွေ့ရှိရလေ၏။

ရှား။ ။"အလယ်ခေါင်က အဝိုင်းကို မြင်ကြရဲ့လား"

ဖေ။ ။"မြင်တယ်ဆရာ"

ရှား။ ။"ဘာကြောင့်ဖြစ်တဲ့ အဝိုင်းလဲဗျာ"

ဖေ။ ။"ဖန်ခွက်ကို သုတ်ထားတဲ့ အစိုင်းထင်ပါရဲ့ဆရာ။ ဪ၊ ဟုတ်လိမ့်မယ် ဆရာ။ ဦးဘအောင်က အဆိပ်ကို ဖန်ခွက်မှာ ထည့်သောက်ပြီး ဖန်ခွက်အဝကို လက်ကိုင်ပဝါနဲ့ သုတ်ဟန်ရှိတယ်"

ရှား။ ။"(ဦးခေါင်းကိုယမ်းလျက်) "ကိုင်း ကိုင်း၊ ကျုပ် ထင်တဲ့အတိုင်း ဟုတ် မဟုတ်ကို ဦးဘအောင် အလုပ်ခန်း တဆိတ်လောက် သွားပြီး ကြည့်စမ်းရအောင်။ လာကြဗျာ"

ထို့နောက် ကျွန်တော်တို့သည် ကိုအုန်းဖေ၏ ကားနှင့် မဂိုလမ်းရှိ ဦးဘအောင်၏ အလုပ်တိုက်ခန်းသို့ သွားရောက်ကြလေ၏။

တိုက်ခန်းအတွင်းသို့ ရောက်သောအခါ ဦးစံရှားသည် မည်သို့မျှ မပြောပဲ စားပွဲပေါ်၌ တင်ထားသော တယ်လီဖုန်းကို ကောက်ယူနမ်းရှုပ်ကြည့်ပြီးနောက် စိတ်ကျေနပ်သော လက္ခဏာဖြင့်

"ကျုပ် ထင်တဲ့အတိုင်းပဲဗျို့"ဟု ပြောပြီးလျှင် ကျွန်တော်တို့ကို ပြလေ၏။ကျွန်တော်နှင့် ကိုအုန်းဖေတို့သည်း တယောက်တလှည့် နမ်းရှုပ်ကြည့်ရှုကြရာ တယ်လီဖုန်း စကားပြောခွက်နေရာမှ စောစောက လက်ကိုင်ပဝါမှ အနံ့မျိုး ထွက်လျက်ရှိသည်ကို တွေ့ရှိကြရလေ၏။ထိုအခါ ဦးစံရှားသည် ယခင်ကလက်ကိုင်ပဝါကို အိတ်မှ ထုတ်ပြီးနောက် တယ်လီဖုန်း၏ အဝနှင့် လက်ကိုင်ပဝါမှ အဝိုင်းကို တိုင်း၍ ကြည့်ရာ တရွယ်တည်း ကိုက်လျက်ရှိသည်ကို တွေ့ရှိရလေ၏။

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ဖေ။ ။“ဪ၊ တန်တော့။ တယ်လီဖုန်းကို လတ်ကိုင်ပဝါနဲ့ သုတ်ထားတာကိုး ဆရာရဲ့”

ရှား။ ။“အစစ်ပေါ့ ကိုအုန်းဖေ။ ကိုင်း ကိုင်း၊ မီးခံသေတ္တာက ဘာများ ပျောက်သေးသလဲ ဆိုတာ ကျုပ် သိချင်တယ်ဗျ။ ခင်ဗျားတို့က ကြံပြီး ဖွင့်ကြစမ်းပါ။ ကျုပ်က စာပေးစာယူတွေကို ကြည့်စမ်းပါရစေ”

ထို့နောက် ကျွန်တော်နှင့် ကိုအုန်းဖေတို့သည် မီးခံသေတ္တာကို လက်နက်ကိရိယာ အမျိုးမျိုးတို့နှင့် ဖွင့်ရန် ကြိုးစားလျက်ရှိကြစဉ် ဦးစံရှားသည် စာပေးစာယူ ဖိုင်တွဲများကို လှန်လှောကြည့်ရှုလျက်ရှိလေ၏။ တခဏမျှ ကြာသောအခါ

ရှား။ ။“ဟောဒီမှာ တွေ့ပြီဗျို့။ မန္တလေးမြို့က ပွဲစားကြီး တယောက်က မန်နီ အော်ဒါနဲ့ ငွေ ၅၀၀ဝိ ပို့လိုက်တယ် ဆိုပါကလား။ ချစ်တီးတိုက်တွေ ပိတ်နေလို့ ဟွန်ဒီနဲ့မလွှဲလိုက်ရဘူးတဲ့။ စာရေးတဲ့ ရက်စွဲကို ကြည့်ယင် ဒီငွေဟာ ဒီကနေ့၊ ဒါမှမဟုတ် မနေ့က ရောက်ဖို့ကောင်းတယ်”

ထို့နောက် ဦးစံရှားသည် စက္ကူစုတ်များထည့်သော အမှိုက်တောင်းအတွင်းမှ စက္ကူစုတ်များကို လှန်လှောကြည့်ရှုလျက်ရှိ၏။ ကျွန်တော်တို့မှာမူ သေတ္တာကိုဖွင့်ရန် ဆက်လက်၍ ကြိုးစားကြပြန်လေ၏။ တခဏမျှ ကြာပြန်သောအခါ ဦးစံရှားသည် ကြော်ငြာစာရွက်များကို အမှိုက်တောင်းမှ ထုတ်ယူနမ်းရှုပ်ကြည့်ပြီးနောက် ကျွန်တော်တို့ကို ခေါ်၍ နမ်းရှုပ်စေရာ ယင်းကြော်ငြာစာရွက်တို့မှာလည်း လက်ကိုင်ပဝါ အနံ့ကဲ့သို့ မွှေးကြိုင်လျက်ရှိသည်ကို တွေ့ရပြန်လေ၏။ယင်းစာရွက်တို့မှ အဘယ်အကြောင်းကြောင့် ထိုအနံ့ ထွက်၍ နေသည်ကို ဦးစံရှားကပြော၍မပြသေးသဖြင့် နားမလည်နိုင်ရှိ၏။ ကျွန်တော်တို့သည် မီးခံသေတ္တာကို ဆက်လက်၍ ဖွင့်ကြပြန်လေရာ နောက်ဆုံး၌ မီးခံသေတ္တာသည် ပွင့်သွားပြီးနောက် အတွင်း၌ကား မူးစေ့မတ်စေ့ အနည်းငယ်မှတပါး ငွေကြေးဟူ၍ တပြားတချပ်မျှ မရှိသည်ကို သိရှိကြရလေ၏။ယင်းနောက် ဦးစံရှားသည် မန်နီအော်ဒါ ဖိုင်တွဲကို အံဆွဲ၌ တွေ့ရှိသဖြင့် လှန်လှောကြည့်ရှုရာ ယမန်နေ့က မန္တလေးမှ ပို့လိုက်သော ငွေ ၅၀၀ဝိ အပြင် အရပ်ရပ်မှ စုစုပေါင်း ၁၀၀၀ဝိကျော်ခန့်မျှ လက်ခံရရှိပြီးကြောင်း သိရှိရလေ၏။

ဖေ။ ။“ဒါဖြင့် ကိုယ့်ကိုယ်ကို သတ်တာ မဟုတ်ဘူးပေါ့ ဆရာ”

ရှား။ ။“အကြောင်းမရှိပဲနဲ့ ကိုယ့်ကိုယ်ကို သတ်တယ်လို့ ခင်ဗျားမို့လို့ ထင်ပလေဗျာ”

ဖေ။ ။“အခန်းတံခါးရော၊ နောက်ဖေးတံခါးရော၊ အတွင်းက ပိတ်ထားတာရော တွေ့ရတာကိုး ဆရာရဲ့။ ဘယ်လမ်းက ထွက်ပြေးသလဲ ဆရာ”

ရှား။ ။နေဦးဗျာ။ ကျုပ်ကြည့်ဦးမယ်။ မနေ့ညက ကျုပ်ရောက်ရယင်ဖြင့် တော်တော် နေရာအကျသား။ အခုတော့ ခြေရာလက်ရာတွေ ပျက်ကုန်ပြီဟာကိုးဗျ။ သို့သော် တတ်နိုင်သမျှ စုံစမ်းရသေးတာပလေ”

ထို့နောက် ဦးစံရှားသည် အခန်းကွင်း၌ စေ့စေ့ငုငုအောင် သေချာစွာ လိုက်လံကြည့်ရှုလေရာ အိမ်ရှေ့သို့ ထွက်သော တံခါးအနီး၌ ကန့်လန့်ကာငယ်တခုဖြင့် ကာလျက်ရှိသော ဘုရားစင်တခုကို တွေ့ရှိသဖြင့် ကန့်လန့်ကာကို ဖယ်ရှားကြည့်ရှုသောအခါ တင်ပျဉ်ခွေ ဆင်းတုတော်တဆူကို တွေ့ရှိရလေ၏။

ယင်းဘုရားစင်မှာ နံရံတွင်မြှုပ်၍ ဆောက်လုပ်ထားသည်ဖြစ်ရာ ကုလားများ နေထိုင်စဉ်အခါက ဆေးပုလင်းမှစ၍ တိုလီမိုလီ ပစ္စည်းကလေးများတင်ရန် ကြွက်လျှောက်ကဲ့သို့ အသုံးပြုလျက် ဦးဘအောင်



www.burmeseclassic.com

www.burmeseclassic.com


ကမူ ဆင်းတုတော် သွတ်သွင်းပြီးလျှင် ဘုရားစင်ကဲ့သို့ ညောင်ရေအိုးများနှင့်တကွ တည်ထားခဲ့ခြင်း ဖြစ်လေသည်။

ဖေ။ ။"ဘယ်သူမှ မရှိပါဘူးဆရာ။ ကျွန်တော်လဲ ဟိုညကတည်းက ကြည့်ပြီးသားပါ။ ဒီလောက် မနပါဘူး ဆရာရဲ့"

ရှား။ ။(မှန်ဘီလူးနှင့် ဆင်းတုတော်ရှေ့တွင် သေချာစွာ ကြည့်လျက်)"ခင်ဗျားကြည့်တာ ဘာကြည့်တာလဲဗျ"

ဖေ။ ။"လူများ အောင်းနေသလားလို့ ကြည့်တာပေါ့ ဆရာ"

ရှား။ ။"အောင်းဖူးသလားလို့ကော ခင်ဗျားကြည့်ဖို့ သတိရရဲ့လား"

ဖေ။ ။"ဒါတော့ မကြည့်မိဘူးဆရာ"

ရှား။ ။"ကိုင်း လာ။ ဟောဒီမှာ သေသေချာချာ ကြည့်စမ်း"ဟုပြောသဖြင့် ကျွန်တော်တို့သည် ဆင်းတုတော်၏ရှေ့တော်၌ သေချာစွာ ကြည့်ရှုကြရာ အင်္ဂတေအပေါ်မှ မှုန်များပေါ်တွင် ဆင်းတုတော်ကို ကျောခိုင်းလျက် ကျွန်တော်တို့ဘက်သို့လှည့်နေသော ခြေရာနှစ်ခုကိုတွေ့ရှိကြရလေ၏။ ထို့နောက် ဦးစံရှားက ပြသဖြင့် ခြေရာတို့၏ရှေ့၌ လက်နှစ်ဘက် ထောက်၍ထားသော အရာတို့ကိုလည်း မှုန်များတွင် ထင်ရှားစွာ တွေ့မြင်ကြရပြန်လေ၏။

ဖေ။ ။"ကျွန်တော်ရောက်တော့ လူလဲမတွေ့ပါကလား ဆရာ"

ရှား။ ။"ခင်ဗျားရောက်တော့ ထွက်သွားပြီကောဗျ။ နေဦး။ ကျုပ်ကြည့်ဦးမယ်"

ဦးစံရှားသည် ကုလားထိုင်တခုကိုယူ၍ အခန်းတံခါးဝ၌ တည်ပြီးလျှင် ကုလားထိုင်ပေါ်မှတက်၍ တံခါးဘောင်ပေါ် ကြည့်ရှုရာ တစုံတရာကို မြင်သည်နှင့် "အင်း၊ ကျုပ်ထင်တဲ့အတိုင်းပဲ"ဟု ပြော၍ ကျွန်တော်တို့အား ထိုအရာကို ကြည့်ရှုစေလေ၏။ တံခါးဘောင်ပေါ်၌ကား လက်လေးချောင်းရာ နှစ်ဘက်ကို တွေ့ရှိကြရလေ၏။

ဖေ။ ။"ဘုရားစင်ပေါ်ကနေပြီး တံခါးဘောင် လှမ်းဆွဲပြီး ထွက်သွားဟန်တူတယ် ဆရာရေ့"

ရှား။ ။(ပြုံးရယ်လျက်)"ကိုယ့်လူ တော်တော် ပညာတိုးလာပြီကော။ ကိုင်း ကိုင်း၊ ကျုပ်တို့ အလုပ် ဒီမှာ ပြီးလုပါပြီဗျာ။ မေးခွန်းကလေး တခု နှစ်ခုလောက် မေးစရာ ရှိတာကလေးကို မေးပြီးယင် ကျုပ်လိုက်ခဲ့ပါ့မယ်။ ခင်ဗျားတို့အိမ်ပြန်ပြီး ကျုပ်ကို စောင့်နေနှင့်ကြပေတော့"ဟု ပြောသဖြင့် ကျွန်တော်နှင့် ကိုအုန်းဖေသည် ကျွန်တော်တို့၏ ကိုက်ခန်းသို့ ပြန်ပြီးလျှင် စကားပြောဆိုယင်း စောင့်ဆိုင်းလျက် ရှိနေခဲ့လေ၏။

တနာရီခန့်မျှကြာသောအခါ ဦးစံရှားသည် တိုက်ပေါ်သို့ တက်လာသည်။

ဖေ။ ။"ဘယ့်နှယ်လဲဆရာ။ နေရာကျခဲ့ရဲ့လား"

ရှား။ ။"ဟုတ်ကဲ့၊ ကျသလောက် ကျခဲ့ပြီ။ သို့သော် နေဦးဗျာ။ ကျုပ် မှတ်စုကလေးများကို တဆိတ်လောက် ကြည့်စမ်းပါရစေဦး။ ဗျို့ ကိုသိန်းမောင်၊ ကြွက်လျှောက်ခပေါ်က အဆိပ် အမျိုးမျိုး အကြောင်း ရေးထားတဲ့စာအုပ် တဆိတ်လောက် လှမ်းလိုက်စမ်းဗျာ"

ကျွန်တော်သည် စာအုပ်ကို ယူပေး၏။ ဦးစံရှားသည် စာအုပ်ကို လှန်လှောရှာဖွေပြီးနောက် တခုသော မျက်နှာ၌ရေးသားပါရှိသည်ကို ကျွန်တော်တို့အား ဖတ်ကြရာ အောက်ပါအတိုင်း ကြားသိရလေ၏။

တတိယအကြိမ်

www.burmeseclassic.com


### သေမင်းရန့်ခေါ်အဆိပ်၏ အကြောင်း

မြန်မာပြည်၏တောင်ဘက်၌တည်ရှိ၍ ဇီယာ၊ ကရဝေး၊ သစ်ကြမ်းပိုး၊ ဧရုတ်ကောင်း အစရှိသည့် မွှေးကြိုင်သော သစ်ရွက် သစ်ခေါက် သစ်ခေ့များထွက်သော ဆူမတ်တရာခေါ် ကျွန်း၌ အလွန်ထူးဆန်းသော ပင့်ကူကြီးတမျိုး ရှိကြောင်း၊ ယင်းပင့်ကူကြီးသည် အလွန်ကြီးမားလှ၍ ခြေဘချောင်း၏ အဖျားမှသည် တချောင်း၏ အဖျားသို့ ၃ တောင်ခန့်မျှရှိကြောင်း၊ ယင်း ပင့်ကူကြီးသည် ငှက်ငယ် ယုန်ငယ် မှစ၍ မြွေ အစရှိသော တိရစ္ဆာန်တို့ကို ဖမ်းယူစားသောက်လေ့ရှိကြောင်း၊ ယင်းတို့ကို ဖမ်းဆီးသည့်အခါလည်း အခြားသောပင့်ကူတို့ကဲ့သို့ မိမိ၏ အမျှင်ဖြင့် အိမ်ဖွဲ့ကာ ရစ်ပတ်ဖမ်းဆီးခြင်း မပြုပဲ ထူးဆန်းသော နည်းဖြင့် ဖမ်းလေ့ရှိကြောင်း၊ ငှက်တကောင်ကို သစ်ပင်ပေါ်၌ မြင်သည့်အခါ ယင်း ပင့်ကူသည် ထိုငှက်၏ လေညှာအရပ်ရှိ အကိုင်းတခုသို့ လျှိုဝှက်စွာ တက်ပြီးလျှင် မိမိခံတွင်းမှ အငွေ့တို့ကို စွန့်လွှတ်ကြောင်း၊ ထိုအငွေ့မှာ အလွန်တရာ မွှေးကြိုင်သည်ဖြစ်ရာ ငှက်သည် ထိုရနံ့ကို နှစ်သက်သဖြင့် ခံစားသည်နှင့် တပြိုင်နက် မူးဝေ မေ့လျော့ပြီးလျှင် မိမိနေရာ သစ်ကိုင်းမှ ထွက်ခွာပျံသန်းခြင်း မပြုနိုင်ပဲရှိကြောင်း၊ ထိုအခါ ပင့်ကူသည် ယင်းသစ်ကိုင်းသို့ သွားရောက်ပြီးလျှင် ထိုငှက်ကို အလွယ်တကူ ဖမ်းယူ စားသောက်နိုင်ကြောင်း၊ မြွေ၊ ကင်း မှစ၍ တောတိရစ္ဆာန်ဖြစ်သော ယုန်ငယ်၊ ချေငယ်တို့ကိုလည်း ယင်း ပင့်ကူသည် ထိုနည်း အတိုင်း ဖမ်းယူစားသောက်နိုင်ကြောင်း၊ ယင်းအငွေ့ကို လူတို့ ခံစားရသည့်အခါ အနည်း ငယ်မျှ ခံစားရမူ သွေးလေ ချောက်ချားဘိသကဲ့သို့ ရူးချင်သလို၊ နှမ်းချင်သလို ဖြစ်နေ ပြီးလျှင် သတ်ပုတ် ထိုးကြိတ်လိုသည့် စိတ်များ ပေါ်ပေါက်၍ လာတတ်ကြောင်း၊ တကြိမ်မှ နှစ်ကြိမ်တိုင်အောင် ခံစားရသည့် အခါ၌မူ အပြင်းအထန် ရူးသွပ်ပြီးလျှင် နောက်ဆုံး၌ သတိမေ့လျော့ မြောနစ်၍သွားရာမှ အသက်ကုန်ဆုံးခြင်းသို့ရောက်တတ်ကြောင်း၊ သို့ရာတွင် ယခုအခါ၌ ယင်းပင့်ကူမျိုးသည် အလွန်တရာ ရှားပါးလှ၍ တောတောင် အလွန်ထူထပ် သည့် နေရာများ၌သာလျှင် တကောင်ကလေမျှ ရှိတတ်ကြောင်း။

အထက်ပါ အကြောင်းအရာတို့ကို ဖတ်၍ သိကြားရပြီးနောက် အင်စပက်တော့ ကိုအုန်းဖေသည် ဦးစံရှား၏ မှတ်စုမှတ်တမ်းစုံလင်သည့်အကြောင်းကို ထပ်လောင်းချီးမွမ်းပြီးနောက်

ဖေ။ ။"အဆိပ်ကတော့ ဘယ်လို အဆိပ်မျိုးဆိုတာ သိရပါပြီ ဆရာ။ သို့သော် သတ်တဲ့လူက ဘယ်သူဘယ်ဝါဆိုတာ တဆိတ်လောက် ကြားပါရစေဦးဆရာ"

ရှား။ ။"သတ်တဲ့လူက အရပ်မြင့်မြင့်၊ ခွန်အားဗလကောင်းကောင်း၊ ပသျှူးလူမျိုးပဲ"

ဖေ။ ။"ဘယ်နည်းနဲ့ သတ်တာလဲ ဆရာ"

ရှား။ "တယ်လီဖုန်းမှာ အဆိပ်သုတ်ထားတာပေါ့ဗျ"

ဖေ။ ။"ဘယ်အချိန်ကလာပြီး သုတ်ထားလို့ ဘယ်အချိန်မှာ ထွက်ပြေးသလဲ ဆရာ။ တံခါးလဲ အတွင်းက ပိတ်လျက်တွေ့တယ်ဆိုပါကလား"

ရှား။ ။"ဒါက ဒီလိုဗျ။ဒီအဆိပ်ဟာက စားမှသေတဲ့အဆိပ်မဟုတ်ဘူး။နှစ်ကြိမ်သုံးကြိမ်သေသေ ချာချာ အနံ့ခံရယင် သေတတ်တဲ့အငွေ့အဆိပ်ဖြစ်လေတော့ ဒီအငွေ့ကိုရောက်အောင် ဘယ်နည်းနဲ့ပို့သလဲ ဆိုတော့ ပထမ ကြော်ငြာစာရွက်တွေကိုအဆိပ်ငွေ့သုတ်ပြီးဦးဘအောင်ဆီလိပ်တတ်ပို့တယ်။ဦးဘအောင်က



www.burmeseclassic.com

www.burmeseclassic.com



စာအိတ်ကိုဖွင့်ကြည့်ပြီး ကြောင်ခြာစာရွက်မှန်းသိလေတော့ စာရွက်ကို စက္ကူစုတ်ထည့်တဲ့တောင်းထဲထည့်လိုက်တယ်။ ဒါပေမယ့် စာအိတ်ကို ဖွင့်တိုင်းဖွင့်တိုင်း ဦးဘအောင်ဟာ ဒီအနံ့ကို ခံစားရတယ်။ ဒီလိုနှစ်ခါသုံးခါလောက် လုပ်ပြီးလို့ အတော်ကလေး အငွေ့ဝင်မိတဲ့အခါမှ နောက်ဆုံးအကြိမ် အငွေ့ပြင်းပြင်းဝင်အောင်ဘယ်နည်းနဲ့လုပ်မည်ဆိုတာ အစကတည်းကသူကြံစည်စိတ်ကူးပြီးဖြစ်တယ်။ အကောင်းဆုံးအငွေ့သွင်းနည်းကတော့ တယ်လီဖုန်းကနေပြီး အငွေ့သွင်းရယင် အကောင်းဆုံးနည်းပဲဆိုတာ သူသိတာကိုးဗျ။ ဒါပေမယ့် တယ်လီဖုန်းကို လူတိုင်းမရောက်နိုင်ဘူး။ ဒီတော့ ဘယ်နှယ်လုပ်သလဲ။ ဒီလူက တယ်လီဖုန်း ပြင်တဲ့အလုပ်ကိုနားလည်တော့ တယ်လီဖုန်းတိုက်မှာ အလုပ်ရအောင် ကပ်ရပ်ပြီး ကြံစည်။ အလုပ်ရတဲ့ အခါမှာ တိုက်တခုခုကနေပြီး ပြောတဲ့အခါ ဦးဘအောင်က 'ဘာကိစ္စလဲ' မေးတော့ သူက ဘာမှပြန်မပြောပဲ ဆိတ်ဆိတ်နေသလို သုံးလေးခါလောက် လုပ်လိုက်တော့ ဦးဘအောင်က သူ့တယ်လီဖုန်းပျက်တယ် အောက်မေ့ပြီး တယ်လီဖုန်းကုမ္ပဏီမှာ ပြင်ပေးဖို့ အကြောင်းကြားမါရောဗျာ။ အကြောင်းကြားတဲ့အခါကျတော့ ခုနင်က ပသျှူးကို တယ်လီဖုန်းပြင်ဖို့ လွှတ်တာကိုးဗျ။ ဒါနဲ့ ဟိုနေ့က ပသျှူးက ဦးဘအောင်အလုပ်တိုက်ကို တယ်လီဖုန်း ပြင်ပေးဖို့ ရောက်လာပြီး ပြင်သလိုလို ဘာလိုလိုနဲ့ အဆိပ်ငွေ့နဲ့ တယ်လီဖုန်းမှာ သုတ်ထားပြီး ပြင်ပြီးကြောင်း ဦးဘအောင်ကို ပြောတာကိုးဗျ။ ပြီးတော့ ဦးဘအောင်က တယ်လီဖုန်းကောင်း မကောင်းကို စမ်းသပ်ကြည့်မယ်လို့ ပါးစပ်မှာ တပ်လိုက်ယင်ပဲ ဒီအနံ့ရလေတော့ ပျို့လာတာနဲ့ လက်ကိုင်ပဝါနဲ့ အုပ်ပြီး သုတ်တာကိုဗျ။ သုတ်ပြီးတခါ ပြောမယ်လုပ်ပြန်တော့ အဆိပ်ငွေ့က ဖမ်းလာပြီး တောင်ပြေးမြောက်ပြေး၊ ဟိုဟာဆွဲချ၊ ဒီဟာဆွဲချ လုပ်ပြီး တော်တော်ကြာတော့ မှောက်လျက်လဲပြီးသေရှာတာကိုးဗျ"

စဖေ။ ။"သေတော့မှ ဦးဘအောင်အိတ်ထဲက သော့ကို ယူပြီး မီးခံသေတ္တာကို ဖွင့်တယ် မဟုတ်လား ဆရာ"

ရှား။ ။"အစစ်ပဲ"

ဖေ။ ။"နို့နေပါဦးဆရာ။ မော်ဖီးယားပုလင်းကကော ဆရာရဲ့"

ရှား။ ။"ဒီဟာဘာ သူ့ကိုယ်သူ မော်ဖီးယားနဲ့ ထိုးသတ်ပြီး သေတယ်ထင်အောင် ဉာဏ်ဆင်ပြီး ထိုးပေးခဲ့တာဗျ"

ဖေ။ ။"နို့ဘယ်နည်းနဲ့ ထွက်သွားသလဲ ဆရာ"

ရှား။ ။"သတ်တဲ့လူက မီးခံသေတ္တာဖွင့်ပြီးငွေတွေယူပြီးလို့ထွက်မယ်လုပ်တုန်း ဘရင် ရောက်လာတာကိုးဗျ။ ဒီတော့ ဘုရားစင်မှာ ကန့်လန့်ကာ ကာထားတာ မြင်လေတော့ အသာတက်ပြီး ပုန်းနေဟန်တူတယ်။ ဒီနောက် ဘရင်က လမ်းစောင့်ပုလိပ်နဲ့ အခန်းတံခါးကို ချိုးဖွဲ့ဝင်လာတဲ့အခါမှာ ဘရင်နဲ့ပုလိပ်တို့က အလောင်းကိုမြင်လို့ တုန်လှုပ်နေကြတုန်း သူက ဘုရားစင်ပေါ်က ခြေသံမကြားအောင် အခန်းပြင်ကို ထွက်သွားဟန်တူတယ်။ ဟုတ် မဟုတ် သူ့ကို ကိုယ်တိုင် မေးစမ်းကြည့်ရအောင်ဗျာ။ ကိုင်း တိုက်လှေကားက ခြေသံကြားတယ်။ ခင်ဗျားတို့ တဆိတ် အခန်းထဲဝင်ပြီး ပုန်းနေလိုက်ကြစမ်းဗျာ"ဟု ပြောသဖြင့် ကိုအုန်းဖေနှင့် ကျွန်တော်တို့သည် အိမ်ခန်းအတွင်းသို့ဝင်၍ ပုန်းအောင်းမိကြသည်နှင့် တပြိုင်နက် အခန်း အပြင်ဘက်မှ တံခါးခေါက်သံကြားသဖြင့် ဦးစံရှားက ဝင်ခဲ့လေဟု ပြောလိုက်သည်တွင် လူတယောက်သည် စူး၊ ဆောက် ဒာစရှိသော လက်နက်တို့ကိုကိုင်လျက် အခန်းတွင်းသို့ ဝင်လာလေ၏။

ထိုအခါ ဦးစံရှားသည် မိမိ၏ တယ်လီဖုန်း မကောင်းသည့်အကြောင်း ပြော၍ပြသဖြင့် ထိုသူသည် တယ်လီဖုန်းကို စမ်းသပ်ကြည့်ရှုလျက်ရှိစဉ် ဦးစံရှားက

www.burmeseclassic.com



"ကောင်းကောင်းပြင်ပေးခဲ့ပါဗျာ၊ ဦးဘအောင် တယ်လီဖုန်းပြင်သလိုတော့ လုပ်မထားခဲ့ပါနဲ့" ဟု ပြောသည့်တွင် ထိုသူသည် ဦးစံရွှားကို မျက်မှောင်ကြုတ်ခါ ကြည့်လျက်ရှိလေ၏။

ထိုနောက် ဦးစံရွှားက "ဟေ့လူ၊ ကျုပ်တခုလောက် သိချင်တယ်၊ ပြောစမ်းပါ၊ သေပြီးမှ မော်ဖီးယားထိုးသလား၊ မသေခင်က ထိုးပေးသလား၊ ပြောစမ်းပါဗျာ"ဟု ပြောသည့်တွင် ထိုသူသည် တယ်လီဖုန်းကို ရုတ်တရက်ချပြီးလျှင် ကြက်ပေါင်ဘော့လုံးတခုကို အိတ်ထဲမှထုတ်ယူ၍ ဦးစံရွှားဘက်သို့ ဘော့လုံး၏ အပေါက်ငယ်မှ အငွေ့များကို ညှစ်ထုတ်လိုက်ရာ ဦးစံရွှားမှာ ခံတွင်းနှင့် နှာခေါင်းကို လက်ကိုင်ပဝါနှင့် ပိတ်ဆို့ပြီးဖြစ်သဖြင့် မည်သို့မျှ ကိစ္စမရှိပဲ ရှိနေလေ၏။ နောက်တခဏ၌ ထိုသူသည် တံခါးရှိရာသို့ ခြေလှမ်း နှစ်လှမ်း သုံးလှမ်းမျှ ရောက်အောင် လှမ်းပြီးနောက် အပြင်သို့ ထွက်ပြေးမည့်အပြုတွင် ကိုအုန်းဖေသည် မပေါ်သေးသောအမှုကို ပေါ်အောင် စုံထောက်ရာ၌ များစွာ အသုံးမဝင်သော်လည်း ပေါ်ပြီးသော လူဆိုးကို မိအောင်ဖမ်းဆီးရန် အလွန်တရာကျင်လည်သော လူဘယောက်ဖြစ်သည့် အားလျော်စွာ ထိုသူသည် တံခါး၏လက်ကိုင်ကို လက်နှင့်ဆုပ်ကိုင်မိသည်နှင့် တပြိုင်နက် ကိုအုန်းဖေ၏ လက်သည်လည်း ထိုသူ၏ လည်ကုပ်ကို ဆုပ်ကိုင်ပြီး ဖြစ်လေ၏။

ထို့နောက် ကိုအုန်းဖေနှင့် ထိုလူသည် ထွေးလုံးရုန်းဖယ်လျက်ရှိကြစဉ် ကျွန်တော်နှင့် ဦးစံရွှားတို့က ဝင်ရောက်၍ ထိုသူ၏လက်များကို ဦးစံရွှားက ကျင်သည့်စွာ ချုပ်နှောင်ထားလိုက်သည့်တွင် ထိုသူသည် ရုန်းဖယ်သော်လည်း အကျိုးရှိမည် မဟုတ်ခတော့ကြောင်းကို သိရှိ၍ အရှုံးပေးလေ၏။ နောက်တခဏ၌ ထိုလူ၏ လက်နှစ်ဘက်တို့မှာ ဦးစံရွှား၏ စပယ်ရှယ်လက်ထိပ်နှင့် ချုပ်နှောင်ပြီး ဖြစ်လေ၏။

ဌာနသို့ရောက်သောအခါ ထိုသူသည် ပထမ၌ ဖုံးကွယ်လိုသည့် သဘောဖြင့် ရှောင်တိမ်း သို့ဝှက်ကာ ပြောဆိုလျက်ရှိလေရာ ဦးစံရွှားက မိမိသိသမျှကို ထုတ်ဖော်ပြောဆိုသည့်တွင် ထိုသူသည် ဟုတ်တိုင်းမှန်ရာ ဖြောင့်ချက်ပေးရရှာလေ၏။ ယင်း၏ ဖြောင့်ချက်တို့မှာလည်း ဦးစံရွှား ထုတ်ဖော် ပြောဆိုသည့် အတိုင်း စာသဝေမတိမ်းအောင် တူညီခဲ့လေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

# ၅၄။ ပွေလီ အင်းခွေးကြီး အမှု*

## လက်ကိုင်တုတ် ပြဿနာ

တနေ့သောနံနက်၌ ကျွန်တော်သည် အိပ်ရာမှထလာ၍ ကော်ဖီသောက်ရန် ထမင်းစားခန်းသို့ ဝင်လာသော အခါ ဦးစံရှားမှာ စားပွဲတွင်ထိုင်လျက် ကော်ဖီသောက်နှင့်နေလေပြီ။ သို့ရာတွင် ကျွန်တော့်မှာ စားပွဲသို့ ရုတ်တရက်မဝင်သေးပဲ ညနေ်ခန်းထဲ၌ ယောင်လျက်သားတွေ့ရသော တုတ်ကောက်တချောင်းကို ကောက်ယူခဲ့၍ အခန်းဝ၌ရပ်ကာ မည်သူ၏ ပစ္စည်းဖြစ်လေသည်ကို ကိုင်တွယ်ကြည့်ရှုနေသေး၏။ တုတ်ကောက်မှာ မယ်ကပ်သားဖြစ်၍ လက်ကိုင်မှာ ကျွဲချိုနှင့်ပြုလုပ်ထားသည့်ပြင် ငွေဖြင့် သပ်ယပ်စွာကွပ်လျက် 'လုပ်ဖော်ကိုင်ဘက်တစုတို့က ဦးထွန်းဝေ (အမ်၊ အာရ်၊ စီ၊ အက်စ်)အား မြတ်နိုးသောအထိမ်းအမှတ်'ဟုသော အဓိပ္ပာယ်ဖြင့် အင်္ဂလိပ်လို ထွင်းထုပါရှိလေ၏။ ထို့ပြင် ၁၉၂၀ ဟူသော ခုနှစ်သက္ကရာဇ်ကိုလည်း ထွင်းထုထားသေး၏။ တုတ်ကောက်မှာ အတော်ခန့်ထည်သိုက်မြိုက်လှ၍ ခပ်တည်တည်နေထိုင်တတ်သော ဆေးဆရာဝန်တယောက် ကိုင်တွယ်လောက်သည့် လက်နက်မျိုး ဖြစ်ပေ၏။

"ဘယ့်နှယ်လဲ ကိုသိန်းမောင် ဘယ်လိုများ ကောက်နုတ်ချက်ရမယ်သလဲ"ဟု ဦးစံရှားက ရုတ်တရက် မေးလိုက်ရာ ကျွန်တော့်ဘက်ကို ကျောခိုင်းလျက် ထိုင်နေသည့်အတွက်ကြောင့် အတော် အံ့အားသင့်သွားမိ၏။

"ခင်ဗျား ဘယ့်နှယ်မြင်ရသလဲ။ ဒီလူဟာ နောက်စေ့မှာ မျက်လုံးအပိုရှိတယ် ထင်တယ်"

"ဘယ်ဟုတ်မလဲဗျ။ ကော်ဖီအိုးထဲမှာ ခင်ဗျားအရိပ်ကို မြင်ရလို့ပေါ့။ ဒါထက် တုတ်ကောက်အကြောင်း တွေးထင်ချက်များရှိယင် ပြောပြစမ်းလေဗျာ ကြားရအောင်။ တုတ်ကောက်ရှင်ဟာ ဘယ်လိုလူလဲလို့"

"ကျွန်တော့်ထင်မြင်ချက် ပြောရမှာဖြင့် ဦးထွန်းဝေဆိုတဲ့လူဟာ အသက်အရွယ် တော်တော်ကြီးရင့်တဲ့ ဆရာဝန်တယောက်ပဲ။ သူ့အလုပ်မှာ တော်တော်လဲ ကြီးပွားဟန်တူတယ်။ ဒီတုတ်ကို လက်ဆောင်ပေးကြခြင်းကိုထောက်ယင် သူ့အလုပ်ကို သဘောကျတဲ့ လူများလဲ တော်တော်ပေါများဟန် တူတယ်"

---

* ဤဝတ္ထုမှာ Sir **Authur Conan Doyle** ၏ ရှားလော့ဟုမ်း ပါဝင်သော **The Hounds of the Baskervilles** လုံးချင်းဝတ္ထုရှည်ကို မှီးခြင်းဖြစ်သည်။ ၁၉၂၃-၄-၅ တဝိုက်က အုပ်ချင်းထုတ်ဝေခဲ့သည်ဟု သိရသည်။ (ထုတ်ဝေတိုက်၊ ထုတ်ဝေနှစ်(အတိအကျ)နှင့် မူရင်းအမည် မသိရသေး။) ဤမူကို မြန်မာပြည် စာအုပ်တိုက်မှ အတွဲ ၄ နှင့် နှလုံးလှစာပေတိုက်မှ အတွဲ ၇ တွင် တွေ့ရသည်။ (ဆရာကြီး ရွှေဥဒေါင်းသည် ဤဝတ္ထုမူရင်းကို 'ဗာစကာဗျ်ိုးလ် ခွေးကြီး' အမည်ဖြင့် ၁၉၄၇ က ကြီးပွားရေး စာအုပ်တိုက်မှတဆင့် တိုက်ရိုက် ဘာသာပြန် ထုတ်ဝေခဲ့ဖူးသေးသည်။)



www.burmeseclassic.com

 www.burmeseclassic.com 

"နိပ်ဟ။ ကိုယ့်လူ သိပ်တိုးတက်နေပါလား။ ဆိုပါဦးဗျာ၊ ဒီပြင်ကော"

"ဒီပြင်တော့ လမ်းလျှောက်ဖို့ တော်တော်ဝါသနာပါတယ်။ တောပိုင်းက ဆရာဝန်တယောက်နဲ့ တူတယ်"

"ဘာကြောင့်လဲဗျာ"

"ဒီတုတ်ဟာ မူလက တော်တော်လှသော်လဲ ကိုင်တွယ်ဖန်များတဲ့အတွက် အရုပ်ဆိုးဆိုးဖြစ်နေလို့ မြို့ပေါ်က ဆရာဝန်တယောက်ဆိုယင် သုံးတော့မယ် မထင်ဘူး။ တုတ်ဖျားက သံကွပ်ဟာလဲ လိမ်ပိန်ရှဲစောင်းနေတဲ့အတွက် တော်တော်လမ်းလျှောက်တဲ့လူလို့ ကျွန်တော်ဆိုချင်တယ်"

"ကောင်းပေါ့ဗျာ။ တယ်ကောင်း၊ တယ်ရှင်း။ သပ်ယပ်ပါပေ့"

"ဂျီ ဆိုတဲ့စကားက ဂေါက်ရိုက်တဲ့အသင်း၊ 'အိပ်ချ်' ဆိုတဲ့ စကားက ဟော်ကီရိုက်တဲ့ အသင်း။ အဲဒီအသင်းတွေမှာ သူကိုယ်တိုင် ကစားခဲ့ဖူးလို့ဖြစ်စေ၊ အသင်းသားတွေကို ဆေးဝါးကုသပေးဖူးလို့ ဖြစ်စေ မြတ်နိုးခြင်းခံရတဲ့အတွက် လက်ဆောင်ပေးကြခြင်း ဖြစ်မယ်လို့ ကျွန်တော် ဆိုချင်တယ်ဗျာ"

"ဟယ်၊ ကိုယ့်လူ သိပ်ဟုတ်နေပါပြီလား၊ ကိုသိန်းမောင်က ကိုယ်ပိုင်ဉာဏ် သိပ်ပြီး မပွင့်လင်းပေမယ့် ဉာဏ်ဓာတ် ကူးနိုင်တဲ့ လူမျိုး ထင်ပါရဲ့။ ကိုယ့်လူနဲ့ ပေါင်းရတာ တခါ တခါမှာ ကျုပ်အဖို့ သိပ်ပြီး ဉာဏ်တိုးပေတယ်ဗျာ။ ကျေးဇူးပါပဲ"

ဦးစံရှားမှာ လူတဘက်သားကို ချီးမွမ်းခဲလှသည့်ပြင် ကျွန်တော်မှာ သူ၏ ချီးမွမ်းခြင်းထက် ကဲ့ရဲ့ပြစ်တင်ခြင်းကိုသာ ခံခဲ့ရဖူးလေရကား ယခုကဲ့သို့ ချီးကျူးပြောဆိုခြင်းအတွက် များစွာ နှစ်သက်အားရခြင်း ဖြစ်မိ၏။ တုတ်ကောက်ကိစ္စ၌ ကျွန်တော်မှာ ဦးစံရှား၏ စဉ်းစားနည်းကို အတုယူကာ ဆင်ခြင်လေ့တွင် ဦးစံရှားကိုယ်တိုင် ချီးမွမ်းခြင်းခံရသဖြင့် နှစ်သိမ့် ဝမ်းမြောက်မိ၏။

ဦးစံရှားသည် တုတ်ကောက်ကို ကျွန်တော်၏လက်မှ လှမ်းယူ၍ အမှတ်တမဲ့ ကြည့်ရှုလေရာ ကြည့်ရှုယင်းပင် စိတ်ပါလာသည့် လက္ခဏာနှင့် ပြတင်းပေါက်သို့ ချဉ်းကပ်ကာ မှန်ဘီလူးငယ်ဖြင့် ကြည့်ပြန်သေး၏။

"အင်း၊ တယ်ပြီးတော့ မဆန်းလှပါဘူး။ ဒါပေမယ့် ထူးခြားတဲ့ အချက်ကလေး တချက် နှစ်ချက်တော့ဖြင့် တွေ့ရပါရဲ့။ ကောက်တတ်ယင်တော့ အဓိပ္ပာယ်တွေ ထွက်လာမှာပေါ့လေ"

"ဘာလဲဗျ၊ ကျွန်တော် မတွေ့တဲ့အချက်များ ခင်ဗျား တွေ့ထားတာ ရှိသေးလို့လား"

"အမှန်ပြောရမှာဖြင့် ခင်ဗျားကောက်တဲ့ အဓိပ္ပာယ်တွေက ခပ်လွဲလွဲချည်းပဲဗျို့ ကိုသိန်းမောင်။ ခင်ဗျားနဲ့ပေါင်းရတာ ကျုပ်အဖို့ ဉာဏ်တိုးတယ်ဆိုတာ တခြားကြောင့်မဟုတ်ဘူး။ ခင်ဗျား အမှား မြင်ရခြင်းအားဖြင့် ကျုပ်ကို အမှန်ဘက်ကို တွန်းပို့သလိုဖြစ်နေလို့ ပြောတာဗျ။ သို့သော်လဲ ခင်ဗျား တွေးတဲ့အချက်ထဲမှာ မှန်တာလဲ ပါပါပေရဲ့။ ခင်ဗျားပြောတဲ့အတိုင်း ဒီလူဟာ တောပိုင်း ဆရာဝန်ဆိုတာရယ်၊ လမ်းလျှောက်တတ်တယ် ဆိုတာရယ် ဒီနှစ်ချက်တော့ဖြင့် မှန်ပါပေရဲ့ဗျာ"

"ဒါဖြင့်လဲ မှန်သားပဲပေါ့ဗျာ"

"သို့သော်လဲ ခင်ဗျားမှန်တာ ဒီဟာအကုန်ပဲ။ ဒီက ရှေ့တော့ အလွဲချည်းပဲ"

"လွဲပုံ ပြောပါဦးခင်ဗျာ"

"ဂျီဆိုတဲ့ စာလုံးနဲ့ အိပ်(ချ်)ဆိုတဲ့ စာလုံးနှစ်လုံးဟာ ဂေါက်နဲ့ ဟော်ကီ မဟုတ်ဘူး ဆရာရေ့၊ ဂျင်နရယ် ဟော်စပီတယ်ဆိုတဲ့ ဆေးရုံကြီးဗျ"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


"အို ဟုတ်သားပဲ။ ဒါလောက်ကလေးတောင် မှန်အောင် မတွေးနိုင်ပဲကိုး၊ ဆရာဝန်ဆိုလျက်နဲ့ ဆေးရုံလောက်တော့ တွေးတတ်ဖို့ ကောင်းပါရဲ့ဗျာ။ ညံ့လိုက်တာ"

"ကိုင်း၊ ဆေးရုံက လူစုက လက်ဆောင်ပေးတယ်ဆိုပါတော့။ ဒီပြင်ဘာများ စဉ်းစားမိသေးသလဲ"

"တောပိုင်းမရောက်ခင် ရန်ကုန်မှာ အလုပ် လုပ်ဖူးတယ်လို့ ဆိုရမှာပေါ့ဗျာ"

"ဒီထက်တိုးပြီး မစဉ်းစားနိုင်တော့ဘူးလားဗျာ။ လက်ဆောင်ပေးယင် ဘယ်လိုအခါမျိုးမှာ ပေးတတ်သလဲ။ တနေရာက တနေရာကို ပြောင်းရွှေ့တဲ့အခါမှာ ပေးတတ်ကြတယ် ဟုတ်လား"

"ဟုတ်ပါရဲ့ဗျာ"

"ကိုင်း ဒီပြင်တချက်က သက္ကရာဇ်ကိုကြည့်။ ၁၉၂၈ ခုနှစ်က ဒီလက်ဆောင်ကို ပေးကြတယ်ဆိုပါတော့။ အခု ၁၉၃၂ ခုနှစ်ဆိုတော့ လေးနှစ်ရှိသွားပြီ။ ဟုတ်စ။ ရန်ကုန်ဆေးရုံကြီးမှာ အလုပ် လုပ်ပြီးမှ ဒိစတြိတ်ကို ပြောင်းရွှေ့ရခြင်းအားဖြင့် ဒီလူဟာ ရာထူးကြီးထဲက မဟုတ်နိုင်ဘူး။ ဆေးကျောင်းက အောင်လာခါစ လူငယ်ထဲက ဖြစ်ရမယ်။ ရာထူးကြီးထဲကဆိုယင် ရန်ကုန်ဆေးရုံကြီးရောက်ပြီးမှ ဒိစတြိတ် ပြောင်းရတယ်လို့ မရှိနိုင်ဘူး။ ဒါကြောင့်မို့ ဦးထွန်းဝေဟာ ခင်ဗျား ထင်သလို လူကြီးပိုင်းထဲကမဟုတ်ပဲ လူခပ်ရွယ်ရွယ် အသက် ၃၀ လောက်၊ လူချစ်လူခင် ခပ်ပေါပေါ၊ ရောင့်ရဲတတ်တဲ့ သဘောရှိတဲ့ သတိမကောင်းတဲ့ လူတယောက်ဖြစ်ရမယ်။ သူ့မှာ အင်းခွေးလောက်လဲ မကြီး၊ ရထားလိုက် ခွေးလောက်မကတဲ့ ခွေးတကောင် ရှိရမယ်လို့ ကျုပ်ဆိုတယ်"

ဦးစံရှားသည် ထိုစကားကိုပြောပြီးနောက် ဆေးတံမှ ဖွာထုတ်လိုက်သော မီးခိုးများ လွင့်တက်သည်ကို မော့်ကြည့်နေစဉ် ကျွန်တော်မှာ သူ၏စကားကို မယုံကြည်နိုင်သဖြင့် ရယ်မောနေလေ၏။

"ခင်ဗျားပြောတဲ့ စကားတွေအနက် နောက်ဆုံးအပိုင်းကိုတော့ ဟုတ်မဟုတ် ချိန်ကိုက်စရာ နည်းလမ်းမရှိလို့ ထားလိုက်ပါတော့ဗျာ။ သို့သော် ပထမပိုင်းကစကားတွေတော့ ဟုတ် မဟုတ် စုံစမ်းကြည့်ဖို့ နည်းရှိတယ် ဆရာရေ့။ ကိုင်း၊ကြည့်လိုက်ကြစို့"ဟုပြောပြီးနောက် ကျွန်တော်သည် အစိုးရအမှုထမ်းများ၏ အမည်နှင့် အလုပ်အကိုင်များပါရှိသော 'စီဗီလစ်'ခေါ် စာအုပ်ကိုထယူ၍ 'ဦးထွန်းဝေ'ဟူသော အမည်ကို ရှာဖွေလေ၏။ တရားဌာနဘက်၊ ရာဇဝတ်ဌာနဘက် စသည်တို့တွင် ဦးထွန်းဝေ အမည်များ တွေ့ရှိရပြီးနောက် ဆေးရုံဘက်၌ ရှာဖွေရာ အောက်ပါအကြောင်းအရာကို တွေ့ရှိရလေ၏။

'ဦးထွန်းဝေ၊ (အမ်၊ အာရ်၊ စီ၊ အက်)'

ဦးစံရှားသည် ပြုံးစိစိမျက်နှာထားနှင့် "ဘယ့်နှယ်လဲ။ ဝေါက်ကိုဟော်ကီတို့ တွေ့မထင်ဘူး၊ဟုတ်စ။ တောပိုင်းရောက်နေတာတော့ ခင်ဗျားပြောတာ မှန်ပါတယ်"ဟု ပြောရာ ကျွန်တော်က "လူချစ် လူခင် ပေါတယ်ဆိုတာ ဘာကြောင့်လဲဗျ"ဟု မေးလေ၏။

"အမှုထမ်းတယောက် ပြောင်းရွှေ့ခါနီးမှာ လက်ဖက်ရည်တိုက်ခြင်း၊ ထမင်းကျွေးခြင်း လုပ်တတ်ကြပေမယ့် အမှတ်အသားအဖြစ်နဲ့ လက်ဆောင်တခု ပေးတယ်ဆိုတာ တော်တော်ကြီး ခင်မင်ကြလို့သာ လုပ်ကြတယ်လို့ ကျုပ် ဆိုတယ်"

"တင်းတိမ် ရောင့်ရဲတတ်ခြင်း ဆိုတာကကောဗျာ"

"ဆရာဝန်ဘက်ကဆိုယင် ရန်ကုန်ရောက်ပြီးမှ တောပြောင်းဖို့ စိတ်မကူးခဲ့ဘူးဗျ။ မပြောင်းရွှေ့ရအောင်ဟာ တနည်းနည်းနဲ့ ကျိတ်ပြီးကြံဖန်ကြတာပဲ။ ဒီလူကတော့ ခပ်အေးအေးနေတတ်တဲ့ ဝါသနာရှိလို့မို့ အခုလို အပြောင်းခံရတာပေါ့"

"သတိမကောင်းတာကတော့ တုတ်ကောက်မေ့ထားခဲ့လို့ပေါ့။ ဟုတ်လား"

---

ဂ တိ ယ အ ကြိ မ်

www.burmeseclassic.com

 www.burmeseclassic.com 

"ဒါပေါ့"

"ခွေးကကောဗျာ"

"သူ့မှာ တုတ်ကောက်ကို ပါးစပ်နဲ့ကိုက်ပြီး နောက်ကလိုက်ဖို့ သင်ထားတဲ့ ခွေးတကောင်ရှိရမယ်။ တုတ် အလယ်ပိုင်းမှာကြည့်။ သွားရာတွေ တွေ့လိမ့်မယ်။သွားရာတွေရဲ့အကျယ်အဝန်းကို ကြည့်ခြင်းအားဖြင့် သူ့ခွေးဟာ အာခေါင် ဘယ်လောက်ကျယ်တယ်ဆိုတာ သိနိုင်တယ်။ အင်းခွေးဆိုယင် ဒီလောက်မကဘူး ကျယ်ရမယ်။ ရထားလိုက် ခွေးမျိုးဆိုယင်လဲ ဒါထက် ကျဉ်းရမယ်။ တန်တော့ဗျ၊ စပယ်နီယမ်ခွေးမျိုးပဲ"

"သေချာလား ဆရာကြီး"

"သေချာဆို ဟောဟိုမှာ လူရော ခွေးရော လာကြပြီကောဗျ"

ဦးစံရှားမှာ ထိုအခြင်းအရာကို ပြတင်းပေါက်မှ မြင်ရသောကြောင့် တပ်အပ် ပြောလိုက်ခြင်း ဖြစ်သည်။

နောက် တခဏ၌ လူတယောက်သည် အမွေးရှည်သော ခွေးတကောင်နှင့်အတူ အခန်းတွင်းသို့ ဝင်လာရာ ထိုသူမှာ ကျွန်တော် ခတွေးထင်ထားသည့်အတိုင်း ပုပုကွကွနှင့် တောကျသော လူတယောက်မဟုတ်ပဲ သေးသေးသွယ်သွယ်၊ နှာတံပေါ်ပေါ်၊ အရပ်မြင့်မြင့်၊ ရွှေမျက်ထပ်လျက် အတော် ဂိုက်ကောင်းသော လူတယောက် ဖြစ်နေသည်ကို တွေ့ရလေ၏။ ထိုသူသည် စားပွဲပေါ်တွင် တင်လျက်ရှိသော တုတ်ကောက်ကို မြင်သည်နှင့် တပြိုင်နက် ဝမ်းမြောက်စွာ ထ,ယူ၍

"တော်ပါသေးရဲ့ဗျာ။ ရထားပေါ်မှာ ကျန်နေရစ်သလားလို့ စိတ်ပူနေလိုက်တာ။ဒီတုတ် ပျောက်မှာ ကျွန်တော် သိပ် နှမြောတာပဲ ခင်ဗျ"

"လက်ဆောင်ရတဲ့ တုတ်မှတ်တယ်"

"ဟုတ်ကဲ့။ မိတ်ဆွေတစုက လက်ထပ်တုန်းက လက်ဖွဲ့တဲ့ ပစ္စည်းမို့ပါ"

"ဟိုက်၊ တချက် ရှော်သွားပြီဗျာ"

"လက်ထပ်တာနဲ့ ရှော်ရသလားဗျ"ဟု အံ့သြစွာနှင့် ဦးထွန်းဝေက ပြောရာ ဦးစံရှားက "မဟုတ်ပါဘူး။တက်ကိန်းတချက် လွဲသွားလို့ပါ။မင်္ဂလာဆောင်တုန်းက ရတဲ့ပစ္စည်းတဲ့၊ဟုတ်စ"ဟု ဆက်မေးလေ၏။

"လက်ထပ်ပြီး ရန်ကုန်က ပြောင်းရတော့ ရတဲ့ပစ္စည်းပါပဲ"

"ဒီလိုဖြင့် တော်ပါသေးရဲ့ဗျာ။ ကိစ္စကို ဆိုပါဦး"

"ဦးစံရှားဆိုတာ မိတ်ဆွေမှတ်တယ်"

"မှန်ပါတယ်။ ပြောစရာရှိ ပြောပါ"

"နာမည်တော့ ကြားနေတာ ကြာပြီကောခင်ဗျာ၊ လူကိုယ်တိုင်တော့ ခုပဲ တွေ့ရတယ်။ကျွန်တော်က သာမည ဆေးအတတ်အပြင် ဦးနှောက်အကြောင်းကို အထူးတလည် လေ့လာထားတဲ့ လူတယောက်ပါပဲ။ မိတ်ဆွေရဲ့ ဦးခေါင်းနေပုံကိုကြည့်ရတာ ပထမတန်း ဦးနှောက်ရှိတယ်လို့ ကျွန်တော် ဆိုဝံ့တယ်။ကျွန်တော့်မှာ ပိုက်ဆံရှိယင် ခင်ဗျားဦးနှောက်ကို ကျပ် ၅၀၀၀ ပေးဝယ်ဝံ့ပါရဲ့"

"မလုပ်ပါနဲ့ဗျာ။ ခေါင်းနဲ့ကိုယ်နဲ့ အိုးစားမကွဲပါရစေဦး ဆရာကြီးရယ်"

"အိန္ဒိယပြည်က ဂဏန်းသင်္ချာပါရဂူ ဘိုစ်ရဲ့ ခေါင်းကို နှစ်သောင်းနဲ့ ဝယ်ထားတယ် ပြောတယ်။ ခင်ဗျားဦးခေါင်းကို ရောင်းရယင် နှစ်သောင်းထက် မနည်း ရပြီးသားပဲ"

"ဦးခေါင်းကုန်ကူးချင်တဲ့ လူနဲ့တွေ့နေပါပြီ။ခင်ဗျားလာရခြင်းက ကျုပ်ဦးနှောက်ကို အရှင်အတိုင်း အသုံးချချင်လို့ မဟုတ်ဘူးလား။ သေတော့ ကြည့်လုပ်တာပေါ့။ ရှင်တုန်းမှာ ကိစ္စပြောပါဦး။ မနေ့ညတာ



www.burmeseclassic.com

www.burmeseclassic.com


တခေါက် ခုတခေါက် လာပုံထောက်တော့ တော်တော် အရေးကြီးပုံရတယ်။ ဦးခေါင်းပွဲစားလောက် က မထင်ပါဘူး''ဟု ဦးစံရှားသည် ရယ်မော ပြောဆိုလိုက်လေ၏။

× × ×

## ကျိန်စာသင့်သော အိမ်သားတစု

''ကျွန်တော့်အိတ်ထဲမှာ မှတ်တမ်းတခု ပါလာပါတယ်''

''ဝင်လာကတည်းက မြင်ပါရဲ့''

''တော်တော် ရှေးကျတဲ့ မှတ်တမ်းပါပဲ''

''ဟုတ်ကဲ့။ ပုရပိုက် အခြေအနေကြည့်ရခြင်းအားဖြင့် အနှစ် လေး ငါးရှစ်ဆယ်ထက် မအောက်ပေဘူးပေါ့''

''လွန်ခဲ့တဲ့ သုံးလလောက်က အုန်ရွှာ မြေပိုင်ရှင် ဦးထွန်းဖြူသေဆုံးခြင်းနဲ့ပတ်သက်ပြီး သတင်းစာတွေထဲမှာ တော်တော်ရေးလိုက်ကြပါသေးကောလား ခင်ဗျာ။ အဲဒီလူဟာ ကျွန်တော့်မိတ်ဆွေကြီးပါပဲ။ မိတ်ဆွေလဲဖြစ်၊ သူ့ကိုအမြဲ ဆေးဝါးကုသလာတဲ့ ဆရာဝန်လဲ ဖြစ်တဲ့အတွက် သေခါနီးမှာ ဒီမှတ်တမ်းကို ကျွန်တော့်လက် အပ်ခဲ့ပါတယ်။ဒီလူကြီးဟာက တောက်တီးတောက်တဲ့ ယုံကြည်တတ်တဲ့ သဘောနုတဲ့လူထဲက မဟုတ်ဘူး ခင်ဗျ။ ဒီလိုလူကြီးမျိုး တယောက်လုံးက ဒီမှတ်တမ်းပါ အကြောင်းအရာမျိုးကို ယုံကြည်သွားတဲ့အတွက် သာပြီး အတွေးရ ခက်နေပါဟယ်။တော်အောင်လျော်အောင် လူထဲကဆိုယင် မဟုတ်နိုင်ပါဘူးလို့ တခါတည်း ပယ်ချလိုက်မှာပဲ။ ဦးထွန်းဖြူကတော့ ဒီလိုပေါ့ပေါ့ဆဆနဲ့ ပယ်ချထိုက်တဲ့ လူတယောက် မဟုတ်ပေဘူးခင်ဗျ။ ဒါကြောင့် ကျွန်တော်တယောက်တည်း အကြံအိုက်ပြီး မိတ်ဆွေဆီ လာပြီး တိုင်ပင်ရခြင်း ဖြစ်ပါတယ်''

ဦးစံရှားသည် ပုရပိုက်ကို လှမ်းယူ၍ ဒူးပေါ်၌ လှန်လှောကြည့်ရှုယင်း

''ဦးထွန်းဖြူရဲ့ ဆွေစဉ်မျိုးဆက်နဲ့ ပတ်သက်တဲ့ အကြောင်းအရာများ မှတ်ဘယ်''

''မှန်ပါတယ်''

''ကျုပ် ထင်တာက အခုတလော အဖြစ်အပျက်အကြောင်းကို တိုင်ပင်ချင်တယ် မှတ်တာကိုး''

''အခုတလောမှ ချက်ချင်းလောလောဆယ်ဆယ် ၂၄ နာရီအတွင်းမှာ ဆုံးဖြတ်ရမယ့် ကိစ္စပါခင်ဗျာ။ သို့သော် ပုရပိုက်မှာပါတဲ့ အကြောင်းအရာကို ရှေးဦးစွာ ဖတ်ကြည့်ယင်း ရိပ်မိပါလိမ့်မယ်။ကျွန်တော် ဖတ်ပြမယ်၊ နားထောင် ခင်ဗျ''

ထိုအခါ ဦးစံရှားသည် ပက်လက်ကုလားထိုင်ပေါ်တွင် မျက်စိမှေးကာ နားထောင်နေရာ ဦးထွန်းဝေလည်း အောက်ပါအတိုင်း ဖတ်ပြလေ၏။

> အောက်ပါ အဖြစ်အပျက်များမှာ ငါ၏အဘိုးက သူ၏သား (ငါ၏အဖေ) အား ပြောပြ၍ ငါ၏ဖခင်က ငါ့အား တဆင့် ပြောပြခဲ့ဖူးသည့်အတိုင်း ရေးသားရခြင်း ဖြစ်သည်။ ရှေးအခါက ငါတို့၏အနွယ်အဆက်များ နစ်မွန်းပျက်စီးရခြင်းကို ငါ့သားများ တရားသံဝေဂရကြ၍ နောင်အဖို့၌ ဆင်ခြင်စိမ့်သောငှာ သတိပေးသော အနေဖြင့် ဤအကြောင်းရာများကို ငါရေးသားရသည်။

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ငါတို့၏ ''ငါးဆောင်ပြိုင်'' အမည်ရှိသော တိုက်အိမ်ကြီးမှာ ငါ့သားများ မြင်သည့်အတိုင်း နှစ်ပေါင်း ၁၀၀ ကျော်ကြာရှိ၍ ဤရွာတွင် ရှေးအကျဆုံး အိမ်ကြီးတဆောင်ဖြစ်ရာ မင်းတုန်းဘုရင် လက်ထက်တွင် ငါ၏ဘေး၊ မင်းတို့၏ ဘီ ကော်စပ်သည့် သူကြွယ်ဦးကြာဖူး တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ဦးကြာဖူးမှာ လယ်မြေကော ကြွယ်ဝသလောက်အနေအထိုင် ရမ်းကား ပက်စက်သူတယောက် ဖြစ်သည်ဟု ရွာသားအစဉ်အဆက် ပြောကြဖူးသည်။ သူကြွယ်ဦးကြာဖူးသည် ဆင်းရဲနွမ်းပါးသော လယ်သမားတယောက်၏ ရုပ်ရည်ချောမောသော သမီး မအုန်းကြည်ဆိုသူကို ချစ်ကြိုက်စုံမက်ခဲ့ရာ မအုန်းကြည်သည် လူဆိုးတယောက်သဖွယ် နှာမည်ပျက်နေသော ဦးကြာဖူး၏ မေတ္တာကို မတုံ့ပြန်ချေ။ တနေ့သ၌မအုန်းကြည်၏ ဖခင်နှင့်မောင်များသည် လယ်တောသို့သွားနေခိုက် ဦးကြာဖူးသည် အဖော်သုံးလေးယောက်တို့နှင့်အတူ လှည်းတစီးနှင့်သွားရောက်၍ မအုန်းကြည်ကို လှည်းပေါ်သို့ပွေ့တင်ခိုးယူလာခဲ့ကြ၏။ ဦးကြာဖူးတို့ လူစုသည် မအုန်းကြည်ကို တိုက်အိမ် အပေါ်တွင်လှောင်ထား၍ အောက်ထပ်တွင် သောက်စားမူးယစ်ခါ ပျော်ရွှင်ဆူညံစွာ ရှိနေရာမအုန်းကြည်သည် နေဝင်သည်နှင့်တပြိုင်နက် ပြတင်းပေါက်မှ တိုက်ပန်းနွယ်ဖြင့် တွယ်ဖက်ခါ ဆင်းလာခဲ့ပြီးလျှင် ခရီး ၅ မိုင်ခန့်ဝေးကွာသော မိမိ၏နေအိမ်သို့ တယောက်တည်းညတွင်းချင်း ထွက်ပြေးလာခဲ့၏။

ဦးကြာဖူးသည် မီးထွန်းချိန် သာသာတွင် နေအိမ်အပေါ်ထပ်သို့ တက်သွား၍မအုန်းကြည်အား စကားစမြည်ပြောမည်ဟု အခန်းတွင်းသို့ ဝင်သွားရာတွင် မအုန်းကြည်မရှိတော့ကြောင်း တွေ့ရ၏။ ထိုအခါ ဦးကြာဖူးမှာ နဂိုအားဖြင့်လည်း ကြမ်းကြုတ်နေပြန်၊ အရက်ကလည်း မူးနေပြန်၊ မယားချောကလည်း ပျောက်ဆုံးနေပြန်ရကား ဒေါသတကြီးနှင့် အိမ်ပေါ်မှ ပြေးဆင်းလာ၍ အရက်ပုလင်းများကို ခြေဖြင့် ကန်ကျောက်ကာမကြားဝံ့ မနာသာ ကြုံးဝါး ရေရွတ်လေ၏။ ထိုအခါ အရက်မူး သူငယ်ချင်းတယောက်က''ခင်ဗျား ခွေးကြီးတွေ ဘာလုပ်ဖို့လဲ၊ ခွေးတွေလွှတ်ပြီး မြင်းနဲ့ လိုက်ပါတော့လား''ဟုအကြံပေးလိုက်လေ၏။ ဦးကြာဖူးသည် မြန်မာခွေးသမင်နှင့် 'ဂရိတ်ဒိန်း' ခေါ် သတော်ခွေးကြီးမျိုးတို့ စပ်၍ ဖောက်ထားသော အမဲလိုက်ခွေးများ မွေးထားသူတယောက် ဖြစ်ဆိုယနေ့တိုင်အောင် ပဲခူးနယ်တွင် ထိုခွေးမျိုးများမှာ အမျိုးမပြတ်ပဲ ကျော်စော်ထင်ရှားလျက်ရှိသေး၏။

ထိုအကြံကို ကြားရသည်နှင့်တပြိုင်နက် ဦးကြာဖူးသည် မိမိ၏မြင်းကို ကုန်းပြင်စေ၍ခွေးကြီး နှစ်ကောင်ကို လှောင်အိမ်မှ ထုတ်လွှတ်ဖို့ အမိန့်ပေး၏။ ပြတင်းပေါက် အောက်တွင်လည်း မအုန်းကြည် ကျကျန်ရစ်ခဲ့သော တို့ပတ်ပဝါ တထည်ကို ကံအားလျော်စွာတွေ့ရှိရလေရာ ဦးကြာဖူးသည် ခွေးကြီးနှစ်ကောင်အား တို့ပတ်ပဝါ အနံ့ခံစေ၍ မြင်းပေါ်သို့ ခုန်တက်ပြီးလျှင် ခွေးကြီးများနှင့်အတူ အိမ်မှထွက်လာခဲ့လေ၏။

ဦးကြာဖူး၏ သူငယ်ချင်းလေးယောက်တို့သည် ဦးကြာဖူး သွားသည်နှင့်တပြိုင်နက် အရက်မူး ပြေပျောက်သကဲ့သို့ ဖြစ်လာကြ၍ ဦးကြာဖူး ဒေါသကို သိကြပြီးဖြစ်သည့်အတိုင်း မအုန်းကြည်ကို မိသွားလျှင် သူငယ်ချင်း ဦးကြာဖူးက ဒေါသအလျောက် ထင်သလို



www.burmeseclassic.com

www.burmeseclassic.com



ပြုကျင့်မည့်အရေးကို တွေးတော ပူပန်လာကြရကား နေအိမ်သို့ အသီးသီး လျင်မြန်စွာ ပြန်ပြေးကြပြီးလျှင် မြင်းကိုယ်စီပြင်ခဲ့၍ ဦးကြာဖူးနောက်သို့ လိုက်ကြလေ၏။

လမ်းခရီးတွင် သူငယ်ချင်းတစုတို့သည် နွားကျောင်းသား သူငယ်တယောက်နှင့် တွေ့၍ မည်သူ့ကို တွေ့မြင်ခဲ့သနည်းဟု မေးမြန်းကြရာ နွားကျောင်းသားက ရှေးဦးစွာ မိန်းမပျိုတယောက်ကိုတွေ့ကြောင်း၊ မိန်းမပျိုနောက်မှ ခွေးကြီးနှစ်ကောင်တို့ကို တွေ့လိုက်ရကြောင်း၊ ယင်းတို့နောက်မှ မြင်းနက်ကြီးစိုင်းသွားသော ဦးကြာဖူးကို တွေ့လိုက်ကြောင်း၊ ဦးကြာဖူး၏နောက်မှ အလွန်ကြီးမား ထွားကျိုင်းလှသော ခွေးနက်ကြီးတကောင်ကို တွေ့လိုက်ရကြောင်းနှင့် ပြောပြလေ၏။

သူငယ်ချင်းတစုလည်း လိုက်မြဲတိုင်း လိုက်ကြပြန်ရာ အတန်ငယ် သွားလတ်မိသော် ဦးကြာဖူး၏ မြင်းနက်ကြီးသည် စီးသူမပါပဲ ဗလာစိုင်းလာ၍ ရွာဘက်သို့ ဆက်လက်ပြေးသွားသည်ကို မြင်လိုက်ကြရ၏။ မြင်းနက်ကြီးမှာ ပါးစပ်မှ အမြှုပ်တစီစီ ထွက်ကျ၍ မျက်လုံးမှာလည်း ပေါက်လုမတတ် ပြူးထွက်နေသည်ကို လရောင်နှင့် မြင်လိုက်ကြရလေ၏။

သူငယ်ချင်းများသည် ထိတ်လန့်လာပြီဖြစ်၍ ရွာသို့ လှည့်ပြန်လိုသော်လည်း စ၍ ပြောမည့်လူ မရှိသဖြင့် လှည့်မပြန်ကြပဲ လိုက်မြဲတိုင်းလိုက်ကြလေ၏။ အတန်ငယ် သွားမိကြပြန်သောအခါ သူငယ်ချင်းတစုသည် လျှိုတခုအနီးတွင် ဦးကြာဖူး၏ ခွေးကြီးနှစ်ကောင်ကို တွေ့ကြလေရာ ခွေးကြီးများသည် သတ္တိ အလွန်ကောင်းသော မျိုးရိုးဖြစ်ကြပါလျက် အမြီးများကိုကုပ်ခါ ထိတ်လန့်သော အမူအရာနှင့် လျှိုဘက်သို့ ငေးကြည့်နေကြလေ၏။

သူငယ်ချင်းလေးယောက်တို့သည် တယောက်မျက်နှာကို တယောက်ကြည့်နေကြရာမှ လျှိုဘက်သို့လိုက်ရန် တယောက်က အကြံပေးသည့်အတိုင်း မြင်းများနှင့် တဖြည်းဖြည်း ဆင်းလိုက်သွားကြလေ၏။ လျှို သို့မဟုတ် ချိုင့်ထဲသို့ဆင်းကြ၍ သတိနှင့် တဖြည်းဖြည်း မြင်းစီးသွားကြစဉ် ပေ ၂၀ ခန့် သွားမိ၍ ကွေ့တခုကို ကျော်လွန်သည်နှင့် တပြိုင်နက် ဖွေးဖွေးဖြူသော အရာဝတ္ထုတခုကို ဘွားကနဲ တွေ့ကြရလေ၏။ ယင်းမှာ မအုန်းကြည်၏ အလောင်းဖြစ်၍ ဝတ်ထားသော အင်္ကျီသည် လရောင်တွင် ဖွေးနေခြင်း ဖြစ်လေသည်။ မအုန်းကြည်နှင့် ၁၅ ပေကွာလောက်တွင်ပူကား ဦးကြာဖူးသည်မြေပေါ်တွင် စင်းစင်းကြီး လဲ၍ မလှုပ်မရှား ရှိနေ၏။ သို့ရာတွင် သူငယ်ချင်းတစု အထူး ထိတ်လန့်တုန်လှုပ်ကြရသော အခြင်းအရာမှာ မအုန်းကြည်၏ အလောင်းလည်းမဟုတ်၊ ဦးကြာဖူး၏ အလောင်းလည်း မဟုတ်။ ဦးကြာဖူး၏ ကိုယ်ပေါ်၌ ကားလျားခွကာ လည်ပင်းကိုခဲလျက် နက်ကျယ်စွာသော အသံကြီးဖြင့် မာန်ဖီကာ ဟိန်းနေသည့် နွားပေါက်ကလေး ပမာခန့်ရှိသော ခွေးနက်ကြီးပင် ဖြစ်လေ၏။

သူငယ်ချင်း လေးယောက်တို့သည် ထိုအခြင်းအရာကို မြင်သည်နှင့် တပြိုင်နက် ငယ်သံများပါသည့်တိုင်အောင် လန့်အော် အော်ဟစ်ကြလျက် မြင်းဇက်ကိုလှည့်ကာ ရွာဘက်သို့ ကဆုန်ချ၍ စိုင်းလာကြလေ၏။ ယင်းတို့အနက် တယောက်မှာ ထိုညဥ့်၌ပင် ကယောင်ချောက်ချားပြောယင်း အသက်ထွက်သွားခဲ့ရာ ကျန်သုံးယောက်တို့မှာ လန့်ဖျားဖျား၍ တလကျော်မျှ ဆေးဝါးကုသယူရ၏။

---

ဘာတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


ဤသည်ကား ငါတို့၏ ဆွေစဉ်မျိုးဆက် နှိပ်စက်နှောင့်ယှက်လာခဲ့သော ခွေးနက်ကြီး၏ အတ္ထုပ္ပတ္တိ အစချေပတည်း။ ဦးကြွခဖူး လက်ထက်မှစ၍ သူ၏သား (ငါ၏အဘိုး) သည်လည်းကောင်း၊ သူ၏မြေး (ငါ၏အဖ) သည်လည်းကောင်း၊ သေရိုးသေစဉ်နည်းဖြင့် မသေကြရပဲ ရုတ်တရက် ရှောင်တခင် အဆန်းတကြယ် ကြောက်မက်ဖွယ်သော သေဆုံးကြရခြင်းများကိုလည်း တရှာလုံးအသိ ဖြစ်၏။ ငါ့သားများသည် ရာဘနာသုံးပါးကို ဆည်းကပ်ကြ၍ အလားတူဆိုးရွားသော သေခြင်းမျိုးမှ လွတ်ကင်းကြစေဖို့ ဖခင်မေတ္တာ ပို့သခဲ့ပါ၏။ အထူးမှာထားလိုသည်မှာ အကာလ ညအချိန်များတွင် မည်သည့် အကြောင်းမျိုးနှင့်မျှ 'သရဲလျှို' ဟုခေါ်တွင်သော လျှိုကြီးကို မကူးဖြတ်ရစ်ကြလေနှင့်။ ဤအကြောင်းကို မင်းတို့၏ နှမ သန်းတင်အား မပြောကြားလေနှင့် ငါ့သားများ။

အထက်ပါစာမှာ မြေပိုင်ရှင်, ဦးထွန်းဖြူက သား ကိုသာဟန်တို့အား ရေးသား မှာထားခဲ့သော စာဖြစ်၏။

ဒေါက်တာဦးထွန်းဝေသည် အထက်ပါစာကို ဖတ်ပြပြီးနောက် ဦးစံရှားအား လှမ်းကြည့်လျက် "ဘယ့်နှယ်လဲ၊ မထူးဆန်းဘူးလား ဆရာကြီး" ဟု မေး လေ၏။

"ဟုတ်ကဲ့၊ တစ္ဆေဝတ္ထု စုနေတဲ့လူဆီ ပို့လိုက်ဖို့ ကောင်းပါရဲ့"

ထိုအခါ ဒေါက်တာဦးထွန်းဝေသည် သူ့ရိယ သတင်းစာဟောင်းတခုကို အိတ်ထဲမှထုတ်၍ "ခုနင်က ဟာက ရှေးက အဖြစ်အပျက်။ ဟောဒီဟာက လွန်ခဲ့တဲ့ ဇွန်လအတွင်းက အဖြစ်အပျက်ဗျ။ မြေပိုင်ရှင် ဦးထွန်းဖြူ သေတုန်းက မှတ်တမ်းပဲ၊ နားထောင်စမ်းပါဦး' ဟု ပြောသဖြင့် ဦးစံရှားလည်း ယခင်ကထက် စိတ်ဝင်စားသော အမူအရာနှင့် မေးထောက်၍ နားထောင်လေရာ ဦးထွန်းဝေလည်း အောက်ပါအတိုင်း ဖတ်ပြလေ၏။

ရွှေလာမည့် ရွေးကောက်ပွဲတွင် ပါခူးနယ်မှ အရွေးခံမည့် အမတ်လောင်း ဦးထွန်းဖြူ သေဆုံးခြင်းအတွက် နယ်သူနယ်သားတိုင်း ဝမ်းနည်းပက်လက် ဖြစ်ကြရကြောင်း၊ ဦးထွန်းဖြူမှာ အုန္နဲသား မြေပိုင်ရှင်ကြီးတယောက်ဖြစ်ရာ ဆင်းရဲသား လယ်သမားများအပေါ်၌ အထူး ကြင်နာသနားတတ်သူ တယောက်ဖြစ်သည့်အတွက် ဦးထွန်းဖြူသေဆုံးခြင်းကို တနယ်လုံးက နှမြော ဝမ်းနည်းနေကြကြောင်း၊ ဦးထွန်းဖြူသည် လယ်ကော ထောင်ကျော်ပိုင်ဆိုင်သူ တယောက်ဖြစ်သော်လည်း ကျောင်း၌ 'ဂျီအော်လိုဂျီ' ခေါ် ဘူမိဗေဒပညာကို သင်ကြားခဲ့ရသည့်အလျောက် ကျောက်တွင်းတူးခြင်းအလုပ်ကို ဝါသနာပါသဖြင့် မိုးကောင်းနယ်၌ ကျောက်စိမ်းတွင်းများ သွားရောက်လုပ်ကိုင်ခဲ့ဖူးကြောင်း၊ လွန်ခဲ့သောနှစ်နှစ်ခန့်က ကျောက်စိမ်းတွင်း အလုပ်ကို ရုပ်သိမ်း၍ အမြတ်ငွေ အမြောက်အမြားနှင့် နေရင်းဌာနသို့ ပြန်လာပြီးလျှင် ရေတွင်းများတူးခြင်း၊ တံတားတည်ခင်းခြင်း၊ ဇရပ် တန်ဆောင်း တည်ဆောက်ခြင်း စသော ကောင်းမှုကုသိုလ်များလည်း အကြီးအကျယ် ပြုခဲ့ကြောင်း။

ဦးထွန်းဖြူသေဆုံးပုံမှာ အခတော်ပင်ထူးဆန်း၍ တနယ်လုံးက အမျိုးမျိုးတွေးတော ပြောဆိုနေကြကြောင်း၊ ဇွန်လ ၄ ရက်နေ့ညက ဦးထွန်းဖြူသည် မိမိ၏အိမ်ဝင်းအတွင်း၌ ထုံးစံအတိုင်း လမ်းလျှောက်နေခဲ့ရာ အစေခံမောင်ကျော်က ၁၀ နာရီ ကျော်သော်လည်း မိမိ၏ဆရာ ဝင်မလာသေးသည်နှင့် ဝင်းထဲတွင် လိုက်ရှာသည်ဆိုကြောင်း၊ မတွေ့ပဲ ရှိလတ်သော် မောင်ကျော်သည် လှည်းသမား ဖိုးထွေးကိုခေါ်၍ မှန်အိမ်တလုံးနှင့် ခြေရာခံပြီး

www.burmeseclassic.com



လိုက်ကြကြောင်း၊ 'သူရဲလျှို' ခေါ်သော လျှိုကြီးသို့ ရောက်လာကြသောအခါ မှောက်လျက် သေနေသော ဦးထွန်းဖြူ၏ အလောင်းကို တွေ့ကြရကြောင်း၊ အလောင်းမှာ မည်သည့် ဒဏ်ရာမျှ မရှိသော်လည်း သေသူ၏မျက်နှာထားမှာ ကြောက်မက်ဖွယ်ရာ ပြောင်းလဲခြင်း ဖြစ်နေသောကြောင့် မောင်ကျော်တို့ပင် ရုတ်တရက် မမှတ်မိကြောင်း၊ ထူးခြားသော အခြင်းအရာမှာ ဦးထွန်းဖြူသည် အိမ်ဝင်းအတွင်းမှထွက်လာ၍ ကိုက် ၁၀၀ ခန့် လျှောက်မိသောအခါ ရိုးရိုးနည်းဖြင့် လမ်းမလျှောက်ပဲ ခြေဖျားထောက်လျက် လမ်းလျှောက်ထားသော ခြေရာများကို တွေ့ရကြောင်း။

ဦးထွန်းဖြူမှာ မုဆိုးဖိုကြီးဖြစ်၍ သားသမီးတယောက်မျှ မကျန်ရစ်ပေရာ သူ၏ လယ်မြေပစ္စည်းများကို သူ့ညီ၏သား ကိုဘထွန်းက အမွေဆက်ခံဖို့ရှိကြောင်း၊ ကိုဘထွန်းမှာ ယခုအခါ၌ အိန္ဒိယပြည်ဘင်္ဂလားတွင် ပညာသင်လျက် ရှိသည်ဟု ကြားသိရကြောင်း။

ဒေါက်တာ ဦးဘွန်းဝေသည် အထက်ပါ အကြောင်းအရာများကို ဖတ်ပြပြီးနောက် သတင်းစာကို ခေါက်၍ အိတ်ထဲသို့ ထည့်လိုက်ပြီးလျှင်

"ဦးထွန်းဖြူ သေဆုံးပုံကို လူအများသိကြတာက သတင်းစာမှာ ပါတဲ့အတိုင်းပါပဲ" ဟု ပြော၏။

"လူအများသိပုံကတော့ဟုတ်ပါပြီ။ မိတ်ဆွေတို့ အတွင်းသိ သိပုံကို တဆိတ်ကြားပါရစေလားဗျာ"

"အခု ကျွန်တော်ပြောမယ့် အကြောင်းအရာကို ဘယ်သူ့မှ ကျွန်တော်မပြောပြဘူးသေးပါဘူး။ ဘာကြောင့်လဲဆိုတော့ ခေတ်ကာလ ပညာတတ်တဲ့ ဆရာဝန်တယောက်ဆိုပြီး တောက်တီးတောက်တဲ့တွေ ယုံတတ်သကိုးလို့ ဆရာဝန်အချင်းချင်း သရော်မှာကို ကျွန်တော်စိုးရိမ်မိလို့ပါ။ သို့သော် ဦးစံရှားကိုတော့ ကျွန်တော် ပြောပြပါ့မယ်။ ဒီလိုပါခင်ဗျာ။ အုန်းရွာမှာ ကျောင်းဆရာ ဦးမောင်ကလေးရယ်၊ ကျွန်တော်ရယ်၊ သေသူ ဦးထွန်းဖြူရယ်ကလွဲလို့ အင်္ဂလိပ်စာတတ် မရှိကြလေတော့ ကျွန်တော်တို့ သုံးဦးဟာ တယောက်နဲ့တယောက် အပေါင်းအသင်းဖြစ်ပြီး စကားလက်ဆုံ ဝင်ခဲ့ကြပါတယ်။ အထူးသဖြင့် ဦးထွန်းဖြူနဲ့ ကျွန်တော်နဲ့ဟာ အင်မတန် ရင်းနှီးလာခဲ့ကြပါတယ်။ ပေါင်းသင်းတာတော့ နှစ်နှစ်မပြည့်တတ်သေးဘူး။ သို့သော်လဲ အနှစ် ၂၀ ပေါင်းသင်းခဲ့ကြသလောက် တယောက်နဲ့တယောက် ရင်းနှီးကြပါတယ်။ ဦးထွန်းဖြူက ကောင်းကောင်း မကျန်းမာလို့ ကျွန်တော်ပဲ ဆေးဝါးကုသရတဲ့အတွက် ခဏခဏ တွေ့ဆုံခွင့်ရကြတဲ့အပြင် လောကဓာတ်ပညာနဲ့ ပတ်သက်ပြီး နှစ်ယောက်စလုံး ဝါသနာထုံကြလို့မို့ အင်္ဂလန်၊ အမေရိကန်နဲ့ ဂျာမနီပြည်များက လောကဓာတ်ပညာ မဂ္ဂဇင်းတွေ မှာယူပြီး ဖတ်ယင်း ဆွေးနွေးယင်းနဲ့ တနေ့ သုံးလေးနာရီထက်မနည်း စကားပြောကြရပါတယ်"

"ဦးထွန်းဖြူမှာ ဘာရောဂါ ရှိသလဲ"

"မြန်မာကတော့ သည်းခြေပျက်တယ်ခေါ်မလား မဆိုနိုင်ဘူး။ တဖျပ်ဖျပ်လန့်တတ်တဲ့ ဝေဒနာမျိုးပဲ။ သူဟာ ကျွန်တော် ခုနင်က ဖတ်ပြတဲ့ အတ္ထုပ္ပတ္တိကို စိတ်ထဲမှာ စွဲလမ်းပြီး ညအချိန်ဆိုလို့ရှိယင် ငွေတသောင်း ပုံပေးခဲ့တော့ 'သူရဲလျှို' ဆီကို သူမသွားဘူးတဲ့ခင်ဗျ။ ပြောဖူးတယ်။ ကျွန်တော်က ငွေတရာတည်း ပေးပါဗျာ။ သွားပြပါ့မယ်လို့ပြောတော့ ခင်ဗျားတို့တော့ ဟုတ်လိမ့်မယ်။ ခြိမ်းခြောက်ထားတာက ကျုပ်တို့ အိမ်သူအိမ်သားတွေသာ ဆိုင်တယ်တဲ့ခင်ဗျ။ ဒါ့ထက် ထူးခြားတာ တချက်က သန်းခေါင်အချိန်လောက်မှာ အသံနက်ကြီးနဲ့ အူတဲ့ ခွေးအူသံများ မကြားရဘူးလားလို့ ကျွန်တော့်ကို မကြာမကြာ မေးဖူးတယ်ခင်ဗျ။ ကျွန်တော်က မကြားရဘူးလို့ ပြောတော့လဲ သူက ကျေနပ်ဟန် မတူဘူး။ ဒါ့ထက် သူမသေမီ တနင်္ဂနွေ သုံးပတ်လောက်မှာ နေဝင်ရီတရောအချိန်လောက် သူ့အိမ်ကို ကျွန်တော်

 www.burmeseclassic.com 

ရောက်သွားတော့ ဦးထွန်းဖြူက ဝင်းပေါက်က ဆီးကြို နေတယ်။ ဒါနဲ့ မတ်တတ်ကြီးရပ်ပြီး ကျွန်တော့်ကို ကြည့်နေသလား မှတ်တယ်။ မဟုတ်ရှာဘူးခင်ဗျ။ သူက ကျွန်တော့်ပခုံးပေါ်က ကျော်ပြီး ကျွန်တော့် နောက်ကိုလှမ်းကြည့်နေတာကိုး။ကြည့်ပုံက မဟန်လိုက်တာ။ မျက်လုံးတွေကဖြူးလို့၊အသားကလဲ ဆတ်ဆတ် တုန်လို့။ ဒါနဲ့ ကျွန်တော်လဲ ခပ်ထိတ်ထိတ်နဲ့ ဖျပ်ဆို လှည့်ကြည့်လိုက်တော့ နွားနက်ကလေးလိုလို ထင် လိုက်ရတာပါပဲ။ ရွာပြင်ဘက်က ဘုန်းကြီးကျောင်းနားကပ်ပြီး ချုံတွေထဲ ဝင်သွားသလိုလို ကျွန်တော် မြင်လိုက်မိတယ်။ ဦးထွန်းဖြူက တုန်တုန်ယင်ယင်နဲ့ သွားကြည့်စမ်းပါခိုင်းလို့ ကျွန်တော် သွားကြည့်တော့လဲ ဘာကောင်မှ မတွေ့ရဘူးခင်ဗျ။ အဲဒီညက တော်တော်ညဉ့်နက်အောင် သူ့အိမ်မှာ ကျွန်တော်နေလို့မို့ ဦးထွန်းဖြူက သူတိတ်လန့်ခြင်း အကြောင်းရင်းကို ပထမအကြိမ် ကျွန်တော်ပြောပြပြီး ခုနင်က ဖတ်ပြတဲ့ ပုရပိုက်ကိုပါ ကျွန်တော့်လက်ထဲ အပ်ခဲ့တာကိုးဗျ”

“ဆိုပါဦးဗျာ”

“အဲဒီညနေကစပြီး ဦးထွန်းဖြူဟာ တဖျပ်ဖျပ်နဲ့ လန့်လန့်နေလေတော့ ကြာကြာနေယင် ခက်ချေရဲ့ အောက်မေ့ပြီး စိတ်ပြေလက်ပျောက်ဆိုတာလို ရန်ကုန်သွားလည်ဖို့ ကျွန်တော်က အကြံပေးတယ်။ကျွန်တော့် အကြံအတိုင်း သွားတော့မယ်လို့ ဆုံးဖြတ်ပြီး ပြင်လဲပြင်ဆင်ပါရော ဒုက္ခလဲ တွေ့ပါလေရောခင်ဗျာ”

“နောက်ကျရှာသကိုး”

“ဟိုညက မောင်ကျော်လာခေါ်လေတော့ ကျွန်တော်ချက်ချင်းလိုက်သွား၊အလောင်းကို ကျွန်တော် မရောက်မချင်း ဒီအတိုင်း ထားကြပေတယ်။ မြေကြီးပေါ်မှာ ကားယားမှောက်ပြီး လက်ချောင်းတွေက မြေကြီးကို ကုပ်လျက်သားသေနေလိုက်တာ ကြောက်ဖို့ကောင်းလိုက်တဲ့ဖြစ်ချင်း ခင်ဗျာ။ ဒါနဲ့ မျက်နှာကို မြင်ရအောင် ကျွန်တော်က ပက်လက်လှန်ခိုင်းလိုက်တော့ ဖြစ်နေလိုက်တဲ့ မျက်နှာထားက မပြောပါနဲ့တော့။ ဆိုးရွားလိုက်ပုံတော့ ကျွန်တော်တို့ ဦးထွန်းဖြူပါပဲလို့ ရုတ်တရက် ကျမ်းမကျိန်ဝံ့အောင် ဖြစ်သွားတာပဲ ဗျာ။ ဒါထက် သတင်းစာထဲမှာ မပါတဲ့အချက်တခု ကျွန်တော်ပြောရဦးမယ်။ ဦးထွန်းဖြူ အလောင်းနဲ့ ခပ်လှမ်းလှမ်းလောက်မှာ လတ်လတ်ဆတ်ဆတ် ခြေရာတွေ ကျွန်တော်တွေ့ရတယ် ခင်ဗျ”

“ယောကျ်ားလား၊ မိန်းမလား”

“ယောကျ်ားလဲ မဟုတ်၊ မိန်းမလဲ မဟုတ်၊ အလွန်တရာကြီးတဲ့ ခွေးကြီးတကောင်ရဲ့ ခြေရာတွေပါ ခင်ဗျာ”

× + +

## ရှင်းလင်းရမည့် ပြဿနာများ

ဦးထွန်းဝေသည် ခြေရာများအကြောင်းကို ပြောရာ၌ သူ၏အမူအရာမှာ မျက်စိထဲတွင် တဖန်မြင်လာသည့် လက္ခဏာနှင့် တုန်လှုပ် ချောက်ချားလျက်ရှိရကား စိတ်ဓာတ်ကူးလွယ်သော ကျွန်တော်မှာ ကြက်သီး မွေး ညင်း ထလာမိသေး၏။ ဦးစံရွှေးမှာလည်း ရုတ်တရက် စိတ်အားထက်သန်လာဟန်နှင့် ရှေ့သို့ ယိမ်းညွတ်လျက်

“ခင်ဗျားမျက်စိနဲ့ ကိုယ်တိုင် မြင်ခဲ့ရသလား”ဟု မေးလေ၏။

“ခင်ဗျားကို ကျွန်တော် အခုမြင်ရသလို သေသေချာချာကြီး ကျွန်တော် မြင်ရပါတယ်”

“ဒါနဲ့တောင် ခင်ဗျားက ဘာမှမပြောဘူး”

“ပြောလို့ ဘာအကျိုးရှိမှာလဲ ခင်ဗျာ”

“ဒီပြင်လူတွေကတော့ ဘာကြောင့် မမြင်ကြသလဲ”



www.burmeseclassic.com

www.burmeseclassic.com


"သူတို့က သွားမကြည့်ကြဘူး။ ကျွန်တော်ကတော့ ခုနက ပုရပိုက်ထဲကစာကို ဖတ်ရဖူးလို့ စာမင် လိုက်ပြီး ရှာကြည့်လို့ပါ"

"ရှာမှာ ခွေးတွေတော့ အပုံပေါ့"

"မှန်ပါတယ်။ သို့သော် ဒီခြေရာမျိုး ထင်လောက်တဲ့ ခွေးမျိုး မရှိပါဘူး"

"အင်မတန် ကြီးသလား"

"ကျားသစ်ခြေရာလောက် ရှိပါလိမ့်မယ်"

"ဒါဖြင့် ကျားသစ် မဖြစ်နိုင်ဘူးလား"

"ခွေးခြေရာနဲ့ ကျားသစ်ခြေရာကို ကျွန်တော် ခွဲခြားနိုင်ပါတယ်"

"အလောင်းနားမှာတော့ ခြေရာမရှိဘူးလား"

"မရှိပါ"

"ဟိုညက ဥတု ဘယ်လိုနေသလဲ"

"ခပ်ထိုင်းထိုင်း ညမျိုးပါ"

"မိုးတော့ မကျဘူး ဟုတ်စ"

"ဟုတ်ကဲ့"

"လျှိုနေပုံ အခြေအနေကို ပြောပြစမ်းပါ"

"အလျားပေ ၁၀၀၀၊ အနံပေ ၁၅၀ လောက် ရှိပါတယ်။ နံဘေးက ကမ်းပါးတဘက်တချက်မှာ မြက်ကလေးတွေ ရှိပါတယ်။ အလယ်မှာတော့ တခါတခါ ရေရှိဖူးလို့ မြက်မပေါက်ပဲ ချောင်ရှင်းနေပါတယ်"

"ခြေရာတွေ တွေ့တာက မြက်ထဲမှာ မဟုတ်နိုင်ဘူးလား။ ပြောင်နေတဲ့ နေရာမှာလား"

"မှန်ပါတယ်"

"ခြေရာတွေက မြက်အစွန်းနဲ့ ကပ်လျက်လား"

"ဟုတ်ပါတယ်"

"စဉ်းစားပြောစမ်း။ ရှာဘက်က အစွန်းမှာလား၊ တခြားဘက်က အစွန်းမှာလား"

"ရှာဘက်က အစွန်းမှာပါ"

"ဒီပြင်တချက် မေးပါရစေဦး။ ဦးထွန်းဖြူက နောက်ဖေးဝင်းပေါက်က ထွက်သွားတယ်ဆို"

"ဒီလိုပဲ ပြောပါတယ်"

"တံခါး ပွင့်နေသလား"

"မပွင့်ပါ။ သော့ခတ်ထားပါတယ်"

"ဝင်းခြံက ဘယ်လောက် မြင့်သလဲ"

"နွားလုံရုံလောက် ခတ်ထားတဲ့ ဝင်းပါ။ ငါးပေလောက် မြင့်ပါတယ်"

"ဒါဖြင့် လူကျော်ထွက်နိုင်တာပေါ့"

"ထွက်နိုင်ပါတယ်"

"နောက်ဖေး ဝင်းတံခါးနားမှာ ဘာမှမတွေ့ရဘူးလား"

"ထူးထူးခြားခြား ဘာမှမတွေ့ရပါ"

"ဘယ်သူ ရှာကြည့်သလဲ။ ခင်ဗျား ရှာကြည့်သလား"

တတိယအကြိမ်

www.burmeseclassic.com

 www.burmeseclassic.com 

"ကျွန်တော်ကိုယ်တိုင် ကြည့်ပါတယ်"

"ဘာမှ မတွေ့ဘူးဆို"

"ရှုပ်ယှက်ခတ်နေပါတယ်။ ဒါပေမယ့် ဦးထွန်းဖြူတော့ ဟိုညက လေးငါးဆယ်မိနစ်လောက် ကြာအောင် တံခါးနား ရပ်နေသေးတဲ့ သက္ခဏာ ရှိပါတယ်"

"ခင်ဗျား ဘယ့်နှယ် သိနိုင်သလဲ"

"သိနိုင်တာက သူ့ ဆေးပြင်းလိပ်ပြာကလေ နှစ်ပုံ မြေကြီးပေါ်မှာ တွေ့ရလို့ပါ"

"ကောင်းပေ့ဗျာ။ ကိုသိန်းမောင် ဘယ့်နှယ်လဲ။ ကျုပ်တို့ ဒီလိုလူမျိုးနဲ့ အလုပ်လုပ်ရယင် သိပ်ကျေနပ်တာပဲ"

"တံခါးကလေးနား တလျှောက်မှာလဲ ဦးထွန်းဖြူ လမ်းလျှောက်ထားလိုက်တဲ့ ခြေရာတွေ ပွေရှုပ်နေတာပဲ"

"ဟုတ်ကဲ့လားဟင်"ဟု ပြောရာ ဦးစံရှားသည် မိမိ၏ဒူးကို လက်ဝါးဖြင့်ပုတ်လျက် "ဟိုတုန်းက ကျုပ်ရောက်လိုက်ရယင် ဘယ်လောက်နေရာကျမယ်လို့ဗျာ။ တော်တော် ကောင်းပုံပေါ်ခဲ့တဲ့ အမှုလေးပဲ။ ဩော် ဒေါက်တာ၊ဒေါက်တာ၊ ခင်ဗျားနှယ်ဗျာ လာခေါ်မယ့်ခေါ်ယင်လဲ ခပ်စောစောလာခဲ့ပါတော့ဗျာ"

"အပြစ်တင်ယင်လဲ ခံရမှာပဲ။ သို့သော် အမှန်ပြောရမှာဖြင့် ကျွန်တော့်စိတ်ထဲမှာ ဒီအမှုဟာ စုံထောက်အလုပ်မှ ဟုတ်ပါ့မလား၊ ပယောဂဘက်နဲ့များ ဆိုင်လေမလားလို့ ဝေခွဲမရနိုင်လို့ ဒီလောက်ကြာသွားတာပဲ ခင်ဗျာ။ ပြီးတော့လဲ"

"ပြီးတော့ ဘာရှိသေးသလဲဗျာ။ ပြောသာပြောပါ"

"ပြီးတော့ ဦးထွန်းဖြူသေပြီးတဲ့နောက်ကိုလဲ ပုရပိုက်မှာပါတဲ့ ခွေးနက်ကြီးလိုလို တွေ့မြင်ရတဲ့ လူတချို့ကလဲ ရှိပြန်တယ်။ မျက်လုံးကြီးတဝင်းဝင်းနဲ့ နွားလောက်ရှိတယ် ဆိုတာပဲ။ ဟုတ်မဟုတ်တော့ဖြင့် မဆိုနိုင်ဘူး။ နို့ပေမယ့် ခုနေအခါမှာ အနီးတရွာလုံးထဲမှာ ည ၁၀ နာရီ ကျော်ပြီးတဲ့နောက် သူ့ရဲလျှိုထဲမှာ ငွေ ၁၀၀၀ ဝိ ထုပ်ထားလို့ တယောက်တည်းသွားပြီး ယူဝံ့တဲ့လူ တယောက်မှ မရှိတာတော့ အမှန်ပဲ ခင်ဗျ"

"ကျုပ်က ဒီဘက်နယ်က အလုပ်မျိုးတော့ နည်းနည်းပါးပါး ကျွမ်းကျင်ရဲ့ ဆိုပါတော့။ ဟိုဘက်နယ်ကတော့ ပယောဂဆရာများအလုပ် ဖြစ်ပါလိမ့်မယ်ဗျာ။ သို့သော်လဲ ခြေရာတွေ့ပုံကတော့ဖြင့် ဒီဘက်နယ်က အလုပ်နဲ့ တူတာပဲ"

"ပုရပိုက်မှာပါတဲ့ ခွေးနက်ကြီးကို ဟိုဘက် ဒီဘက် နယ်ခွဲဖို့ အကျုပ်သားပဲ ခင်ဗျာ။ နွားလောက်ကြီးတဲ့ ခွေး မရှိပုံထောက်တော့ ဟိုဘက် နယ်သားလို့ ဆိုရမယ်။ သို့သော် လူတယောက်ကို သေအောင် လည်ပင်းကို တကယ်ကိုက်သတ်တာကတော့ ဒီဘက်နယ်သားအလုပ်ပဲ။ ခုပုံတော့ ဟိုဘက်ဒီဘက် နှစ်ဘက်စလုံး ဆိုင်နေသလို ဖြစ်နေပြီကော ခင်ဗျ"

"ကျုပ်ကို ဘာလုပ်ပေးစေချင်သလဲ။ ပြောစမ်း"

"ဦးထွန်းဖြူရဲ့တူ ကိုဘထွန်း ရောက်လာတဲ့အခါမှာ ကျွန်တော်က ဘယ်လိုလုပ်သင့်တယ်၊ ဘာကို ပြောသင့်တယ်ဆိုတာကို အကြံဉာဏ်တောင်းဖို့ လာခဲ့ခြင်း ဖြစ်ပါတယ်"

"ကိုဘထွန်း ဘယ်တော့ ရောက်မလဲ"

"ညနေ ရောက်ပါလိမ့်မယ်။ လူကောင်းကလေးတယောက်လို့ သတင်းကြားထားတဲ့အတွက် မတော်တဆ မဖြစ်သင့်တာ မဖြစ်ပါစေနဲ့လို့ ကာကွယ်ပေးချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com


"အမွေခံ အမွေစား သူတယောက်ပဲ ရှိသလား"

"အများသိသလောက် သူတယောက်ပဲ ရှိပါတယ်။ သေသူ ဦးထွန်းဖြူမှာ ညီနှစ်ယောက် ထွန်းကြူ၊ ထွန်းယူရယ်လို့ ရှိဖူးပါတယ်။ ထွန်းကြူက မောင်ဘထွန်းရဲ့ အဖေပါ။ ထွန်းယူကတော့ လူတေ လူပေ တယောက်မို့လို့ ရှမ်းပြည် ရှမ်းရွာလှည့်သွားပြီး ငှက်ဖျားရောဂါနဲ့ သေရှာပြီလို့ ပြောကြပါတယ်။ ဒါကြောင့် ဘထွန်းဟာ ဦးထွန်းဖြူရဲ့ တဦးတည်းသော အမွေခံ ဖြစ်ပါတယ်။ ဒီကနေ့ညနေ သေးနာရီလောက်မှာ ကာလကတ္တားသင်္ဘောနဲ့ ရောက်လာမယ်လို့ ကြေးနန်းရတယ်။ ဘယ်လိုလုပ်ရမလဲ။ အကြံပေးပါဦး"

"သူ အမွေရတဲ့ ပစ္စည်း သူ လက်ခံရုံ ရှိတာပေါ့ဗျ"

"ဒါတော့ မှန်ပါတယ်။ သို့သော်လဲ ဒီအိမ်ကြီးကို ရောက်တဲ့လူတိုင်း သေခြင်းမလှ သေတတ်လွန်းလို့ သတိပေးရယင် တော်လေမလားလို့ ခင်ဗျားဆီက အကြံတောင်းရအောင် ဝင်လာခဲ့ရပါတယ်"

ဦးစံရှားသည် ဆေးတံတဖွားဖွားနှင့် အတန်ကြာ စဉ်းစားနေသေး၏။ ထို့နောက်

"တည့်တည့်ပြောရယင် ဒီအိမ်ကြီးမှာ လူနေလို့မဖြစ်အောင် တစုံတယောက် တစုံတခုက အနှောင့်အယှက် ပြုနေတယ်လို့ ခင်ဗျားထင်တယ် ဟုတ်စ"

"ခင်ဗျားပြောသလို ထင်လောက်တဲ့အကြောင်း ရှိတယ်လို့ ကျွန်တော်ဆိုချင်တယ်။ သူလဲရောက်တော့မယ်။ ဘယ့်နှယ်လုပ်ရမလဲ ပြောပါဦး"

"ဘယ့်နှယ် လုပ်ရမလဲ ဆိုတော့ အပြင်ဘက်က ကျုပ် တံခါးကို ကုတ်ခြစ်နေတဲ့ ခင်ဗျားခွေးကို ခေါ်ပြီး သင်္ဘောဆိပ် သွားကြိုချေပေတော့"

"ပြီးတော့ကော"

"ပြီးတော့ ကျုပ်ဆီကစကားမရမချင်းကိုဘထွန်းကိုဘာတခုမှမပြောနှင့်နဲ့ဦး။ကျုပ်စဉ်းစားဦးမယ်"

"ခင်ဗျားစဉ်းစားတာ ဘယ်လောက် ကြာမလဲ"

"၂၄ နာရီ ပေါ့ဗျာ။ နက်ဖြန် ဒီလိုအချိန်လောက်မှာ ကိုဘထွန်းပါ ခေါ်ပြီး ကျုပ်ဆီကို နှစ်ယောက်လုံး လာခဲ့ကြဦး။ ကြားလား"

ဒေါက်တာ ဦးထွန်းဝေသည် တံခါးကိုဖွင့်၍ အပြင်သို့ ထွက်မိသောအခါ ဦးစံရှားက

"တခု မေးလိုက်စမ်းပါရစေဦးဗျာ။ ဦးထွန်းဖြူ မသေမီက ခွေးနက်ကြီးကို မြင်တဲ့လူတွေ ရှိတယ်ဆို" ဟု မေးသဖြင့် ဦးထွန်းဝေက

"သုံးယောက်က မြင်လိုက်ရဖူးသတဲ့ ခင်ဗျ" ဟု ပြန်ပြောလေ၏။

"ဒီနောက်ကော"

"ဒီနောက်တော့ မြင်တယ်လို့ ကျွန်တော် မကြားတော့ဘူး"

"ဒါပါပဲဗျာ။ တော်ပါပြီ"

ကျွန်တော်သည် ဦးစံရှား၏ မျက်နှာကို ထုံးစံအတိုင်း အကဲခတ်ရာတွင် ဤအမှုနှင့် ပတ်သက်၍ စိတ်ကျေနပ်ဟန် လက္ခဏာရှိသည်ကို တွေ့မြင်ရ၏။

"ကိုသိန်းမောင် အပြင်ထွက်စရာ ကိစ္စရှိသလား"

"ခင်ဗျားကို ကူညီဖို့ အလုပ်မရှိယင်တော့ အပြင်ထွက်ချင်သေးတာပဲ"

"ထွက်ပါဗျာ။ ခပ်ကြာကြာထွက်နိုင်ယင် ကျုပ် ကြိုက်တာပဲ။ တရားခံကို ခြေရာခံပြီးလို့ လက်ပူးလက်ကြပ် ဖမ်းဖို့ လိုတဲ့အခါမှာ ခင်ဗျားအကူအညီ လိုတတ်သော်လဲ စဉ်းစားဉာဏ်ထုတ်ရတဲ့အခါမှာ လူရှင်းတာ ကျုပ် ကြိုက်တာပဲ။ ဒါထက် ဆေးတံဆေးတဗူး အပို့လွှတ်လိုက်စမ်းဗျာ နော်"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်မှာ ဦးစံရှား၏ ဝါသနာကို သိရှိပြီး ဖြစ်သည့်အတိုင်း ဇယောက်တည်း စိတ်ရှိသလို စဉ်းစားဆင်ခြင်ခွင့် ရစေခြင်းငှာ ရှောင်ပေးသော အနေဖြင့် ရှိုင်ရယ် ဟိုတယ်သို့ သွား၍ တနေ့ပတ်လုံး ဘိလိယက် ကစားပြီး ညစာ စားပြီးချိန်လောက်တွင်မှ အိမ်သို့ ပြန်လာခဲ့ယေ၏။

ထိုအတောအတွင်း လမ်းထိပ်ရှိ ကြူလယာဆိုင်မှ သူ့သောက်နေကျဖြစ်သည့် အပြင်းဆုံး ဆေးတံဆေးတာဗူးကို ကုလားကလေးဖြင့် ပို့ခိုင်းခဲ့ပြီးလေပြီ။

ကျွန်တော်သည် အခန်းတံခါးကို ဖွင့်လိုက်သောအခါ တခန်းလုံး မီးခိုးများ ထောင်းထောင်းထနေသည်ကို တွေ့ရသဖြင့် မီးများလောင်နေသလောဟူ၍ပင် ရုတ်တရက် မှတ်ထင်မိ၏။ သို့ရာတွင် သူသောက်နေကျ ဆေးအနံ့ကို နှာခေါင်းက မှတ်မိသည်တွင်မှ ဆေးတံအပြင်းအထန် သောက်ရှူကာ စဉ်းစားတတ်သော ဦးစံရှား၏ ဝါသနာကို သတိရ၍ ထိတ်လန့်ခြင်း ပြေပျောက်သွားရတော့၏။

ဦးစံရှားမှာမူ မျက်စိကလေး မှေးကာ ဆေးတံကို ခဲလျက် ပက်လက်ကုလားထိုင်ပေါ်တွင် စက္ကူများ ဝိုင်းရံနေသည်ကို တွေ့ရလေ၏။

''ဘယ့်နှယ်လဲ ဆရာ။ ဘယ်နှစ်ပွဲနိုင်ခဲ့သလဲ။ ရှိုင်ရယ်လား ဘုံဘေလား၊ မှန်းစမ်း ခင်ဗျားလက်။ ဟာ ရှိုင်ရယ်ပဲဗျို့''ဟု အတတ်သိနေသလို ဆီးကြိုမေးမြန်းလေ၏။

''ခင်ဗျား ဘယ့်နှယ် သိသလဲ''

''ဘာသိတာလဲ''

''ကျွန်တော် ဘိလိယက် ကစားခဲ့တဲ့ အကြောင်းကိုလေ''

''ဒီကနေ့ တနေ့လုံး မိုးစွေနေလျက်နဲ့ ခင်ဗျားဖိနပ်ရှံ့တစက်မှ မကပ်ပဲ လက်လက်ပြောင်နေတာဟာ ဟိုဟို ဒီဒီ မကူးသန်းပဲ တနေရာရာမှာ အကြာကြီး ခင်ဗျားနေခဲ့လို့ပေါ့ဗျ။ အကြာကြီးနေစရာ ခင်ဗျားမှာ ဘယ်နေရာရှိသလဲ။ မိတ်ဆွေအိမ်လဲ ဒီလောက်မရှိဘူး။ ဒီတော့ ပိဋကတ်တိုက်နဲ့ ဘိလိယက်ခုံ တခုခုဖြစ်ရမှာပေါ့။ လက်မှာ မြေဖြူတွေ့ပြန်တော့ ဘိလိယက်ခုံပဲလို့ တပ်အပ်ဆုံးဖြတ်နိုင်တယ်။ ဒါကြောင့်''

''ဘုံဘေဟိုတယ်မဟုတ်ဘူး၊ ရှိုင်ရယ်ဟိုတယ် ဆိုတာကောဗျ''

''ခင်ဗျားက ဘိလိယက် ကစားယင် ဒီနှစ်နေရာပဲ ကစားတတ်တယ်။ သို့သော် ရှိုင်ရယ်က မြေဖြူအစိမ်း၊ ဘုံဘေက မြေဖြူအပြာ သုံးတတ်တယ်။ ခင်ဗျားလက်မှာ ကပ်နေတာက မြေဖြူအစိမ်းဗျ။ ဒါကြောင့် ရှိုင်ရယ်လို့ ကျုပ်က တပ်အပ်ဆိုနိုင်ခြင်း ဖြစ်တယ်''

''ခါတိုင်းလို လက်မဆေးမိတဲ့အတွက် ခင်ဗျား ရိပ်မိသွားတာပါဗျာ''

''ဘာဟုတ်မလဲဗျ၊ ခင်ဗျားက ကြူကိုင်ပြီး မေးအောက်မှာ ထောက်ကြည့်တတ်တဲ့ဗျလူ၊ ခင်ဗျား မေးစေ့အောက်မှာလဲ မြေဖြူစိမ်း အမှတ်အသား ကျုပ်တွေ့နိုင်တာပဲ''

''စူးလဲစူးတဲ့ မျက်စိပါပဲဗျာ''

''စူးလှလို့ မဟုတ်ပါဘူး၊ ကြည့်တတ်လို့။ 'သတိမူတော့ မြူမြင်'ဆိုတဲ့ စကားလိုပေါ့။ ဒါထက် ကျုပ်ကော ဘယ်ဆီရောက်ခဲ့တယ်လို့ ခင်ဗျားဆိုမလဲ''

''ခင်ဗျားတော့ တနေ့လုံး ကုပ်နေမှာပေါ့ဗျာ''

''ဟုတ်ရိုးလားဗျာ၊ အုန္နီရွာတွင် ပြုပြုစင်လာခဲ့တာပေါ့''

''အာရုံအားဖြင့် ဆိုချင်တာလားဗျာ''



www.burmeseclassic.com

www.burmeseclassic.com


"အစစ်ပဲ။ ရုပ်ကတော့ဖြင့် တနေ့လုံး ဒီကုလားထိုင်က ဘယ်ကိုမှ မထမိပါဘူး။ အုန္နဲရွာ ပါတဲ့ မြေပုံကြီးကို မြေတိုင်းရုံးက ငှားပြီး တနေ့လုံးကုက်စိပ်ရိုက်ပြီး ကြည့်နေလိုက်တာ ကိုယ်တိုင်ရောက်သလောက် မကဘူး။ ကျုပ် သိနေကုန်ပြီ"

ထိုအခါ ဦးစံရွှေသည် အလွန်ကြီးမားသော မြေပုံကြီးတချပ်ကို ဖြန့်၍

"ဟောဒါက အုန္နဲရွာဗျ။ ဒါက ဘုန်းကြီးကျောင်း။ ဒါက တံတားကြီးဗျ။ ဟောဒါက ဦးထွန်းဖြူရဲ့ အိမ်နေရာ ဖြစ်ရမှာပဲ။ ဟောဒါက သူ့ရဲလျှို ဖြစ်ရမယ်။ အလောင်းတွေ့တာက ဒီအနားဆီလောက် နေမှာပေါ့။ ဟောဒါက မီးရထားလမ်း။ ဒါက ဘူတာရုံ၊ တကယ်လို့ ခွေးသရဲကြီးက"

"သရဲရယ်လို့ ခင်ဗျား တကယ် ယုံထားပြီလား"

"ယုံတာ မယုံတာ အပထား။ ကျုပ်တို့ စဉ်းစားရမယ့်အချက်က အစိုးရဥပဒေအတိုင်း ဒီအမှုမှာ ရာဇဝတ်ပြစ်မှု ကျူးလွန်တဲ့သူ ရှိသလား။ဒုတိယအချက်က တကယ်လို့ ကျူးလွန်တဲ့လူရှိခဲ့ယင် ဘယ်လိုပြစ်မှုမျိုးလဲ၊ ဘယ်ပုံ ကျူးလွန်သလဲဆိုတာ စဉ်းစားရလိမ့်မယ်။ဒေါက်တာထွန်းဝေယူဆတဲ့အတိုင်း တရားခံဟာ ဒီဘုံသား မဟုတ်ဘူးဆိုခဲ့ယင်တော့ ကျုပ်တို့နဲ့ မဆိုင်တော့ဘူး။ပယောဂဆရာရဲ့အလုပ်ဖြစ်လိမ့်မယ်။သို့သော် ဒီအယူအဆကို လက်မခံပဲ နည်းလမ်းရှိသမျှ ကျုပ်တို့ စုံစမ်း ရှာဖွေကြရလိမ့်မယ်။ ဒါထက် ခင်ဗျားကော ဒီအမှုအကြောင်းကို နည်းနည်းပါးပါး စဉ်းစားကြည့်ပြီးပြီလား"

"စဉ်းစားပြီလားဗျာ"

"နို့ ဘယ့်နှယ်လဲ"

"သိပ် ရှုပ်တယ်ဗျာ။ ဖင်မွန်း ခေါင်းမွန်း အစရှာမတွေ့တတ်ပါဘူး"

"ဒီအမှုမှာ ထူးခြားတဲ့အချက်ကလေးတွေ ကျုပ်တွေ့ထားတာရှိတယ်၊ ဥပမာဆိုယင် ခြေရာပြောင်းသွားတာ တွေ့ရတယ်လို့ ပြောတယ် မဟုတ်လား။ ဒီဟာ ခင်ဗျား ဘယ့်နှယ့်ထင်သလဲ"

"ဦးထွန်းဝေက ပြောတော့ ဦးထွန်းဖြူဟာ ဟိုနေရာကျတော့ ခြေဖျား ထောက်သွားတယ်ဆို မဟုတ်လား"

"နားမလည်တဲ့ တောသားတွေ တွက်ချက်တဲ့အတိုင်း သူက ပြန်ပြောတာပါဗျာ။ဘာပြုလို့ ဟိုနေရာကျတော့မှ ခြေဖျားထောက်ပြီး လမ်းလျှောက်ရမှာလဲ"

"ဒါဖြင့် ဘယ်လို ယူရမှာလဲဗျာ"

"ပြေးတာ ကိုသိန်းမောင်ရဲ့၊ အသက်ဘေးကြောင့် တအားသွန်ပြီး ပြေးတာဗျ။ ဘယ်လောက် ပြေးလိုက်ဘယ် မခပြာနဲ့တော့ ရင်ကို ကွဲပြီး ဝမ်းလျားမှောက်လျက်ကြီး သေသွားတာပဲ"

"ဘာကြောင့် ပြေးရတာလဲဗျာ"

"အင်း၊ ဒါ ကျုပ်တို့ ရှင်းဖို့ပဲ လိုတာပဲ။ မပြေးခင်ကတည်းက သေလုမျောပါးကြောက်နေတယ်ဆိုတာ ကျုပ် သိနိုင်တယ်"

"ခင်ဗျား ဘယ့်နှယ် သိနိုင်သလဲဗျာ"

"ကျုပ် တွေးထားတာက ဒီလူကြောက်နေတဲ့အရာဟာ အိမ်ဘက်မှာ မဟုတ်ဘူး။ တောဘက်မှာ ရှိရမယ်၊ သို့ပါလျက် အိမ်ဘက်ကို လှည့်မပြေးခဲ့ပဲ၊ တောဘက်ကို ဆက်လက်ပြီး ပြေးခြင်းဟာ သွေးရူး သွေးတန်းနဲ့ ကမန်းကတန်း ခြေဦးတည့်ရာကို စွတ်ပြေးလို့ဖြစ်ရမယ်။ဒီပြင်တချက်က ဦးထွန်းဖြူဟာ ဟိုညက ဘယ်သူ့ကို စောင့်နေရသလဲ။ စောင့်ပြန်တော့လဲ ဘယ့်နှယ်ကြောင့် အိမ်နောက်ဖေးက တောထဲသွားပြီး စောင့်နေရသလဲ။ စဉ်းစားဖို့ ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တယောက်ယောက် စောင့်နေတယ်လို့ ခင်ဗျား အမှန် ဆိုနိုင်မလား"

"ဟိုညက ဥတုကလဲ မသာယာ။ လူကလဲ တယ်ပြီး မကျန်းမမာ၊ ဒီအထဲမှာ လမ်းလျှောက်တယ် ဆိုယင် ဟုတ်နိုင်သေးရဲ့။ အခုတော့ ဦးထွန်းဝေပြောတဲ့အတိုင်း ဆေးလိပ်ပြာ တပုံနှစ်ပုံ တွေ့ရတယ်ဆိုတော့ ငါးမိနစ် ဆယ်မိနစ်ရပ်ပြီး စောင့်နေလို့ဟာပေါ့ဗျ။ ဒီဥတုမျိုးထဲမှာ ကိစ္စတခုခု မရှိပဲနဲ့ လေး ငါးဆယ်မိနစ် ရပ်ပြီး စောင့်နေပါ့မလားဗျ။ တယောက်ယောက်ကို မြှော်လင့်နေလို့သာပေါ့"

"ဒီလူက ညနေတိုင်း လမ်းလျှောက်တယ်ဆိုပါကလား"

"ညနေတိုင်း လမ်းလျှောက်တာတော့ ဟုတ်ပါလိမ့်မယ်၊ သို့ပေမယ့် ညနေတိုင်း ရပ်စောင့်မယ်လို့တော့ မဖြစ်နိုင်ဘူး။ ခါတိုင်းတော့ ဒီကွင်းကို သူရှောင်တတ်တယ်။ ဟိုနေ့ကျတော့မှ ကွင်းနားက ရပ်ပြီး စောင့်တယ်။ အဲဒီညကလဲ နက်ဖြန် ရန်ကုန်သွားမယ့်ညဗျ။ တွေးစရာတွေ တရေးရေး ပေါ်ပေါက်လာပြီဗျို့။ အချိတ်အဆက်တွေ ကျုပ် မြင်မြင်လာပြီ။ ကိုင်း၊ သို့သော် နက်ဖြန်ခါ သူတို့လူစု ရောက်လာမှာပဲ ဆက်ပြီး စဉ်းစားကြစို့ဗျာ။ စင်ပေါ်က တရော တဆိတ်လောက် လှမ်းလိုက်စမ်းဗျာ ကိုသိန်းမောင်"

× × ×

## ကိုဘထွန်း ဆိုက်ရောက်လာခြင်း

နောက်တနေ့ နံနက် ၁၀ နာရီခွဲအချိန်ခန့်တွင် ဒေါက်တာဦးထွန်းဝေသည် ကိုဘထွန်းနှင့်အတူ တိုက်ပေါ်သို့ တက်လာကြလေ၏။ ကိုဘထွန်းမှာ အသက် ၃၀ ခန့်အရွယ်ရှိ၍ ပုပုပြတ်ပြတ်နှင့် ဖျတ်လတ်သွက်လက်သော အမူအရာရှိလေရာ လူချော လူလှဘယောက်ဟူ၍ မခေါ်ဆိုနိုင်စေကာမူလည်း ပြုံးချိုသော မျက်နှာနှင့် စဉ်းစားဉာဏ်ရှိသော မျက်လုံးမျိုးရှိသည့်အတွက်ကြောင့် လူသာခန်တို့အထဲတွင် ထည့်သွင်းရေတွက်ခြင်းငှာ မထိုက်ပါပေ။ သူ၏မျက်နှာထားနှင့် ကိုယ်ဟန်အမူအရာတို့ကို ကြည့်ခြင်းအားဖြင့်လည်း ဒေသန္တရနှင့်စာပေ ဗဟုသုတဘက်၌ မညံ့လှသည့်အဖြစ်ကို သိနိုင်လေ၏။

ဦးထွန်းဝေက မည်သူမည်ဝါ ဖြစ်သည်ကို ပြောပြ၍ ကုလားထိုင်ပေါ်တွင် ထိုင်မိကြသောအခါ ကိုဘထွန်းက "ဟုတ်လိုက်လေဗျာ။ဆိုလဲ ဆိုဆည်းတတ်တယ်။ဦးထွန်းဝေက ဒီကို ခေါ်မလာခင်ကတည်းက ကျွန်တော်ကလဲ ကျွန်တော့်သဘောနဲ့ကျွန်တော် ဦးစံရှားဆီလာဖို့ စိတ်ကူးထားပြီးပဲ ခင်ဗျ" ဟု ပြောသဖြင့်

ဦးစံရှားက "ဘာကြောင့်လဲဗျ။ ရန်ကုန်ရောက်လာမှ ထူးထူးခြားခြား တွေ့ရကြုံရလို့ ဟာလား" ဟု မေးလေ၏။

"ထူးခြားလှတယ်တော့ မဟုတ်ပါဘူးခင်ဗျာ။ စာပြောင်လိုလို ဘာလိုလို ရထားလို့ပါပဲ။ ဟောဒီမှာ ကြည့်ပါတော့"

ကိုဘထွန်းသည် စာတစောင်ကို စားပွဲပေါ်သို့ လှမ်းတင်လိုက်သဖြင့် ကျွန်တော်တို့သည် စာအိတ်ကို လှမ်းကြည့်လိုက်ကြရာတွင် 'မင်တိုမင်ရှင် ဟိုတယ်၊ ဦးဘထွန်း' ဟု အင်္ဂလိပ်လို လိပ်တပ်ထား၍ ယမန်နေ့က စာတိုက်တံဆိပ်ကို တွေ့မြင်ကြရလေ၏။

"မင်တိုမင်ရှင်ဟိုတယ်မှာ ခင်ဗျား တည်းမယ်ဆိုတာ ဘယ်သူသိသလဲ"

"ဘယ်သူမှ သိနိုင်စရာအကြောင်း မရှိဘူးခင်ဗျာ။ ဦးထွန်းဝေနဲ့တွေ့လို့ တိုင်ပင်ပြီးတဲ့ နောက်မှ ဒီဟိုတယ်မှာ တည်းကြဖို့ ကျွန်တော်တို့ ဆုံးဖြတ်ကြပါတယ်"

"ဦးထွန်းဝေကတော့ အဲဒီအထဲမှာပဲ နေလို့လား"



www.burmeseclassic.com

www.burmeseclassic.com


''မဟုတ်ရပေါင် ခင်ဗျာ။ ပုစွန်တောင်ဘက်က မိဘတွေ ကလောက်အိမ်မှာ တည်းနေပါတယ်။ ဒီဟိုတယ်မှာ တည်းမယ်လို့ သိနိုင်စရာအကြောင်း ဘာမှ မရှိပါဘူး''

''အင်း၊ ခင်ဗျားရဲ့ အနေအထိုင် အသွားအလာကိုစောင့်ပြီး အရေးယူနေတဲ့ လူတယောက်ယောက်တော့ ကေန္တ ရှိနေပြီ''

ကို့နောက် ဦးစံရှားသည် စာအိတ်ကို ဖွင့်လိုက်သောအခါ စာရေးစက္ကူတရွက် ထွက်လာလေရာ စက္ကူပေါ်တွင် ပုံနှိပ်စာလုံးများဖြင့် ကိုက်ညှပ်ကာ ကပ်ထားသည့် စာတကြောင်းကို တွေ့ရလေ၏။ ယင်းစာကြောင်းမှာ

အသက်ကို နှမြောလျှင်၊ သို့မဟုတ် မရူးချင်လျှင် သူရဲလျှိုကို ရှောင်ပါလေ။

ကျွန်တော်သည် စာရွက်ကို သေချာစွာ ကိုင်ကြည့်သောအခါ စာလုံးများမှာ သတင်းစာစက္ကူမှ တလုံးစီ ကိုက်ညှပ်ထားခြင်း ဖြစ်သည်ကို တွေ့ရလေသည်။

''ဘယ်လိုကလူ နောက်လှတ်လိုက်ပါလိမ့်ခင်ဗျာ''

''ဘယ့်နှယ်လဲဦးထွန်းဝေ။ ဒီစာမှာတော့ ပယောဂလမ်းစအရိပ်နိမိတ် ဘာမှမတွေ့ရပါကလားဗျာ''

''နို့ပေမယ့် ပယောဂကိုကြောက်လို့ တယောက်ယောက်က သတိပေးလိုက်တာလားမှ မသိတာဗျ''

''ဘယ်က ပယောဂလဲ ခင်ဗျ။ ခင်ဗျားတို့လူစုက ကျွန်တော့်ထက်ပိုပြီး သိထားနှင့်ကြဟန် တူနေပြီကော''

''ခင်ဗျားလဲ တော်တော်ကြာတော့ သိရပါလိမ့်မယ်။ ခဏ သည်းခံပါဦး။ ဒါထက် မနေ့က သူရိယ သတင်းစာ ပေးလိုက်စမ်းပါဗျာ ကိုသိန်းမောင်''

ကျွန်ဘော်သည် ယမန်နေ့ထုတ် သူရိယသတင်းစာကို လှမ်းပေးလိုက်သောအခါ ဦးစံရှားသည် ခေါင်းကြီးပိုင်းအောက်မှ သတင်းနှင့် မှတ်ချက်ခန်းကို လှန်လှော၍ အောက်ပါအတိုင်း ဖတ်ပြလေ၏။

သကြံန်ရေကစားခြင်း

အသက်ကို မနှမြောသော၊ သို့မဟုတ် သေချင်လျှင် သေဟု သဘောထားတတ်သော
အရွယ်ရောက်ပြီး လူကြီးများအား ကျွန်ုပ်တို့ သတိပေးဖို့ အလိုမရှိသော်လည်း မိုက်ရူးရဲအရွယ်
သူငယ်များအား နေပူရှောင်၍ ရေကစားဖို့ မိဘများက ဆုံးမသင့်၏။

ထိုအခါ ကျွန်ုတော်တို့ သုံးယောက်မှာ တယောက်မျက်နှာကို တယောက်ကြည့်ကာ နားမလည်နိုင်သော အမူအရာနှင့် ငေးနေကြလေ၏။

''ကျွန်တော်ဖြင့် ဒီသတင်းနဲ့ ကျွန်တော်တို့အဖြစ်အပျက်နဲ့ ဆက်သွယ်ပုံကို လုံးလုံး မရိပ်မိပါဘူး ခင်ဗျာ''ဟု ကိုဘထွန်းက ညည်းညူးပြောဆိုရာ ကျွန်ုတော်ကလည်း မရိပ်မိကြောင်းနှင့် ပြောသဖြင့် ဦးထွန်းဝေကလည်း

''ကျွန်တော်လဲ အတူတူပဲ''ဟု ဆိုလေ၏။

ဦးစံရှားလည်းရယ်မောလျက် ''ဆက်သွယ်ပုံက ဘာပြောစရာရှိလို့လဲ တိုက်ရိုက်ကြီးပဲဗျ။ ဒီအပိုင်းထဲက ထုတ်ပြီး ကတ်ကြေးနဲ့ ညှပ်ထားတဲ့စာပေါ့ဗျာ 'အသက်' ရယ်၊ 'နှမြော' ရယ်၊ 'ရူး' ရယ်၊ 'ချင်' ရယ်၊ 'ရယ်' ရယ်၊ 'သူ' ရယ်၊ 'ရှောင်' ရယ် မတွေ့ကြဘူးလားဗျ။ 'ရှို' တလုံးထဲပဲ စာအားမရှိလို့ 'ရှိ' ကို 'တချောင်းငင်' ကပ်ပြီး ထည့်ထားရတာ တွေ့ကြရတယ် မဟုတ်လား။ ဒီပြင်အလုံးတွေက တိုက်ရိုက်ညှပ်ကပ်ထားတာ မဟုတ်ဘူးလားဗျ''ဟုရှင်းပြတော့မှ ကျွန်တော်တို့သုံးယောက်လုံးမှာ''ဟုတ်ပါပေ့ဗျာ''ဟု ရယ်မောကာဝန်ခံရလေ၏။

---

**သူရိယအမြွှာ**

www.burmeseclassic.com

"တော်ပါပေ့ဗျာ။ ချီးမွမ်းလောက်ပါပေ့။ သတင်းစာ တစောင်စောင်က ကိုက်ညှပ်ပြီး ကပ်ထားတယ်ဆိုတာတော့ တွေးနိုင်ပါစေဦးတော့။ သို့သော် မနေ့ကထုတ်တဲ့ သူရိယသတင်းစာကလို့ အတပ်သိနိုင်တာတော့ အံ့ဩလောက်ပါပေတယ်ဗျာ"

"ဒီလိုဗျ။ သတင်းစာတွေဟာ ခဲစာလုံးတွေကို တခါတခါမှ လဲလေ့ရှိတယ်။ ကပ်ထားတဲ့ စာလုံးတွေက တော်တော်သစ်တဲ့ ခဲစာလုံးဆိုတာ သိနိုင်တယ်ဟုတ်လား။ အခုတလောမှာ ခဲစာလုံး အသစ်လဲတဲ့ သတင်းစာဟာ သူရိယတစောင်ပဲရှိတယ်။ ဒီးဒုတ်က အခုမှထွက်လာလို့ စာလုံးလေးတွေ တော်တော်သစ်သေးရဲ့။ နို့ပေမယ့်စာလုံးချင်းရော၊ရိုက်ပုံရော ယှဉ်ပြီးကြည့်ယင် သပ်သပ်ရပ်ရပ်ရှိပုံချင်းကွာတယ်ဗျ။ နို့ပြီးတော့ စက္ကူချင်းလဲ တယ်မတူဘူး။ ဒါကြောင့် သူရိယကလို့ ကျုပ်က အတပ်ပြောဝံ့တယ်"

"မနေ့က သတင်းစာဆိုတဲ့ အကြောင်းကောဗျ"

"စာထည့်တဲ့ရက်စွဲက မနေ့က ရက်စွဲကိုးဗျ။သတင်းစာဆိုတာမျိုးဟာ ဒီကနေ့ထုတ်တဲ့သတင်းစာဟာ လက်နားမှာ အလွယ်ဆုံး တွေ့ရတတ်တာကိုး။ တရက်လွန်သွားယင် စားပွဲပေါ်မှာမရှိတော့ဘူး။ လွယ်ကူရာ ကောက်ညှပ်မယ်ဆိုတာ သိလေတော့ နေ့ချင်းထုတ်သတင်းစာတစောင်လို့ ကျုပ်အတပ်ဆိုတာပေါ့"

"ဒီပြင်သတင်းပိုင်းမှာ မကြည့်ပဲနဲ့ ဘာကြောင့် သတင်းနဲ့မှတ်ချက်ခန်းမှာ ရှာကြည့်ရသလဲ"

"သူရိယသတင်းစာမှာ တချို့သတင်းစာတွေထက် ခေါင်းကြီးနဲ့ မှတ်ချက်ပိုင်းကို တော်တော်အားထုတ်ပြီး ရေးလေ့ရှိတယ်ဗျ။ ဖတ်တဲ့လူများကလဲတော်တော်ဂရုစိုက်ပြီးဖတ်ကြတယ်။ ဒီနှစ်ပိုင်းမှာလဲ ခေါင်းကြီးပိုင်းဟာ နည်းနည်းရှည်တယ်ထင်ပြီး တိုတိုတုတ်တုတ်ရဲ့ ခပ်ဆတ်ဆတ်ရေးတဲ့ မှတ်ချက်ပိုင်းကိုပိုပြီးလူဖတ်များတယ်။ ဒါကြောင့် လူဖတ်များတဲ့အပိုင်းကို ကျုပ်ရွေးရှာလို့ ဖြတ်ကနဲ တွေ့ရတာယ် ဟုတ်လား"

"ဟုတ်ပါပေ့ဗျာ။ ဒါနဲ့တယောက်ယောက်က ကတ်ကြေးနဲ့ကိုက်ညှပ်ပြီး စာဖြစ်အောင် ကပ်လွှတ်လိုက်တယ် ဆိုပါတော့"

"ဟုတ်ကဲ့။ ကတ်ကြေး သေးသေးနဲ့ ကိုက်ညှပ်ထားတယ်။ ဘာကြောင့်လဲဆိုတော့ 'သို့မဟုတ်' ဆိုတဲ့ စာလုံးကို တချက်ဘည်းနဲ့ပြတ်အောင် မညှပ်နိုင်လို့ နှစ်ချက်ညှပ်ပြီး ယူရတယ်"

"ဟုတ်ပေ့ဗျာ။ တယောက်ယောက်က ကတ်ကြေးနဲ့ ကိုက်ညှပ်ပြီး ကော်နဲ့ ကပ်လွှတ်လိုက်တယ် ဆိုပါတော့"

"ဟုတ်ကဲ့၊ ထမင်းလုံးကော်နဲ့ ကပ်လွှတ်လိုက်တယ်။ 'ရှောင်'ဆိုတဲ့ စာလုံးကို နေရောင်မှာ ထောင်ကြည့်ယင် ကော်ခဲကြီးကို ခပ်ထူထူ တွေ့ရလိမ့်မယ်။ အဲဒါ မကျေတဲ့ ထမင်းစေ့ပဲဗျ"

"ဒီပြင်ကောဗျာ အကဲခတ်လို့ ရပါသေးသလား"

"သူရိယဖတ်တဲ့လူတွေဟာ မြန်မာထဲမှာ တော်တော် အတန်းမြင့်တဲ့လူပဲဗျ။ လိပ်တပ်ထားပုံကိုလဲ ကြည့်စမ်း။ လက်ရေးကို မဖမ်းနိုင်အောင် မျဉ်းတံနဲ့သားပြီး ရေးတဲ့စာလုံးတွေဗျ။ဒီတော့ ဘယ်ကိုကောက်နှုတ်ချက်ရလဲ။ တော်တော် အသက်တန်းကျတဲ့လူထဲကဖြစ်ရမယ်။ပြီးတော့လဲ လက်ရေးနဲ့တကွ အစစအရာရာမှာ ခြေရာဖုံးဖိလိုခြင်းကို ထောက်တော့ ခင်ဗျားတို့ မြင်နေကျ လက်ရေးမျိုးရေးတဲ့ လူထဲကဖြစ်ရမယ်။ ဥပမာ ကျုပ်က ခင်ဗျားတို့ဆီကိုစာရေးချင်ယင် လက်ရေးဖျက်နေစရာ ဘာအကြောင်းရှိသလဲဗျ။ကျုပ်လက်ရေးကို ခင်ဗျားတို့ သိမှမသိပဲ။ အခုတော့ ခင်ဗျားတို့သိပြီး လက်ရေးမို့လို့ တမင်ဖျက်ရေးနေတာပေါ့ဗျာ"

"ဟုတ်ပေ့ဗျာ၊ ဟုတ်ပေ့။ ဒီပြင်ကောဗျာ"

"ဒီပြင်တော့ သူကပ်ထားပုံဟာ မျဉ်းကြောင်းမဖြောင့်လှဘူးဗျ။ 'ရှောင်'ဆိုတဲ့ စကားလုံးက နည်းနည်း အကောက်ကျတယ်၊ 'လျှော်'ဆိုတဲ့ စာလုံးက နည်းနည်းနိမ့်တယ်၊ တွေ့လား။ ဒါကြောင့် ဒီလူဟာ

www.burmeseclassic.com



တော်စွာ လျော်စွာ လုပ်တတ်တဲ့ အလေ့အကျင့်သော်လဲ ရှိရမယ်။ ဒါမှမဟုတ် အယင်စလို လုပ်မိဆင်လဲ ဖြစ်ရမယ်။ ကျုပ်အထင်တော့ တော်တော် စေ့စေ့စပ်စပ် လုပ်ထားတဲ့ လက်ရာတွေ တွေ့ရတဲ့အတွက် တော်စွာလျော်စွာ လုပ်တတ်တယ်ဆိုတဲ့ အကြောင်းဟာ မမှန်ဘူး။ အယင်စလို လုပ်ရလို့လို့ ဆိုချင်တယ်။ ကောင်းပြီ၊ အယင်စလို ကတိုက်ကရိုက် လုပ်ရခြင်းက မှန်တယ်ဆိုပါတော့။ဘာကြောင့် အယင်လိုရသလဲလို့ စဉ်းစားဖို့ရှိတယ်။ စာသိမ်းဖို့အချိန် နီးကပ်နေလို့လား။ ဒါမှမဟုတ် တယောက်ယောက်လာပြီး နှောင့်ယှက်မှာကို စိုးရိမ်လို့လား။ မနက်မှပေးဖို့စာကို စာတိုက်အတွက် အယင်လိုစရာ ရှိမယ်မထင်ဘူး။ တယောက်ယောက် နှောင့်ယှက်မှာကို စိုးရိမ်လို့ထင်တယ်။ ဒါကြောင့် တယောက်ယောက်ဟာ ဘယ်သူလဲတဲ့''

''ဒီဟာတွေကတော့ တွေးလုံးထဲ ရောက်လာပြီ ထင်ပါရဲ့ဗျာ''

''ဟုတ်ကဲ့။ တွေးလုံး ဆိုချင်လဲဆိုတော့။ နို့ပေမယ့် ကျုပ်တို့လိုလူ တွေးပြီဆိုမှဖြင့် အကြောင်းနဲ့ အကျိုးနဲ့ ဆက်စပ်ပြီး တွေးခြင်းဖြစ်လို့မို့ လွဲခဲတယ်ဗျ။ ဥပမာ ဒီလိပ်စာဟာ ထမင်းဆိုင်တဆိုင်မှာ ရေးတယ်လို့ဆိုယင် ခင်ဗျာက တွေးလုံးလို့ ပြောမှာပဲ။ သို့သော်လဲ ကြည့်စမ်း။ဟောဒီနေရာမှာ ကလောင်သွားဟာ နှစ်ခါထစ်ယူတယ်။ ဟောဒီစာလုံးကလေး တလုံးကိုလဲ မင်သုံးခါတို့ပြီး ရေးယူရတယ်။ဒီလိုကလောင် တံညံ့ညံ့နဲ့ မင်အကပ်အသတ်ရှိတဲ့ မင်အိုးနှစ်ခုတွဲပြီး ဘယ်လိုအိမ်မှာ ရှိနိုင်မလဲ။ ထမင်းဆိုင်မှာ ထမင်းစားယင်း မင်အိုးနဲ့ကလောင်တံတောင်းပြီး ရေးရလို့သာ ဒီလို မင်ကျမင်နမျိုး တွေ့ရတာပေါ့ဗျ။ ဒီတော့ ကျုပ်က မှတ်ချက်ပိုင်းစုတ်နေတဲ့ သူရိယသတင်းစာရှိတဲ့ထမင်းဆိုင်ကို လိုက်ရှာနိုင်ယင် ကျုပ်တို့လူကို ခြေရာခံမိလိမ့်မယ်လို့ ဆိုချင်တော့တာပဲ။ အလိုအလို၊ ဒီဟာက ဘယ့်နှယ်လဲ''

ဦးစံရှားသည် စာရွက်ကို မျက်စိအနားတွင်ကပ်လျက် စိုက်ကြည့်နေလေ၏။

''ဘာလဲဗျ''ဟု ကျွန်ုပ်တော်လည်း သိချင်ဇောနှင့် မေးလိုက်ရာ ဦးစံရှားသည် စာရွက်ကိုပြန်ချထားလျက်''ဘာမှမဟုတ်ပါဘူးလေ။ ရေစာဘောင် လုံးလုံးမပါတဲ့ စာရွက်ကို တွေ့နေရလို့ပါ။ ကိုင်း၊ စာရွက်အပေါ်ကတော့ ကျုပ်တို့ကောက်နုတ်ချက် ကုန်လောက်ပါပြီ။ ဒါထက် ကိုဘထွန်း၊ခင်ဗျား ဒီမြို့ရောက်မှ ထူထူးခြားခြား အဖြစ်အပျက်မျိုး ဘာများတွေ့ကြုံရသလဲဗျ''ဟု မေးလေ၏။

''မတွေ့ရပါလားခင်ဗျာ''

''ခင်ဗျားနောက်ကို ဘယ်သူမှ လိုက်မကြည့်နေဘူးလား''

''ဘာကြောင့် လိုက်ကြည့်ရမှာလဲခင်ဗျာ''

''ဒါဖြင့်ထူးထူးခြားခြား ပြောစရာ ဘာမှ မရှိဘူးပေါ့''

''ဩော် တခုတော့ရှိတယ်ခင်ဗျ။ ဟိုတယ်မှာ ထုံးစံအတိုင်း ကျွန်တော့်ရှူးဖိနပ်ကို ဆေးတိုက်ရအောင် အခန်းပြင်မှာ ထုတ်ထားလိုက်တာ မနက်ကျတော့ တဘက်ပျောက်သွားရောခင်ဗျ''

''ဖိနပ်တဘက်ပျောက်တာလောက်ကို ဦးစံရှားသိချင်တာ ဟုတ်မထင်ပါဘူး။ သေးသေးဖွဲဖွဲတွေ ပြောမနေပါနဲ့ဗျာ''ဟု ဒေါက်တာဦးထွန်းဝေက ကြားဖြတ်ဝင်ပြောရာ ကိုဘထွန်းက''ထူးထူးခြားခြား အဖြစ်အပျက်ဆိုလို့ ပြောပြရတာကိုးဗျ''ဟု ပြန်ပြောလေ၏။

''မှန်ပါတယ်၊ မှန်ပါတယ်။ ပြောသာပြောပါ''

''ဖိနပ်က မခန့်ညတုန်းကမှ ဦးထွန်းဝေနဲ့အတူတူ ညဈေးမှာဝယ်ခဲ့တဲ့ ဖိနပ်ခင်ဗျ။ တခါမှမစီးရသေးဘူး''

''တခါမှ မစီးသေးပဲနဲ့ ဆေးသုတ်ဖို့ ထုတ်ထားရသေးသလားဗျာ''

ဂှတိယအကြိမ်

www.burmeseclassic.com

 www.burmeseclassic.com 

"အသစ်ဆိုပေမယ့် ရှားရောင်မို့လို့ ညိုတိုတိုနေလို့ ဆေးသုတ်ခိုင်းထားတယ်ခင်ဗျ။ ဆေးသုတ်တဲ့ ကောင် မေးတော့လဲ သူမတွေ့ဘူးတဲ့"

"ဖိနပ်တဘက်တည်းခိုးလို့ အလကားနေမှာပေါ့။ တော်တော်ကြာ ပြန်တွေ့ကောင်းပါလားဗျာ"

"ကိုင်း ကျွန်တော်က ပြောစရာရှိတာ ပြောပြီးပါပြီ။ ခင်ဗျားတို့ကလဲ ကျွန်တော် သိသင့်သိထိုက် သလောက် ပြောကြပါဦးဗျာ"

"မှန်ပါပေတယ်။ ကိုင်း ဦးထွန်းဝေက ကျုပ်တို့ကို ပြောပြတဲ့အတိုင်း သူ့ကို ပြောပြလိုက်ပါပေ ဦးဗျာ"

ဒေါက်တာ ဦးထွန်းဝေသည် ကျွန်တော်တို့သွား ပြောပြဖူးသည့်အတိုင်း ကိုဘထွန်းအား ထပ်မံ ပြောပြလေရာ ကိုဘထွန်းလည်း အံ့သြသောမျက်နှာထားဖြင့် နားထောင်နေလေ၏။ နောက်ဆုံး၌ "ခွေး တစ္ဆေလိုလို ဘာလိုလိုအကြောင်းကိုတော့ ငယ်ငယ်ကတည်းကကျွန်တော်ကြားဖူးခဲ့တာပဲ။ ဒါထက်ဒီအမှုဟာ ပုလိပ်နဲ့ဆိုင်သလား၊ ပယောဂနဲ့ဆိုင်သလားလို့ ဦးစံရှား မဆုံးဖြတ်နိုင်သေးဘူးမှတ်တယ်" ဟုကိုဘထွန်းက မေးလိုက်လေ၏။

"မှန်ပါတယ်"

"ကျွန်တော်ရထားတဲ့စာဟာလဲ ဒီအမှုနဲ့ပဲဆိုင်မှာပေါ့။ ဒီအကြောင်းကို ကျွန်တော်တို့ထက် ပိုပြီး သိထားနိုင်တဲ့ လူတယောက်ယောက်ရှိဟန်တူတယ်"

"ဟုတ်ကဲ့။ ခင်ဗျားကိုကြိုတင်ပြီး သတိပေးထားပုံထောက်တော့လဲ ခင်ဗျားကောင်းကျိုးကို လိုလား ဟန်တူတယ်"

"ကျွန်တော်ကို ခြောက်ထုတ်ချင်လို့တော့ မဖြစ်နိုင်ဘူးလား"

"ဒါလဲဖြစ်နိုင်တယ်။ သို့သော် ကျုပ်တို့တခုစဉ်းစားဖို့လိုတာက ဒီအိမ်ကို ခင်ဗျားသွားနေထိုက် မနေထိုက် စဉ်းစားဖို့လိုတယ်"

"သွားယင် ဘာဖြစ်သလဲ"

"ဘေးအန္တရာယ် စိုးရိမ်စရာရှိတယ်"

"ခွေးတစ္ဆေကို ကြောက်ရမှာလား။ ဒါမှမဟုတ် လူကိုလားခင်ဗျာ"

"အဲဒါ ကျုပ်တို့ ရှာကြည့်ရလိမ့်မယ်"

"လူပဲဖြစ်ဖြစ်၊ တစ္ဆေပဲဖြစ်ဖြစ်၊ ဘယ်လိုသတ္တဝါကမှ ကျွန်တော့်အိမ် ကျွန်တော်သွားခြင်းကို တား ဆီးလို့ မရဘူးလို့ မှတ်လိုက်ပါခင်ဗျာ" ဟု မျက်မှောင်ကြုတ်ကာ ပေါင်ကို လက်သီးဖြင့်ထုလျက်ပြောလေရာ မျိုးရိုးဇာတိအလျောက် ခက်ထန်သော စိတ်သဘောကို ဖော်ပြသည်ဟု ကျွန်တော်တို့ မှတ်ယူကြ၏။

ထိုနောက် ဆက်လက်၍ "သို့သော် အလျင်စလို ဆုံးဖြတ်ဖို့လဲ မလိုသေးပါဘူးလေ။ စဉ်းစားချိန်ရှိပါ သေးတယ်။ အခု ၁၁ နာရီခွဲသွားပြီ။ ဒီကနေ့ နာရီပြန်နှစ်ချက်တိတိမှာ ဦးစံရှားနဲ့ ဒီက မိတ်ဆွေတွေ ဟိုတယ်ကို လက်ဖက်ရည်သောက် ကြွခဲ့ကြပါခင်ဗျာ။ ဒီတော့ ကျွန်တော် နောက်ဆုံးစကား ပြောပါရ စေတော့" ဟု ကိုဘထွန်းက ဖိမန္တကပြုရာ ဦးစံရှားကလည်း

"ကောင်းပြီ။ ကျုပ်တို့လာခဲ့မယ်" ဟု ကတိပေး၍ "တက္ကစီ ခေါ်ခိုင်းပေးရမလား" ဟု ပြောရာ ကိုဘထွန်းက

"ရှိပါစေခင်ဗျာ။ လမ်းလျှောက်ယင်းမှ စဉ်းစားတတ်လို့ ကျွန်တော်တို့လမ်းလျှောက်ပြန်ပါတော့ မယ်" ဟု နှုတ်ဆက်ကာ ထွက်ခွာသွားလေ၏။

ဗြာတိုယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


ဦးထွန်းဝေနှင့် ကိုဘထွန်းတို့ လှေကားမှဆင်းသွားကြသည်နှင့် တပြိုင်နက် ဦးစံရှားမှာ ပျင်းရိငြီးငွေ့ဟန်တူသော အမူအရာမှ ဖျတ်လတ်သော အမူအရာသို့ ချက်ချင်းပြောင်းလဲ၍

"ကိုသိန်းမောင်၊ မြန်မြန်ဘဝတ်အစား လဲစမ်းဗျာ"ဟုပြောရာ ကိုယ်တိုင်လည်း အပေါ်အင်္ကျီနှင့် နောက်ပိတ်ဖိနပ်တို့ကို လျင်မြန်စွာ စွပ်လေ၏။

ကျွန်တော်တို့သည် တိုက်ပေါ်မှ ဆင်းလာကြသောအခါ ဦးထွန်းဝေနှင့် ကိုဘထွန်းတို့မှာ ဒါလဟိုဇီလမ်းဘက်သို့ လျှောက်နေကြသည်ကို မြင်ကြရသေး၏။ ကျွန်တော်တို့သည် ခပ်သုတ်သုတ် လျှောက်ကြသောကြောင့် တဖြည်းဖြည်း နီးကပ်လာကြ၏။ တနေရာ၌ ရှေ့မှ လူနှစ်ယောက်တို့သည် ဆိုင်တဆိုင်ရှေ့၌ ခေတ္တရပ်တန့်ကြည့်ရှုနေကြရာ ဦးစံရှားလည်း ထိုနေရာသို့ ရောက်သောအခါ၌ ရပ်တန့်ကြည့်နေသေး၏။ နောက် တခဏ၌ ဦးစံရှားက

"ဟုတ်ပြီ၊ဟုတ်ပြီ"ဟု ပြောလိုက်သည်နှင့် သူကြည့်ရာသို့လှမ်းကြည့်လိုက်သောအခါ မြင်းရထားတစီးအတွင်း လူတယောက်ထိုင်လျက် စောင့်ရပ်နေရာမှ တဖြည်းဖြည်းမောင်းနှင်သွားသည်ကို မြင်ရလေ၏။

"ဟောဟိုမှာ ကျုပ်တို့လူဗျို့။ လာလာ၊ သေသေချာချာ ကြည့်စမ်းရအောင်"ဟု ဦးစံရှားက ပြောလျက် ခပ်သုတ်သုတ် လျှောက်ကြလေ၏။

ထိုခဏ မြင်းရထားပြတင်းပေါက်မှ ကတုံးဆံတောက်နှင့် လူတယောက်သည် ဦးခေါင်းပြူထွက်၍ ရထားမောင်းသမားအား ဟစ်ပြောလိုက်ရာ ရထားမောင်းသမားသည် မြင်းကိုကျာပွတ်နှင့်ရိုက်ကာ အပြေးမောင်းသွားလေ၏။ အနီးအနား၌ အခြားမြင်းရထား မရှိသည်နှင့် ဦးစံရှားသည် အပြေးလိုက်သွားရာ မမီလိုက်တော့သဖြင့်

"ဖျင်းတယ်ဗျာ။ ကျုပ် သိပ်ဖျင်းတာနဲ့ပဲ"ဟု ညည်းလေ၏။

"ဟိုလူက ဘယ်လိုလူလဲဗျ"

"ကျုပ် ဘယ်သိမလဲ"

"သူလျှိုလားဗျ"

"ဟုတ်မှာပေါ့ဗျ။ကိုဘထွန်းနောက်က လိုက်ကြည့်နေတဲ့လူရှိလို့ ဘယ်ဟိုတယ်မှာ တည်းတယ်ဆိုတာ ချက်ချင်းသိတာပေါ့။ မနေ့က လိုက်ကြည့်ယင် ဒီကနေ့လဲ လိုက်ကြည့်တဲ့လူ ရှိလိမ့်ဦးမယ်လို့ ကျုပ်တွက်ပြီး ပြတင်းပေါက်က ခဏခဏ ကျုပ်ထကြည့်တယ် မဟုတ်လား"

"ကျွန်တော်လဲ မြင်ပါရဲ့"

"တော်တော်ကျကျနနစီမံတတ်တဲ့ လူစုနဲ့တူတယ်ဗျို့။ ကျုပ်တို့အလုပ်က တယ်မလွယ်ဘူး၊ စောင့်ကြည့်တဲ့လူက ခြေလျင်တောင် မဟုတ်ဘူး။ မြင်းရထားနဲ့ အဆင်သင့်စောင့်နေတယ်။ အရေးဆို ပြုန်းဆို မောင်းပြေးနိုင်ပေတာကိုး"

"ဒီတော့ မြင်းရထားသမားကို ခြေရာခံဖို့ ရှိသေးတာပေါ့ဗျာ"

"ကျုပ်လဲ ဒါကိုတော့ တွက်ပြီးသားပါပဲ"

"မြင်းရထားနံပါတ် မမှတ်မိလိုက်တာက ခက်တယ်"

"ဒီလောက်တော့ ဘယ်ညံ့မလဲဗျ။ နံပါတ် ၉၀၆ ပါ။ ကျုပ်ကြည့်လိုက်ပါတယ်။သို့သော် ခုချက်ချင်းတော့ ဘာမှမတတ်နိုင်သေးပေဘူး။ ကျုပ်လဲ ညံ့ပါသေးတယ်ဗျာ"

"ကျွန်တော်ဖြင့် ခင်ဗျားညံ့တာ ဘာမှမမြင်ပေါင်ဗျာ"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



"ညံ့ပြီလားဗျာ။ကျုပ်က ဘယ်လိုလုပ်သင့်သလဲဆိုတော့ ဟိုရထားမြင်မြင်ချင်း နောက်လှည့်ပြန်ပြီး ဒီပြင်ရထားတစီးနဲ့ ခပ်လှမ်းလှမ်းက လိုက်သည်ဖြစ်စေ၊ သို့မဟုတ် 'မင်တိုမင်ရှင်' ဟိုတယ်က စောင့်ကြည့်နေပြီး သူအပြန်မှာ ကျုပ်တို့က သူနောက်က ရထားနဲ့လိုက်ကြည့်ဖို့ကောင်းတာပေါ့ဗျာ။ အခုတော့ သူက ကျုပ်တို့ကို သိသွားပြီ။ ကျုပ်တို့က သူ့ကို ဘာမှမသိလိုက်ရတော့ဘူးပေါ့ဗျာ"

ထိုအခါ၌ ကျွန်တော်တို့သည် ဆူးလေဘုရားလမ်းတလျှောက် လျှောက်လျှက်ရှိကြရာ ဦးစံရှားက ကိုဘထွန်းတို့ လူစုနောက်သို့လိုက်ဖို့ အလုပ်မရှိတော့ကြောင်း ပြော၍ လက်ဖက်ရည်ဆိုင် တဆိုင်သို့ ဝင်လေ၏။ ကျွန်တော်တို့သည် စားပွဲ၌ ထိုင်ကြစဉ် ဖျတ်လတ် သွက်လက်လှသော ကော်ရင်ဂျီ ကုလားလေး တယောက်က ဦးစံရှားအား ဆလံပေး၍ "ဘာစားမလဲ ဘရားဆပ်"ဟု မေးလေ၏။

ထိုသူမှာ ဦးစံရှား ခိုင်းနေစနေကျဖြစ်သော ကုလားကလေး အာချီးယားပင် ဖြစ်ရကား ဦးစံရှားသည် အနီးသို့ခေါ်၍ ရန်ကုန်မြို့ပေါ်ရှိ ရှိသမျှသော ထမင်းဆိုင်များသို့ တဆိုင်စီ သွားဖို့အကြောင်း၊ အချို့မှာ မြန်မာ့အလင်းသတင်းစာနှင့် အခြားသတင်းစာများကိုထားတတ်၍ အချို့မှာ သူရိယ သတင်းစာကို ထားတတ်ကြောင်း၊ သူရိယသတင်းစာ ထားသော ဆိုင်ဟူသမျှတို့တွင် ယမန်နေ့က သတင်းစာ အဟောင်းများ ရှိသလားဟု မေးရမည်ဖြစ်ကြောင်း၊ အခက်အခဲတွေ့လျှင် အိမ်ရှင်အား ပိုက်ဆံ လေးပဲ ရှစ်ပဲ စသည်ဖြင့် ပေးနိုင်ကြောင်း၊သတင်းစာဟောင်းများကို ထုတ်ပြသည့်အခါ ယမန်နေ့က သတင်းစာကို ရွေးရမည်ဖြစ်ကြောင်း၊ မြန်မာရက်စွဲကို မဖတ်အတ်သော်လည်း အင်္ဂလိပ်ဂဏန်းကို ကြည့်နိုင်ကြောင်း ၇ ရက်ယူသော ရက်စွဲကို တွေ့လိမ့်မည်ဖြစ်ကြောင်း၊ ယင်းရက်စွဲထုတ် သတင်းစာတွင် အလယ်မှ 'ခေါင်းကြီးပိုင်း'ကို ကတ်ကြေးဖြင့် ဖြတ်ယူသွားသော သတင်းစာကို ရှာရမည်ဖြစ်ကြောင်း၊ တွေ့သောအခါ မိမိထံ လာခရောက် အကြောင်းကြားဖို့ အကြောင်းများနှင့် မှာထား သွန်သင်နေလေ၏။ နောက်ဆုံး၌ ဦးစံရှားက စရိတ်အဘွက် ၅ကျပ်ဘန်စက္ကူတချပ်ပေးခဲ့ပြီးနောက် ဆိုင်ထဲမှထွက်လာခဲ့ကြလေ၏။လမ်းခရီး၌

"တွေ့ဖို့နဲ့ မတွေ့ဖို့တော့ မတွေ့ဖို့က များတာပါပဲဗျ။ သို့သော် ငွေ ၅ ကျပ်လောက် စရိတ် ကုန်ရုံပဲ အရေးမကြီးပါဘူးလေ။ တွေ့လို့တွေ့ငြားပေါ့။ ဟုတ်ဖူးလား"

"အာချီးယား ခိုင်းလို့ ဖြစ်ပါ့မလားဗျာ။မြန်မာကလေးတယောက် မကောင်းပေဘူးလား။မြန်မာစာ မတတ် ဘာမတတ်နဲ့"

"ခင်ဗျား ပြောယင် မခံချင်ပေဘူး။ ခင်ဗျားကိုယ်တိုင် လိုက်ရှာတာနဲ့ အာချီးယားနဲ့ဆိုယင် အာချီးယားဘက်က ကျုပ်ကြိုက်တယ်။ မြန်မာစာမအတ်ပေမယ့် အင်္ဂလိပ်ဂဏန်းနဲ့ ခြေရာခကောက်နိုင်တဲ့ ကောင်ကလေးဗျ။ ချက်ဆို နားခွက်က မီးတောက်တဲ့ ကောင်လေး။ ဘာမှတ်လို့လဲ။ ကိုင်း လာဗျာ။ ၂ နာရီ မထိုးခင် ဘိလိယက် ကလေး တပွဲလောက် ဝင်ကစားလိုက်ကြဦးစို့"

× × ×

## အဆက်ပြတ်နေသော အချက်သုံးခု

နာရီပြန် ၂ ချက်အချိန်တွင် ကျွန်တော်တို့သည် မြင်းရထားတစီးဖြင့် မင်တိုမင်ရှင်ဟိုတယ်သို့ ဆိုက်ရောက်သွားကြလေရာ ဟိုတယ်စာရေးက ကိုဘထွန်းမှာတားသည်ဟု ပြော၍ ဘတ္တလာအား လိုက်ပြရန် အမိန့်ပေးလေ၏။

ဦးစံရှားသည် ဘတ္တလာနောက်သို့ မလိုက်သေးမီ စာရေးထံမှ ဧည့်သည်စာရင်းစာအုပ်ကို တောင်းယူ ကြည့်ရှုရာ ကိုဘထွန်းတို့ ဆိုက်ရောက်ပြီးသည့်နောက် ဧည့်သည်သစ် နှစ်ဦး နောက်ထပ်ရောက်ရှိသေးသည်ကို

www.burmeseclassic.com



တွေ့မြင်ရလေ၏။ ပထမဧည့်သည်မှာ မော်လမြိုင်မှလာသည့် ဦးချစ်ဆွေ ဖြစ်၍ ဒုတိယ ဧည့်သည်မှာ မစ္စစ်သော်မဆင်အမည်ရှိ ဘိုမဘာဝယောက် ဖြစ်သည်ကို တွေ့ရလေ၏။

"ဘယ် ဦးချစ်ဆွေလဲဗျ။ ခြေ ထောက်နဲ့ ထောက်နဲ့ လမ်းလျှောက်တတ်တဲ့ ရွှေနေ ဦးချစ်ဆွေဟာလား။ ဆံပင်တွေ ဖြူနေပြီလေ။ ဟုတ်စ"

"မဟုတ်ဘူးခင်ဗျ။ သတ္တုတွင်းပိုင် ဦးချစ်ဆွေပါ။ ရန်ကုန်လာတိုင်း ကျွန်တော် ဟိုတယ်မှာ တည်းတာချည်းပဲ။ ဒီလူကြီးက ကျွန်တော်တို့ ဖောက်သည်ကြီးပါ။ ဦးတို့အရွယ်လောက် ရှိပါသေးတယ်"

"ဩော် ဟုတ်လား။ ဒီဘိုမကတော့ မော်လမြိုင်ကပဲ ဟုတ်လား"

"ရမည်းသင်းက အရေးပိုင်ကတော်တဲ့ ခင်ဗျ။ သားကလေးတယောက်နဲ့ပဲ"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

ကျွန်တော်တို့သည် ဟိုတယ်အပေါ်ထပ်သို့ ဘတ္တလာနှင့်အတူ လိုက်သွားကြစဉ်

"ကျုပ်တို့ မိတ်ဆွေကို စောင့်နေတဲ့လူဟာ ဒီဟိုတယ်မှာ မတည်းကြောင်းတော့ဖြင့် ကျုပ်တို့ သိရပြီ။ လက္ခဏာမှာတော့ သူကသာ မြင်လိုတယ်။ သူ့ကိုတော့ မမြင်စေလိုဘူးဆိုတဲ့ သဘောပေါ့ဗျ။ ဒီဟာ အရေးကြီးတယ်ဗျို့ ကိုသိန်းမောင်"

"ဘယ်လို အရေးကြီးတာလဲဗျ"

"အရေးကြီးပုံက ဒီလိုဗျ။ အလို အလို၊ ဘာဖြစ်တာလဲဗျာ"

ထိုခဏ၌ ကိုဘထွန်းသည် နောက်ပိတ်ဖိနပ်အနက်ဟောင်းတဘက်ကို လက်တွင်ကိုင်လျက် ဒေါသကြီးလှသော အမူအရာနှင့် လှေကားမှ ပြေးဆင်းလာသည်ကို တွေ့ရလေ၏။

"ကြည့်စမ်းပါဦးတော့ ခင်ဗျာ။ ဒီလိုလုပ်ကြလို့ ဘာကောင်းမှာလဲ။ တွေ့အောင် ရှာပေးယင်ပေး" ဟု ကိုဘထွန်း၏ စကားမဆုံးမီ ဦးစံရှားက "ခင်ဗျားပျောက်တာက ဖိနပ်အသစ်ဆို" ဟု ဆီးမေးလိုက်လေ၏။

"မနေ့က အညိုရောင်ဖိနပ်အသစ်တဘက် ပျောက်ဘယ်။ ဒီကနေ့ ဖိနပ်အဟောင်းတဘက် ထပ်ပြီး ပျောက်ပြန်ပြီကော ခင်ဗျာ။ အားလုံးပေါင်းမှ သုံးရံရှိတဲ့လူမှာ နှစ်ရံပျောက်နေလို့ ဘယ့်နှယ်လုပ်ပြီး လမ်းထွက်နိုင်ဦးတော့မှာလဲ ခင်ဗျာ။ ဟော့ကောင်၊ တွေ့ပြီလား"

ထိုခဏ၌ ဘိုင်ကုလားတယောက်သည် လှေကားမှ တက်လာ၍ ပျောက်ဆုံးသော ဖိနပ်များအကြောင်းကို ဟိုတယ်ဘခုလုံး လိုက်လံစုံထောက်သော်လည်း မတွေ့ရကြောင်းနှင့် ပြောဆိုလေ၏။

"ဖိနပ်ကို ဒီကနေ့ ပြန်ရယင်ရ၊ မရယင် ဒီဟိုတယ်မှာ ငါမနေဘူး။ ချက်ချင်းပြောင်းမယ်" ဟု ပြောရှာလေ၏။

"ကောင်းပြီ။ တွေ့အောင် သွားရှာချေ။ ကြည့်ပါဦးတော့ ဦးစံရှားရယ်။ စိတ်ဆိုးဖို့မကောင်းဘူးလား ခင်ဗျာ"

"ကောင်းတာပေါ့။ ဒါထက် ဘယ်လိုအမိပ္ပာယ်နဲ့ ပျောက်တယ်လို့ ထင်သလဲ"

"ကျွန်တော်တော့ အဓိပ္ပာယ်တွေ ဘာတွေ တွေးမနေဘူး။ ပျောက်တာကို စိတ်ဆိုးတာလောက် ရှိတာပဲ"

"ပျောက်ပုံက တယ်ထူးဆန်းတယ်ဗျ" ဟု ဦးစံရှားက စဉ်းစားသော အမူအရာနှင့် ပြောရာ "ခင်ဗျားကော ဘယ်လိုအဓိပ္ပာယ်ကောက်ထားသလဲ" ဟု ကိုဘထွန်းက မေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com


"အဓိပ္ပာယ်ကိုတော့ ကျုပ် အခုရှင်းမပြောနိုင်သေးဘူး။ သို့သော် ကျုပ်ကိုယ်တိုင် စုံထောက်လာခဲ့တဲ့ အမှုပေါင်း သုံးလေးရာအနက်မှာ ဒီအမှုဟာ တော်တော်ကြီး နက်နဲတဲ့ အမှုပဲလို့ ကျုပ် ဆိုဝံ့တယ်။ သို့သော် သဲလွန်စ သုံးလေးခု တွေ့ထားပြီး ဖြစ်လို့မို့ တခုခုလိုက်ယင် အမှန်ကို ရောက်ကောင်းပါလားဗျာ။ အရေးကြီးတာက အလွဲလမ်း လိုက်နေလို့ အချိန်ကုန်မှာလောက်ကိုသာ စိုးရိမ်ရပါတယ်။ လုံးလုံးမပေါ်ပဲ တော့ မနေနိုင်ပါဘူး"

ကိုဘထွန်းသည် ကျွန်တော်တို့အား အခန်းတခန်းသို့ ခေါ်သွား၍ ဦးထွန်းဝေနှင့်အတူ နေ့လယ်စာ ကျွေးမွေးယင်း အမှုအကြောင်းကို တိုင်ပင်ဆွေးနွေးကြလေ၏။ နောက်ဆုံး၌ ဦးစံရှားက "ခင်ဗျားတို့ဒီ့ကြံ ဘယ်လို ရှိသလဲ" ဟု မေးလေ၏။

"ကျွန်တော်တော့ ရှာပြန်ပြီး အိမ်ပေါ်တက်နေမှာပဲ"

"ဘယ်တော့လဲ"

"တနင်္ဂနွေ တပတ်လောက်အတွင်းပဲ"

"ဒါပဲ အကောင်းဆုံး ထင်ပါရဲ့ဗျာ။ ဒါတက် ခင်ဗျားတို့ကို မနက်တုန်းက တယောက်ယောက်က လိုက်ကြည့်နေတာ သိလိုက်ကြရဲ့လား"

"ဟုတ်ရဲ့လားခင်ဗျာ။ ဘယ်သူများပါလိမ့်"

"ဒါတော့ ကျွန်တော်လဲ မပြောနိုင်သေးဘူး။နို့ နေပါဦး။ အနွဲ့ရွာက ခင်ဗျားအသိထဲမှာ ကတုံး ဆံထောက်နဲ့ လူများ ရှိသလား"

"မရှိပေါင်ခင်ဗျာ။ သြော် နေဦးဗျို့။ ဦးထွန်းဖြူရဲ့တပည့် မောင်ကျော်တော့ဖြင့် ကတုံး ဆံထောက်နဲ့ပဲ"

"မောင်ကျော် အခု ဘယ်မှာလဲ ဒေါက်တာရဲ့"

"ကိုဘထွန်းရဲ့ အိမ်ကြီးကို စောင့်နေတဲ့ လူဟာပေါ့ ခင်ဗျာ"

"ဒီလူက ဟိုမှာပဲ ရှိရဲ့လား၊ ရန်ကုန်ကို ရောက်နေသလား၊ စုံစမ်းကြည့်ဖို့ သင့်တယ်"

"ဘယ်ကိုလုပ်ပြီး စုံစမ်းမလဲ ခင်ဗျာ"

ထိုအခါ ဦးစံရှားသည် ကြေးနန်းပုံစံတရွက်ကို တောင်းယူ၍ 'မောင်လုံး အဆင်သင့် ပြင်ဆင်ပြီးပြီ လား'ဟူသော အဓိပ္ပာယ် ပါရှိသည့် ကြေးနန်းတစောင်ကိုရေး၍ အနွဲ့ရွာ မောင်ကျော်ထံ လိပ်တပ်လေ၏။ ထို့နောက် အနွဲ့ဘူတာရုံပိုင်ထံ ဒုတိယကြေးနန်းတစောင်ကို အောက်ပါအတိုင်း ရေးပြန်လေ၏။

မောင်ကျော်ထံ ရိုက်ကြားလိုက်သော ကြေးနန်းကို မောင်ကျော့်လက်ထဲသို့ တိုက်ရိုက် ပေးပို့ပါလေ။ မောင်ကျော်မရှိခဲ့လျှင် ကြေးနန်းကို 'မင်တိုမင်ရှင်'ဟိုတယ် ကိုဘထွန်းထံ ပြန်ပို့ပါလေ။

"ဒီလိုဆိုယင် မောင်ကျော် ဟိုမှာ ရှိ မရှိ ဒီညနေ သိရမှာပေါ့ဗျာ"

"နေပါဦးဗျ ဦးထွန်းဝေ။ ဒီမောင်ကျော်က ဘယ်ကလူလဲဗျ"

"မောင်ကျော်က မိဘ အစဉ်အဆက်ကစပြီး ဦးထွန်းဖြူတို့အိမ်မှာ အမှုထမ်းလာခဲ့တဲ့ သူငယ်ပေါ့။ လူရိုးလူကောင်းတယောက်ပါပဲ"

"ဦးထွန်းဖြူသေတော့ မောင်ကျော်ကော ဘာရလိုက်သေးသလဲ"

"ဦးထွန်းဖြူက သူသေယင် 'မင်းတုံး'ဆိုတဲ လယ်တတောကို မောင်ကျော်တို့ လင်မယားကို ပေးရန် ပါလို့ ကိုဘထွန်းထံ စာရေးမှာခဲ့တာယ် ဆိုပါကလား"



www.burmeseclassic.com

www.burmeseclassic.com


"ဒီစာရေးထားကြောင်းကို မောင်ကျော်သိသလား"

"ဦးဘွန်းဖြူက ဒီအကြောင်းကို ခဏခဏ ပြောလေ့ရှိလို့ မောင်ကျော်သာမက ကရွာလုံး သိနေကြတာပဲ"

"ဪ ဒီဟာ အရေးကြီးတယ်ဗျို့"

"ကိုဘထွန်းက ကြည့်ပြီးချိုးမြင့်ဖို့ စာရေးခဲ့တဲ့လူဘွေတော့ အပုံပေါ့ခင်ဗျာ။ ကျွန်တော်တောင်လယ်တစကော ရဦးမလို ပြောသံကြားသေးတယ်"

"ဟုတ်ကဲ့လား။ ဒီပြင်ကော ဘယ်သူတွေမျှားလဲဗျ"

"ဒီပြင်တော့ မဖြစ်လောက်ပါဘူး။ ဒီနှစ်ထွက်တဲ့ စပါးထဲက တရာစီ နှစ်ရာစီဆိုသလို ပေးရစ်ဖို့မှာခဲ့တယ် ဆိုထင်ပါရဲ့"

"ဒီစာကို ကိုဘထွန်း မဖတ်ရသေးဘူးပေါ့နော်"

"မတွေ့ရသေးပေါင် ခင်ဗျာ။ တွေ့ယင်လဲ ပေးရပေမှာပေါ့"

"ကိုဘသွန်းရမယ့်အခွက ဘယ်လောက်ရှိမလဲဗျ"

"ခန့်မှန်းခြေတော့ လယ်ကေ ၅၀၀၀ထက် မနည်းပေါ့ခင်ဗျာ။ တိုနယ်မှာ သူ့လယ်တွေဟာ လက်ညှိုးထိုးမလွဲပေါ့"

"အလဲ။ တကေ ငွေတရာထားဦး။ ကေ ၅၀၀၀ဆိုယင် တန်ဖိုးငွေ ငါးသိန်းပေါ့။ နည်းတဲ့ပစ္စည်းမဟုတ်ပါပဲလား"

"ဘဏ်တိုက်မှာအပ်ထားတဲ့ငွေရောဆိုယင် စုစုပေါင်းအမွေရှစ်သိန်းဖိုးထက်မနည်းပေဘူးတဲ့ခင်ဗျာ"

"ဒါထက် တခုမေးပါရစေ။ မတော်တဆ ကိုဘထွန်းသေလို့ရှိယင်ဒီပစ္စည်းတွေကို ဘယ်သူရမတဲ့လဲ"

"ဦးထွန်းဖြူရဲ့ ညီဝမ်းကွဲက မွေးခဲ့တဲ့ ကိုဘသန်းတို့လူစုံရဲ့လက်ကို ရောက်မတဲ့။ ကိုဘသန်းဆိုတဲ့လူက မြေတိုင်းစာရေး လုပ်နေတယ်"

"ကိုဘသန်းကို ခင်ဗျားတွေ့ဖူးသလား"

"ဦးထွန်းဖြူဆီ တခါလာလည်တာ တွေ့ရဖူးပါရဲ့။ လူခပ်ရိုးရိုး ခပ်အေးအေး နေတတ်တဲ့အထဲကနဲ့ တူပါတယ်"

"ကိုင်း ဒါထက် ကိုဘထွန်း။ ရွာပြန်နေဖို့ ခင်ဗျားပိုင်းဖြတ်ထားတဲ့အတိုင်း ပြန်တော့ ပြန်တာပေါ့။ သို့သော် ကျုပ်တခု အကြံပေးမယ်။ တယောက်ဘည်းတော့ မသွားလေနဲ့ဗျာ"

"ဦးထွန်းဝေနဲ့ အတူတူပြန်မှာပေါ့ ခင်ဗျာ"

"ဒါနဲ့ မလုံလောက်သေးဘူး။ ဦးထွန်းဝေက သူ့ကိစ္စနဲ့သူ အလုပ်လုပ်နေမယ့်လူဖြစ်တယ်။ ယုံကြည်စိတ်ချရတဲ့ လူတယောက် ခင်ဗျားနဲ့အတူ အမြဲနေဖို့ အရေးကြီးတယ်"

"ဒါဖြင့် ခင်ဗျာကိုယ်တိုင် မလိုက်နိုင်ပေဘူးလား ခင်ဗျာ"

"အရေးကြီးတဲ့အခါမှာတော့ ကျုပ်ရောက်အောင် လာခဲ့မပေါ့။ သို့သော် အမြဲစောင့်ကြည့်နေဖို့တော့ မတတ်နိုင်ဘူး။ ကိစ္စကလေးတွေက တန်းလန်းရှိနေသေးတယ်"

"ဒါဖြင့် ဘယ်သူ့ခေါ်သွားရယင် တော်ပါ့မလဲ ခင်ဗျာ"

"ကျုပ်အကြံပေးရမှာဖြင့် ဒီက ကျုပ်မိတ်ဆွေ ကိုသိန်းမောင်ခေါ်သွားယင် ကောင်းမယ်ထင်တယ်။ လိုက်နိုင်ပါ့မလားဗျို့ ကိုသိန်းမောင်"

---

ဒုတိယအကြိမ်

www.burmeseclassic.com

 www.burmeseclassic.com 

ထိုအတောအတွင်း ကိုဘထွန်းသည် ကျွန်တော့်လက်ကို ကိုင်၍ အတင်း ခေါ်ဝင်လျက် ရှိရကား ကျွန်တော်မှာ အမူနှင့်ပတ်သက်၍ အစအဆုံးသိလိုသောဆန္ဒလည်းရှိသည်နှင့် လိုက်ရန်သဘောတူရလေ၏။

"အရေးကြုံလာယင် ဘယ်လိုလုပ်ရမယ်ဆိုတာ ကျုပ်ပြောလိုက်မယ်ပေါ့။ စနေနေ့လောက် သွားကြမလား"

"စနေနေ့ တော်လောက်ပါပြီ ခင်ဗျာ"

"ကိုင်း ဒါဖြင့် စနေနေ့မနက် ဘူတာရုံရောက်အောင် ကျုပ်တို့လာခဲ့မယ်"

ကျွန်တော်တို့သည် သွားတော့မည်ဟု ထိုင်ရာမှ ထကြစဉ် ကိုဘထွန်းသည် ဝမ်းသာအားရရှိသော အမူအရာနှင့် အခန်းထောင့်တထောင့်သို့ ပြေးသွား၍ ဖိနပ်ကို ဆွဲထုတ်လာပြီးလျှင်

"ဘယ့်နှယ်လဲဗျ။ ကျွန်တော်လဲ ဒီနေရာကို အထပ်ထပ် ကြည့်ပြီးပါပြီဗျ။ ကျွန်တော်တို့ လက်ဖက်ရည်သောက်နေတုန်းမှာ ဘွိုင်ကုလားက ဝင်ထားသွားတယ် ထင်ပါရဲ့"ဟု ဒေါက်တာ ဦးထွန်းဝေက ပြောသဖြင့် ကိုဘထွန်းသည် ဘွိုင်ကုလားကို ခေါ်၍မေးရာ ဖိနပ်ကို မိမိမထားရကြောင်းနှင့် ပြောပြလေ၏။

အိမ်သို့အပြန် မြင်းရထားပေါ်တွင် ဦးစံရွှေးမှာ စကားမပြော၊ တုဏှိဘောဖြင့် အကြံထုတ်နေသည်ကို မြင်သဖြင့် ကျွန်တော်သည် အဖြစ်အပျက်များကို ပြန်လှန်စဉ်းစားလာရာ လွန်ခဲ့သည့် နှစ်ရက်အတွင်း၌ ဆန်းကြယ်သော အခြင်းအရာများ ဖြစ်ပျက်ပုံကို အနုလုံ ပဋိလုံ ပြန်လှန်တွေးတော လာခဲ့မိလေ၏။

ယင်းတို့မှာ ပုံနှိပ်စာများ ကပ်ထားသောစာကို ရရှိခြင်း၊ ကိုဘထွန်းတို့နောက်သို့ တကောက်ကောက် လိုက်ကြည့်နေသောသူ ရှိနေခြင်း၊ ကတုံးသံတောက်နှင့်လူကို မြင်းရထားပေါ်၌ တွေ့မြင်လိုက်ရခြင်း၊ ရှေးဦးစွာ ဖိနပ်ညိုပျောက်၍ နောက်ထပ် ဖိနပ်နက်တဘက် ပျောက်ပြန်ခြင်း၊ ပထမပျောက်ဆုံးသော ဖိနပ်ညိုကို မထင်ပဲနှင့် ပြန်တွေ့ရခြင်းတို့ ဖြစ်လေသည်။

နေအိမ်သို့ ရောက်သောအခါ ဦးစံရွှေးမှာ ထုံးစံအတိုင်း ပက်လက်ကုလားထိုင်ပေါ်တွင် ဆေးတံကို တဆုံပြီးတဆုံ သောက်ရှူယင်း စိတ်ကူးနေပြန်သည်ကို တွေ့ရလေ၏။

ညဥ့်အချိန်တွင်တယ်လီဖုန်းဆက်သည်နှင့် ကျွန်တော်ထ၍ နားထောင်ရာ အနုရွှေတွင် မောင်ကျော် ရှိနေသည်ဟု ကြေးနန်း ပြန်လာကြောင်းဖြင့် ကိုဘထွန်းက ပြောသည်ကို ကြားရလေ၏။ ထို့နောက် ၁၅ မိနစ်ခန့် ကြာပြန်သော် ကော်ရင်ဂျီ ကုလားကလေး အဘချီးယား ရောက်လာ၍ ရန်ကုန်တမြို့လုံးရှိ မြန်မာသတင်းစာထားသော ထမင်းဆိုင် ဟူသမျှတွင် ရှာဖွေသော်လည်း ဦးစံရွှေး အလိုရှိသော သူရိယ သတင်းစာကို မတွေ့ရကြောင်းနှင့် ပြောသွားလေသည်။

"သဲလွန်စ နှစ်ခုတော့ဖြင့် ဘွားပြီဗျို့။ သို့သော် ဒီပြင်တခုနောက်ကို လိုက်ဦးမှပဲ"

"မြင်းရထားနံပါတ် ၉၀၆ ရှိပါသေးကောဗျ"

"ဟုတ်တာပေါ့ဗျာ မြူနီစီပယ်ရုံးမှာ တယ်လီဖုန်းနဲ့ ကျုပ် မေးထားသေးတယ်။ နေရာတိုင်းမှာ မိတ်ဆွေကလေးတွေရှိထားတာ နေရာကျသားဗျို့"

ထိုခဏ၌ လှေကားမှ ခြေသံကြား၍ ကုလားတယောက် ဝင်လာလေ၏။

ကုလားသည် ဟိန္ဒူစတန်နီ ဘာသာဖြင့် "နံပတ် ၉၀၆ မြင်းရထားမောင်းတာ ကျွန်တော်ပါပဲ၊ ကရာနီဆပ်က လွှတ်လိုက်လို့ ကျွန်တော်လာတယ်။ ကျွန်တော် ဘာအပြစ်ရှိသလဲ"ဟု မေးလေ၏။

ဦးစံရွှေးသည် ပြုံးရွှင်သော မျက်နှာထားနှင့် "အပြစ်ရှိလို့ မဟုတ်ပါဘူးကွယ်။ မေးစရာစကားရှိလို့ပါ။ ကောင်းကောင်းပြောနော်။ ရော့ ဘောက်ဆူး"ဟု ငွေတကျပ်ကို ထုတ်ပေးလေ၏။

"မေးပါ ဘာရားဆပ်၊ ကျွန်တော် မှန်မှန်ပြောပါ့မယ်"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


"မင်းနာမည် ဘယ်လိုခေါ်သလဲ"

"အဗ္ဗဒူဆတ်တား၊ ၅၉ လမ်း၊ အိမ်နံပါတ် ၄၆"

ဦးစံရှားလည်း ရေးမှတ်ထားလေ၏။ ထို့နောက်

"ဒီကနေ့မနက် ၁၀ နာရီအချိန်မှာ လူတယောက် မြင်းရထားပေါ်က ဒီအိမ်ကို စောင့်ကြည့်နေတယ်။ နောက်ပြီးတော့ လူနှစ်ယောက်နောက်ကို လိုက်သွားတယ်။ ဒီလူ ဘယ်သူလဲ။ မင်း သိသလောက်ပြောစမ်း"

"စုံထောက်လို့ပြောတယ် ဘရားဆပ်။ ဘယ်သူ့မှ မပြောရဘူးတဲ့"

"ငါ မေးတာကို ကောင်းကောင်း မပြောယင် မင်းဒုက္ခရောက်သွားမယ် နားလည်လား။ သူ့ကိုယ်သူ စုံထောက်လို့ ဘယ်တုန်းက ပြောသလဲ"

"ဆင်းတော့ ပြောသွားတယ်"

"သူ့နာမည်ကို ပြောသွားသေးသလား"

"ပြောတယ် ဆရားဆပ်"

"ဟား၊ ဘယ့်နှယ် ပြောသွားသလဲ။ ဘယ်သူတဲ့လဲ"

"စုံထောက်ဦးစံရှားလို့ ပြောသွားတယ် ဘရားဆပ်"

ဦးစံရှားမှာ ထိုမျှလောက် တခါမျှ အံ့သြဖူးသည် မရှိသော အံ့သြခြင်းဖြင့် ကုလားကိုငေးကြည့်နေပြီးမှ နောက်ဆုံးတွင် ရယ်မောလေ၏။

"အဟမ်း၊ အမှုတွေ စုံထောက်ရတာ ခပ်ချောင်ချောင်ချည်း တွေ့ခဲ့တာ များတယ်။ ဒီတခါတော့ ကျုပ်တို့ ခတ်ဘက် တွေ့နေပြီထင်တယ်ဗျို့ ကိုသိန်းမောင်။ သူ ဘယ်ကတက်ပြီး စီးလာသလဲ။ အားလုံး ပြောပြစမ်း"

"မနက် ၉ နာရီ လောက်မှာ ရန်ကုန်ဘူတာကြီးနားက သူတက်စီးတယ်။ တနေ့လုံး သူခိုင်းရာ မောင်းပြီး ဘယ်သူ့မှ မပြောပဲနေယင် ငွေတဆယ်ပေးမယ်လို့ ဘုကပြောပြီး ငှားပါတယ်။ တက်တက်ချင်း မင်တိုမင်ရှင် ဟိုတယ်ကို မောင်းခိုင်းပြီး ခပ်လှမ်းလှမ်းက ရပ်စောင့်ပါတယ်။ ဟော်တော်ကြာတော့ လူနှစ်ယောက်ထွက်လာလို့ သူတို့နောက်ကို လိုက်ခိုင်းပြီး သူတို့ ရထားနောက်က လိုက်လာလို့ ဗိုလမ်းကို ရောက်လာပါတယ်"

"ဒီအိမ်ထဲကို တည့်တည့်ဝင်ကြတယ် ဟုတ်လား"

"ကျွန်တော်က သေသေချာချာ မကြည့်မိဘူး။ လမ်းထိပ်က စောင့်နေရပါတယ်။ သူကတော့ ကြည့်နေမှာပေါ့။ တနာရီ ကျော်ကျော်လောက်ကြာတော့ ကျွန်တော်တို့က နောက်ကရထားနဲ့ လိုက်ကြပါတယ်"

"ဒါ ငါ သိပြီးပြီ။ ရှေ့လျှောက် ပြောစမ်း"

"ဒီလိုနဲ့ လိုက်သွားတုန်းမှာ ကျွန်တော့်လူက ရထားထဲက ခေါင်းပြူပြီး ရန်ကုန်ဘူတာကြီးကိုအမြန်ဆုံး ရောက်အောင် မောင်းစမ်းဆိုလို့ မြင်းကိုရိုက်ပြီး ကျွန်တော် မောင်းသွားပါတယ်။ ဘူတာရုံရောက်တော့ ရထားပေါ်ကဆင်းပြီး ကျွန်တော့်ကို ငွေစက္ကူတဆယ်တန်တချပ် လှမ်းပေးယင်း 'ငါဘယ်သူလဲ မင်းသိရဲ့လား။ စုံထောက်ဦးစံရှားဆိုတာ ငါပဲကွ' လို့ပြောပြီး ဘူတာရုံထဲ ဝင်သွားပါတယ်"

"ဒီလူကို နောက်ထပ် မင်းမတွေ့တော့ဘူးလား"

"မတွေ့တော့ဘူး ဘရားဆပ်"

---

ကတိယအကြိမ်

www.burmeseclassic.com

 www.burmeseclassic.com 

"လူပုံပန်းပြောစမ်း။ ဘယ်လိုလဲ"

"မတက်ခင်တခါ၊ ဆင်းသွားတော့တခါ။ ဒီနှစ်ခါပဲ ကျွန်တော် မြင်လိုက်ရတယ် ဘရားဆပ်။ ကောင်းကောင်း မမှတ်မိဘူး။ ဘရားဆပ်ထက် အရပ်နည်းနည်းနိမ့်တယ်။ အသားဖြူတယ်။ ဆံပင် တိုတို ညှပ်ထားတယ်။ ဦးထုပ်လဲမဆောင်း။ ခေါင်းပေါင်းလဲ မပေါင်းဘူး။ အဝတ်နည်းနည်း သစ်တယ်။ ဒါပဲ ကျွန်တော်မှတ်မိတယ်"

"အသက်ကော"

"၄၀ လောက်ရှိမယ်ထင်တယ်"

"ဒီပြင်ကော"

"ဒီပြင် ကျွန်တော် မမှတ်မိဘူး ဘရားဆပ်"

"ကိုင်း ကိုင်း၊ ရော့ မင်းဒုက္ခအတွက်။ နောက်ထပ် သူ့ကိုတွေ့ယင် ငါ့ကိုလာပြော။ ကြားလား။ ပိုက်ဆံရဦးမယ်"ဟု ငွေတကျပ် ပေးပြန်ရာ ရထားကုလားသည် ဦးစံရှားပေးသော ငွေနှစ်ကျပ်ကို ယူ၍ ကျေနပ်သောမျက်နှာနှင့် တိုက်ပေါ်မှ ဆင်းသွားလေ၏။

"တတိယ သဲလွန်စလဲ သွားပြန်ပြီဗျို ကိုသိန်းမောင်။ ရန်ကုန်မှာတော့ဖြင့် ကျုပ်မဟန်ဘူး။ အုန္နဲ့မှာ ခင်ဗျားက ဟန်ကောင်းပါကလားဗျ။ သို့သော် ဘတိဝီရိယ မပေါ့စေနဲ့ဗျိုနော် ကိုသိန်းမောင်။ ဘေးအန္တရာယ်တောင် ကျုပ်စိုးရိမ်တယ်။ ကြပ်ကြပ် ဝီရိယစိုက်။ ကြားလား"

× × ×

## ငါးဆောင်ပြိုင် တိုက်အိမ်ကြီး

နောက်တနေ့၌ ဦးစံရှားသည် ကျွန်တော့်အား ဘူတာရုံသို့ လိုက်ပို့စဉ် လမ်းခရီး၌ မှာထားရန်ရှိသည်တို့ကို သွန်သင်မှာထားလိုက်လေ၏။

"ခင်ဗျားအလုပ်က ထင်မြင်ချက်တွေ၊ ကောက်နုတ်ချက်တွေ ဘာမှ မပို့လိုက်နဲ့ဗျ။ ခင်ဗျားတွေ့သမျှ မြင်သမျှ မှတ်ထားဖို့က အရေးကြီးတယ်။ ကောက်နုတ်ချက်ထုတ်ယူဖို့က ကျုပ်အလုပ်ပဲ။ နားလည်လား"

"နားလည်ပါပြီဗျ။ ဘယ်လိုအခြင်းအရာမျိုးကို အထူးဂရုစိုက် ကြည့်ရမလဲ"

"ကိုဘတွန်းနဲ့ ဟိုရွာက လူတွေနဲ့ ဘယ်လို ဆက်ဆံကြတယ်ဆိုတာကို ဂရုစိုက်ပြီး ကြည့်စမ်းဗျာ။ ဘယ်သူများက မလိုလားဘူး၊ ဘယ်သူများက လိုလားတယ်ဆိုတာရော ခင်ဗျားသိအောင် စုံစမ်းရမယ်။ ပြီးတော့ ဦးထွန်းဖြူ သေဆုံးခြင်းနဲ့ ပတ်သက်ပြီး အဆန်းအသစ် သတင်းများရယင်လဲ ကျုပ် သိပါရစေဗျာ။ ဒါထက် ကိုဘတွန်းရဲ့ ဆွေမျိုး မြေတိုင်းစာရေး ကိုဘသန်း အကြောင်းကိုတော့ ကျုပ် စုံစမ်းပြီးပြီ။ လူကောင်း လူအေးထဲကပဲတဲ့။ လူကယောက်တော့ ဖယ်ထားလိုက်တော့။ ညစ်ညစ်ပတ်ပတ် မွေ့မွေ့လီလီ ကြံစည်မယ့် လူတယောက် မဟုတ်ဘူးတဲ့။ သူ့ကိုချန်ထားလိုက်တော့။ ကြားလား"

"မောင်ကျော်တို့ လင်မယား တုတ်ပစ်ခိုင်းယင် မကောင်းပေဘူးလား"

"မလုပ်နဲ့လေ။ အပြစ်မရှိမှန်းသိ ရှိမှန်းသိ၊ တကယ်လို့အပြစ်ရှိစေဦးတော့ တုတ်ပစ်ထားထင် အပြစ် ထင်ရှားအောင် ဖော်ပြဖို့ကိစ္စမှာ ပိုပြီး ခက်ခဲနေလိမ့်မယ်"

"ကောင်းပါပြီဗျာ"

"လိုယင်းအချုပ်က ဘာလဲဆိုတော့ ဦးထွန်းဖြူတို့အိမ်နဲ့ ဆက်သွယ်ခြင်းရှိတဲ့ အုန္နဲ့ ရွာသူ ရွာသား ဟူသမျှကို ခင်ဗျားက သတိထားပြီး စောင့်ကြည့်ထားနှင့်ဗျာ။ ကြားလား"

တတိယအကြိမ်

www.burmeseclassic.com

 www.burmeseclassic.com 

"စိတ်ချပါ"

"ခင်ဗျား ခြောက်လုံးပြူးပါရဲ့နော်"

"ပါပါတယ်။ မမေ့ပါဘူး"

"ခင်ဗျားအတွက် သေနတ်လိုင်စင်ရအောင် ကျုပ်လျှောက်ပေးထားတာ ဒီတခါသိပ်ပြီး အသုံးဝင်နေတာပဲဗျို့။ မပေါ့နဲ့နော် ကိုသိန်းမောင်၊ သေနတ်ကို ခါးက မချလေနဲ့။ ကြားရဲ့လား"

ဘူတာရုံသို့ ရောက်သောအခါ ကိုဘထွန်းနှင့် ကိုထွန်းဝေတို့သည် ကျွန်တော့်အတွက် ဒုတိယတန်း လက်မှတ်တစောင်ဝယ်ယူကာ စောင့်နေနှင့်ကြလေပြီ။ တွဲပေါ်သို့ တက်ကြပြီးနောက် ဦးစံရှားက ကိုဘထွန်းအား နေ့ရော ညဉ့်ပါ ဘယ်အခါမျှ တယောက်တည်း သွားလာ ကူးသန်းခြင်း မပြုဖို့ ထပ်လောင်းမှာထားလိုက်သေး၏။

"ခင်ဗျား ဖိနပ်တဘက်ပျောက်တာကော ပြန်တွေ့ပြီလား"

"မတွေ့တော့ပါဘူးခင်ဗျာ။ ဆုံးပါပြီ"

"အင်း ဒီဟာ အရေးကြီးတယ်။ ကိုင်း ကိုင်း၊ သွားကြပေဦးတော့နော်"

မီးရထားထွက်လာ၍ ကျွန်တော်တို့ ဘူတာရုံဘက်သို့ မျှော်ကြည့်လိုက်သောအခါ ဣန္ဒြေကြီးသော မျက်နှာထားနှင့် ကျွန်တော်တို့ နောက်သို့ ငေးကြည့်နေသည့် မြင့်မြင့်မားမားရှိသော ဦးစံရှားကြီးကို နောက်ဆုံး မြင်လိုက်ရပေသေး၏။

အုန်ခွဲဘူတာသို့ ရောက်သောအခါ ကျွန်တော်တို့သည် အဆင်သင့်စောင့်ဆိုင်းလျက်ရှိသော မြင်းလှည်းတစီးပေါ်သို့တက်၍ ရွာဘက်သို့ မောင်းနှင်လာကြလေ၏။ ကိုဘထွန်း အမွေရရှိသော အိမ်ကြီးမှာ 'ငါးဆောင်ပြိုင်' ဟူသော အမည်အတိုင်း အဆောင်ငါးခု ပူးတွဲ ဆောက်လုပ်ထား၍ အောက်ထပ်၌ အုတ်ခံလျက် အပေါ်ထပ်မှာ သစ်သားဖြင့် ကာရံထားလေ၏။ သိရှိရပြီး ဖြစ်သည့်အတိုင်း မင်းတုန်းဘုရင်လက်ထက်ကတည်းက ဆောက်လုပ်ထားသည် ဆိုငြားသော်လည်း အဆောင်များမှာ တစိတ်တပိုင်းစီ အလီလီအကြိမ်ကြိမ် ပြုပြင်ထားသည် ဖြစ်သောကြောင့် အချို့နေရာ၌ရှေးနမူနာများ ကြွင်းကျန်နေသေး၍ အခြားနေရာများတွင်မူကား ခေတ်ကာလအဆောက်အအုံများ၏ နမူနာပုံစံသစ်များကိုတွေ့မြင်ရပေ၏။

အုန်ခွဲရွာမှာ အောက်မြန်မာပြည်ရှိ ကျေးရွာများအနက်တွင် အထူးသဖြင့် ကြီးမားကျယ်ဝန်းသော ပျဉ်ထောင် အိမ်ကြီးများ အပေါဆုံးသော ရွာတရွာဖြစ်ပေရာ ထိုအိမ်ကြီးမှာ အကြီးတကာ့အကြီးကျယ်ဆုံး ဖြစ်၍ မြန်မာမင်း လက်ထက်က ဆောက်လေ့ရှိသော ဘုန်းကြီးကျောင်းနှင့် တူလှပေ၏။

အသက် ၃၀ ကျော်အရွယ်ရှိ၍ ကာယိန္ဒြေ အတော်ကြီး ရင့်သော လူတယောက်သည် သူ၏ဇနီးနှင့် အတူ ဝင်းပေါက်မှ ဆီးကြို၍ ကိုဘထွန်း၏ ပစ္စည်းများကို သယ်ချပေးလေ၏။ ဦးထွန်းဝေမှာမူ ထမင်းစားပြီးမှ ပြန်ဖို့ ကိုဘထွန်းက တားဆီးသည်ကို ငြင်းပယ်၍ အရေးရှိက မဆိုင်းမတွ အခေါ်လွှတ်ဖို့ မှာထား နှုတ်ဆက်ပြီးလျှင် ယင်း မြင်းလှည်းနှင့်ပင် သူ၏နေအိမ်သို့ ဆက်လက် မောင်းနှင် ပို့စေလေ၏။

ကျွန်တော်တို့သည် ဧည့်ခန်းသို့ဝင်ကြ၍ သားရေဖြင့် ဖုံးထားသော ဆိုဖာကြီးပေါ်၌ထိုင်ကာ မည်သည့်နေရာ၌ မည်သည့် အိမ်ထောင်ပစ္စည်းမျိုး ဝယ်ယူတည်ခင်းခြင်းအားဖြင့် နေချင့်စဖွယ်ဖြစ်အောင် ပြုပြင်ပေးမည့်အကြောင်းနှင့် ကိုဘထွန်းက ပြောပြလျက်ရှိစဉ် ယခင်က ပစ္စည်းများသယ်ချသော သူသည် အခန်းတွင်းသို့ ဝင်လာလေ၏။ ထိုလူမှာ ငါးဆောင်ပြိုင်အိမ်ကြီးတွင် မိစဉ်ဖဆက် အမှုထမ်းလာခဲ့သည့် အစေခံ မောင်ကျော်ပင် ဖြစ်လေသည်။ မောင်ကျော်က မိမိတို့ လင်မယားမှာ ကွယ်လွန်သူ ဦးထွန်းဖြူအား မိဘ ရင်းခြာကဲ့သို့ ကြည်ညို အားကိုးလာခဲ့၍ အလွန်မြတ်နိုး ချစ်ခင်လာခဲ့ကြသဖြင့် ဤအိမ်ကြီး၌ နေရာတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းဖြူ၏ ခြေရာ လက်ရာများကို မြင်ရပြီး ဝမ်းနည်း လွမ်းဆွတ်ခြင်း၊ စိတ်နှလုံးမသာမယာခြင်း ဖြစ်ဖွယ် ရှိသောကြောင့် ကိုဘထွန်း နေသားတကျရှိသော တနေ့တွင် အစေခံအလုပ်မှ ထွက်ဖို့ ဆုံးဖြတ်ထားကြကြောင်း၊ သို့ဖြစ်၍ မိမိတို့သင်မယားအား ထွက်ခွင့်ပေးပြီး အစေခံအသစ်များ ရှာထားဖို့အကြောင်းနှင့် ပြောပြလေ၏။

ထိုအခါ ကိုဘထွန်းက "ဒီအလုပ်က ထွက်ပြီး ခင်ဗျားတို့ ဘာလုပ်မလဲ"ဟု မေးရာ မောင်ကျော်က "စုထားတဲ့ ပိုက်ဆံကလေးနဲ့ ရင်းနှီးပြီး အရောင်းအဝယ်လုပ်ကြဖို့ ကြံစည်ထားပါတယ်"ဟု အဖြေပေးလေ၏။

"ကျုပ်နဲ့နေလို့ ပျော်နိုင်မယ် မထင်ဘူးလား"

"မှန်ပါ။ ဘကြီးကို သတိ ခဏခဏ ရပြီး ညစ်ညူးဖို့သာ ရှိပါတယ်"

"ကောင်းပြီ၊ ကြည့်သေးတာပေါ့လေ။ ခင်ဗျားတို့ မနေလို့ရှိယင်လဲ ကျုပ်က ဘယ် တားကောင်းပေမလဲ"

ညစာ စားချိန်တိုင်ရောက်သောအခါ လင်မယားနှစ်ယောက်တို့သည် ကောင်းမွန်စွာ ချက်ပြုတ်ကြော်လှော်ထားသော ဟင်းလျာများကို သပ်ရပ်စွာ တည်ခင်း ပြင်ဆင် ကျွေးမွေးသဖြင့် အသင့်အတင့်စားသောက်နိုင်ကြ၏။

ထူးခြားသော အခြင်းအရာတခုမှာ ကျွန်တော်သည် အိမ်ကြီးအတွင်းသို့ ဝင်မိသည့် အချိန်မှစ၍ ထိုင်းမှိုင်းခြင်း၊ ညည်းငွေ့ခြင်း၊ လေးလံခြင်း၊ ခြောက်သွေ့ခြင်း စသော အခြင်းအရာများသည် ကျွန်တော်၏ စိတ်ကို စောင်ဖြင့် ဖုံးအုပ်သွားတော့ပေရာ ကိုဘထွန်း၏ မျက်နှာကို ကြည့်ရခြင်းအားဖြင့် သူ့မှာလည်း ကျွန်တော့်နည်းတူ ခံစားရလျက်ရှိကြောင်း သိမြင်နိုင်ပေ၏။ သို့ဖြစ်၍ ကျွန်တော်သည် ခရီးလည်း ပန်းလာကြသည် တကြောင်းကြောင့် ထိုညဉ့်၌ ကြာရှည်စွာ စကားပြောမနေကြတော့ပဲ ခပ်စောစောပင် အိပ်ရာသို့ အသီးသီး ဝင်ကြလေ၏။

ကျွန်တော်သည် ကျယ်ဝန်းလှသော ကျွန်းခုတင်ကြီးပေါ်တွင် ဖြူစင်သန့်ရှင်းသော အိပ်ရာပေါ်၌ ရုတ်တရက် အိပ်မပျော်နိုင်သေးပဲ ထွေရာခလေးမ ါးတို့ကို တွေးတောလျက်ရှိစဉ် အလွန်ကြေကွဲ ဝမ်းနည်းလှသော မိန်းမသံဖြင့် တချက်ရှိုက်၍ ငိုလိုက်သည်ကို ထင်ရှားစွာ ကြားလိုက်ရလေ၏။ ဦးခေါင်းထောင်၍ နားထောင်ပါသော်လည်း ထိုအသံသည် နောက်ထပ် ဖြစ်ပေါ် မလာတော့ပဲ ယတိပြတ် ရပ်စဲသွားလေရာ ကျွန်တော့်မှာ ဆောင်ကူးဆီမှ တချောက်ချောက် မြည်လျက်ရှိသော နာရီကြီး၏အသံကို နားစိုက်ယင်း အိပ်ပျော်ခြင်းသို့ ရောက်သွားလေတော့သတည်း။

\+ + +

## မိန်းမ ငိုသံ

နောက်တနေ့နံနက် လက်ဖက်ရည်သောက်နေကြစဉ် ကျွန်တော်သည် ကိုဘထွန်းအား ယမန်နေ့ညက မိန်းမတယောက် ရှိုက်ငိုသံကြားလိုက်ရကြောင်း ပြောပြသောအခါ ကိုဘထွန်းက သူလည်းအလားတူကြားလိုက်ရကြောင်း၊ သို့သော် တခွန်းတည်း ကြားရခြင်းဖြစ်သောကြောင့် အိပ်မက် မက်ခြင်းမျှသာ ဖြစ်သည်ဟု ထင်မှတ်မိကြောင်းနှင့် ပြန်ပြော၍ အစေခံမောင်ကျော်ကို ခေါ်ယူစုံစမ်းလေ၏။

မောင်ကျော်သည် ကိုဘထွန်း၏ မေးခွန်းကိုကြားရသောအခါ မျက်နှာပျက်သွားသော်လည်း ဤအိမ်ကြီးတွင် သူ၏မိန်းမ မသန်းတင်နှင့် တူမကလေး မသီလဟူ၍ မိန်းမနှစ်ယောက်တည်းသာ ရှိကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com



မသိလမှာ ငိုဖတ်သော ဝါသနာမရှိကြောင်း၊ သူ၏မိန်းမ မသန်းတင်လည်း ထိုညက မငိုကြောင်းနှင့် ဖြေဆိုလေ၏။

ထမင်းစားသောက် ပြီးစီးကြသောအခါ ကျွန်တော်သည် လှေကားအဆင်းတွင် မသန်းတင်နှင့် တွေ့၍ မျက်နှာမှုန်တေတေရှိနေသည့်အပြင် မျက်လုံးများလည်း နီးမြန်းနေကြောင်း တွေ့မြင်ရသည်နှင့်ယမန် နေ့ညက ငိုကြွေးသူကား မသန်းတင်ပင် ဖြစ်ရမည်ဟု ယုံကြည်မိ၏။ ယင်းသို့ဖြစ်လျှင် မောင်ကျော်သည် အဘယ်ကြောင့် လိမ်လည်ပြောဘိသနည်း။ ကတုံးဆံတောက်နှင့် မျက်နှာတား တည်တည်ကြီးရှိသော ဤ အစေခံ မောင်ကျော်သည် ရှုပ်ရှုပ်ထွေထွေ အကြံအစည်မျိုး ရှိလေသလော။

ရန်ကုန်မြို့ မြင်းရထားပေါ်တွင် မြင်လိုက်ရသောလူမှာ ဤမောင်ကျော်ပင် ဖြစ်လေသလော၊ ရုံး ပိုင်က ကြေးနန်းပို့လိုက်သည်ဆိုခြင်းမှာ ဟုတ်မှ ဟုတ်ပါလေ၏လော စသော ယုံမှားသံသယများ ဝင် လာခဲ့လေ၏။ သို့ဖြစ်၍ ထမင်းစားအပြီးတွင် ကိုဘထွန်းသည် စာရင်းများ တွက်ချက်လျက်ရှိစဉ် ကျွန်တော် သည် ရုံးပိုင်အား ကိုယ်တိုင်မေးမြန်းစုံစမ်းအံ့ဟု ဘူတာရုံသို့ ထွက်လာခဲ့လေ၏။

ကုလားရုံးပိုင်ကို ဘူတာရုံ၌ တွေ့ရသောအခါ ကြေးနန်းကို မောင်ကျော်၏ လက်သို့ ထည့်ပါ၏ လောဟု ကျွန်တော်က မေးမြန်းလေရာ ရုံးပိုင်သည် ကြေးနန်းပို့ကုလားကို ခေါ်ယူစစ်ဆေးလေ၏။ နောက် ဆုံး၌ ကုလားက ကြေးနန်းကို မိမိသွားပို့သောအခါ မောင်ကျော်သည် အိမ်ပေါ်တွင် ရှိနေသောကြောင့် ကြေးနန်းကို သူ၏မိန်းမလက်သို့ ထည့်အပ်ခဲ့ကြောင်းနှင့် ဖြေဆိုချက်ပေးလေ၏။ သို့ဖြစ်ရကား ထိုနေ့က အနီး၌ရှာ၌ မောင်ကျော်ရှိနေပါသည်ဆိုသော ယူဆချက်မှာ စိတ်မချလောက်ကြောင်း တွေ့ရှိရလေ၏။စင်စစ် သော်ကား ထိုနေ့၌ မောင်ကျော်သည် ရန်ကုန်သို့မရောက်ဟူ၍ အမှန်မပြောနိုင်ချေ။

အကယ်၍ မြင်းရထားထဲ၌ ကျွန်တော်တို့မြင်လိုက်ရသောလူသည် မောင်ကျော်ပင်ဖြစ်အံ့။ သူသည် မည်သို့သော အကြံအစည်နှင့် ကိုဘထွန်းကို ခြေရာခံ၍ လိုက်နေဘိသနည်း။ သူ၏ အကျိုးအတွက်လော၊ သို့မဟုတ် သူ့အပါးစေခိုင်းသဖြင့် ဆောင်ရွက်ခြင်းလော၊ သူရိယခေါင်းကြီးပိုင်းမှ ကိုက်ညှပ် ကပ်ပို့သော စာမှာ မောင်ကျော်၏လက်ချာပင် ဖြစ်လေသလောစသော မေးခွန်းများကို ကိုယ့်ကိုယ်ကို မေးမြန်းယင်း မိတ်ဆွေ ဦးစံရှားကို တမ်းတလျက် လမ်းလျှောက်ပြန်လာခဲ့လေ၏။

လမ်းခရီး၌ သစ်တပင်အောက်တွင် စာတအုပ်ကို အေးအေး ဆေးဆေး ဖတ်ရှုလျက်ရှိသော လူ တယောက်ကိုတွေ့ရာ ထိုသူသည် ကျွန်တော်ချဉ်းကပ်လာသည်နှင့် တပြိုင်နက် ထိုင်ရာမှထ၍ ''ကျန်းမာစနေ့ ဦးသိန်းမောင်''ဟု ပြောကာ နှုတ်ဆက်လေ၏။ ကျွန်တော့်မှာ အံ့အားသင့်သော မျက်နှာနှင့် ငေးကြည့် နေစဉ်....

ထိုလူက ''မအံ့ဩပါနဲ့ဗျာ၊ တောရွာဆိုတာမျိုးဟာ အရှေ့ပိုင်းမှာ အပ်ကျတာတောင် အနောက် ပိုင်းက ချက်ချင်းသိတာမျိုးပဲ။ ခင်ဗျားတို့လို လူကြီးလူကောင်းတယောက် ဆိုက်ရောက်လာတယ်ဆိုတော့ ဘာပြောစရာရှိသလဲ။ တရွာလုံးသိကြတာပေါ့။ ကျွန်တော်က မောင်ဘမြင့်ပါ။ဒီရွာသားပဲ၊သို့သော်အဝေး မှာ ကြီးပြင်းပြီး ဒီရွာ ပြန်ရောက်လာတာ မကြာသေးပါဘူး။ဦးထွန်းဖြူနဲ့ မရှေးမနှောင်းပဲ။ကျွန်တော်တို့ လဲ ပေါင်းထိုက်ပါတယ်။ ပေါင်းကြည့်ပါ၊ဒါထက် ဦးစံရှားရော ဒီလာဦးမှာလား''ဟု မေးသဖြင့် ကျွန် တော်သည်း''မပြောတတ်သေးဘူး''ဟု လွှဲကာနဲ့ ပြောမိပြီးမှ ''ခင်ဗျားက''ဟု မေးမည့်စကား မဆုံးမီ ကိုဘမြင့်ဆိုသူက 'ကိစ္စမရှိပါဘူး။ကျွန်တော်တို့က အားလုံး ကြားပြီးသားပါဗျာ။ ဦးစံရှားကို ငှားတယ် ဆိုတာ လူတိုင်းသိပြီးပဲ။ ဦးထွန်းဖြူသေသွားတာ သိပ်နာမြောတယ်ဗျာ။ လူတွေက ပယောဂလိုလို ထင်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြတယ်။မဟုတ်ပါဘူးဗျာ။ သူ့စိတ်က ခွေးကိုစွဲလမ်းပြီး လန့်နေတုန်းမှာ ရွာထဲက ခွေးတကောင်ကောင်ကို မြင်ပြီး လန့်သေသွားတာ ထင်ပါရဲ့''ဟု လေအေးနှင့် ပြောလေ၏။

ထိုခဏ၌ အရပ်ဝေးမှလာသော အသံကဲ့သို့ သဲ့သဲ့မျှမြည်သော ခွေးအူသံကို ကြားရပြီးနောက် အသံသည် ရုတ်တရက် နက်ကျယ်ပြင်းထန် မြည်ဟိန်းသွားပြီးမှ တဖန် လေပျော့သွားပြန်သည်ကိုကြားလိုက်ရလေ၏။ ပြင်းထန်စွာ မြည်ဟိန်းသည့်အခိုက်အတန့်၌ကား မြေကြီးများ တုန်သွားသကဲ့သို့ မှတ်ထင်လိုက်ရသဖြင့် ကျွန်ုပ်တော့မှာ လန့်၍ တွန့်သွားမိသေး၏။

''ဘယ့်နှယ်လဲဗျ။ ကြောက်စရာအသံကြီးပါလား။ ခွေးအူသံမှ ဟုတ်ရဲ့လား''

''ကျွန်တော်တို့တော့ ရိုးနေလို့ တယ်မလန့်တော့ဘူး။ ဘယ်ကခွေးမှန်းလဲ မသိဘူး။ ခွေးအူသံလို့ ပြောကြတာပဲ''

''အသံနဲ့လိုက်အောင် အရွယ်ကြီးရမယ်ဆိုယင် နွားပေါက်ထက် မငယ်ပေဘူးမှတ်တယ်''

''ဒါကြောင့်မို့လို့ ဦးထွန်းဖြူ ယန့်သေရှာဘယ်လို့ ထင်နေကြတာပေါ့၊ဒါထက် ကျွန်တော်တို့အိမ်မှာ လက်ဖက်ရည်သောက်ရအောင် ဝင်ပါဦးလားခင်ဗျာ၊ ကျွန်တော်တို့မှာ မောင်နှမ နှစ်ယောက်တည်းရှိပါတယ်။ တောရွာမှာနေတုန်း မြို့ကလူများနဲ့သိကျွမ်းရတာ ဆိပ်ဝမ်းသာပါတယ်။ လိုက်ခဲ့နော်။ နေဦး၊ ကျွန်တော်ပစ္စည်းကလေးတွေ သိမ်းခဲ့ဦးမယ်''

ကိုဘမြင့်သည် သစ်ပင်အောက်တွင် ခင်းထားသော ရွက်ထည်ကုလားထိုင်ကို သွားရောက် ခေါက်သိမ်းနေစဉ် နောက်မှ ခြေသံကြားသည်နှင့် လှည့်ကြည့်လိုက်ရာ ရုပ်ရည်သန့်ပြန့်၍ မြို့သူတယောက်ကဲ့သို့ ဝတ်စားထားသော မိန်းကလေးတယောက်ကို တွေ့မြင်ရလေ၏။ ကိုဘမြင့်မှာ ကျွန်တော်တို့ဘက်သို့ ကျောခိုင်းနေရသည်နှင့် ဘာမျှ မမြင်နိုင်ချေ။ ထိုမိန်းကလေးက

''ရှိကြီးခိုးပါရဲ့ရှင်။ ဒီရွာမှာ မနေပါနဲ့။ ချက်ချင်း ထွက်သွားလိုက်ပါ''ဟု လေသံနှင့် ပြောရာ ကျွန်တော်လည်း အံ့သြစွာနှင့်....

''ခင်ဗျားဘယ်သူလဲ၊ ဘာကြောင့်လဲ''ဟု ပြန်မေးလေ၏။

''ဘယ်သူဖြစ်ဖြစ်၊ ဘာကြောင့်ဖြစ်ဖြစ် မေးမနေပါနဲ့ရှင်၊ အသက်ကို နှမြောယင် ချက်ချင်း ထွက်သွားပါ''

ထိုအခိုက် ကိုဘမြင့် ပြန်ရောက်လာ၍ ''ဟော့၊ မခင်ကျော့လားဟော့၊ဘာကြောင့်လိုက်လာသလဲ''ဟု ပြောကာမှ သူတို့နှစ်ယောက်မှာ မောင်နှမဖြစ်ကြောင်းကို ကျွန်တော် သိရှိရ၏။

''လက်ဖက်ရည်သောက်ရအောင်လို့ လာခေါ်တယ် ကိုကို''

''ဟုတ်လား။ ဧည့်သည်တယောက် တိုးတယ်ဟေ့။ ဟောဒီက ဦးသိန်းမောင်ဖို့ပါ ပြင်ထားကွယ်။ သူ့ကို လိုက်သောက်ဖို့ ဖိတ်ထားတယ်''

''ရှိပါစေခင်ဗျာ၊ နေပါစေ''

မခင်ကျော့ဆိုသူ မိန်းကလေးလည်း အံ့သြစွာနှင့် ကျွန်ုတော့်ကို ငေးကြည့်လျက် ''ဩော်၊ ရှင်က ကိုဘထွန်း မဟုတ်ဘူးလား''ဟု မေးရာ ကိုဘမြင့်က

''ဘယ်က ဟုတ်ရမှာလဲကွယ့်၊ သူ့ဧည့်သည်ပေါ့''ဟု ဖြတ်၍ ပြောလိုက်လေ၏။

ကျွန်တော်သည် ကိုဘမြင့်၏ ဖိတ်ခေါ်ခြင်းကို မငြင်းပယ်နိုင်သည်နှင့် ရွာနှင့် တမိုင်ခန့် ကွာဝေးသော သူ၏နေအိမ်သို့ ဝင်၍ လက်ဖက်ရည်သောက်ရသေး၏။ထို့နောက် အိမ်သို့ ဆက်လက်လျှောက်လာစဉ် မခင်ကျော့၏ ထူးဆန်းသော အမူအရာနှင့် တိုက်တွန်းသော စကားကို တွေးတောလာခဲ့လေ၏။

ဆက်ရန်

www.burmeseclassic.com



မခင်ကျော့သည် ကျွန်တော့်ကို ကိုဘထွန်းဟု ထင်မှတ်၍ ရွာမှ ချက်ချင်းထွက်သွားဖို့ တိုက်တွန်းသည်ကား မှန်၏။ သို့ရာတွင် မည်သို့သော ဘေးအန္တရာယ်ကို မြင်သဖြင့် တိုက်တွန်းသည်ဟူ၍ကား မစဉ်းစဉ်းတတ်ပဲ ဖြစ်ခဲ့၏။

× × ×

## ဦးစံရှားထံသို့ ပေးပို့သောစာများ

ကျွန်တော်သည် ထိုစဉ်အခါက အဖြစ်အပျက်များကို ကောင်းစွာ မှတ်မိသေးသည် မှန်သော်လည်း ထိုအကြောင်းများကို ထပ်ခလောင်းရေးသား ဖော်ပြခြင်းထက် အုန်ရွာမှ ဦးစံရှားထံ ကျွန်တော် ရေးသားပေးပို့ခဲ့ဖူးသော စာများကို ဖတ်ပြခြင်းက သာ၍ အရေးပါ အရာရောက်မည် ဖြစ်သောကြောင့် ထိုစာများကို မူရင်းအတိုင်း ထည့်သွင်းဖော်ပြလိုက်ရပေ၏။

အုန်ရွာ
အောက်တိုဘာလ ၁၃ ရက်

မိတ်ဆွေ ဦးစံရှား

ကျွန်တော်က ယခင်ကပေးပို့လိုက်သော စာများကို ရရှိသည်ဟုမြော်လင့်ပါသည်။

နောက်ဆုံးသတင်းတခုမှာ မော်လမြိုင်ထောင်မှ ထွက်ပြေးလာသော အကျဉ်းသမားတယောက်သည် ဤရွာအနီးရှိ တောများတွင် ခိုအောင်းနေသည်ဟု မှတ်ထင်နေကြသည့်အလျောက် တရွာလုံး တုန်လှုပ် ချောက်ချားနေ၍ပုလိပ်အမှုထမ်းများမှာလည်းရွာတဝိုက်တွင်ခြေချင်း ရှုပ်နေကြပါသည်။ အကျဉ်းသမားမှာ လူသတ်မှု တရားခံတယောက်ဖြစ်၍ အလွန် ဆိုးမိုက်သည်ဟု နာမည်ကြီး နေသောကြောင့် ရွာသူရွာသား များမှာ အသွားအလာ အနေအထိုင် အလွန် ကျဉ်းကျပ်နေကြပါသည်။

ယခင်စာတွင် ဖော်ပြလိုက်သော ကိုဘမြင့်နှင့် မခင်ကျော့ မောင်နှမတို့မှာ ကျွန်တော်တို့လူ ကိုဘထွန်းနှင့် အသိအကျွမ်းဖြစ်နေ၍ တယောက်အိမ်သို့တယောက် ဝင်ထွက်ကူးသန်းနေကြပါသည်။ ကျွန်တော့်အထင်မှာ ကိုဘထွန်းသည် မခင်ကျော့ကို မြင်လျှင်မြင်ချင်း ချစ်ကြိုက်လာဟန် တူပါသည်။သို့ရာတွင် မောင်ဖြစ်သူ ကိုဘမြင့်ကမူ သဘောတူသည့် လက္ခဏာ မရှိပါ။ ကိုဘထွန်းကဲ့သို့ ပစ္စည်းဥစ္စာနှင့် ပြည့်စုံ၍ ရုပ်ရည်မှာလည်း ဆိုဖွယ်ရာမရှိသော လူတယောက်ကို မောင်ဖြစ်သူ သဘောမတူနိုင်ခြင်းမှာ ကျွန်တော့်စိတ်၌ အလွန်အံ့ဩမိပါသည်။ မခင်ကျော့ ကိုယ်တိုင်ကမူ ကိုဘထွန်း၏မေတ္တာကို တုံ့ပြန်လိုသည့် လက္ခဏာ ရှိပါသည်။ သို့ရာတွင် မောင်ဖြစ်သူ၏ သြဇာကို လွန်ဆန် ပြုကျင့်မည့် မိန်းကလေးတယောက် မဟုတ်ပါ။ မခင်ကျော့သည် မောင်ဖြစ်သူ ကိုဘမြင့်ကို အဘယ်ကြောင့် ဤမျှလောက် ကြောက်ရွံ့နေရသည်ဟု ကျွန်တော် နားမလည်နိုင်ပါ။

ဒေါက်တာ ဦးထွန်းဝေလည်း ကျွန်တော်တို့ထံ မကြာမကြာ လာရောက်လေ့ရှိပါသည်။ သို့ရာတွင် ယခုတလော၌ လူနာ အလွန်ပေါများနေသောကြောင့် ကျွန်တော်တို့အိမ်တွင် ကြာရှည်စွာ စကားပြောခွင့်မရပဲ ခေတ္တခဏမျှလောက်နှင့် ပြန်သွားရပါသည်။

မောင်ကျော်တို့၏လင်မယားအကြောင်း ရေးသားရပါဦးမည်။ရုံပိုင်က ပြောပြလိုက်သည့်အတိုင်း ကျွန်တော်က ကိုဘထွန်းအား ပြောပြသောအခါ ကိုဘထွန်းမှာတဲ့ဆိုးပြုလုပ်



www.burmeseclassic.com

 www.burmeseclassic.com 

လေ့ရှိသော သူ၏ဝါသနာအတိုင်း မောင်ကျော်ကို ခေါ်၍ တိုက်ရိုက် မေးမြန်းပါသည်။ မောင်ကျော်က ကြေးနန်းကို သူကိုယ်တိုင် မရကြောင်း၊ သူ့မိန်းမ လာပေးကြောင်းနှင့် ဝန်ခံပြောပါသည်။ သို့ဖြစ်၍ ယိုနေ့က အုန္တွဲရွာ၌ မောင်ကျော်ရှိ မရှိဟူသော ပြဿနာမှာ မရှင်းလင်းသေးပဲ တန်းလန်းပင် ရှိနေပါသေးသည်။

မောင်ကျော်၏မိန်းမ မသန်းတင်မှာ မိန်းမရိုးတယောက် သဏ္ဌာန်ရှိ၍ စိတ်ပုတီးကို လည်ပင်း၌ အမြဲ ဆွဲထားပါသည်။ မောင်ကျော်ဆန်းလျှင် မပြောတတ်ပါ။ သူ့မိန်းမကား လင်၏ အကြံအစည်တွင် ပါဝင်မည့် လက္ခဏာမရှိပါ။

ယမန်ညဥ့်က အိပ်ရာထဲ၌ အိပ်မပျော်နိုင်ပဲ ရှိနေစဉ် အခန်းပြင်မှ ခြေသံကြားသည်နှင့် တံခါးကို ဖွင့်ကြည့်လိုက်သောအခါ ဖယောင်းတိုင် တတိုင်ကိုကိုင်ကာ လျှို့ဝှက်စွာ လျှောက်သွားနေသော မောင်ကျော်ကို မြင်လိုက်ရပါသည်။ ကျွန်တော်က နောက်မှ တိတ်တိတ်လိုက်သွားရာ မောင်ကျော်သည် အိမ်အပေါ်ထပ်ရှိ အခန်းတခန်းသို့ ဝင်သွားသည်။ ကျွန်တော်က အခန်းပေါက်မှ ချောင်းကြည့်နေရာ မောင်ကျော်သည် မှန်ပြတင်းပေါက်အနီးတွင် အတန်ကြာအောင် ရပ်လျက် အပြင်သို့ မျှော်ကြည့်နေပါသည်။ နောက်ဆုံး၌ ပင့်သက်ရှူပြီး ဖယောင်းတိုင်ကို ငြိမ်းသတ်လိုက်သည်နှင့် ကျွန်တော်လည်း ကတိုက်ကရိုက် ပြန်ပြေးလာခဲ့ရပါသည်။

နံနက်လင်းသောအခါ ဤအကြောင်းကို ကျွန်တော်က ကိုဘထွန်းအား ပြော၍ မည်သို့ပြုကြရမည်ကို နှစ်ယောက်သား တိုင်ပင်ကြပါသည်။ သို့သော် ဤအကြောင်းအရာများကို နောက်စာတွင်မှ ဖော်ပြပါဦးမည်။

ကျွန်းမာပါစေသော်
သိန်းမောင်

× × ×

## ဒုတိယစာ

အုန္တွဲရွာ
အောက်တိုဘာလ ၁၃ ရက်

မိတ်ဆွေ ဦးစံရှား

နောက်ထပ် ကျွန်တော်သိရှိသော အဖြစ်အပျက်များသည် ကျွန်တော်တို့၏ အမှုကို တနည်းအားဖြင့် ရှင်းလင်းစေ၍ တနည်းအားဖြင့် တိုး၍ရှုပ်ထွေးစေပါသည်။

ယမန်နေ့နံနက်က ကိုဘထွန်းသည် လမ်းလျှောက်ထွက်မည်ပြု၍ "မျက်စိအောက်မှ အပျောက်မခံလေနှင့်"ဟု ခင်ဗျားက မှာလိုက်သည့်အတိုင်း ကျွန်တော်လည်း လိုက်မည်ပြုပါသည်။ ထိုအခါ ကိုဘထွန်းက သူ၏ကိစ္စမှာ ချစ်ခန်းကြိုက်ခန်းကိစ္စ ဖြစ်သောကြောင့် ကျွန်တော်လိုက်ရန် မဖြစ်နိုင်ကြောင်းနှင့်ပြော၍ တားမြစ်သောကြောင့် ကျွန်တော့်မှာ နေရစ်ခဲ့ရပါသည်။ နောက်ဆုံး၌ ခင်ဗျားက အပြစ်တင်မည်ကို စိုးရိမ်သောကြောင့် ခပ်လှမ်းလှမ်းမှ နောက်ယောင်ခံ လိုက်သွားပါသည်။ စရပ်ပျက်ကြီးတခုအနီးသို့ ရောက်သောအခါ အသင့်စောင့်ဆိုင်းနေဟန်တူသော မခင်ကျော့နှင့် တွေ့၍ စကားပြောနေကြ



www.burmeseclassic.com

www.burmeseclassic.com


ပါသည်။ ကျွန်တော်မှာ ခပ်လှမ်းလှမ်းမှ သစ်ပင်တပင်ကွယ်လျက် စောင့်ကြည့်နေရပါသည်။ အတန်ကြာသော် ကိုဘမြင့်ပေါက်လာ၍ သူ့နှမကို ဆွဲခေါ်ယင်း ကိုဘထွန်းနှင့် တယောက်တခွန်း စကားများကြပါသည်။ နောက်ဆုံး၌ မောင်နှမနှစ်ယောက် ထွက်သွားကြ၍ ကိုဘထွန်းတယောက်တည်း အံကြိတ်ကာ ကျန်နေရစ်ပါသည်။

အိမ်သို့အပြန် လမ်းခရီးတွင် ကျွန်တော်နှင့်တွေ့၍ ကျွန်တော်က ဝတ္တုရားအတိုင်း စောင့်ရှောက်နေရကြောင်း ပြောပါသည်။ ပထမ၌ ကိုဘထွန်းက ကျွန်တော့်ကိုစိတ်ဆိုး၍ ကြိမ်းမောင်းမည်ပြုပြီးမှ သတိရဟန်နှင့် မကြိမ်းမောင်းတော့ပဲ သူ၏ အဖြစ်အပျက်ကိုသာ ညည်းညူတိုင်တန်းပါသည်။

"ကျွန်တော်လိုလူများ သဘောမတူရအောင် သူတို့က ဘာမို့လို့တဲ့လဲဗျာ။ တယ်ဗျာ၊ မိန်းကလေးကို သနားလို့သာ။ ဟိုလူလိုသာများဖြင့် အကုန်လုံး ခွာပြကုန်ပြီ" စသည်ဖြင့် ညည်းတွားကြုံးဝါးနေရာ ကျွန်တော်က ချော့မော့လျက် အိမ်သို့ ပြန်ခေါ်ခဲ့ရပါသည်။

ထိုနေ့ညနေတွင် ကိုဘမြင့်ကိုယ်တိုင် ပေါက်လာ၍ ဒေါသအလျောက် ပြောဆိုမိသည်ကို ဖွဲ့မယူဖို့အကြောင်း၊ ချစ်လှစွာသော နှမတယောက်ဖြစ်သည့် အတွက်ကြောင့် နှမြောသည့်အလျောက် ပြောမိပြေရာ ပြောမိပါကြောင်းများနှင့် တောင်းပန် ပြောဆိုပြီးလျှင် ထမင်းစားဖိတ်သည်နှင့် ကျွန်တော်တို့နှစ်ယောက် လိုက်ပါသွားကြပါသည်။ မခင်ကျော့မှာ ကြာလေ ချောလေ ဖြစ်လာသည်ဟု ကျွန်တော့်စိတ်၌ ထင်မှတ်မိပါသည်။

ထိုည၌ ကိုဘထွန်းနှင့် ကျွန်တော်တို့သည် မောင်ကျော်ကို ချောင်းဖမ်းမည်ဟု စီစဉ်ထားသည့်အတိုင်း ကိုဘထွန်းသည် ကျွန်တော်၏ အခန်းမှ လာ၍ စောင့်ပါသည်။ ၁၂ နာရီကျော်လွန်မှ အခန်းပြင်မှ ခြေသံကြားသည်နှင့် ကျွန်တော်တို့နှစ်ယောက် ထ၍ လိုက်သွားကြရာ မောင်ကျော်သည် ရှေးနည်းအတူ အခန်းတွင်းသို့ ဝင်သွားပါသည်။ အခန်းပေါက်မှ ချောင်းကြည့်ကြသောအခါ မောင်ကျော်သည် ဖယောင်းတိုင်ကို ကိုင်လျက် မှန်ပြတင်းပေါက်အနီးတွင် ရပ်နေသည်ကို တွေ့ကြရပါသည် ကိုဘထွန်းသည် တွဲတိုးပြုလုပ်တတ်သော ဝါသနာအတိုင်း အခန်းထဲသို့ ရုတ်တရက် ဝင်သွားပြီး "ဟေ့ မောင်ကျော်၊ မင်း ဘာလုပ်နေတာလဲ" ဟု မေးပါသည်။

မောင်ကျော်မှာ အလန့်တကြားဖြစ်၍ မျက်လုံးများ ပြူးသွားပြီးနောက် တခွန်းမျှ မပြောပဲ မတ်တတ်ကြီး ရပ်နေပါသည်။ ကိုဘထွန်းက အတင်း အထပ်ထပ် မေးသော်လည်း မောင်ကျော်က တုံကျိုဘော လုပ်နေပါသည်။ နောက်ဆုံး၌ ကိုဘထွန်းက ဆရာ၏ မေးခွန်းကို မဖြေပဲနေသော တပည့်ကို အလိုမရှိ၊ အလုပ်မှထွက်သွားရန် ပြောသောအခါ မောင်ကျော်လည်း အခန်းထဲမှ ထွက်တော့မည် ပြုပါသည်။ ထိုခဏ၌ မောင်ကျော်၏ဇနီး မသန်းစာင်သည် အူလျားဖားလျား ပြေးဝင်လာ၍ လင်၏အပြစ် မဟုတ်ကြောင်း၊ မိမိ၏ အပြစ်မျှသာဖြစ်ကြောင်း၊ မိမိကိုသာ ဒဏ်ပေးသင့်ကြောင်းနှင့် ငိုယိုကာ ပြောပါသည်။ သို့ဖြစ်လျှင် မှန်မှန်ပြောဖို့ ကိုဘတွန်းက ထပ်မံမေးပြန်သောအခါ မသန်းတင်က ဤတစိုက်၌ ကျက်စားနေသည်ဟု သတင်းပြေးလျက် ရှိနေသော အကျဉ်းသမားမှာ မိမိ၏ မောင်အရင်းဖြစ်ကြောင်း၊ မောင်ကျော်သည် မိမိကို သနားသဖြင့် မီးတိုင်ဖြင့် အချက်ပေး၍ အကျဉ်းသမားထံ ရိက္ခာများကို တရက်ချင်း သွားပို့နေရကြောင်းများနှင့် ပြောပြပါ


www.burmeseclassic.com

www.burmeseclassic.com


သည်။ ကိုဘထွန်းက မောင်ကျော်အား မေးသောအခါ မောင်ကျော်က ထိုစကား အတိုင်း ဟုတ်မှန်ကြောင်းနှစ် ဝန်ခံပါသည်။ သို့ဖြစ်၍ မောင်ကျော်၏ အချက်ပေးခြင်း များမှာ ကျွန်တော်တို့အမှုနှင့် ဘာမျှ မသက်ဆိုင်ကြောင်း တွေ့ရပါသည်။ မောင်ကျော် မှာ ထိုကိစ္စနှင့် ပတ်သက်၍ အပြစ်မရှိကြောင်း သိရသည်နှင့် ကိုဘထွန်းက အဝတ်ဟောင်း သုံးစုံပေးကာ ချော့မော့ထားလိုက်ခြင်းအားဖြင့် ချောမောညီညွတ်သွားကြပါသည်။

ကျန်းမာပါစေသော်

သိန်းမောင်

x x x

## တတိယ ၈၁

အုန္နဲရွာ

အောက်တိုဘာလ ၂၃ ရက်

မိတ်ဆွေဦးစံရှား

ယမန်နေ့ညက ကျွန်တော်နှင့်ကိုဘထွန်းတို့ လမ်းလျှောက်ထွက်သွားကြရာ မီရထား လမ်းတလျှောက် စကားတပြောပြော လျှောက်သွားယင်း ခရီးလွန်မှန်းမသိ လွန်သွားခဲ့ကြ ပါသည်။ နေဝင်၍ မှောင်စပြုနေသည့်အချိန်တွင် ကျွန်တော်တို့မှာ ရွာနှင့် လေး ငါးမိုင် ကွာလှမ်းနေသည်ဟု ခန့်မှန်းမိပါသည်။ ထိုအခါမှ လှည့်၍ပြန်ကြရာ မှောင်မိုက်သည့်အချိန် တွင် ရထားလမ်း ဇလီဖားတုံးများပေါ်တွင် ခြေချ၍မကောင်းသောကြောင့် ရထား လမ်းမှဆင်းပြီး တောလမ်းမှ ဖြတ်ပြန်ကြပါသည်။ ကျွန်တော်တို့မှာ ဤမျှလောက် ဝေး ဝေးလျှောက်ရန် မကြံရွယ်ပဲနှင့် နယ်လွန်လာကြခြင်းဖြစ်သောကြောင့် စိတ်ထဲ၌ခပ်ထင့်ထင့် ဖြစ်သွားပါသေးသည်။

နောက်ဆုံး၌ ကျွန်တော်တို့ နှစ်ယောက် လမ်းမှားသွားသည်နှင့် ကိုးနာရီကျော် ၁၀ နာရီထိုးလုနီးသော်လည်း တောကြီးထဲတွင် ရှိနေကြပါသည်။ လပြည့်ကျော် ခုနစ် ရက်နေ့ ဖြစ်သောကြောင့် လ မထွက်သေးပဲ မှောင်ကြီးမည်းမည်းတွင် စမ်း စမ်းလျှောက် ကြရပါသည်။ ထိုအခါ ကျွန်တော်မှာ ညအချိန်တွင် ကိုဘထွန်းအား အပြင်သို့ မထွက် စေရန် မှာထားလိုက်သောစကားကို သတိရ၍ စိုးရိမ်ကြီးစွာ ဖြစ်မိပါသည်။

ကျွန်တော်တို့သည် ရေးရေးမျှသာ မြင်ရသော လူသွားလမ်းကလေးအတိုင်း ခြေ တလှမ်းချင်း စမ်းသပ်၍လျှောက်လာကြစဉ် အရှေ့မျက်နှာမှ အလင်းရောင်ပြေးလာသည်ကို မြင်သဖြင့် လ ထွက်လုနီးပြီဟု အားတက်မိပါသည်။ အတန်ငယ်ကြာလတ်သော် ကျွန်တော် တို့သည် ကုန်းမြင့်တခု၏ ခြေရင်းသို့ ဆိုက်ရောက်လာကြ၍ တခြမ်းပဲ့လျက်ရှိသော လမင်း သည် ကုန်းမြင့်၏ အထက်မှ ထွက်ပေါ်လာစဉ် ကျွန်တော်တို့သည် လ ကို မော့၍ ကြည့်မိ ကြပါသည်။ ထိုအခါ လူတယောက်သည် ကုန်းမြင့်၏ထိပ်တွင် လက်ပိုက်ကာ ရင်လျက် ကျွန်တော်တို့ရှိရာသို့ မျှော်ကြည့်နေသည်ကို လမင်း၏ အစွန်းနှစ်ဘက်ကြားတွင် ထင်ရှား ပီသစွာ တွေ့မြင်ရပါသည်။ ထိုလူမှာ အရပ်မြင့်မြင့်၊ ထောင်ထောင်မောင်းမောင်းရှိသော ကြောင့် ဦးစံရှား၏ ကိုယ်လုံးကိုယ်ထည်မျိုး ဖြစ်သည်ဟု ဆိုထိုက်ပါသည်။

ဟတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ဤသို့သော အချိန်၌ လူသူမနီးသော တောခရီးတွင် တယောက်တည်း အေးအေး ဆေးဆေး နေနိုင်သော သူသည်ကား အခြားသူ မဟုတ်နိုင်။ မောင်ကျော်၏ ယောက်ဖ ဆိုသူ ဝရမ်းပြေးပင် ဖြစ်ရမည်ဟု ကျွန်တော်တို့ အောက်မေ့သည်နှင့် အသံမပေးပဲ ခပ် သုတ်သုတ် လျှောက်လာကြပါသည်။ ထိုခဏ၌ ကျွန်တော် ယခင်က တကြိမ် ကြားရဖူး သည့် ကြောက်မက်ဖွယ်ရာ နက်ကျယ်စွာ မြည်ဟိန်းသွားသော ခွေးအူသံကြီးကို ကြား လိုက်ရသဖြင့် ကျွန်တော်တို့နှစ်ယောက်စလုံး ကြက်သီးမွေးညှင်းထသွားပါသည်။ ကုန်းမြင့် ပေါ်မှလူသည် ကျွန်တော်တို့၏ တုန်လှုပ်သောအမူအရာကို မြင်ရသည့် လက္ခဏာနှင့် တီးတိုး ရယ်လိုက်ပြီး ကုန်းမြင့်၏ တခြားဘက်သို့ ကွယ်ပျောက်သွားပါသည်။

ကိုဘထွန်းမှာ သူ၏ ဒေါး ဘိုး ဘီ ဘင်များနှင့် ခွေးအူသံ၏ ဆက်သွယ်ပုံအကြောင်း ကိုလည်းကောင်း၊ ဦးထွန်းဖြူ သေဆုံးစဉ်ကလည်း ခွေးနက်ကြီး ပါသလိုလို ကြားရဖူး ခြင်းကို လည်းကောင်း သတိရဟန် လက္ခဏာနှင့် အပြင်းအထန် တုန်လှုပ် သွားသည်ဟု ကျွန်တော် မှတ်ထင်မိပါသည်။ သို့ရာတွင် အတော် သတ္တိကောင်းသူတယောက် ဖြစ်သည့် အလျောက် မကြာမီ ရယ်ကာမောကာနှင့် မထိတ်သန့်လေဟန် ပရိယာယ်ဖြင့် စကားပြော နိုင်ပါသည်။ သို့ရာတွင် သူ၏ အသံမှာ နဂိုအသံနှင့် ခြားနားနေသည်ကို ကျွန်တော် သတိ ပြုမိပါသည်။ ထိုည၌ ကျွန်တော်တို့သည် ၁၁ နာရီ ထိုးခါနီးမှ နေအိမ်သို့ ပြန်ရောက် ကြပါသည်။

ကိုဘထွန်းသည် မောင်ကျော်ကို ခေါ်၍ သူ၏ယောက်ဖ ဝရမ်းပြေး၏ လူပုံပန်းကို မေးကြည့်ရာ ပုပုပျပ်ပျပ် ခပ်တုတ်တုတ် ရှိသည်ဟု ပြောသောကြောင့် ကုန်းမြင့်ပေါ်က လူမှာ သူ၏ ယောက်ဖ မဟုတ်နိုင်ကြောင်း သိရှိရပါသည်။

ထိုည၌ မောင်ကျော်က ကျွန်တော်တို့အားသတင်းထူးတခု ပြောပါသည်။ 'ဦးထွန်းဖြူ သေမည့်နေ့က မိန်းမလက်ရေးနှင့် စာတစောင် ရရှိကြောင်း၊ စာကို မီးရှို့ပစ်သော်လည်း ပြာများကို အမှိုက်ခြင်းထဲ၌ တွေ့ရကြောင်း၊ သူတို့လင်မယား အမှိုက်ခြင်းကို ရှင်းသော အခါ မီးလောင်ပြီးသော စက္ကူပေါ်တွင်

'ယနေ့ည ၁၈ နာရီ အချိန်တွင် ဝင်းတံခါးမှ စောင့်နေပါ။ ချစ်ချစ်' ဟူသော စာလုံးများကို တွေ့ရကြောင်းနှင့်'ပြောပြပါသည်။

ကိုဘထွန်းက အဘယ်ကြောင့် ဤအကြောင်းကို ယခင်က မပြောပဲ မြုံထားရ သနည်းဟု မေးသောအခါ မောင်ကျော်က မိမိတို့အပေါ်၌ ဦးထွန်းဖြူ၏ကျေးဇူး အလွန် ကြီးသောကြောင့် အကျိုးတစုံတရာ မထူးပဲ ကျေးဇူးရှင် နာမည်ပျက်ဖို့ ရှိသောကြောင့် ပုလိပ်ကို မပြောပဲ လျှို့ဝှက်ထားခဲ့ပါသည်ဟု ဖြေဆိုပါသည်။

နောက်တနေ့၌ ကျွန်တော်တို့သည် ဦးထွန်းဝေထံသွား၍ ရွာ၌ 'ချစ်ချစ်'ဆိုသော မိန်းမတယောက် ရှိပါသလောဟု မေးမြန်းပါသည်။ ဦးထွန်းဝေက 'ချစ်ချစ်' ဆိုသော အမည်မျိုး ဤရွာ၌ မရှိနိုင်ဟု ပြောပြီးမှ ဤရွာသို့ ရံဖန်ရံခါ လာဖူး၍ သထုံမြို့၌ နေထိုင် သော 'ချစ်ချစ်' တယောက် ရှိကြောင်း၊ ယင်းမှာ ရုပ်ရည်ချောမောလှပသော တခုလပ် တယောက် ဖြစ်ကြောင်း၊ မူလက ဤရွာ၌ နေထိုင်ဖူးသော်လည်း အသက်အာမခံ ကိုယ် စားလှယ် (လူလည်)တယောက်နှင့် ရပြီးသည့်နောက် သထုံကို ပြောင်းရွှေ့သွားကြောင်း၊



www.burmeseclassic.com

ယခုအခါ ယောကျ်ားနှင့် ကွဲနေသဖြင့် ကျောင်းဆရာမအလုပ်ဖြင့် အသက်မွေးနေသည်ဟု ကြားရကြောင်းနှင့် ပြောပြပါသည်။

နောက်ဘနေ့၌ ကျွန်တော်သည်မောင်ကျော်နှင့် စကားပြောနေစဉ်သူ၏ ယောက်ဖ ဝရမ်းပြေးအကြောင်းကို မေးမြန်းစုံစမ်းကြည့်ရာ သူ့ယောက်ဖမှာ ထိုအနီးအနားတဝိုက်၌ပင် ရှိသေးသဖြင့်မိမိတို့ လင်မယားမှာ စိတ်ပူပန်နေရကြောင်း၊ ဝရမ်းပြေးကို ကူညီမိသည့်အတွက် မိမိတို့အပေါ်၌ အမှုပတ်မည် စိုးရိမ်ရကြောင်း၊ အထူးအဆန်း တခုမှာ ဇရပ်ပျက်ကြီးတခုတွင် လူတယောက်သည် အခြေတကျ လာရောက်နေထိုင်လျက် ရှိသည်ကို တွေ့မြင်ရသကဲ့သို့ မိမိကဲ့သို့ ဝရမ်းပြေးတယောက်ဖြစ်မည်ဟု မှတ်ထင်မိကြောင်း၊ သို့ရာတွင် ထိုသူမှာ ဂုဏ်သရေရှိ လူကြီးလူကောင်းတယောက်၏ ဟန်ပန်မျိုးရှိသောကြောင့် အတွေးရခက်လှသည်ဟု ဝရမ်းပြေးက ပြောပြကြောင်းနှင့် မောင်ကျော်က ပြောပြပါသည်။

ကျွန်းမာပါစေသော်
**သိန်းမောင်**

\+ \+ \+

## ကုန်းမြင့်ပေါ်မှလူ

ကျွန်တော်သည် အမှုအကြောင်းကို ပြန်လှန်စဉ်းစားမိသောအခါ စရပ်ပျက်ကြီး၌ နေသည်ဆိုသောလူသည် ဤအမှုနှင့် ကေန်မုချ ဆက်သွယ်ခြင်းရှိရမည်ဟု ယုံကြည်စိတ်ချမိ၏။ ဝရမ်းပြေး၏ စကားအတိုင်း ဝတ်ကောင်းစားကောင်းနှင့် လူဘယောက်သည် လျှို့ဝှက်နက်နဲလှသော အကြံအစည်တခုခုမရှိခဲ့လျှင် လူသူမနီးသော စရပ်ပျက်ကြီး၌ တယောက်တည်း ဘယ်နည်းနှင့်မျှ တည်းခိုနေထိုင်မည် မဟုတ်ချေ။

ကျွန်တော်၏စိတ်၌ ကုန်းမြင့်ပေါ်တွင် ကျွန်တော်တို့ တွေ့မြင်ခဲ့သော လူသည် ထိုလူပင် ဖြစ်ရမည်ဟူ၍လည်း ယုံကြည်၏။ ထိုလူကို တွေ့အောင်ရှာနိုင်ခဲ့လျှင် ကျွန်တော်တို့အမှုနှင့် ပတ်သက်၍ ရှင်းလင်းတန်သလောက် ရှင်းလင်းသွားလိမ့်မည် ဟူ၍လည်း ကျွန်တော်ယူဆ၏။ သို့ဖြစ်၍ နောက်ဆုံး၌ ကျွန်တော်သည် ထိုလူကို တွေ့အောင်ရှာတော့မည်ဟု ဆုံးဖြတ်လိုက်၏။

ထိုလူကို ရှာဖွေရခြင်းကိစ္စ၌ ကျွန်တော်က ကုန်းမြင့်ကိုအခြေခံ၍ ရှာဖွေမည်။ သူ့အနီးအပါး၌ စရပ်ပျက်၌သူ့ သူ့ကိုစောင့်၍ ကြည့်မည် အကြံအစည်နှင့် အိမ်မှသွက်လာခဲ့၏။ ကုန်းမြင့်မှာ ကျွန်တော်စိတ်ထင်သည်ထက် ပိုမိုကွာလှမ်းပေရာ ညနေ သုံးနာရီအချိန်ခန့်တွင်မှ ဆိုက်ရောက်လာခဲ့၏။ ယင်းကို ဗဟိုချက်ပြု၍ တမိုင်ပတ်လည်အတွင်း အနှံ့အပြား ချဉ်းနင်းရှာဖွေရာ လျှိုကလေးတခု၏ အခြားတဘက်တွင် စရပ်ပျက်တခုကို ဝမ်းမြောက်ဖွယ်ရာ တွေ့မြင်ရ၏။

အခြေအနေကို ကြည့်လိုက်သော် အနီးရှိမြေကြီးများမှာ သင်္ချိုင်းဟောင်းဖြစ်ဖူးသည့် လက္ခဏာရှိ၍ ထိုစရပ်မှာလည်း ရှေးအခါက သင်္ချိုင်းစရပ် ဖြစ်ခဲ့ဟန်တူ၏၊ စရပ်မှာ သုံးမျက်နှာတို့၌ ဆွေးမြေ့သော ပျဉ်ပြားများ ကာရံလျက် တဘက်မျက်နှာ၌သာလျှင် ဟင်းလင်းပြင် ရှိနေလေ၏။ ကျွန်တော်မှာ အကာအရံရှိသော မျက်နှာဘက်မှ ချဉ်းကပ်မိသောကြောင့် စရပ်ပေါ်၌ လူသူ ရှိ မရှိကို မမြင်ရချေ။

ငါးထစ်မျှရှိသောလှေကားမှ စရပ်ပေါ်သို့တက်သွားသောအခါ လူသူနေထိုင်သည့် အထိမ်းအမှတ်များ တွေ့မြင်ရသောကြောင့် ဝမ်းမြောက်မိ၏။ တဘက်သော ထရံကိုကပ်လျက် ရွက်ဖျင် ခေါက်ခုတင် တခု ခင်းထားသည့်ပြင် စရပ်၏အလယ် ကြမ်းပြင်ပေါ်၌လည်း အထုပ်ငယ်တခု တွေ့ရှိရလေ၏။ ထို့ပြင်



www.burmeseclassic.com

www.burmeseclassic.com


လေမီးဖိုတခု၊ ရေနွေးဗူးတလုံး၊ လက်ဖက်ရည်ပန်းကန်တလုံး၊ နို့ဆီဗူးလွတ်များ၊ အသားဗူး၊ ငါးဗူးအလွတ်များလည်း နံရံတွင် စီတန်းလျက်ရှိကြ၏။

ကြမ်းပေါ်၌ချထားသော အထုတ်ငယ်ကို ဖြေကြည့်သောအခါ ပေါင်မုန့်တလုံး၊ ငါးသေတ္တာတလုံး၊ ကိုကိုးတဗူးနှင့်သကြားတထုပ်ကို တွေ့ရလေ၏။ ယင်းပစ္စည်းများ၏အောက်ဆုံး၌ကား စာတရွက်တွေ့ရလေရာ ကျွန်တော်သည် စာရွက်ကို ကောက်ယူဖတ်ရှုသောအခါတွင် အကြီးအကျယ် အံ့အားသင့်နေမိ၏။ ယင်းစာရွက်ပေါ်တွင်

'ဦးသိန်းမောင် သထုံကို သွားပါသည်' ဟူသော စာလုံးများကို ခဲတံဖြင့် ရေးသားထားသည်ကို တွေ့ရသောကြောင့်ပေတည်း။ ယင်းအထုပ်ထဲမှ မြွေကြီးထွက်လာခဲ့လျှင်တောင်မှ ကျွန်တော်မှာ ဤမျှအံ့သြနိုင်မည် မဟုတ်ချေ။

ကျွန်တော်သည် စာရွက်ကို ကိုင်ကာ ကြက်သေ သေလျက် ငေးကြည့်နေစဉ် ဝေးလံသော အရပ်မှ ခြေသံသဲ့သဲ့ ကြားရသည်နှင့် စာရွက်ကိုပြန်ဘည့်၍ နားစိုက်ထောင်နေ၏။ ခြေသံမှာ တဖြည်းဖြည်း နီးကပ်လာသည်နှင့် ကျွန်တော်မှာ ရန်သူဖြစ်မည်၊ မိတ်ဆွေဖြစ်မည်ကို မသိသောကြောင့် ခါးမှခြောက်လုံးပြူးကို ထုတ်ကိုင်ထား၏။

ဒေါက်ဒေါက် ဒေါက်နှင့် လျှောက်လာ၍ ပျဉ်ပြားကာရံထားသည့်ဘက်မှ ချဉ်းကပ်ပြီး တန့်ရပ်နေပြန်၏။ နောက်တခဏ၌

"ဟိုထဲမှာအိုက်လှတယ်၊ အပြင်ထွက်ခဲ့လေဗျာ ကိုသိန်းမောင်" ဟု ကြားနေကျအသံဖြင့် ပြောလိုက်သည့်အခါမှ ကျွန်တော်မှာ အခြားသူမဟုတ်၊ ဦးစံရှားဖြစ်နေကြောင်း ဝမ်းမြောက်ဝမ်းသာ သိရှိရလေ၏။

× x ×

## လူတယောက် သေရပြန်ခြင်း

ကျွန်တော်သည် စရပ်ပေါ်မှ ပြေးဆင်း၍ ဦးစံရှား၏ ပခုံးနှစ်ဘက်ကို အားရဝမ်းသာ ကြိမ်ဖန်များစွာ ကိုင်လှုပ်ယင်း "တကယ်ဘတ်နိုင်တဲ့ လူကြီးပါပဲဗျာ" ဟု ပြောရာ ဦးစံရှားလည်း ကျွန်တော်၏ အံ့သြခြင်းကို အရသာခံစားနေဟန်ဖြင့် တဟဲဟဲ ရယ်မောနေလေ၏။

"ကျွန်တော် ဒီအထဲရောက်နေမှန်းကို ခင်ဗျား ဘယ်တုန်းက သိသလဲ၊ မြင်လိုက်လို့ပေါ့လေ"

"မြင်လိုက်ပေါင်ဗျာ။ ဒီအနားရောက်မှ သိတာပါ"

"ကျွန်တော့်ခြေရာကို မြင်လို့လားဗျာ"

"ကမ္ဘာပေါ်က ခြေရာတွေထဲမှာ ခင်ဗျားခြေရာဘခုကို ကျုပ် ခွဲမြီး သိနိုင်ပါ့မလားဗျာ"

"နို့ ဘာကြောင့် သိရသလဲဗျာ"

"လျှိုအဘက်စမှာ ခင်ဗျားစီးကရက်ကို ပစ်ချထားခဲ့တယ်ဟုတ်လား။ ငါးသုံးလုံးစီးကရက်ဟာ လူသောက်တော့ နည်းသားဗျ။ ဒီရွာကိုခင်ဗျားရောက်နေမှန်းလဲ ကျုပ်သိပြီးဖြစ်တော့ ဒီ စီးကရက်တိုမျိုးတွေ့ယင် ဒီပြင်လူ မဟုတ်ဘူး၊ ခင်ဗျားဖြစ်ရမယ်လို့ ကျုပ်အတတ်စွဲတာပဲ။ ရွာသူရွာသားမှန်ယင် ပိုလိုတို့၊ ဆင်တို့ ဒါပဲသောက်မယ်။ ငါးသုံးလုံးကို တယောက်မှသောက်မယ်လို့ ကျုပ်မထင်ဘူး။ မယုံ စုံစမ်းကြည့်တော့"

"မှန်နေပြီ ဥစ္စာတော့ ပြောတိုင်း တင့်တယ်ဘာပေါ့ဗျာ။ ဒါထက် ကျွန်တော်ပေးလိုက်တဲ့စာတွေ့ရရဲ့လား"

"အားလုံးရပါတယ်။ ဒီလွှဲပေးလိုက်ဖို့ ကျုပ်စီမံခဲ့ပြီးပါပြီ။ ချစ်ချစ်နဲ့ တွေ့ခဲ့ပြီ ဟုတ်စ"



www.burmeseclassic.com

www.burmeseclassic.com

"တွေ့ခဲ့ပါပြီ။ သထုံကို ကျွန်တော်သွားတဲ့အကြောင်းကို သတင်းပေးသူက ဘယ်သူလဲဗျ"

"ကျုပ်တပည့်ကလေး ထွန်းအေးကောဗျ။ စားစရာ ဝယ်ပို့လဲ သူပဲ။ ခြေရာခံလဲ သူပဲ။ သိပ်အသုံးကျတဲ့ သူငယ်ပဲ"

"ခင်ဗျားကိုယ်တိုင် ရောက်လာတာ ကောင်းပါလေရဲ့ဗျာ။ ကျွန်တော်ဖြင့် အမြီးမှန်း ခေါင်းမှန်း မသိတော့ဘူး။ သိပ်ရှုပ်ထွေးကုန်ပြီဗျ။ နားမလည်နိုင်တော့ဘူး"

"နားမလည်တာ လည်တာ အပထား။ ခင်ဗျားအစီရင်ခံစာတွေ ကျုပ် ဖတ်ကြည့်ရတာ သိပ်ကျေနပ်ပါ့ဗျာ။ ကိုယ့်လူ အများကြီး တိုးလာပြီပဲ"

ကျွန်တော့်မှာ ဦးစံရှား၏ ချီးမွမ်းခြင်းကို အခြားလူတယောက်၏ ချီးမွမ်းခြင်းထက် ပိုမိုမြတ်နိုးရကား ထိုစကားအတွက် များစွာ အားတက်သွားလေ၏။

"ကျေနပ်တာတော့ ဟုတ်ပါရဲ့ဗျာ။ ကိုယ်တိုင်ရောက်နေလို့ရှိယင်လဲ ကျွန်တော့်ကိုတော့ အသိပေးဖို့ ကောင်းပါတယ်။ ဒါဖြင့် ဟိုညက ကုန်းမြင့်ပေါ်မှာ ကျွန်တော်တို့ မြင်လိုက်တဲ့လူဟာ လက်စသတ်တော့ မောင်မင်းကြီးသားကိုးဗျ"

"လက နေခက်က ထွက်နေတာကို သတိမထားမိလို့ ခင်ဗျားတို့ မြင်သွားတာပေါ့။ ဒါထက် ချစ်ချစ်နဲ့ တွေ့ခဲ့ပုံကို သေသေချာချာ ပြောပြစမ်းပါဦးဗျာ"

ထိုအခါ ကျွန်တော်လည်း ချစ်ချစ်၏ စကားများကို မှတ်မိသလောက် လုံးစေ့ ပတ်စေ့ ပြန်ပြောပြရလေ၏။

"ချစ်ချစ်နဲ့ ကိုဘမြင့်နဲ့ စာပေးစာယူ လုပ်နေကြတာ ခင်ဗျား သိပြီးရောပေါ့"

"ဟင့်အင်း။ မသိဘူး"

"ဒါဖြင့် ကိုဘမြင့်နဲ့ မခင်ကျော့နဲ့ မောင်နှမ မဟုတ်ဘူး ဆိုတာကိုလဲ ခင်ဗျားမသိသေးဘူးပေါ့"

"မောင်နှမ မဟုတ်ယင် ဘာလဲဗျ"

"လင်မယား ဆရာကြီးရဲ့၊ လင်မယား"

"ဗြဲဘ် ဒါကြောင့် ကိုဘထွန်းက ကြိုက်တာကို ကိုဘမြင့် သဘောမတူ နိုင်တာကိုးဗျ။ ဟုတ်ပြီဗျို၊ ဟုတ်ပြီ။ ဒါထက် ဘာကြောင့် ဒီလို မဟုတ်တာရုတ်တွေ"

"သူတို့မှာ အကြံရှိလို့ဟာပေါ့ဗျ"

"အကြံရှိလို့ရှိယင် မခင်ကျော့ကတော့ သဘောမတူဘူး။ ကျွန်တော် သိတယ်"

"ဟုတ်ပါလိမ့်မယ်။ ဒါပေမယ့် သူကလဲ မဖော်ဝံ့ဘူး"

"ဗြဲဘ် ဒါဖြင့် ကျွန်တော်တို့ ရန်သူဟာ တခြားမဟုတ်ဘူး။ ကိုဘမြင့် ဖြစ်နေတော့တာပေါ့ဗျာ။ ဟုတ်လား"

"ကျုပ်တော့ ဒီလိုပဲ တွက်ကိန်းရတယ်"

"ဒါဖြင့်ယင် သတိပေးသူဟာ မခင်ကျော့ ဖြစ်ရမှာပေါ့။ ဟုတ်လား"

"ဒါပဲ ဖြစ်ရမှာပေါ့"

"လင်မယား ဖြစ်ကြောင်းကို ခင်ဗျား သေသေချာချာ သိရဲ့လားဗျာ"

"မြေလတ်က ရွာတရွာမှာ အင်္ဂလိပ်ကျောင်းတောင် ဖွင့်သွားသေးသတဲ့။ ခုတ်ပုံနဲ့တကွ ကျုပ်ဆီမှာ သတင်းရထားတယ်"

"သူတို့နှစ်ယောက် လင်မယားမှန်ယင် ချစ်ချစ် ဘယ့်နှယ်လုပ်မလဲဗျာ"

[illegible]

www.burmeseclassic.com

www.burmeseclassic.com



"ချစ်ချစ်က ဒီအဖြစ်ကို မသိလေတော့ ကိုဘမြင့်ဟာ သူ့ကို တနေ့နေ့ ယူလိမ့်မယ်လို့ မြော်လင့်နေတယ်ဗျ"

"အမှန်အတိုင်း ချစ်ချစ်သိယင် ဘယ့်နှယ်လဲ"

"အမှန်အတိုင်း သူသိတဲ့ တနေ့မှာ သူ့ဆီက သတင်းတွေအများကြီး ကျုပ်တို့ မျှော်လင့်ဖို့ရရှိတယ်"

"ဟုတ်မယ်ဗျို။ သူ့ကိုညာယင် ခံမယ့်မိန်းမ မဟုတ်ဘူး။ ဖော်စရာရှိသမျှ အကုန်ဖော်ပြောမယ့်မိန်းမပဲ။ ဒါ့ထက် ကိုဘမြင့်ရဲ့အကြံက ဘာလဲဗျ"

"ကိုဘသွန်းကို သတ်ဖို့ပေါ့ဗျာ။ သို့သော် ကိုဘထွန်းကို သူက ကျော့ကွင်းနဲ့ ထောင်ထားသလို ကျုပ်တို့ကလဲ သူ့ကို ကျော့ကွင်း ထောင်ထားပြီပဲ။ ခက်တာက ဘာလဲဆိုတော့ သူက ကိုဘထွန်းကို မလုပ်သေးခင် ကျုပ်တို့က သူ့ကိုလုပ်လို့ မဖြစ်ဘူး။ ကျုပ်တို့ နောက်ကျသွားပြန်ယင်လဲ တရားခံတော့ မိရဲ့၊ သို့သော် ကိုဘထွန်း သေပြီး ဖြစ်နေမယ်။ ဒါကြောင့် သူက ကိုဘသွန်းဖို့ ဆင်ထားတဲ့ မောင်းခလုတ်ကို ဖြုတ်ဘာနဲ့ တပြိုင်နက် ကျုပ်တို့က ကျုပ်တို့ဆင်ထားတဲ့ မောင်းခလုတ်ကို ဖြုတ်ရလိမ့်မယ်။ အဲဒီလို တပြိုင်နက်တည်း အချက်ပိုင်ပိုင်လုပ်နိုင်မှ ဘော်မှာကိုးဗျ"

"ခုခ္ခန သူ့ဖမ်းယင်ကော မကောင်းဘူးလားဗျာ"

"ခုမှ သူက သတ်ဖို့ စီစဉ်နေတုန်း ရှိသေးတယ်။ သတ်မှ မသတ်ရသေးပဲနဲ့၊ ဘာမှုနဲ့ စွပ်စွဲမလဲဗျ။ ကြံစည်နေတယ်ဆိုတာကိုသာ ကျုပ်တို့က သိတာကိုး။ တရားဝင်အောင် သက်သေပြဖို့ ခက်တယ်ဗျ"

"ကြံစည်မှုနဲ့ကော မဖမ်းနိုင်ဘူးလား",

"ဖမ်းတာတော့ မခက်ပါဘူး။ ဒါပေမယ့် သူ့စိတ်က ကြံစည်နေတာကို ထင်ရှားအောင် ခင်ဗျား ဘယ့်နှယ် သက်သေပြမလဲ"

"ဒါဖြင့် ကျုပ်တတ်တတ် ပါလားဗျာ။ သူ လုပ်အောင် စောင့်ရဦးမှာပေါ့"

"ဒါကြောင့် သိမ်မွေ့တဲ့ အမှုလို့ ကျုပ် ပြောတယ် မဟုတ်လား"

အချိန်မှာ နေဝင်ပြီးလေပြီ။ ထိုခဏ၌ အလွန်အမင်း အပြင်းအထန် ထိတ်လန့် တုန်လှုပ်သော ကြောင့် ငယ်သံပါအောင် ဟစ်အော်လိုက်သည့် စူးရှပေါက်ရောက်လှသော အသံများသည် ကျွန်တော်တို့ နားထဲသို့ တိုးဝင်သွားလေ၏။ ကျွန်တော်တို့သည် ထိုင်ရာမှ တရှိ သေနတ်ကိုယ်စီနှင့် အသံကြားရာသို့ ပြေးသွားကြရာ ဝေးလံသော အရပ်မှ တဖုတ်ဖုတ် ပြေးလာသော ခြေသံများကို ကြားကြရလေ၏။

"အကျိုးနည်းကုန်ပြီဗျို။ ကျုပ်တို့ နောက်ကျကုန်ပြီ ထင်တယ်" ဟု ပြောလျက် ဦးစံရှားလည်း ရှေ့မှ ပြေးသွားရာ ကျွန်တော်က နောက်မှ လိုက်ပါသွားလေ၏။

ထိုခဏ၌ မှောင်မိုက်ထဲမှ အူတုန် သည်းတုန် ဖြစ်လောက်သော ဟစ်အော်သံတချက်ကို ထပ်လောင်း ကြားရပြန်လေရာ အသံမှာ ယခင်ကထက် နီးကပ်လာကြောင်း သိရှိရ၏။ ကျွန်တော်တို့ နှစ်ယောက်လည်း ယခင်ကထက် အားကုန်တင်၍ ပြေးသွားကြလေ၏။ ဟစ်အော်သံ ရပ်စဲသွားသည့်အခိုက်၌ ဝေးလံသော အရပ်မှ တပူးပူး တဝုန်းဝုန်းနှင့် နှလုံးတုန်လှုပ်ဖွယ် အသံများသည်လည်း မစဲမရပ် တရစပ် ပေါ်ထွက်လျက် ရှိလေ၏။

"ခွေးကြီးသံဗျို ကိုသိန်းမောင်၊ ခွေးကြီးသံပဲ။ လာဗျို လာ လာ၊ မြန်မြန်လာ"

ကျွန်တော်တို့သည် ကွင်းပြင်တလျှောက် ရင်ပေါင်တန်း ပြေးသွားကြ၍ ကျွန်တော်သည် အကြိမ်ကြိမ်ဖော်ပြခဲ့ဖူးသည့် ကုန်းမြင့်ဆီသို့ ရောက်လာကြသည့်တွင် တချက်တည်း အလန့်တကြား အစွမ်းကုန် ညစ်အော်လိုက်သည့်အသံကို ကြားလိုက်ရပြီးနောက် ဗုန်းကနဲ လဲကျသောအသံကို ကြားကြရလေ၏။

ဒုတိယအကြိမ်

www.burmeseclassic.com


ကျွန်တော်တို့လည်း ရုတ်တရက် တန့်ရပ် နားထောင်ကြလေရာ အလုံးစုံ တိတ်ဆိတ်လျက်ရှိသည်ကို တွေ့ကြလေ၏။

ဦးစံရှားသည် နဖူးကို လက်ဝါးနှင့်ရိုက်လျက် "ပြီးကုန်ပြီဗျို့၊ ကျုပ်တို့နောက်ကျပြီထင်တယ်"ဟု ယူကျုံးမရသံနှင့် ညည်းညူပြောဆိုလေရာ

"မဟုတ်တန် ကောင်းပါဘူး ထင်ပါတယ်ဗျာ"ဟု ကျွန်တော်က နှစ်သိမ့်ရလေ၏။

"ကျုပ်ကလဲ တဆိတ် ငိုင်လွန်းထင်ပါ့ဗျာ။ ခင်ဗျားလဲ သူ့ကိုပစ်ထားခဲ့တာ မှားတာပဲ။ သေချာအောင် စောင့်နိုင်လွန်းတာနဲ့ ဒီလိုဖြစ်ရတာပါပဲဗျာ"

ကျွန်တော်တို့သည် ဗုန်းကနဲ အသံကြားရာသို့ ပြေးသွားကြသောအခါ ကုန်းမြင့်၏ တမျက်နှာ၌ ချောက်ကြီးသဖွယ် ထိုးဆင်းသွားသောနေရာ အောက်တည့်တည့်တွင် လူတယောက် မှောက်လျက်သား ကျနေသည်ကို တွေ့မြင်ကြလေ၏။ ထိုလူ၏ လည်ပင်း ကောက်ကွေး ဖြစ်နေပုံကို တွေ့မြင်ရခြင်းအားဖြင့် ဇက်ကျိုးသေပြီးဖြစ်ကြောင်း သိရှိနိုင်သည့်အပြင် အဖြူနှင့်အနက် တမိုက်ခန့်အကွက်ကြီး ပူးယက်ထားသည့် မန္တလေးလုံချည်ကို လည်းကောင်း၊ အဖြူပေါ်တွင် အနက်စင်းများပါသည့် ရှပ်အင်္ကျီကိုလည်းကောင်း တွေ့မြင်ရခြင်းအားဖြင့် ကိုဘထွန်းဖြစ်သည်ဟု စိတ်ချကြလေ၏။ ရန်ကုန်တွင်တွေ့စဉ်က ကိုဘထွန်းမှာ ဤအတိုင်း ဝတ်စားထားသည်ကို ကျွန်တော်တို့ နှစ်ယောက်လုံး သတိရမိလေ၏။

"အကျိုးနည်းပါပြီဗျာ။ ပြီးပါပြီ ကိုသိန်းမောင်"

"ကျွန်တော် မှားတာပဲ။ တယောက်တည်း ပစ်ထားခဲ့မိတာ မှားတာပဲ"

"ခင်ဗျားထက် ကျုပ်က ပိုပြီးမှားတယ်။ သေချာလွန်းတော့ အမှုရောက်တော့တာပါပဲဗျာ"

"ဒါထက် အသံကြားလိုက်ရတဲ့ ခွေးကြီးကောဗျ။ ကိုဘမြင့်ကော ဘယ်ဆီမှာလဲ"

"တနေရာမှာ ရှိမှာပေါ့ဗျာ။ သူ အစီစီအောက်ကိုသွားပြီး ပုန်းနေပါစေ။ ကျုပ်တွေ့အောင်ရှာယူမှာပေါ့ဗျာ။ ပြီးတော့ သက်သေခံ မလုံလောက်သေးဘူး ကိုသိန်းမောင်ရဲ့။ ဖမ်းတာက မခက်ဘူး။ အမှုထင်ရှားအောင် သက်သေခံပြဖို့က ခက်သေးတယ်ဗျ"

ထိုခဏ၌ ဦးစံရှားသည် အလောင်းကို ကြည့်ရှုနေရာမှ ဝမ်းမြောက်စွာ ခုန်ပေါက်လိုက်သည်ကို တွေ့မြင်ရသဖြင့်

"ဘာဖြစ်တာလဲ ဦးစံရှား။ ရူးသွားပြီလား"

"မရူးဘူးဗျ။ မုတ်ဆိတ်ကြီးနဲ့ဗျို့။ ကြည့်စမ်း"

ကျွန်တော်သည် ဦးစံရှားက လက်ဖြင့်လှန်ပြသော အလောင်းမျက်နှာကို ကြည့်လိုက်သောအခါ မုတ်ဆိတ်တွေနှင့် ဖြစ်နေကြောင်း တွေ့ရှိသဖြင့် ဦးစံရှားထက်မကပဲ ခုန်ပေါက်မိသေး၏။

"လက်စသတ်တော့ ဝရမ်းပြေးပါကလား"

"အစစ်ပေါ့။ ကျုပ်လဲ တခါနှစ်ခါ မြင်ဖူးတယ်။ သူပဲ"

မောင်ကျော်၏ဖောက်ဖ ဝရမ်းပြေးမှာ မုတ်ဆိတ်များ ရိတ်ရန်နှုတ်ရန် အချိန်မရရှိသောကြောင့် ကုလားသဖွယ် မုတ်ဆိတ်ရှည်ကြီးနှင့် ဖြစ်နေလေ၏။

"အဝတ်တွေက ဘယ့်နှယ်လဲ"

"ခြေဘ် သိပြီဗျို့။ ဟိုတနေ့က ကိုဘထွန်းက မောင်ကျော်ကို သူ့အဝတ်အစား အဟောင်းတွေ ထုတ်ပေးလိုက်တယ်။ မောင်ကျော်ကဟာဆင့် သူ့ယောက်ဖကို ပေးလိုက်ဟန်တူတယ်ဗျ"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



"အစစ်ပဲ၊ အောင်မယ်လေး ဝန်ထုပ်ကြီး ကျသွားပေပြီဗျာ။ သူ့မှာတော့ သေလူမို့ မထူးတော့ဘူး။ ကျုပ်တို့လူဆိုယင် ကျုပ်ဖြင့် တသက်လုံး စိတ်မကောင်းနိုင်တော့ဘူး"

"ဘယ်လိုဖြစ်ပုံလဲဗျ"

"ဖြစ်ပုံကတော့ ကိုဘထွန်းရဲ့ ဖိနပ်ပေါင်းပြုပြီး ခွေးကြီးကို အနံ့ခံ လိုက်ခိုင်းရာက ဒီအဝတ်တွေကြောင့် ခွေးကြီးက လူမှားပြီး ဝရမ်းပြေးနောက်ကို လိုက်လို့ ကြောက်အားလန့်အားနဲ့ ပြေးမိပြေးရာ စွတ်ပြေးလို့ ကုန်းမြင့်ပေါ်က ချောက်ထဲကျပြီး ဇက်ကျိုးသေရှာတာပေါ့ဗျ"

"ဟုတ်လိမ့်မယ်ဗျို့။ ကိုဘထွန်းကို သူတို့အိမ်လာဖို့ ဖိတ်ထားပြီး လာမယ့်အချိန်လောက်မှာ ခွေးကြီးကို လွှတ်လိုက်ဟန်တူတယ်။ ဒါထက် ခွေးကြီးကော ဘယ်ရောက်သွားလဲဗျာ"

"အချိန်တန်တော့ သိလိမ့်မပေါ့ဗျာ"

ထိုခဏ၌ အဝေးမှ ဆေးပေါ့လိပ်မီးတဖွားဖွားနှင့်လာနေသော လူတယောက်ကို မြင်ကြရသည်နှင့်

"ကြည့်စမ်း။ တယ်ရဲတဲ့လူဗျာ။ ကျုပ်တို့လူ ကိုဘမြင့်နေမှာပဲ။ နှုတ်လုံစေနော်။ ဆိတ်ထားဗျို့"

ဆေးလိပ်မီးသည် တဖြည်းဖြည်း ချဉ်းကပ်လာ၍ အနီးသို့ရောက်သောအခါ ဦးစံရှား တွေးထင်သည့်အတိုင်း ကိုဘမြင့်ပင် ဖြစ်နေသည်ကို တွေ့ရလေ၏။ ကိုဘမြင့်သည် ကျွန်တော်တို့ကို မြင်သောအခါ အံ့သြသည့် အထိမ်းအမှတ်မပြပဲ အနီးသို့ ရောက်လာ၍

"အလို ဦးသိန်းမောင်ပါကလား။ လဲနေတာက ဘယ်သူလဲဗျ။ ကိုဘထွန်းများ ဖြစ်နေရော့လားဗျာ"ဟု စိုးရိမ်ဟန်ဖြင့်မေးယင်း အလောင်းအနီးသို့ ချဉ်းကပ်ကြည့်ရှုရာမှ မှတ်ဆိတ်ကြီးကို မြင်သည်နှင့် အံ့သြဟန်ဖြင့် "ဘယ်သူလဲဗျ။ ဘယ့်နှာလဲ"ဟု မေးသောကြောင့် ကျွန်တော်က "ဝရမ်းပြေးဆိုတာ ထင်ပါရဲ့ဗျာ"ဟု ပြန်ပြောလိုက်လေ၏။

ကိုဘမြင့်သည် စိတ်ပျက်သော အမူအရာမပြပဲ ချုပ်တည်းထားနိုင်၏။

"ဘယ်ပုံသေရှာတာလဲဗျ"

"ကုန်းမြင့်ပေါ်က ချောက်ထဲချော်ကျ ထင်ပါရဲ့ဗျာ"

"ကျွန်တော်ကလဲ အော်သံလိုလိုကြားလေတော့ ကိုဘထွန်းအတွက်စိတ်ပူတာနဲ့ထွက်လိုက်လာခဲ့တာ"

"ကိုဘထွန်းအတွက် ဘာကြောင့် စိတ်ပူရတာလဲဗျ"

"ဒီကနေ့ည သူလာမယ်ဆိုလို့ ကျုပ်တို့စောင့်နေတာ။ မပေါ်လာတော့ စိတ်ပူမိတာပေါ့ဗျ။ ဒီပြင် ဘာသံများ ခင်ဗျားတို့ ကြားသေးသလဲ"

"မကြားရပါကလားဗျ။ ခင်ဗျားကော ကြားလို့လား"ဟု ဦးစံရှားက ဝင်မေးလေ၏။

"မကြားပါဘူး"

"ဒါဖြင့် ဘာကြောင့် ခင်ဗျားမေးတာလဲ"

"ညအချိန်မှာ ခွေးအူသံလိုလို ကြားတတ်တယ်လို့ ရွာသားတွေက ပြောကြလွန်းလို့ ဒီကနေ့ညများ ကြားရလေမလားလို့ မေးကြည့်တာပါ"

"မကြားရပေါင်ဗျာ"ဟု ကျွန်တော်က ထောက်ပြောလိုက်ရာ

"ဒါဖြင့် ဘယ်ပုံသေတယ်ထင်သလဲ ဦးစံရှား"ဟု ဦးစံရှားအမည်ကိုထုတ်ဖော်မေးသဖြင့် ဦးစံရှားက "လူကဲခတ် တယ်ကောင်းတဲ့လူပါကလား"ဟု ချီးကျူးလိုက်လေ၏။

"ဦးသိန်းမောင် ရောက်လာကတည်းက တနေ့တော့ ဦးစံရှား ကိုယ်တိုင် လိုက်လာဦးမှာပဲလို့ လူတိုင်းပြောနေကြတာကပဲဗျာ"



www.burmeseclassic.com

 www.burmeseclassic.com 

"ကျုပ်အထင်တော့ ဒီလူဟာ အိပ်ပျက်စားပျက်နဲ့ နေခဲ့ရလွန်းအားကြီးလေတော့ သွေးပျက်ပြီး လန့်မိလန့်ရာ၊ ပြေးမိပြေးရာ ပြေးပြီး ချောက်ထဲလိမ့်ကျရှာ ထင်ပါရဲ့ဗျာ"

"ကျွန်တော်လဲ ဒီလိုထင်မိတာပါပဲ"

"ပြန်မယ့်ဆဲဆဲသားမှာ နှလုံးမသာယာ‌ရာ တွေ့ရပလေဗျာ"

"ဩော် ပြန်တော့မလို့လား။ ဘယ်တော့လဲ"

"နက်ဖြန်ပဲ ပြန်တော့မယ်"

"ဒါဖြင့် လက်လျှော့သွားတော့မယ်လား"

"ပယောဂယောင်ယောင် ဘာယောင်ယောင်နဲ့ ဟန်ကျတဲ့အမှု မဟုတ်ပေါင်ဗျာ"

"ဒါထက် ဒီအလောင်းကြီး ဘယ့်နှယ်လုပ်ကြပါ့မယ်"

"ပုလိပ်ကို အကြောင်းမကြားရသေးခင် ဒီလိုပဲ ထားခဲ့ရုံ ရှိတာပေါ့"

ထိုနောက် ကျွန်တော်တို့သည် ကိုဘမြင့်က လက်ဖက်ရည်သောက်ဝင်ရန် ဖိတ်ခေါ်ခြင်းကို ငြင်းဆန်၍ ကိုဘထွန်းအိမ်သို့ ပြန်လာခဲ့ကြလေ၏။

လမ်းခရီး၌ ဦးစံရှားက

"သိပ်ပြီး ဟန်ကောင်းတဲ့လူဗျာ။ ယုန်ထောင် ကြောင်မိ ဆိုတာလို ဖြစ်နေတာတွေတော့ ဘယ်လောက် စိတ်ပျက်သွားမလဲ။ ဒါနဲ့တောင် ဟန်မပျက်ရအောင် ဣန္ဒြေဆည်နိုင်တာဟာ အာဂလူ တယောက်ဗျ။ စောင်တောင်နက်ပြီး တောင်တောင်ကြီးရဲ့တဲ့ လူတယောက်ဗျနော်။ ဒီလိုလူကို ထောင်ဖမ်းဖို့ အလုပ်ဟာ မလွယ်လှဘူးဗျ"

"ခင်ဗျားရောက်နေတာတော့ သူသိသွားပြီ"

"ဘယ့်နှယ် တတ်နိုင်မလဲဗျာ"

"ခင်ဗျား ရောက်နေမှန်း သိယင် သူ ဘယ့်နှယ် လုပ်မယ်"

"သူ အလုပ်လုပ်ဖို့မှာ ပိုပြီး သတိတော့ ထားလိမ့်မယ်။ သို့သော် မြန်မြန်အလုပ် လုပ်ဖို့ ဆုံးဖြတ်လိမ့်မယ်လို့လဲ မျှော်လင့်စရာ ရှိတယ်"

"ခင်ဗျားအကြံ ဘယ်လိုလဲ"

"ကျုပ်တော့ ချစ်ချစ်တယောက်ကို အားကိုးထားတာပဲ။ အမှန်အတိုင်း သူသိတဲ့တနေ့မှာ ဖော်စရာတွေ ရှိတယ်လို့ ကျုပ် တွက်ထားတယ်"

"ကိုဘထွန်း အိမ်ကို လိုက်တော့မလား"

"လိုက်ရုံရှိတော့တာပေါ့။ ခုမှနတော့ ဖုံးကွယ်နေဖို့ မလိုတော့ပါဘူး။ ဒါပေမယ့် တခုတော့ မှာထားခဲ့မယ်။ ခွေးသံကြားတဲ့အကြောင်းကို ကိုဘထွန်း မသိစေနဲ့နော်"

ကျွန်တော်က နက်ဖြန် ညစာ ထမင်းစားကြဖို့ ကိုဘမြင့်က ကျွန်တော်နှင့် ကိုဘထွန်းတို့ကို ဖိတ်ခေါ်ထားကြောင်း ပြောပြသောအခါ ဦးစံရှားက ကိုဘထွန်းတယောက်တည်း လွှတ်လိုက်၍ ကျွန်တော်တို့ မလိုက်ပဲ ချန်နေရစ်ရမည်ဟု သွန်သင် မှာကြားထားလေ၏။

× × ×

တတိယအကြိမ်

www.burmeseclassic.com


## ကျော့ကွင်း ထောင်ခြင်း

ကိုဘထွန်းသည် ဦးစံရှားပါလာသည်ကို မြင်ရသောအခါ မျက်နှာရွှင်လန်းသွားလေ၏။ ညစာစားသောက်ကြသည့် အခိုက်တွင် ကျွန်တော်တို့သည် ကိုဘထွန်းအား ပြောသင့်ပြောထိုက်သော သတင်းမျှလောက်ကိုသာ ပြောပြကြ၏။ နောက်ဆုံး၌ ဦးစံရှားက "ကျွန်တော်တို့ နက်ဖြန် ရန်ကုန် ပြန်တော့မယ်"ဟု ပြောသောအခါ ကိုဘထွန်းမှာ စိတ်အပျက်ကြီး ပျက်သွားဟန်ပြပြီး သူလည်း လိုက်မည်ဟု ပြောသေး၏။ သို့ရာတွင် ဦးစံရှားက "ခင်ဗျားလိုက်လို့ မဖြစ်၊ နေရစ်မှ ကျုပ်တို့ အကြံအောင်မယ်"ဟု ပြောတော့မှ "ဒီလိုဖြင့် နေရစ်ပါ့မယ်"ဟု ဝန်ခံလေ၏။

ထို့နောက် ကျွန်တော်တို့သည် မောင်ကျော်တို့ လင်မယားကို ခေါ်၍ ဝရမ်းပြေး သေဆုံးသည့် အကြောင်းကို ပြောပြရာ မောင်ကျော်မှာ ဝန်ကျုပေပြီဟု အောက်မေ့ဟန် ရှိသော်လည်း မယားမသန်းတင်မှာ မောင်၏ ဆိုးမိုက်ခြင်းကို သတိမရနိုင်ပဲ ငယ်စဉ်တောင်ကျေးက ကျွေးမွေးပြုစုလာခဲ့သော မောင်ကလေးတယောက်ဟူသော အမှတ်ဖြင့် ဝမ်းနည်းပက်လက် ငိုကြွေးရှာ၏။

ကိုဘထွန်းကမူ ကျွန်တော်တို့ စကားကို နားထောင်မိသည့် အတွက်ကြောင့် ကိုဘမြင့်တို့ အိမ်သို့ ညစာ ထမင်းစားဖို့ ဖိတ်ခေါ်ထားသည်ကိုပင် မသွားရောက်ပဲ နေခဲ့ကြောင်းနှင့် ပြောပြလေရာ ဦးစံရှားက "ကျုပ်တို့စကားကို နားထောင်လိုက်တာ ခင်ဗျားမှာ သိပ်ပြီး ကံကောင်းသွားတယ် မှတ်လိုက်ပါ"ဟု ပြောလိုက်၏။ သို့ရာတွင် ကိုဘထွန်းမူကား ရိပ်မိဟန် မတူချေ။

နောက်ဆုံး၌ ဦးစံရှားက နက်ဖြန် ကိုဘမြင့် အိမ်သို့ ညစာထမင်းစား ဖိတ်ထားသည့် အတိုင်း ကိုဘထွန်းတယောက်တည်း သွားရမည့်အကြောင်း၊ ကျွန်တော်တို့မှာ ရန်ကုန် ပြန်တော့မည် ဖြစ်၍ မလိုက်နိုင်ကြောင်း၊ သို့ရာတွင် မကြာမီပြန်လာဦးမည့်အကြောင်း၊ ကိုဘမြင့်တို့ အိမ်သို့ သွားသောအခါ ထုံးစံအတိုင်း မြင်းလှည်းကလေးနှင့် သွားစေကာမူ မြင်းလှည်းကို ပြန်လွှတ်လိုက်၍ ခြေကျင် လမ်းလျှောက်ပြန်လာရမည့်အကြောင်း၊ ထိုကဲ့သို့ ခြေကျင် ပြန်မည့်အကြောင်းကိုလည်း ကိုဘမြင့်သိအောင် ပြုလုပ်ဖို့လိုကြောင်း၊ အခြားသောအချိန်များ၌ ထိုနေရာသို့ တယောက်တည်း မသွားရန် မိမိက တားမြစ်ခဲ့သော်လည်း နက်ဖြန် ညဉ့်အတွက်မှာမူ ဘေးအန္တရာယ် စိုးရိမ်ဖွယ် မရှိသည့်အဖြစ်ကို မိမိ တာဝန်ခံနိုင်ကြောင်းများနှင့် ကိုဘထွန်းအား မှာထား သွန်သင်လေ၏။

ကိုဘထွန်းသည် ကွင်းပြင်ကြီးကို ဖြတ်၍ 'သူရဲလျှို'အနီးမှ တယောက်တည်း ညဉ့်အချိန်တွင် ခြေကျင်လျှောက်ရမည့် အလုပ်ကို နှစ်သက်ဟန်မတူသော်လည်း ဦးစံရှားက "ဒီလိုလုပ်မှဖြစ်မယ်"ဟု ဖွင့်ပြောသောကြောင့် "ဒါဖြင့် လုပ်ပါ့မယ်ဗျာ"ဟု ဝန်ခံရလေ၏။

နောက် တနေ့နံနက်၌ ကျွန်တော်တို့သည် ကိုဘထွန်းအား ဦးစံရှား၏ စကားအတိုင်း တိတိကျကျလိုက်နာ ပြုလုပ်ရန် ထပ်မံ မှာထားခဲ့ပြီးနောက် ဘူတာရုံသို့ ထွက်လာခဲ့ကြလေ၏။ ဘူတာရုံစင်္ကြံပေါ်တွင် ဖျတ်လတ်သော အမူအရာရှိသည့် လူတယောက် လမ်းလျှောက်လျက်ရှိရာ "ထွန်းအေးလားတော့"ဟု ဦးစံရှားက နှုတ်ဆက်လိုက်လေ၏။

"ဘာခိုင်းဦးမလဲ ဆရာ"

"ခု ဝင်လာမယ့် ရထားနဲ့ ရန်ကုန်ကို မင်းလိုက်သွား။ ရန်ကုန်ရောက်ရောက်ချင်း ကိုဘထွန်းဆီကို ငါ့နာမည်နဲ့ ကြေးနန်းတစောင်ရိုက်လိုက်။ ဘယ်လိုရိုက်ရမလဲဆိုတော့ 'မေ့ကျန်ရစ်တဲ့ ဗိုင်ယာရီမှတ်တမ်းစာအုပ်ကို ကောင်းကောင်း သိမ်းထားလိုက်ပါ'လို့ ရိုက်လိုက်။ နားလည်လား"

တတိယအကြိမ်

www.burmeseclassic.com

"နားလည်ပါတယ် ဆရာ။ ဒိပြင်ကော"

"ရုံပိုင်ဆီမှာ ငါနာမည်နဲ့ ကြေးနန်းများ ရောက်နေသလားလို့ သွားမေးကြည့်စမ်း"

ထွန်းအေးသည် ရုံပိုင်ထံထွက်သွား၍ ကြေးနန်းစာတစောင်နှင့်ပြန်လာရာ ကြေးနန်းမှာ အောက်ပါအတိုင်းဖြစ်၏။

ကြေးနန်းရပါ၏။ ညနေရောက်အောင် လာခဲ့ပါမည်။

အုန်းဖေ

ကိုအုန်းဖေမှာ အစိုးရစုံထောက်ဖြစ်၍ အထူး အလုပ်ဝတ္တရားများ ဆောင်ရွက်ရသူ တယောက်ဖြစ်လေသည်။

ဦးစံရှား၏ အကြံမှာ ကျွန်တော်တို့ပြန်သွားပြီဟု ကိုဘမြင့် ထင်မှတ်အောင် ပြုလုပ်၍ သူ့အား များဖမ်းရန် ဖြစ်ကြောင်း၊ ကိုဘထွန်းမှာ မျှားချိတ်အဖျား၌ တပ်ထားသည့် 'ငါးစာ' မျှသာ ဖြစ်ကြောင်း၊ ဦးစံရှား၏ အမည်နှင့် ကိုထွန်းအေးက ရိုက်ကြားလိုက်သည့် ကြေးနန်းမှာလည်း ဦးစံရှား ရန်ကုန်ပြန်ရောက်သွားပြီဟု ကိုဘမြင့် စိတ်ချစေရန် အတွက်မျှသာ ဖြစ်ကြောင်းများကို ကျွန်တော်ရိပ်မိရ၏။

"ဒီအတောအတွင်း ကျွန်တော်တို့ ဘာလုပ်ကြမလဲ"

"သထုံသွားပြီး ချစ်ချစ်နဲ့ တွေ့ကြမယ်၊ ညနေကျတော့ ပြန်လာမယ်"

ကျွန်ုပ်တို့သည်း မီးရထားဖြင့် သထုံသို့ လိုက်ပါသွားကြ၍ ကျောင်းဆရာမ ချစ်ချစ်နှင့် အဆင်သင့် တွေ့ရှိရလေ၏။

ဦးစံရှားက စကားအနည်းငယ်မျှ ပလ္လင်ခံပြီးနောက် ကိုဘမြင့်နှင့် မခင်ကျော့တို့မှာ မောင်နှမ မဟုတ်။ လင်မယား အစစ်ဖြစ်ကြောင်း ပြောပြသည့်အခါ ပထမ၌ချစ်ချစ်က "တောက်တီးတောက်တဲ့ရှင်၊ မဟုတ်နိုင်တာပဲ" ဟုငြင်းနေသေး၏။ နောက်ဆုံး၌ ဦးစံရှားက ကိုဘမြင့်တို့နှစ်ယောက်တွဲ ရိုက်ကူးထားသော ဓာတ်ပုံကိုပြသ၍ ပုသိမ်နယ် ရွာငယ်တရွာ၌ ယင်းတို့လင်မယား နှစ်ယောက်သည် အခြား နာမည်နှင့် စာသင်ကျောင်း တကျောင်း ဖွင့်ခဲ့ဖူးသည့် အဖြစ်အပျက်များကိုပါ ပြောပြသည့် အခါတွင်မူ ချစ်ချစ် မျက်လုံးပြူး မျက်ဆံပြူး ဖြစ်လာလေတော့၏။

"အာဂလိမ်တဲ့ ခွေးသားပဲ။ ကျွန်မယောကျ်ားနဲ့ကွာရှင်းပြီးယင် သူက လက်ထပ်ယူပါမယ် ဆိုလို့ ဒီကဖြင့် ကြိုးစားလိုက်ရတာ။ လက်စသတ်တော့ သူ့မှာ မယားလက်ကိုင် ရှိပြီးသားကိုး။ ဟုတ်မှာပါ။ ဟုတ်မှာပါ။ ဒီလူ အင်မတန်ခံကောက်ကျစ်တဲ့ လူဘယောက်ပါ။ ကယ်နေရာ တခုမှ စကားမှန်မှန်ပြောတယ်လို့ မရှိခဲ့ပါဘူး။ သူဘာ ယုတ်မာလို့ရှိမှဖြင့် ဒီကလဲ သူ့အတွက် ဖုံးကွယ်နေစရာ ဘာရှိတော့သလဲ။ အားလုံး ပြောပြမယ်။ ရှင် မေးချင်တာ မေးတော့။ ကျွန်မ ပြောပြတော့မယ်။ သို့သော် တခုရှိပါတယ်။ ဦးထွန်းဖြူကို ကျွန်မက စာနဲ့ရေးပြီးခေါ်တုန်းက သူ့မှာ ဘေးအန္တရာယ် တစုံတခုရှိလိမ့်မယ်လို့ ကျွန်မ မသိရပါဘူး။ အမှန်ပါ။ ဦးထွန်းဖြူဟာ ကျွန်မရဲ့ ကျေးဇူးရှင်ကြီးပါ။ ကျွန်မက မကောင်းမကြံစည်ပါဘူး။ယုံပါတော့"

"ကျွန်တော် ယုံကြည်ပါတယ်။ ဒါထက် ခင်ဗျားကိုယ်တိုင် ပြောပြနေရယင် ဝန်လေးနေဖို့ရှိတယ်။ ကျွန်တော်က ပြောပြမယ်။ မှားယင် ခင်ဗျားကပြင်ပေး။ ဟုတ်ပြီလား"

"ကောင်းပါပြီ"

"ဒီစာ ရေးပေးဖို့ဟာ ကိုဘမြင့်ရဲ့ အကြံ မဟုတ်လား"

"ဟုတ်ပါတယ်၊ သူက နှုတ်တိုက်ချပေးလို့ လိုက်ရေးရပါတယ်"

[illegible]

www.burmeseclassic.com

www.burmeseclassic.com

"သူကပဲ ငွေတောင်းခိုင်းတယ်။ နောက်ပြီးတော့ သူကပဲ မသွားနဲ့တော့လို့ ဖျက်တယ်မဟုတ်လား"

"မှန်ပါတယ်။ ဒီငွေလောက်ဟာကို တခြားလူဆီက ယူမနေပါနဲ့တော့။ သူကပဲ ထုတ်ပေးပါမယ် ဆိုပြီး တားထားပါတယ်"

"ဦးထွန်းဖြူ သေတော့ကာ ဟိုစာရေးတဲ့အကြောင်းကို ဘယ်သူ့မှ မပြောနဲ့လို့ ကိုဘမြင့်က မှာထားတယ်။ ဟုတ်လား"

"ပြောပြယင် ကျွန်မပါ ဒုက္ခရောက်လိမ့်မယ်လို့ ခြောက်ထားပါတယ်"

"ခင်ဗျားစိတ်ထဲကတော့ သူ့ကို မသင်္ကာဘူးလား"

"မသင်္ကာပေမယ့် ကျွန်မကို မနှုပ်ခဲ့ယင် သူ့ကို ဖော်မယ် မကြံပါဘူး"

"သူ့အကြောင်းကို ခင်ဗျား ဒီလောက် သိနေပြီး ဒီလောက်ကြာကြာ ခင်ဗျား အသက်ရှင်နေတာကံကောင်းတယ်လို့ မှတ်လိုက်ဦးတော့။ ကိုင်း ကျွန်တော်တို့ ပြန်လိုက်ဦးမယ်။ နောက်တော့ သတင်းကြားရပါလိမ့်မယ်"

ကျွန်တော်တို့သည် အုန္တုတာသို့ပြန်ကြ၍ ထိုနေ့ညနေ၌ရန်ကုန်မှ ဝင်လာသော မီးရထားကို ကြိုဆိုကြရာ ခပ်ပျပ်ပျပ်နှင့် ဖျတ်လတ်သော အမူအရာရှိ လူတယောက်သည် ဒုတိယတွဲမှ ဆင်းလာလေ၏။

"ဘယ့်နှယ်လဲဆရာ။ ထင်ခြေပေါက်ပါ့မလား"

"စိတ်ချပါ။ နေ့မကူးခင် တရားခံတယောက် လက်ဝယ် ရောက်ပါစေ့မယ်"

\+ \+ \+

## ပွေလီ ခွေးနက်ကြီး

ဦးစံရှား၏ ဝါသနာတခုမှာ အမှုနှင့်ပတ်သက်၍ အသုံးစုံ ပြည့်စုံသော အခြေသို့ မရောက်မချင်း မည်သူ့အားမျှ ဖွင့်ဟတိုင်ပင်ခြင်း မပြုပဲ တကိုယ်တည်းကြိတ်၍ ကြံစည်ဘတ်ခြင်းပင်ဖြစ်လေသည်။ ကိုအုန်းဖေနှင့် ကျွန်တော်တို့မှာ ဦးစံရှား၏ ဝါသနာကိုသိကြပြီးဖြစ်သည့်အလျောက် မေးခြင်းမြန်းခြင်းအားဖြင့် အနှောင့်အယှက် မပေးတော့ပဲ သူခိုင်းစေသည့်အတိုင်း မျက်စိမှိတ်ခါ ဆောင်ရွက်ကြဖို့သာ ပြင်ဆင်ထားကြလေ၏။

ကျွန်တော်တို့သည် ကိုဘမြင့်တို့၏ နေအိမ်ဆီသို့ မျက်နှာမူကာ ခြေကျင်လျှောက်လာကြသောအခါ ဤအချိန်သည်ကား ယင်းအမှုနှင့် ပတ်သက်၍ နောက်ဆုံး ဆောင်ရွက်ရမည့် အချိန်ဖြစ်ကြောင်း သိရှိပြီးဖြစ်သည့်အလျောက် အကြီးအကျယ် မျှော်လင့်ချက်ဖြင့် ရင်ထဲ၌ တဒိန်းဒိန်း တုန်လှုပ်မိသေး၏။ လမ်းခရီး၌ ဦးစံရှားက

"လက်နက်ပါလား ကိုအုန်းဖေ" ဟု မေးရာ ကိုအုန်းဖေက တောင်းဘီအိတ်ကို ပုတ်ပြလျက် "ဆရာခေါ်တယ်ဆိုယင် အရေးကြီးမှုန်းသိလို့ ခြောက်လုံးပြူး ဘယ်တော့မှ မချဘူးဆရာ" ဟုပြန်ပြောလေ၏။

"ကိုသိန်းမောင်မှာလဲ ပါရဲ့နော်"

"စိတ်ချပါ၊ မမေ့ပါဘူး"

"ကျုပ်တို့လူကလဲ အရေးဆိုယင်လက်တည့်စမ်းဖို့ဦးလေးမယ့်လူမဟုတ်ဘူးဗျ။ သူ့မှာခြောက်လုံးပြူး မရှိပေမယ့် နှစ်လုံးပြူး ရှိတယ်ကြားတယ်။ ရွယ်တာမြင်ယင် တခါတည်းပစ်ကြနော်။ လက်မနှေးစေနဲ့။ ကြား့ကြလား။ သူက သေလူဗျ။ ဘာမှတွန့်ဆုတ်နေမှာ မဟုတ်ဘူး။ ဦးနိုင်မှ တော်မယ်"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့သည် မီးတလက်လက်ထွက်နေသော အိမ်ကလေးတဆောင်ကို ခပ်လှမ်းလှမ်းမှ မြင်ကြရလေရာ ထိုအိမ်မှာ ကိုဘမြင့်တို့ မောင်နှမနေထိုင်သော အိမ်ပင်ဖြစ်လေသည်။ အိမ်မှာ ရွာနှင့် အတော်ကွာလှမ်း၍ အင်္ဂလိပ်သနာပါသော မြေပိုင်ရှင်တဦးက မိမိလယ်များအကြားတွင် ဆောက်လုပ်နေထိုင်ခဲ့ဖူးသည့် အဆောက်အအုံဖြစ်ရာ ထိုသူ သေပြီးနောက် ဆွေမျိုးများက စွန့်ပစ်ထားသည်နှင့် ကိုဘမြင့်က ဈေးချောင်ချောင်နှင့် ငှားနေသည်ဟု ကြားရဖူးလေသည်။

ကျွန်တော်သည် အိမ်နှင့် ကိုက်ဘာခန့်ကွာလှမ်းသော ချုံကြီးတချုံ၏ နောက်မှ ခိုအောင်း စောင့်ဆိုင်းရန် ပြင်ဆင်ကြလေရာ အုန်ခွဲရွာဘက်သို့ သွားသောလမ်းမှာလည်း ယင်းချုံအနီးမှ ပွတ်ကပ်သွားသည်ကို တွေ့မြင်ကြရပေ၏။

"ကိုင်း ကိုသိန်းမောင်၊ ကျုပ်တို့ ဒီကစောင့်နေမယ်။ ခင်ဗျားက အိမ်နားကပ်ပြီး အခြေအနေကို သွားကြည့်စမ်းချေဗျာ"

သို့ဖြစ်၍ ကျွန်တော်သည် သေနတ်ကို ခါးတွင်ထိုးလျက် အိမ်အနီးသို့ ခြေသံမကြားအောင် ချဉ်းကပ် ကြည့်ရှုလေ၏။ အိမ်မှာ နှစ်ထပ်အိမ်ကလေးဖြစ်ရာ အပေါ်ထပ်တွင် မီးရောင်မရှိပဲ မှောင်မည်းနေ၍ အောက်ထပ်ရှိ အခန်းတခန်း၌သာလျှင် လသာ မီးအိမ်ကလုံး ထွန်းထားသည်ကို တွေ့ရလေ၏။ ကျွန်တော်သည် သစ်ငုတ်ကိုကခုံပေါ်မှ တက်၍ ပြတင်းပေါက်တွင်းသို့ လှမ်းကြည့်လိုက်သောအခါ ကိုဘကွန်းနှင့် ကိုဘမြင့်တို့သည် ညစာထမင်းစားသောက်ပြီးကြသည့် လက္ခဏာနှင့် စားပွဲကခုံ၌ထိုင်ကာ ဆေးလိပ်သောက်ယင်း စကားပြောနေကြသည်ကို တွေ့ရလေ၏။ ကိုဘထွန်း၏မျက်နှာမှာ တယောက်တည်း လမ်းလျှောက်ပြန်ရဦးမည့်အရေးကို တွေးတောပူပန်နေသည့်လက္ခဏာဖြင့် ကြည်ရွှင်ခြင်း မရှိလှချေ။ မခင်ကျော့ကိုမူကား အခန်းတွင်းမှာ မတွေ့ရချေ။ ကျွန်တော်ကြည့်နေစဉ် ကိုဘမြင့်သည် အိမ်ပြင်သို့ထွက်လာ၍ ဝင်းထောင့်၌ရှိသော တဲကုတ်ကလေး၏တံခါးကို သော့ဖြင့် ဖွင့်ပြီး ဝင်သွား၏။

ထိုခဏ၌ တဲထဲမှာ ရှုံးရှုံးရှပ်ရှပ် အသံများကို ကြားရ၏၊ နောက်တခဏ၌ ကိုဘမြင့် ပြန်ထွက်လာ၍ တဲတံခါးပိတ်ပြီး အိမ်ထဲသို့ ဝင်သွားပြန်ရာ ကျွန်တော်သည်၊ ဦးစံရှားထံ ပြန်လာခဲ့လေ၏။

ကျွန်တော်က အဖြစ်အပျက်များကို ပြောပြသောအခါ ဦးစံရှားက

"မခင်ကျော့ ဘယ်ရောက်ပါလိမ့်၊ ဒီပြင်အခန်းမှာ မီးမမြင်ဘူးဆို"ဟု မေးသလိုနှင့် ပြောလေ၏။

"မမြင်ဘူးဗျ၊ အားလုံး မှောင်လို့"

"တယ်ကျပ်ပါလား"

ထိုခဏ၌ ဆီးနှင်းရစ်သာ၍ အိမ်၏အခြားဘက်၌ရှိသော သစ်ပင်များမှာ ဆီးနှင်းဖုံးကွယ်သွားလေတော့၏။ ဆီးနှင်းသည် အရပ်လေးမျက်နှာတွင် တပြိုင်နက်တည်း မချစ်ပဲ အိမ်၏ အခြားဘက်မှ တဖြည်းဖြည်း တိုး၍တိုး၍ နယ်ချဲ့လာသည်ကို တွေ့မြင်ကြရ၏။ အတန်ငယ် ကြာလတ်သော် အိမ်ကိုဆီးနှင်းမျိုသွားပြီဖြစ်သောကြောင့် ကျွန်တော်တို့နေရာမှ မမြင်နိုင်တော့ချေ။

"သိပ် ခွကျတယ်ဗျာ၊ ခုနေမှာ သူလာယင် လာမှ၊ မလာယင် ဆီးနှင်းဖုံးပြီး ကျုပ်တို့က ဘာမှမမြင်နိုင်အောင် ဖြစ်သွားမှာကို စိုးရိမ်ရတယ်ဗျ"

"နောက်နား နည်းနည်းဆုတ်ပြီး စောင့်ကြစို့လား"

"ဟုတ်တယ်၊ နောက်ဆုတ်ကြမှ တော်မယ် ထင်တယ်"

ကျွန်တော်တို့သည် ကိုက်တရာခန့် နောက်သို့ ဆုတ်ကြလေရာ၊ ယခင်က ချုံမှာ ဆီးနှင်းများဖုံးကွယ်လုမတတ် ဖြစ်သွားခဲ့လေပြီ။

**တတိယအကြိမ်**

www.burmeseclassic.com

www.burmeseclassic.com


ဒုတိယချုံမှာ ပန်းချုံကဲ့သို့ ထူထပ်ခြင်း မရှိချေ။ ကျွန်တော်တို့သည် ကိုဘထွန်းအတွက်ပူပန်စိုးရိမ်စွာနှင့် စောင့်နေကြစဉ်....

"ငါးမိနစ်အတွင်း လာယင်လာဗျာ။ မလာလို့ နောက်တထစ်ဆုတ်ရယင် ကျုပ်တို့မကူနိုင်ခင် ကိုဘထွန်းကို ခွေးမှီမှာ စိုးရအယ်။ သိပ်ခွကျတယ်ဗျာ။ တကယ့်အချက်ထဲမှာ ဆီးနှင်းက ဟော၊ နွားထောင်ကြစမ်းဗျို။ ခြေသံမဟုတ်လား"ဟု ဦးစံရှား၏ ပျာပျာသလဲ ပြောဆိုသံကို ကြားရလေ၏။

ကျွန်တော်တို့ သုံးယောက်သည် နွားနောက်တွင် လက်ပါးဖြန့်ကာ နွားထောင်ကြစဉ် ဆီးနှင်းများ ဖုံးလျက်ရှိသော လမ်းဆီမှ တဒေါက်ဒေါက် လျှောက်လာသောခြေသံများကို ကြားကြရလေ၏။ ထိုအခိုက်၌ကား ကျွန်တော်တို့ ပုန်းအောင်းနေသော ချုံကိုပင် ဆီးနှင်းများ ဖုံးအုပ်စ ပြုနေလေပြီ။

ကျွန်တော်မှာ မျက်လုံးများ ပြူးထွက်အောင်စူးစိုက်ကြည့်ရှုနေသော ဦးစံရှားနှင့်လေးဘက်ထောက်ကာ ဝပ်လျှိုးမျှော်ကြည့်နေသော ကိုအုန်းဖေတို့နှစ်ယောက်အကြားတွင် ဒူးထောက်ကာ လှမ်းကြည့်နေစဉ် ကိုအုန်းဖေက

"အလိုလေး၊ ဘယ့်နှာကြီးလဲဗျ"ဟု ယောင်အော်ကာ မြေပေါ်သို့ ထိုးလှဲချလိုက်သည်ကို တွေ့ရလေ၏။

အလွန်သတ္တိကောင်း၍ တုန်လှုပ်ခြင်း နည်းပါးသော ဦးစံရှားကိုယ်တိုင်ပင် ပါးစပ်ဟလျက်မျက်လုံးများ ဝိုင်းသွားသည်ကို မြင်လိုက်မိ၏။ ကျွန်တော်မှာ ဦးစံရှားခါးကို လက်တဘက်ဖြင့်ကိုင်လျက် အခြားလက်ဖြင့် ခြောက်လုံးပူးကိုကိုင်ကာ ဝပ်ရာမှ ထကြည့်လိုက်သောအခါ ဆီးနှင်းများပိတ်ဖုံးနေသည့် အထဲမှ နွားပေါက်ပမာအခန့်ရှိသည်ထင်ရသော ခွေးနက်ကြီးတကောင်သည် နှာသီးဖျားမှ ခြေလေးဘက်၏အဆုံးသို့တိုင်အောင် တဟုန်းဟုန်း တလက်လက်ဘဖျတ်ဖျတ် တဝင်းဝင်း လင်းကနဲလင်းကနဲဖြစ်သွား၍ အလွန်ကျယ်စွာ ဖွင့်ဟလျက်ရှိသော ပါးစပ်ကြီးမှ အခိုးအလျှံ ပြင်းထန်လှစွာသော မီးတောက်ကြီးများပမာ အဆက်မပြတ် တချစပ် အန်ထွက်လျက်ရှိသည့် အခြင်းအရာကို တွေ့မြင်ကြရလေ၏။

ကျွန်တော်မှာ ဤသို့သောအခြင်းအရာကို မျက်စိဖြင့် ဒိဋ္ဌတွေ့မြင်ဖူးဖို့ မဆိုထားဘိ။ ကြောက်မက်ဖွယ်ရာ ဘီလူးစီးသော အိပ်မက်မျိုး၌ပင် တွေ့မြင် ကြုံကြိုက်ခဲ့ဖူးခြင်း မရှိချေ။

ကျွန်တော်တို့မှာ ကြောက်အားကြီးလွန်းသောကြောင့်ပေလော၊ သို့မဟုတ် အလင်းရောင်မှထွက်နေသော ကိုယ်ကာယရှိသောကြောင့်ပေလော မပြောတတ်။ ခွေးကြီး၏ရှေ့မှ အူလျားဖားလျား ပြေးလွှားလာသော ကိုဘထွန်းကို ရှေးဦးစွာ မမြင်ကြရပဲ ခွေးကြီးကို မြင်ပြီးသည့်အခါမှ ကိုဘထွန်းကို မြင်နိုင်ကြပေတော့၏။ ကိုဘထွန်းခမျာမှာမူ ကျွန်တော်တို့ကို မြင်သည့်လက္ခဏာမရှိပဲ ငယ်သံပါအောင် အော်ဟစ်ယင်း ချုံအနီးမှကပ်၍ ရွာဘက်လမ်းတလျှောက်သို့ ဖဝါးနှင့်တင်ပါး တသားတည်းကျအောင် ပြေးရှာလေတော့၏။

ခွေးကြီးသည် ကျွန်တော်တို့လူစုကို အလျင်းဂရုမစိုက်ပဲ ကိုဘထွန်း နောက်သို့သာ တဟုန်တည်း ထိုးလိုက်ပြေးလေရာ ချုံကို ကျော်လွန်မိသည်နှင့်တပြိုင်နက် ဦးစံရှားနှင့် ကျွန်တော်တို့က သတိကောင်းစွာရလာကြသည်နှင့် သေနတ်ဖြင့် တချက်စီ ထိုးပစ်လိုက်ကြ၏။

ခွေးကြီးသည်'ဂိန်'ကနဲ မြည်၍ အနည်းငယ်ယိမ်းယိုင်သွားသည်ကို မြင်လိုက်ရသဖြင့် တချက်ချက်ထိမှန်သွားကြောင်းသိကြရ၏။'ဂိန်'ကနဲမြည်တတ်ခြင်းကို ထောက်ခြင်းအားဖြင့်လည်း မူလက ကျွန်တော်တို့ တွေးထောမိကြသလောက် ကြောက်မက်ဖွယ်ရာ မဟုတ်ကြောင်း၊ သေနတ်ထိ၍ နာတတ် အော်တတ်လျှင် လက်နက်ရှိသော ကျွန်တော်တို့အဖို့ ကြောက်လန့်စရာမဟုတ်ကြောင်းစဉ်းစားမိကြ၏။သို့ဖြစ်၍ ကိုအုန်းဖေ


www.burmeseclassic.com

 www.burmeseclassic.com 

ပင်လျှင် ကြောက်လန့်ခြင်း ပြေပျောက်ဟန်နှင့် ရှေ့မှပြေးသွားသော ဦးစံရှားနောက်ကို ကျွန်တော်နှင့်အကူ ပြေးလိုက်လာလေ၏။

ကိုက် ၃၀ ခန့်တွင်ကား ခွေးကြီးသည် ကိုဘထွန်းကို မှီသွားပြီဖြစ်၍ လူနှင့်ခွေး ထွေးလုံး လျက် လူ အော်သံရော ခွေးဟိန်းသံပါ ဆူညံစွာရှိရာ ဦးစံရှားလည်း ကိုဘထွန်း၏လည်ပင်းကို တတိယအကြိမ် ခုန်ဆွဲ ရန် ကြိုးစားနေသော ခွေးကြီး၏ နံဘေးထဲသို့ ကျန်သော ယမ်းတောင့် ၅ တောင့်မှ ကျည်ဆံများကို တခါ တည်း ပစ်သွင်းထည့်လိုက်လေ၏။ ကျွန်တော်တို့ မီလာသောအခါ ခွေးကြီးမှာ မြေပေါ်တွင် လူးလှိမ့်နေ ရာမှ ငြိမ်စပြုလျက် ရှိရှာလေတော့၏။

ကျွန်တော်တို့သည် ကိုဘထွန်းကိုပွေ့ယူ၍ ကိုအုန်းဖေက ခါးပိုက်ဆောင်ဗူးမှ ဘရန်ဒီကို ပါးစပ်ထဲ သို့ လောင်းထည့်နေစဉ် ဦးစံရှားသည် ကိုဘထွန်း၏လည်ပင်းကို စမ်းသပ်ကြည့်ရှုရာ ကုတ်ခြစ်မိသဖြင့် ပွန်းပဲ့ သော ဒဏ်ရာများမှတပါး သွားကိုက်ရာမတွေ့ရသဖြင့် ''တော်ပါသေးရဲ့ဗျာ။ စားစားကလေး လိုတော့ တယ်''ဟု လက်ဖျားခါလျက် ပြောမိသေး၏။

ကိုဘထွန်းသည် ဘရမ်ဒီဝင်သွားသည်နှင့် သတိရလာ၍ ''ဘယ့်နှယ်လဲ၊ ဘာဖြစ်တာလဲ''ဟု မေးနေ သေး၏။ နောက်ဆုံး၌ ခွေးသေကောင်ကိုမြင်သည်တွင်မှ အလုံးစုံသတိရလာ၍ ''တကတည်းဗျာ၊ လည်ပင်း ချည်းပဲ ခုန်ခုန်ပြီး ဆွဲလိုက်တာ ကျုန်တော်ကလဲ သူခုန်ယင်း တွန်းပစ်ယင်း ဒါလောက်ပဲ တတ်နိုင်တော့ တယ်။ နောက်ဆုံး မျက်စိတွေဝေပြီး မိုက်ကနဲဖြစ်အသွားမှာ သေနတ်သံကြားရပြီး ဗုန်းကနဲ သူ လဲသွားပေ လို့ပေါ့။ နောက်တချက် သူခုန်ယင် ကျွန်တော်ဖြင့် ဘယ့်နှယ်မှ မတတ်နိုင်တော့ဘူးထင်တယ်။ စေတာဘယ် သူလဲ။ ဦးစံရှားလား။ ကျေးဇူးတင်လိုက်တာ ခင်ဗျာ''

''ကျေးဇူးမတင်နဲ့။ ကျုပ်ကတောင် တောင်းပန်ဖို့ကောင်းသေးတယ်။ ခင်ဗျား တစုံတခုဖြစ်ယင် ကျုပ် ညှိုလိုပဲလို့ တွက်ထားတာပဲ''

ထို့နောက် ကျွန်တော်တို့သည် မြေပေါ်တွင် လဲလျက်ရှိသော ခွေးသေကောင်ကြီးကို ကြည့်ရှုကြရာ ခွေးကြီးမှာ 'ဂရိတ်ဒိန်း'ခေါ် ဥရောပခွေးကြီးမျိုးနှင့်မြန်မာခွေးသမင်မျိုးတို့ စပ်၍ဖောက်ထားသည့်'ပွလီ' ခေါ် ခွေးမျိုးဖြစ်လေသည်။ လူ၌ဖြစ်စေ၊ တိရစ္ဆာန်၌ဖြစ်စေ တခါတရံ 'မွေးထူးရေခြား'ဟု ခေါ်လောက် အောင် အထူးထွားကျိုင်းသန်မာသည့် တယောက်တလေ၊ သို့မဟုတ် တကောင်တလေ ဖြစ်ပေါ်လာတတ် ပေရာ ယင်းခွေးကြီးမှာလည်း 'မွေးထူးရေခြား'ဖြစ်၍ နွားပေါက်လေးပမာခန့် ရှိပေ၏။ ကျွန်တော်သည် ခွေးကြီးကို လက်ဖြင့်ထိတို့စမ်းကြည့်ရာ ကျွန်တော်၏လက်ပါ အရောင်တဝင်းဝင်း ဖြစ်လာသေး၏။

''တော်တော်ကြံတဲ့လူဗျ။ 'ဖော့စ်ဖော်ရတ်စ်'ခေါ်တဲ့ သတ္တုကို ဆေးရည်နဲ့ စပ်ပြီး လိမ်းလိုက်ယင် မီးလိုပဲ တလက်လက် တဝင်းဝင်းနေတယ်ဆိုတာ ခင်ဗျားတို့ ကြားဖူးတယ် ဟုတ်လား။ မီးတွေ တလက် လက် ဝင်းနေတဲ့ ခွေးကိုမြင်ရယင် ဘယ်သူမဆို နာနာဘာဝလို့ ထင်ကြမယ်မဟုတ်လား။ ဒါလိုချင်လို့ သူက ဒီလိုလုပ်ထားတာဗျ။ ပြီးတော့ ဒီခွေးမျိုးဟာ အနက်ရယ်လို့ ကျုပ်မတွေ့ဖူးဘူး။ ကျုပ်တို့ မြန်မာတွေက ခွေးနက်ကြီးဆိုမှ ကြောက်တတ်မှန်းသိလေတော့ တမင်ဆေးဆိုးထားတဲ့ အနက်ရောင်ဗျ။ ကိုင်း ဒါထက် ကိုဘထွန်း တော်တော်နေသာပြီ ဟုတ်လား။ ခင်ဗျား ဒီမှာခဏနေရစ်ဦးဗျာ။ ကျုပ်တို့ တရားခံနောက်ကို လိုက်ချေဦးမယ်။ နေရစ်ဝံ့ရဲ့လား''

''နေတာတော့ နေရစ်ဝံ့ပါတယ်။ တရားခံက ဘယ်သူလဲဗျ''

''ခင်ဗျားက ယောက်ဖလောင်းထင်နေတဲ့ လူပေါ့ဗျာ''

''ညစ်ပါပေ့ဗျာ။ တတ်လဲတတ်နိုင်တဲ့လူ''

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


ထို့နောက် ကျွန်တော်တို့ သုံးယောက်သားသည် အိမ်ကလေးဆီသို့ ခပ်သုတ်သုတ် ထွက်လာခဲ့ကြလေ၏။

"ခင်ဗျားလူ တွေ့ပါဦးမလားဗျာ ဦးစံရှားရာ"

"ချက်ချင်းတော့ တွေ့မယ်မထင်လှဘူး။ သေနတ်သံ ကြားကတည်းက သူ ရိပ်မိသွားမလား မဆိုနိုင်ဘူး။ သို့သော် တနေရာမတွေ့ တနေရာပေါ့ဗျာ"

ကျွန်တော်တို့သည် အိမ်အောက်ထပ်သို့ ဝင်သွားကြသောအခါ ထမင်းစားသော အခန်းထဲတွင် မီးအိမ်ထွန်းလျက်ရှိသော်လည်း လူတယောက်မျှ မတွေ့ရချေ။ ထိုမှ ဤမှ လိုက်လံရှာဖွေကြစဉ် အပေါ်ထပ်မှ ညည်းသံလိုလို ကြားရသည်နှင့် ကျွန်တော်တို့သည် ကိုအုန်းဖေ၏လက်နှိပ်ဓာတ်မီးဖြင့် အပေါ်ထပ်သို့ တက်ပြေးကြလေ၏။ တခုတည်းသောအခန်းမှာ အပြင်မှ သော့ခလောက်ခတ်လျက်ရှိရာ ညည်းသံမှာ ထိုအခန်းတွင်းမှ ထွက်လာခြင်းဖြစ်၏။ ဦးစံရှားသည် တံခါးကို ခြေဖဝါးဖြင့် ဆောင့်ကန်လိုက်၍ တံခါးပွင့်သွားသည်နှင့် တပြိုင်နက် ကျွန်တော်တို့ သုံးယောက်သည် လက်နက်ကိုယ်စီနှင့် အခန်းတွင်းသို့ ပြေးဝင်သွားကြလေ၏။

အတွင်းသို့ ရောက်ကြသောအခါ အခန်းအလယ်ရှိတိုင်တွင် ကြိုးများဖြင့် ချည်တုပ်ထားသည့် မခင်ကျော့ကို တွေ့ကြရလေ၏။ ပါးစပ်နှင့် လည်ပင်းတို့ကို မျက်နှာသုတ်ပဝါကြီးဖြင့် ရစ်ပတ်၍ တိုင်နှင့် ပူးတွဲချည်နှောင်ထားသည့်ပြင် လက်များကိုလည်း လက်ပြန်ကြိုးချည်နှောင်ပြီးမှ တိုင်၌ ပူးကပ် ချည်တုပ်ထားရကား ပထမ၌ ကျွန်တော်တို့မှာ မျက်နှာကို မမြင်ရပဲ ဒေါသကြီးလှသဖြင့် မီးပွင့်မတတ် ဖြစ်နေသော မျက်လုံးများကိုသာ မြင်နိုင်ကြလေ၏။

ကျွန်တော်တို့သည် ကြိုးနှင့် မျက်နှာသုတ်ပဝါတို့ကို ဖြေဖြုတ်ပြီးသည်နှင့် တပြိုင်နက် မခင်ကျော့က "ပွတ်မှ လွတ်ပါရဲ့လားရှင်၊ ပြောကြစမ်းပါ"ဟု ထိတ်ထိတ်ပျာပျာ စိုးရိမ်စွာနှင့် မေးရှာလေ၏။

"ဘယ်နည်းနဲ့မှ ခင်ဗျားလူ မလွတ်နိုင်ဘူး"ဟု ဦးစံရှားကပြောရာ

"အို၊ ဒီ တိရစ္ဆာန်ကိုပြောတာ မဟုတ်ပါဘူး။ ကိုဘထွန်းကို ပြောတာပါ"ဟု ပြောမှ

"ဪ၊ ဒီလိုလား။ လွတ်ပါတယ် သူတော့"ဟု ဦးစံရှားက ပြောလိုက်လေ၏။

"ခွေးကြီးကော"

"သေသွားပြီ"

"ကောင်းပါလေ့ရှင်။ ကြည့်စမ်းပါဦး၊ ဘယ်ယောက်ရက်စက်တဲ့ လူတယောက်လဲ။ တကိုယ်လုံး ရစရာရှိသေးရဲ့လား"

ယင်းသို့ ပြောယင်းဆိုယင်း မခင်ကျော့သည် လက်မောင်းနှင့် ကျောပြင်တို့ကို လှန်လှော့ပြသလေရာ ကြိမ်ဖြင့် အပြင်းအထန် ရိုက်နှက်ထားသည့် အရှိုးကြီးများကို တခုနှင့်တခု ယှက်လျက်ရှိကြသည်ကိုတွေ့မြင်ကြရလေ၏။

"ဒီလောက်တောင် ရက်စက်ထားတဲ့လူတယောက်ကို ခင်ဗျားက ထောက်ညှာစရာ ဘာမှအကြောင်းမရှိဘူး။ သူ ဘယ်မှာပုန်းတတ်သလဲ ပြောစမ်း"

"စိတ်ချပါ။ သူကရက်စက်လို့ရှိမှ ဒီက သူ့အတွက်ဖုံးဖိပေးစရာဘာမှမလိုဘူး။ ကျွန်မသိသလောက် ပြောပြမယ်။ 'သရဲလျှို'ဆိုတဲ့နေရာကို ရွာသူရွာသားတွေ ဘယ်သူမှ မသွားဝံ့ဘူး။ ဒီအကြောင်းကို သူကသိလေတော့ သူ့ခွေးကြီးကို လျှိုထဲကတွင်းကြီးတတွင်းထဲမှာ သူဝှက်ထားပါတယ်။ သူကိုယ်တိုင်လဲ အဲဒီနေရာ သွားပုန်းနေလိမ့်မယ်လို့ ကျွန်မ ထင်ပါတယ်"

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်တို့သည် တရားခံနောက်သို့လိုက်ရန် မစီမံနိုင်သေးမီ ကိုအုန်းဖေအား မခင်ကျော့နှင့် ထားခဲ့၍ ကျွန်တော်တို့နှစ်ယောက်မှာ ကိုဘထွန်းရှိရာအရပ်သို့ သွားကြရလေ၏။

ကိုဘထွန်းသည် မခင်ကျော့တို့ လင်မယား အကြောင်းကို ဟုတ်တိုင်းမှန်ရာ သိရှိရသောအခါ သူတပါး၏ သားမယားကို ချစ်ကြိုက်မိလျက်သား ဖြစ်နေသော မိမိ၏ အဖြစ်ကို အတော်ပင်စိတ်ပျက်သွားသည့် လက္ခဏာရှိ၏။ လူပျိုကြီးတို့ မည်သည်မှာ အကြိုက်တွေ့သောတနေ့၌ နှစ်နှစ်ကာကာ စုံမက်တတ်သော ဓမ္မတာသဘော ရှိရကား ကိုဘထွန်းသည် မိမိမေတ္တာစိတ်၏ အချည်းနှီးသော လမ်းကြောင်းကို တွေ့မြင်ရသောအခါတွင် မနည်းတောင့်၍ ခံရရှာ၏။

အမှုကိစ္စပြီးသည့် နောက်ဆုံး၌ ဦးစံရှား၏ အကြံပေးချက်အရ ဒေါက်တာ ဦးထွန်းဝေနှင့် အတူ အိန္ဒိယပြည်သို့ ဒုတိယအကြိမ် သွားရောက်လည်ပတ်ရန် စီမံရလေ၏။

× × ×

## တရားခံနောက်သို့လိုက်ကြခြင်း

ကျွန်တော်နှင့် ဦးစံရှားသည် ကိုဘထွန်းကို နေအိမ်သို့ ပြန်ပို့ခဲ့ကြပြီးနောက် မခင်ကျော့နှင့် ကိုအုန်းဖေတို့ ရှိရာသို့ ပြန်လာကြပြီးလျှင် တရားခံ ကိုဘမြင့်နောက်သို့ ညတွင်းချင်းလိုက်ရန် ပြင်ဆင်ကြလေ၏။

မခင်ကျော့မှာ မိမိအား ဒဏ်ရာအနာတရ ရရှိအောင် ရိုက်နှက်ခြင်းထက် ချစ်ချစ်ဆိုသော မိန်းမ တယောက်အား ကိုဘမြင့်က အချစ်ကို ခွဲဝေပေးနေသည်ဆိုသော သတင်းအတွက် ပိုမို အမျက်ထွက်ဟန် လက္ခဏာနှင့် ကိုဘမြင့်အား ဖမ်းဆီးသည့်အရေးတွင် စိတ်ရောကိုယ်ပါ ကူညီဆောင်ရွက်ပေးဖို့ သဘောတူညီလေ၏။

"ကျွန်မကိုရိုက်လို့ အရေးကြီးပါစေ။ ကျွန်မ သည်းခံနိုင်ပါတယ်။ ဒီကတော့သူ့ကို အသက်ပေးပြီး ကာကွယ်လာလျက်နဲ့ သူကတော့ ကျွန်မအပြင် ဟိုတယောက်ကို မြင်တယ်ဆိုတာ ကျွန်မ အသည်းနာလွန်းလို့ မဆုံးနိုင်ဘူး။ တယောက်က ဒီလောက်သစ္စာစောင့်စည်းလို့မှ တယောက်က သစ္စာဖောက်တဲ့နောက် ဘာရ မလဲရှင်။ လာကြ၊ ကျွန်မလိုက်ပြမယ်"ဟု မခင်ကျော့ကပြော၍ ရှေ့မှ ထွက်လာမည်ပြုလေ၏။

ကျွန်တော်တို့သည် လက်နှိပ်ဓာတ်မီးများနှင့် အိမ်မှထွက်လာခဲ့ကြရာ အတန်ငယ် သွားမိကြသော အခါ ဦးစံရှား၏ အမိန့်အတိုင်း ဓာတ်မီးများကို ငြိမ်းလိုက်ကြရ၏။

"သူက စောင့်ကြည့်နေမယ်ဗျ။ မီးရောင်တွေမြင်ယင် ထွက်ပြေးနေပြန်လို့ ခရီးရှည်နေကြဦးမယ်" ဟု ဦးစံရှားက ပြောလေ၏။

ရှေ့ဆုံးမှ မခင်ကျော့နှင့် ဦးစံရှားတို့က သွားကြ၍ ကျွန်တော်နှင့် ကိုအုန်းဖေတို့က နောက်မှလိုက် ကြလေ၏။ အတန်ငယ် သွားမိကြသောအခါ လမ်းနံဘေးရှိ ရွှံ့ဗွက်ထဲတွင် မည်းနက်သော အရာဝတ္ထု တခုကို တွေ့သည်နှင့် ဦးစံရှားသည် လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ပြီး ရွှံ့ထဲသို့ ဆင်းသွားလေ၏။

နောက်ဆုံး၌ ဦးစံရှားသည် ရွှံ့ထဲမှ ပြန်တက်လာသောအခါ လက်ထဲ၌ နောက်ပိတ်ဖိနပ်တဘက် ပါ လာသည်ကို မြင်ကြရလေ၏။

"ဟိုတယ်မှာတုန်းက ကိုဘထွန်း ပျောက်တဲ့ဖိနပ် မှတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"အစစ်ပေါ့ဗျာ။ ကိုယ့်လူက သူ့ခွေးအနံ့ခံဖို့ ဒီဖိနပ်ကိုပြပြီး လွှတ်ပေးလိုက်ကရော။ ခွေးက ကိုဘထွန်း နောက်ကို လိုက်ကရော။ တော်တော်ကြာတော့ သေနတ်သံတွေ ကြားပြီး ကျုပ်တို့လူစုကို မြင်တာနဲ့ သူ့ကိစ္စ အခြေမလှဘူးထင်ပြီး သုတ်ခြေတင်ပြေးရော ထင်တယ်"

"ဟုတ်မှာပဲဗျို့။ ဒီအထိတော့ ကျုပ်တို့က သူ့ခြေရာခံမိပြီ။ ရွှေအဖို့သာ ဘယ်လိုနေမယ် မပြောတတ်တော့ဘူး"

"ဘယ်လိုမှမနေပါဘူး။ လျှိုထဲမှာပုန်းနေမှာ အမှန်ပါပဲ။ လာသာလာကြပါ"

ကျွန်တော်တို့သည် မခင်ကျော့၏ လမ်းညွှန်ချက်အတိုင်း ဆက်လက်၍ လျှောက်သွားကြလေ၏။

ကိုအုန်းဖေက မခင်ကျော့အား ရွှေမှမသွားပဲ နောက်မှ လိုက်ဖို့ပြောခြင်းကို နားမထောင်ချေ။ နဂိုအားဖြင့် သတ္တိကောင်းသည့်အထဲတွင် မခံချင်သော ဒေါသနကြောင့် စိတ်အားတက်ကြွခြင်း ဖြစ်နေဟန် ရှိ၏။

ဆက်လက်၍ သွားကြသောအခါ ကျွန်တော်တို့သည် သရဲလျှိုကို ချဉ်းကပ်လာကြပြီ ဖြစ်သောကြောင့် စကားမပြောကြဖို့ ဦးစံရှားက သတိပေး၏။

ထိုညမှာ လမရှိသောည ဖြစ်သော်လည်း တိမ်ကင်းစင်သည့်အတွက်ကြောင့် ကြယ်ရောင်ထွန်းလျက် ရှိ၏။ သို့ရာတွင် ဖော်ပြခဲ့ပြီးသော မြူနှင်းသည် တကောင်းကင်လုံး ပိတ်ဖုံးလျက် ရှိသေးသည့်အတွက်ကြောင့် လင်းသင့်သလောက်မလင်းပဲ မည်းတဲတဲ မှုန်တုန်တုန် ဖြစ်နေ၏။

ဝေးလံသော အရပ်၌ ဓာတ်ရှိသည့် အုန်ပြဘက်မှမူကား သန်းခေါင်ကြက်တို့သည် အတောင်နက်ကာ တသည်းသည်း မြည်တွန်လျက် ရှိကြ၏။ ကျွန်တော်တို့ လေးဦးမူကား တကိုယ်လျှင် စိတ်ကူးတမျိုးစီဖြင့် မြူနှင်းထဲတွင် ချုံပင်ကိုင်းပင်များကို ဖြဲ၍ တိုးကြရလေ၏။

"နီးလာပြီနော်။ သတိထားကြ"ဟု မခင်ကျော့က တီးတိုး သတိပေးလေ၏။ ထိုနေရာ၌ ဦးစံရှားသည် မခင်ကျော့ကို နောက်မှထား၍ သူကိုယ်တိုင် ခြောက်လုံးပြူးကိုင်လျက် ရှေ့ဆုံးမှ သွားလေ၏။ ကိုင်းပင်များသည် ထူထပ်သည်ထက် ထူထပ်လာသောကြောင့် ကျွန်တော်တို့မှာ ခြေလှမ်းကို ယခင်ကထက် လျှော့၍ လှမ်းကြရ၏။

ထိုခဏ၌ အလွန်တရာ ထိန်းလင်းလှသော မီးရောင်တခုသည် ကျွန်တော်တို့၏ ရှေ့တည့်တည့်မှ ဘွားကနဲ ပေါ်လာသည်။ အလွန်စူးရှသော အလင်းကြီးသည် ကျွန်တော်တို့၏ မျက်နှာသို့တိုက်ရိုက်တိုးဝင်သွားလေရာ မျက်လုံး ပြာကနဲ ဖြစ်သွားမိ၏။

ဤတွင် ဦးစံရှားက "ထိုးအိပ်လိုက်ကြ"ဟု အမိန့်ပေးလိုက်သဖြင့် ကျွန်တော်တို့လည်း မည်သည့်အဓိပ္ပါယ်ဟူ၍ စဉ်းစားမနေပဲ လှဲမိလှဲရာ မြေပေါ်သို့ လှဲအိပ်လိုက်ကြ၏။ ဦးစံရှား ကိုယ်တိုင်မှာလည်း မခင်ကျော့ကို ဆွဲလှဲယင်း မြေပေါ်၌ အလျားလိုက် မှောက်ပစ်လိုက်သည်ကို မီးရောင်တွင် မြင်လိုက်ရ၏။ သို့ရာတွင် ကျွန်တော်တို့ဘက်မှ တယောက်သောသူအဖို့ တစက္ကန့်၏ ဆယ်ပုံတပုံခန့်မျှသောအချိန် နောက်ကျသွားခဲ့လေပြီ။

"ဒိုင်း-ဒိုင်း"ဟူသော သေနတ်သံနှစ်ချက်သည် ရှေ့ဆင့်နောက်ဆင့် မြည်းဟိန်း သွားခဲ့လေပြီ။ တချက်မှာ မီးရောင်ရှိရာမှ လာသောအသံဖြစ်၍ ဒုတိယတချက်မှာ အလျားမှောက်လျက်ရှိသော ဦးစံရှားဆီမှ ထွက်လာသောအသံဖြစ်၏။ ယင်းသေနတ်သံများနှင့်အတူ "အမယ်လေး"ဟု အော်လိုက်သော အသံနှစ်ခုကိုလည်း ကြားကြရလေ၏။ တသံမှာ ရှေ့တည့်တည့်ဆီမှလာ၍ တသံမှာ ဦးစံရှားအနီးမှ လာ၏။

တတိယအကြိမ်

www.burmeseclassic.com

 www.burmeseclassic.com 

နောက်တခဏ၌ ကိုအုန်းဖေသည် ရှေ့စာည့်တည့်သို့ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်လိုက်သောအခါ မြေပေါ်တွင် ထိုင်လျက် လက်ကိုနှိပ်နေသော တရားခံ ကိုဘမြင့်ကို တွေ့မြင်ရလေ၏။ကျွန်တော်ကမူ ကျွန်တော်၏ ဓာတ်မီးဖြင့် ဦးစံရှားဆီသို့ ထိုးကြည့်လိုက်ရာ ဦးစံရှားသည် မခင်ကျော့ကို မြေပေါ်မှ ပွေ့ထူပေးနေသည်ကို တွေ့မြင်ရလေ၏။

ကိုအုန်းဖေမှာ တရားခံကို ဖမ်းဆီးရာ၌ တကယ်ကျွမ်းကျင်သည့်အလျောက် နောက်တခဏတွင်ကိုဘမြင့်ကို သေနတ်နှင့် ချိန်ရွယ်ပြီးဖြစ်ရာ ကျွန်တော်မှာမူ ဦးစံရှားအနီးသို့ ချဉ်းကပ်သွားလေ၏။ မခင်ကျော့မှာ လက်ဝဲဘက်ချင်တွင် ကျည်ဆံထိမှန်သွားသဖြင့် နှလုံးသားထွင်းဖောက်သွားသည့် လက္ခဏာနှင့် စကားမေးပင် မရတော့ပဲ ဦးစံရှားလက်ပေါ်တွင်ပင် လိမ်တွန့်ယင်း အသက်ကုန်သွားလေတော့၏။

''ကိုယ့်လင်ကို ကိုယ်ဖမ်းပေးတဲ့ ကောင်မ၊ သေတာကောင်းတယ်။ဒါပေမယ့် ကျုပ်မစ်လိုက်တုန်းကတော့ ခင်ဗျားကို ပစ်ဘာဗျို့ ဦးစံရှား။ သိပ်ကုသိုလ် ကောင်းတဲ့လူဗျာ''ဟု ကိုဘမြင့်က ပြောရာ''သေကံမရောက်၊သက်မပျောက်ဆိုတဲ့ စကားအတိုင်းပေါ့ဗျာ''ဟု ဦးစံရှားက ပြုံးရယ်ကာ ပြန်ပြောလိုက်သေး၏။

ကိုဘမြင့်သည် လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ယင်း ကျွန်တော်တို့လူစုကို သေနတ်နှင့် ပစ်လိုက်ခြင်းဖြစ်ရာ ဦးစံရှားက ဓာတ်မီးရောင်လာရာသို့ မှန်း၍ ပစ်လိုက်သည့်အတွက် ကိုဘမြင့်လက်ကို ထိမှန်သွားခြင်းဖြစ်၏။ ကိုဘမြင့် ဒဏ်ရာမှာ လက်ခကောက်ဝတ်တွင် ထိမှန်ထားခြင်း ဖြစ်သောကြောင့် မကြီးကျယ်လှချေ။ သို့သော် အရိုးတချောင်း ကျိုးသွားသည့် လက္ခဏာရှိ၏။

''ခင်ဗျား သေနတ် ဘယ်ကရသလဲ၊ မခင်ကျော့ကို ကျုပ် မေးကြည့်တော့ သေနတ် မရှိဘူးဆို''

''မယားကို နေရာတကာတိုင်း အသိပေးလို့ ဘယ်ဖြစ်မလဲဗျ။ ဓိနေရာကို အသိပေးမိဘာတောင် လွန်သွားတာပဲ၊ သူသိုက်ပြလို့ ခင်ဗျားတို့ တွေ့အောင် ရှာနိုင်တာပေါ့''

''ဒီကနေ့ည မတွေ့ယင်လဲ နက်ဖြန်တော့ ကျုပ်ဖာသာ တွေ့အောင် ရှာမှာပေါ့ဗျ''

''ထင်လိုက်မလဗျာ။ နက်ဖြန်ကျအောင် ကျုပ်က ဘာနေလိမ့်မှာလဲ။ ဒီတည ဒီမှာ ပုန်းအိပ်ပြီး နက်ဖြန်တော့ စခန်းပြောင်းဦးမှာပေါ့''

''ဒါထက် ခင်ဗျား သေနတ် ဘယ်က ရတာလဲ''

''ဘိလပ်သင်္ဘောဆိုက်တဲ့အခါမှာ သင်္ဘောသားတွေဆီက ဝယ်ယူယင် အပုံဗျာ။ လိုလိုမည်မည် ဆိုပြီး သင်္ဘောသားတယောက်ဆီက ငွေငါးဆယ်ပေးပြီး ဝယ်ထားတဲ့ သေနတ်ပေါ့ဗျ။ ယမ်းတောင့် တတောင့်တည်း ကျန်တော့လို့ ခင်ဗျားတို့ ချမ်းသာရာ ရကုန်ကြတာပေါ့ဗျ။ နို့မို့ယင်လား''

''ခင်ဗျား လက်တဘက် ကျိုးနေပြီပဲ''

''ဗယ်ဘက်လက် ကျိုးသွားလို့ ဘာအရေးလဲဗျ။ မော်လမြိုင်ရထားမှာ ပထမတွဲကို တိုက်တုန်းက ယမ်းတောင့်တွေ ကုန်သွားလို့ပဗျာ''

''ဩြော်၊ စတီးဘရားသား ကုမ္ပဏီက မန်နေဂျာကိုတိုက်တာ ခင်ဗျားကိုး''ဟု ကိုအုန်းဖေက ဝင်ထောက်လိုက်လေ၏။

''ဟုတ်တာပေါ့။ ခုမှတော့ ဘာထူးတော့သလဲ။ မြေလတ်တစိုက်မှာ လက်သည်မပေါ်တဲ့ ဒမြမှုတွေဟာ ကျုပ်ချည်းပဲ''

''စွမ်းပါပေ့ဗျာ။ တယောက်တည်းရယ်၊ ဟုတ်လား''

[illegible]

www.burmeseclassic.com

www.burmeseclassic.com


"တယောက်တည်းမို့လို့ ခုထက်ထိ ခင်ဗျားတို့လူစုပေါ်အောင် မလိုက်နိုင်တာပေါ့ဗျ။ အဖော်ပါယင် မိပြီးတာ ကြာလှပြီ။ မိန်းမမို့လို့ မလွဲသာလို့ အသိပေးလိုက်ပါတယ်။ ဟော၊ ခု အဖမ်းခံရပြီမဟုတ်လား"

ထို့နောက် ကျွန်ုပ်တို့သည် မခင်ကျော့၏ အလောင်းကို မြက်ခင်းပေါ်တွင်ချထား၍ ကိုဘမြင့်၏ ခံတပ်ကိုကြည့်ရှုကြလေ၏။ လျှို၏ တဘက်သော ကမ်းပါးတွင် လက်ခုပ်တဖောင်ခန့် နက်၍ ခြောက်ပေ ပတ်လည်ခန့် ကျယ်ဝန်းသော တွင်းကြီးတတွင်းကို တွေ့မြင်ကြလေရာ တွင်းကြီး၏ ပတ်ဝန်းကျင် အရပ်၌ အရိုးအမြောက်အမြားကိုလည်း တွေ့ကြရ၏။

ကိုဘမြင့်သည် ဈေးသို့ နှစ်ရက် သုံးရက်လျှင် တကြိမ်ကျသွား၍ အမဲရိုးများ၊ ဆိတ်ရိုးများကိုဝယ်ယူခဲ့ပြီးလျှင် လျှို့ဝှက်စွာ ဆောင်ကြဉ်းလာခဲ့ပြီးမှ တွင်းထဲ၌ လှောင်ထားသော မိမိ၏ခွေးကြီးကိုအစာကျွေးလေ့ရှိကြောင်း သိရှိရ၏။

ရေအတွက်မှာမူ လျှိုမှ လုံလောက်စွာ ရရှိနိုင်၏။ ထိုနေရာမှာ ဦးထွန်းဖြူ၏ဘိုးစဉ် ဘောင်ဆက်မှစ၍ သရဲ ခြောက်သည်ဟု နာမည်ကြီးလာခဲ့ခြင်းကို ကိုဘမြင့် သိရှိသည်နှင့် ခွေးကြီးဝှက်ထားရန် အတွက် အကောင်းဆုံးသောနေရာကို ရရှိထားခဲ့ခြင်း ဖြစ်လေ၏။

ရွာသူရွာသားများသည် ထိုနေရာသို့ တနှစ်တွင် တကြိမ်ရောက်သည် မရှိပေရာ အနည်းငယ် ချဉ်းကပ်ဖူးသော နွားကျောင်းသားများမှာသည်း ခွေးကြီး၏ ကြောက်မက်ဖွယ် နက်ကျယ်လှသော အူသံကို ကြားမိသည်နှင့် နောက်ထပ် ချဉ်းကပ်ဖို့ စိတ်မကူးဝံ့အောင် ဖြစ်နေကြလေ၏။ သို့ဖြစ်ရကား ကိုဘမြင့်သည် မိမိ၏အကြံအစည်ကို လူရိပ်မိမည်ဟု စိုးရိမ်ရန် မရှိပဲ စိတ်ချလက်ချ သို့ဝှက်ထားနိုင်ခဲ့ခြင်း ဖြစ်၏။

× × ×

## နောက်ကြောင်းပြန်၍ ဇာတ်လှန်ခြင်း

တနေ့သ၌ ဦးစံရှားနှင့် ကျွန်ုပ်တို့သည် အိမ်ရှေ့ခန်းတွင် လက်ဖက်ရည်သောက်လျက်နေကြစဉ် ညွှန့်သည့်နှစ်ယောက် ရောက်လာကြလေ၏။ ယင်းတို့မှာ ကိုဘသွန်းနှင့် ဒေါက်တာ ဦးထွန်းဘေတို့ ဖြစ်ကြလေရာ အိန္ဒိယပြည်သို့ မထွက်ခွာမီ ကျွန်ုပ်တို့ထံဝင်၍ နှုတ်ဆက်ကြခြင်း ဖြစ်လေသည်။

ကျွန်ုပ်တို့လူစုမှာ ကိုဘမြင့်အမှုတွင် သက်သေခံရန်မလိုက်ရတော့ချေ။ အကြောင်းကား ကိုဘမြင့်သည် အချုပ်ခန်းထဲ၌ ရှိနေစဉ် သူ့ကိုယ်ထဲ၌ လျှို့ဝှက်ထားသော အဆိပ်ပုလင်းကို သောက်ခြင်းအားဖြင့် မရဏပြည်သို့ စက်ဘိုင်လမ်းမှမသွားပဲ ဖြတ်လမ်းမှ လိုက်သွားနှင့်ပြီး ဖြစ်ပေသောကြောင့်တည်း။

ဦးစံရှားသည် 'ပွေလီ' ခွေးမှုနှင့် ပတ်သက်၍ ကျွန်ုပ်တို့အား ရှင်းလင်းပြောပြခြင်း မပြုရသေးပေရာ ကိုဘသွန်းတို့ လူသိုက် ဆိုက်ရောက်လာသောအခါတွင်မှ အခါအခွင့် သင့်သည့် အားလျော်စွာ အောက်ပါအတိုင်း ရှင်းလင်း ပြောပြလေ၏။

"အခုအမှုက အဖြစ်အပျက်တွေဟာ ကိုဘမြင့်အဖို့တော့ ရှင်းလို့ နေတာပဲဗျ။ ကျုပ် အဖို့မှာတော့ သူ့ရဲ့ ရည်ရွယ်ချက်ကိုလဲ မသိရ၊ အကြောင်းအရာကိုလဲ အစုံအလင်မသိရပဲ တပိုင်းတစလောက် သိထားတဲ့ နေရာက စဉ်းစားရခြင်းဖြစ်လို့မို့ အင်မတန် ရှုပ်ထွေးနေတော့တာပဲ။ သို့သော်လဲ မခင်ကျော့နဲ့ ဟိုတုန်းက တွေ့လိုက်ရစဉ်က မရှင်းမလင်းတဲ့ အချက်ကလေး ရှိသမျှကို သူ့မေးထားလိုက်ရလို့ အစအဆုံးဆိုသလို ရှင်းလင်းသွားပါပြီ။ ကြွက်လျှောက်ပေါ်က ကျုပ်ဖိုင်တွဲထဲမှာ 'ဘီ' ဆိုတဲ့ အက္ခရာပိုင်းကိုဖတ်ကြည့်ကြယင် အစုံအလင် တွေ့ကြပါလိမ့်မယ်"

"စာဖတ်မနေပါရစေနဲ့တော့ ခင်ဗျာ။ မှတ်မိသလောက်ကိုသာ နှုတ်နဲ့ ရှင်းပြောပြယင် ကျေနပ်ကြပါပြီ"


www.burmeseclassic.com

www.burmeseclassic.com

"ဒီအတိုင်းပြောပြရယင် အားလုံးစုံလင်လိမ့်မယ်လို့တော့ ကျုပ် အာမ မခံနိုင်ဘူးဗျနော်။ ရှေ့နေ ပြောတာမျိုးလိုပဲ။ ဒီအမှုကို သူလိုက်နေတုန်းဆိုယင် အမှုနဲ့ပတ်သက်တဲ့ အဖြစ်အပျက်တွေကို ကောက်ကာ ငင်ကာ သူပြောပြနိုင်တယ်။ အမှုပြီးလို့ နောက်တမှုလောက်ဆိုယင်လဲ ခုနင်က အမှုကို သူမေ့ကုန်ပြီ။ ကျုပ် မှာလဲ ဒီလိုပဲဗျ။ အနုဒ္ဒရှာက ပြန်လာပြီး အသက်အာမခံကုမ္ပဏီလိမ်လည်မှုကို ကောက်ကိုင်လိုက်တာနဲ့ ပွေလီ ခွေးမှုကြီးကို မေ့သလိုလို ဖြစ်ကုန်ပြီ။ သို့သော် ကျုပ် သတိရသလောက် ပြောပြရမှာပေါ့လေ"

"ပြောသာ ပြောပါခင်ဗျာ။ မေ့တာရှိယင် ကျွန်တော်တို့က ထောက်ပေးပါ့မယ်"

"ကိုဘမြင့်ဟာက တခြားလူမဟုတ်ဘူးဗျ။ ဦးထွန်းဖြူရဲ့ညီတယောက် ရှမ်းပြည်ရှမ်းရွာရောက်သွားပြီး ပျောက်သလိုလို ခင်ဗျားတို့ ကြားဖူးတယ် ဟုတ်လား။ အဲ ကိုဘမြင့်ဟာ ဒီလူက မွေးခဲ့တဲ့ သားပဲဗျ။ သူ့ အမေက ရှမ်းမဆို ထင်ပါရဲ့။ ကိုဘမြင့်ဟာ ဒိပြင်နာမည်နဲ့ ရှမ်းပြည်မှာ အတော်ကြီး ကလိမ်ကျလာခဲ့လို့ နောက် ရှမ်းပြည်မှာ မနေနိုင်တော့ပဲ မြစ်ဝကျွန်းပေါ်အရပ် ရောက်လာပြီး ကျောင်းဆရာ ယောင်ယောင် မှော်ဆရာယောင်ယောင်နဲ့ အတော်လျှောက်ပြီး လိမ်လိုက်သေးတာပဲ"

"မခင်ကျော့နဲ့တော့ ဘယ်မှာတွေ့ကြသတဲ့လဲ"

"တောင်ကြီးမြို့မှာ အင်္ဂလိပ်ကျောင်းဆရာမလုပ်ယင်း ကိုဘမြင့်နဲ့ချစ်ကြိုက်ပြီး မင်္ဂလာဆောင်ခဲ့ကြ တယ် ပြောတာပဲ။ မြစ်ဝကျွန်းပေါ် အရပ်မှာတဲ့။ လင်မယားနှစ်ယောက်စလုံးက အင်္ဂလိပ်စာတတ် ဖြစ်လေ တော့ သူတို့ရဲ့ ကျောင်းအလုပ်ဟာ တော်တော်ကြီးပွားသတဲ့ဗျ။ နို့ပေမယ့် လူက မကောင်းတဲ့နည်းလမ်းနဲ့ အသက်မွေးဖို့ အထုံပါလာတဲ့လူ ဖြစ်လေတော့ လိမ်ဖို့ ကောက်ဖို့လောက်သာ ဉာဏ်ထုတ်ချင်တော့တာ ကိုးဗျ"

"အနုဒ္ဒဆောက်ကြပုံ ပြောပြပါတော့ဗျာ"

"ကိုဘမြင့်က အနုဒ္ဒမှာ သူ့ဆွေမျိုးများရှိကြောင်း၊ အမွေရဖို့ မျှော်လင့်ချက်ရှိကြောင်းများကို သူ့အမေဆီက သူသိသားပါလိမ့်မယ်။ သို့သော် အမွေပစ္စည်းများ သူ့လက်ရောက်ဖို့ဟာ ဦးထွန်းဖြူဆိုတဲ့ လူနဲ့ ကိုဘထွန်းဆိုတဲ့ လူနှစ်ယောက် လမ်းမှာ ဆီးနေကြောင်းကို သူသိရတယ်။

"ရှေးဦးစွာ အနုဒ္ဒရွာကို သူတို့လင်မယား လာကြစဉ်အခါက ဒီအမွေကိုရအောင် ဘယ်လို လုပ်ယူရ ပါ့မလဲလို့ နည်းလမ်းများ စဉ်းစားပြီးသေးတဲ့လက္ခဏာ မရှိဘူး။ သို့သော် သူ့မယား မခင်ကျော့ကို နှမ လုပ်ပြီး လာပုံထောက်ခြင်းအားဖြင့် လိမ်ဖို့ကောက်ဖို့ အကြံအစည် ပါလာကြောင်းတော့ ထင်ရှားတယ်။

"သူ့အကြံကို ကွက်စိပ်ရိုက်ပြီး စီစဉ်ရသော်လဲ မခင်ကျော့နဲ့ မြှူဖို့လောက်ကိုတော့ အကြွမ်း အားဖြင့် သူစဉ်းစားဟန်တူတယ်။ ဒီပစ္စည်းရဖို့အတွက်ဆိုယင် ဘာမဆို စွန့်ပြီး လုပ်တော့မယ်လို့လဲ ဆုံးဖြတ် ထားပြီးနဲ့တူတယ်။ ဒီတော့ကာ ရှေးဦးစွာ သူဘာလုပ်ဖို့လိုသလဲဆိုတော့ ဦးထွန်းဖြူနဲ့ နီးနီးကပ်ကပ်နေထိုင် နိုင်ဖို့ရယ်၊ နောက်ပြီးတော့ သူနဲ့ ရင်းနှီးတဲ့ မိတ်ဆွေတယောက်အဖြစ် ရောက်အောင် လုပ်ဖို့ရယ် သူ စီမံ ရတာယ်"

"ဒါနဲ့ ဟိုအိမ်ကလေးမှာနေပြီး ဦးထွန်းဖြူနဲ့ သိကျွမ်းကြရော ဆိုပါတော့"

"သိကျွမ်းပြီးတဲ့နောက် ဦးထွန်းဖြူက သူတို့ ဘိုးစဉ်ဘောင်ဆက် ရာဇဝင်ကို ပြောပြရာမှာ ခွေး အကြောင်းကို သူ ကြားတာကိုးဗျ။ သူ့ဘိုးဘေးများဟာ ခွေးတစ္ဆေကြောင့်သေရသလိုလို အယူရှိကြောင်း ကြားရတော့ ကိုဘမြင့်မှာ အကြံတခု ပေါ်သွားတာကိုးဗျ။ ဒိပြင်လဲ ဦးထွန်းဖြူဟာ နှလုံးရောဂါရှိတဲ့ အကြောင်း၊ ပြင်းပြင်းထန်ထန် ထိတ်လန့်တုန်လှုပ်ယင် သေနိုင်လောက်တဲ့ အကြောင်းကိုလဲ သူ ရိပ်မိတယ်။

တတိယအကြိမ်

www.burmeseclassic.com


“ဦးထွန်းဖြူကိုယ်တိုင်က ခွေးတကောင်အကြောင်းကို ယုံကြည်ပြီး သူသေမယ့်တနေ့မှာ ခွေးတကောင် ပေါ်လာလိမ့်မယ်လို့လဲ သူ့စိတ်ထဲမှာ စွဲနေကြောင်း ကိုဘမြင့် သိရတယ်။ ဒီအကြောင်းကို သူ သိသိချင်း ကိုဘမြင့်ဟာ ဉာဏ်သွားတဲ့လူတယောက် ဖြစ်လေတော့ လူသတ်မှု မဖြစ်ရပဲနဲ့ ဦးထွန်းဖြူကို ခြောက်သတ်နိုင်တဲ့ နည်းလမ်းတခုရှိကြောင်း သူ ရိပ်မိတယ်”

“ဟုတ်ပြီဗျို။ ဆိုပါဦးဗျ”

“ဒီနည်းလမ်းကို သူရိပ်မိရိပ်မိချင်း ဒီအတွက် အတော်ဉာဏ်ထုတ်ပြီးသူ စီစဉ်တယ်။ သူလို ငါလို လူသာမန်ထဲကဆိုယင် သာမည ခွေးဆိုးတကောင်နဲ့ အလုပ်လုပ်ဖို့ စီမံလိမ့်မယ်။ ကိုဘမြင့်က ဒီလို ရိုးရိုးကြီး နည်းမျိုးနဲ့ သူ့စိတ်မကျနပ်ဘူး။ ခွေးကို သာမညခွေး မထင်ရပဲ သရဲစီးတဲ့ခွေး၊ သရဲဝင်နေတဲ့ခွေးလို့ မှတ်ထင်ရလောက်အောင် စီမံလိုက်ခြင်းဟာ ကိုဘမြင့်ရဲ့ ဉာဏ်စွမ်းပေပဲဗျ။

“ကျုပ်တို့ မြန်မာပြည်မှာ မြန်မာပြည်ပေါက်လို့ မှတ်ထင်နေရတဲ့ ခွေးကြီးအမျိုးမျိုးအနက် ပွေလီ ဆိုတဲ့ ခွေးမျိုးဟာ အဆိုးဆုံးပဲဗျ။ မူလကတော့ ဒီခွေးမျိုးဟာ ခွေးသမင်နဲ့ ဂရိတ်ဒိန်းဆိုတဲ့ ဥရောပ ခွေးမျိုးနဲ့စပ်ပြီး ဖောက်ထားတဲ့ ‘ဗန်တပ်’ မျိုးနဲ့ တူတယ်။ အခု လက်ထက်တော့ သူတို့ ‘ဗန်တပ်’ အချင်းချင်း စပ်ပြီး ပွေလီမျိုးရယ်လို့ တမျိုးတမည် နာမည်တွင်နေတယ်။ တချို့ တောရွာများမှာတောင် တကောင်ကို လေးငါးဆယ်ပေးပြီး ဝယ်နေကြသတဲ့။ ကိုဘမြင့်ကတော့ သူ့ခွေးကို ပဲခူးနယ်၊ ကျိုက်ပတိုင်ရွာက တံငါ သည် တယောက်ဆီက ၆၅ ကျပ်နဲ့ ဝယ်ယူခဲ့တယ်လို့ ကျုပ် စုံစမ်းသိရှိရတယ်။

“ဒီခွေးကြီးကို သူဝယ်ပြီး လူသူသိအောင်ဟာ မီးရထားနဲ့ တင်မယူခဲ့ဘူး။ ခြေကျင်လျှောက် ယူလာခဲ့ပြီးသရဲလျှိုထဲမှာ တိတ်တဆိတ်ဝှက်ထားတာကိုးဗျ။ သရဲလျှိုသတင်းကိုလဲ သူ သိပြီး ဖြစ်လေတော့ ခွေးဝှက်ထားဖို့ အကောင်းဆုံး နေရာပေပဲကိုးဗျ။ ဒါနဲ့ ခွေးကြီးကို တွင်းကြီးထဲမှာ ဝှက်ထားပြီး အချက် ကောင်း အကွက်ကောင်းကို သူ စောင့်ကြည့်နေတော့တာကိုးဗျ”

“တွင်းကြီးက နဂိုရှိတာ မဟုတ်ပါဘူး။ လူငှားတူးရော့သလား”

“ဘယ် လူငှားလိမ့်မှာလဲဗျ။ လူတယောက်တူးယင် နှစ်ရက် သုံးရက် တူးရတော့မပေါ့”

“ဆိုပါဦးဗျာ”

“ဒါနဲ့ အချက်ကောင်းကို သူစောင့်နေဟာ တော်တော်နဲ့ မပေါ်လာနိုင်ဘူး ထင်ပါရဲ့။ ဦးထွန်းဖြူကို ညဥ့်အချိန်မှာ အပြင်ထွက်ဖို့ သွေးဆောင်လို့လဲ မရဘူး။ ကိုဘမြင့်ကိုယ်တိုင် သူ့ခွေးကြီးနဲ့ သုံးလေးခါ စောင့်ကြည့်သေးတယ်။ ဒါနဲ့လဲ အချက်ကောင်းမရဘူး။ အဲဒီလို စောင့်နေတဲ့ တခါမှာ တယောက်ယောက် က ဒီခွေးကြီးကို မြင်သွားဟန် တူပါရဲ့။ ဒါကြောင့် ခွေးသရဲဆိုတဲ့ သတင်းဟာ အသစ်လောပြီး ပေါ်ထွက် လာပြန်တာကိုး။ ဦးထွန်းဖြူကို သူ့မယား မခင်ကျော့နဲ့ မြှူပြီး အပြင်ထုတ်ဖို့ ကြံစားသေးသတဲ့။ သို့ပေမယ့် မခင်ကျော့က ခေါင်းမာနေလို့မို့ အဲဒီအကြံလဲ အထမမြောက်ခဲ့ဘူးတဲ့။

“အဲဒီ အကြံတုန်းက မခင်ကျော့ကို ရိုက်လား နှက်လားတောင် သူလုပ်သေးသတဲ့။ ဒါပေမယ့် မခင်ကျော့က ဒီလောက် သဘောကောင်းတဲ့ လူကြီးတယောက်ကို ပျက်စီးအောင် ကြံစည်တဲ့ အထဲမှာ သူ မပါချင်ဘူးဆိုလို့ ခင်ဗျားလူ အကျပ်ကျခဲ့ဘူးသေးတာကိုး”

ထိုအခါ ကိုဘထွန်းက “ကျွန်တော်ကတော့ သဘောမကောင်းလို့ သူ ပါသတဲ့လား ခင်ဗျာ” ဟု ဣန္ဒြေကြီးနှင့် ဝင်ပြောလေ၏။

---

အဆိုယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


"ဒါတော့ မပြောပေနဲ့ဗျာ။ ခင်ဗျားကိုလဲ ဟိုရွာမှာ မနေစေဖို့ မခင်ကျော့က ဘယ်လောက် ကြိုးစားပေသလဲ။ နောက်ဆုံးအထိလဲ တတ်နိုင်သမျှတော့ ခင်ဗျားဘက်က သူကူညီတာချည်းပါပေလားဗျာ"

"ဟုတ်ပါရဲ့လေ။ ကိုင်း၊ ရှေ့ကို ဆက်ပါဦး ဦးစံရွှား"

"ဒါနဲ့ မခင်ကျော့နဲ့ အလုပ်,လုပ်လို့ မရမှန်းသိတော့ ကိုဘမြင့်က ချစ်ချစ်နဲ့ တမျိုး စီမံတာကိုးဗျ။ ချစ်ချစ်ကိုလဲ သူဘာ လုပ်ချင်လို့ ပြောထားပြီး ချစ်ချစ်ယောကျ်ားနဲ့ ကွာရှင်းပြီးတဲ့ တနေ့မှာ လက်ထပ်ယူပါ့မယ်လို့ ပြောထားလေတော့ ဟိုမိန်းမက အဟုတ်မှတ်ပြီး သူ့အကြံကို ကူညီပေးခဲ့တာကိုးဗျ။

"ဒီ အတောအတွင်းမှာ ဦးထွန်းဖြူဟာ ကျန်းမာရေးအတွက် အနုန္ဒိရွာက ထွက်ခွာဖို့ စီမံနေကြလေယော့ ကိုဘမြင့်မှာ သူ့ကိစ္စကို အလျင်စလိုဆောင်ရွက်ဖို့ အရေးကြီးလာတာကိုးဗျ။ ဒီရွာက ပြောင်းသွားယင် သူ့အကြံဟာ လုံးလုံး လက်လျှော့လိုက်ရတော့မလို ဖြစ်နေတာကိုးဗျ။ ဒီတော့ သူက ဘာလုပ်သလဲ။ ချစ်ချစ်ကို စာရေးခိုင်းတယ်။ ဘယ်လိုခိုင်းသလဲ။ ထိုအချိန် ထိုအခါမှာ ထိုနေရာမှာ တွေ့ဖို့ ချိန်းခိုင်းပါလေရောဗျ။ သူခိုင်းသလို ချစ်ချစ်က စာရေးလိုက်ပြီးတဲ့နောက်မှ ချစ်ချစ်ကို မသွားစေဖို့ တားထားပြီး သူ စီစဉ်ထားသလို လုပ်ခွင့် ရသွားတော့တာကိုးဗျ"

"သူ စီစဉ်ထားပုံက ဘယ်လိုလဲ"

"ပြောမယ်လေ။ သရဲလျှိုကိုသွား။ ခွေးကြီးကိုထုတ်။ ဖော့စ်ဖော်ရတ်စ်နဲ့ စပ်ထားတဲ့ ဆေးကို တကိုယ်လုံး သုတ်လိမ်းပေး။ ဦးထွန်းဖြူနဲ့ ချိန်းထားတဲ့ တံခါးဆီကို ခေါ်လာခဲ့။ ဝင်းတံခါးမှာ စောင့်နေတဲ့ ကိုထွန်းဖြူကိုမြင်။ ခွေးကြီးနဲ့ ရှူးတိုက်ပေး။ ခွေးကြီးက ဝင်းထရံပေါက်က ခုန်ပြီးတိုး၊ နဂိုက ခွေးတစ္ဆေလန့်နေတဲ့ ဦးထွန်းဖြူက မီးတောက် မီးလျှံတွေလို အရောင်တလက်လက်နဲ့ ပြူးပြူးပျက်ပျက်ဖြစ်နေတဲ့ ခွေးကြီးကိုမြင်တော့ ကြောက်အား လန့်အားနဲ့ ငယ်သံပါအောင် အော်ပြီး သေွးရူးသွေးတန်း ပြေးမိ ပြေးရောကိုဂမူးရှူးထိုးပြေး။ ခွေးကြီးက နောက်ကလိုက်။ နှလုံးရောဂါအခံရှိတဲ့သူမို့ ပြေးယင်းလွှားယင်း နှလုံးရပ်ပြီး လဲသေ။ ခွေးကြီးက နမ်းကြည့်။ သေမှန်းသိလေတော့ ခွေးတို့ထုံးစံအတိုင်း ဘယ့်နှယ်မှ မလုပ်ပဲ လှည့်ပြန်သွား။ သူ့ သခင် ကိုဘမြင့်က ဆီးခေါ်။ သရဲလျှိုရောက်အောင် ပြန်ပို့။ ခါတိုင်းလို ငုက်ထားခဲ့။ အိမ်ပြန်ပြီး ဣန္ဒြေမပျက်နေ။ ဒါပေါ့ဗျ သူ့အလုပ်"

"ဒီတော့မှ ဦးထွန်းဖြူအမှုဆိုပြီး ဒေါက်တာ ဦးထွန်းဝေက ကျွန်တော်တို့ဆီ ရောက်လာလို့ ဒီအမှုထဲ ကျွန်တော်တို့ ပါနေကြတယ် ဆိုပါတော့"

"အစစ်ပေါ့ ကိုသိန်းမောင်၊ ကိုင်း ဒါနဲ့ ဦးထွန်းဖြူသေရော။ ကိုဘမြင့် စီမံပုံကို ကြည့်လိုက်စမ်း။ ဘယ်လောက် ဉာဏ်သွားတဲ့ လူတယောက်လဲ။ သူ့ကိုလူသတ်မှုနဲ့ ဘယ့်နှယ်လုပ်ပြီး စွပ်စွဲမလဲ။ သေစေလိုတဲ့ ရည်ရွယ်ချက်နဲ့ သေအောင်လုပ်လို့ သေတာတော့ မှန်တယ်။ သို့သော် လက်ဆုပ်လက်ကိုင် အပြစ်ထင်ရှားဖော်ပြဖို့က ဘယ်လောက် ခက်သလဲဗျ။

"ဒါကြောင့် သူ့ကို ကြိုးရှည်နဲ့လှန်ပြီး နောက်တမူ လုပ်တဲ့တိုင်အောင် ကျုပ်တို့ စောင့်ကြည့်နေခဲ့တာကိုးဗျ။ ဦးထွန်းဖြူရဲ့အမှုမှာ ပတ်သက်နေတဲ့ ချစ်ချစ်နဲ့ မခင်ကျော့ဆိုတဲ့ မိန်းမ နှစ်ယောက်စလုံးက ကိုဘမြင့်ကြောင့် ဦးထွန်းဖြူသေရတယ် ဆိုတာတော့ ရိပ်မိကြတယ်။ သို့သော် သူတို့ကိုယ်တိုင်လဲ လက်ဆုပ်လက်ကိုင် မပြနိုင်ဘူး။ မခင်ကျော့က ကိုဘမြင့်ဟာ ဦးထွန်းဖြူကို သေကြောင်း ကြံစည်နေတယ်ဆိုတာရယ်၊ ခွေးကြီးတကောင်ရှိတာရယ် သူ ရိပ်မိတယ်။ ချစ်ချစ်ကတော့ ဒီနှစ်ချက်ကို မရိပ်မိဘူး။

"သို့သော် သူ့ကို စာရေးခိုင်းပြီးတဲ့နောက် မသွားဖို့တားထားပြီး ချိန်းထားတဲ့အချိန်မှာ ဦးထွန်းဖြူ သေကြောင်း ကြားရတော့ အကြံအာကျယ် မသင်္ကာခြင်းဖြစ်တယ်။ သို့သော် မိန်းမ နှစ်ယောက်စလုံးဟာ

 www.burmeseclassic.com 

ကိုဘမြင့်ရဲ့ သြဇာခံဖြစ်လေတော့ ကိုဘမြင့် စိုးရိမ်စရာ ဘာမှမရှိဘူး။ ဒီတော့ကာ ကိုဘမြင့်အဖို့ အလုပ်တဝက်တော့ ပြီးစီးသွားပြီ။ သို့သော် ခက်ခဲတဲ့ အပိုင်းတပိုင်းက ကျန်နေသေးတယ်''

''ဒီအပိုင်းက ကျန်တော့်ကို ဖျောက်ဖျက်ပစ်ဖို့ အရေပဲ ထင်တယ်''ဟု ဟု ကိုဘထွန်းက ကြက်သီးထကျောချမ်းဟန်နှင့် မေးပြော ပြောလေ၏။

''အစစ်ပဲ။ ဦးထွန်းဖြူသေပြီးတဲ့နောက် အိန္ဒိယပြည်ကို အလည်အပတ်သွားနေတဲ့ အမွေခံ အမွေစား ကိုဘထွန်း ဆိုက်ရောက်လာတဲ့အကြောင်းကို ဦးထွန်းဝေဆီက ကိုဘမြင့် ကြားသိရဟန်တူတယ်။

''ဒီတော့ကာ ကိုဘမြင့် ဘယ်လို စိတ်ကူးသလဲ ဆိုတော့ ကိုဘထွန်းကို အုန္နီရွာ ရောက်အောင်မထားပဲ ရန်ကုန်မြို့တွင်းမှာတင် ကိစ္စတုံးအောင် စီရင်လိုက်ဖို့ အကြံပြုထားဟန်တူတယ်။

''ဒါကြောင့် ရန်ကုန်မြို့ကို သူလိုက်သွားတယ်။ လိုက်သွားစဉ်က သူ့မိန်းမ မခင်ကျော့ကို တယ်ပြီး စိတ်မချတဲ့အတွက် အုန္နီမှာ မထားခဲ့ပဲ ရန်ကုန်ကို သူနဲ့အတူ ခေါ်သွားတယ်။ ရန်ကုန်ရောက်ကြတော့လဲ မခင်ကျော့ကို သူမယုံနိုင်လေတော့ သူမရှိခိုက် အခန်းထဲမှာ ပိတ်လှောင်ထားခဲ့တယ်လို့ ကျုပ်သိရတယ်။

''သူကိုယ်တိုင်ကတော့ ကိုဘထွန်းရဲ့နောက်ကို ခြေရာခံပြီး မင်တိုမင်ရှင် ဟိုတယ်ကို လိုက်တယ်။ ကျုပ်တို့နေတဲ့ ဒီလမ်းကို လိုက်တယ်။ နောက်ဆုံး ကုမ်းခြံဘူတာရုံမှာ မြင်းရထားကို လွှတ်လိုက်တယ်။ မခင်ကျော့ကတော့ ကိုဘထွန်းရဲ့အသက်ကို သူ့ယောကျ်ားက ကြံစည်နေကြောင်း ရိပ်မိလေတော့ စာနဲ့ရေးပြီး သတိပေးချင်ပါရဲ့တဲ့။ ဒါပေမယ့် သူ့အသက်ကိုပါ ရန်ရှာမှာကို ကြောက်ရတယ်တဲ့။

''ဒါကြောင့် မတော်တဆ ကိုဘမြင့်တွေ့သွားယင် သူ့ကို အတပ်မစွဲနိုင်တဲ့နည်းတခု အကြံရပြီး သူရိယသတင်းစာ ခေါင်းကြီးပိုင်းက ကိုက်ညှပ် စပ်ဟပ်ပြီး စာတစောင် ထည့်လိုက်တယ်။ အဲဒီ သတိပေးစာကို ကိုဘထွန်းက ကျုပ်တို့ကို လာပြီးပေးတယ်။ ဟုတ်လား''

''ဩော် လက်စသတ်တော့ မခင်ကျော့ဆီက စာကိုး''

''အစစ်ပေါ့ဗျာ။ ပြီးတော့ ကိုဘမြင့်မှာ ဘာတခု အရေးတကြီး လိုနေသလဲဆိုတော့ ကိုဘထွန်းရဲ့ အဝတ်အစားထဲက တခုခုကို သူလိုချင်တယ်။ ဘယ်အတွက်လဲ ဆိုတော့ သူ့ခွေးကြီး လွှတ်လိုက်ပြီး ကိုဘထွန်းကို ကိုက်သတ်ခိုင်းဖို့ ကိစ္စမှာ အနံ့ပြပေးဖို့ အတွက်ကိုးဗျ။

''ဒီခွေးမျိုးဟာက ဘယ်လိုလဲဆိုတော့ အဝတ်အစားတခုခုကို ပြလိုက်တဲ့ အခါကျယင် သေသေချာချာ နမ်းကြည့်မိတယ်။ နောက်ပြီး ဒီအဝတ်နဲ့ အနံ့တူတဲ့ လူနောက်ကို အတင်းလိုက်ပြီး အတင်းကိုက်သတ်ဘယ်။ ဒီအတောအတွင်းမှာ ဒိပြင်လူတွေကို လမ်းမှာ ဘယ်နှစ်ယောက်ပဲ တွေ့တွေ့၊ သူ ဘယ့်နှယ်မှ မလုပ်ဘူး။ ဒီအနံ့ရှိတဲ့ လူနောက်ကို မတွေ့မချင်း အတင်းလိုက်တာပဲ''

''ဒီလို လိုက်တတ်ဖို့ သင်ထားရတာလားဗျ''

''သင်တော့ သင်ထားရတာပေါ့ ဒေါက်တာရဲ့။ နို့ပေမယ့် ဒီခွေးမျိုးဟာက မျိုးရိုးဇာတိနဲ့တကွ ဒီအလုပ်မျိုး လုပ်တတ်လေတော့ တယ်ပြီး သင်ပေးဖို့မလိုပါဘူး။ ရထားလိုက် ခွေးမျိုးကို တုတ်ကိုက်သင်ဖို့ မခဲယဉ်းသလိုပဗျာ''

''ဟုတ်ပါပြီ။ ရှေ့ဆက်ပါဦးဗျာ''

''ဒီတော့ ကိုဘမြင့်က မင်တိုမင်ရှင် ဟိုတယ်က ဘတ္တလာကို လာဘ်ထိုးပြီး ကိုဘထွန်းရဲ့ဖိနပ်တဘက်ကို ခိုးခိုင်းတာကိုးဗျ။ ဘတ္တလာကတော့ ခိုးပေးပါရဲ့။ နို့ပေမယ့် လက်ဦးတခါ ခိုးတဲ့ဖိနပ်ဟာက အသစ်ကျပ်ချွတ်ကြီးဖြစ်နေလေတော့ အနံ့ပြဖို့ အသုံးမကျဘူးဗျ။ ဒါနဲ့နောက်တခါထပ်ပြီး အခိုးခိုင်းရပြန်တယ်''

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

'ဒါကြောင့် ခင်ဗျားမှာ ဖိနပ်တဘက်အညီးချည်း နှစ်ခါတောင် ပျောက်ခဲ့ရတယ် ဟုတ်လား။ ဖိနပ်သစ်ကိုပြန်ထားပြီး ဖိနပ်ဟောင်းတဘက်ကို နောက်ထပ်ခိုးပြန်တယ်ဆိုကတည်းက ကျုပ်စိတ်ထဲမှာ အခု ရိပ်မိတယ်။ ဘာလဲဆိုတော့ ကျုပ်တို့ အလုပ်လုပ်ကြရမယ်။ ခွေးဟာ ခွေးတိရစ္ဆာန်မဟုတ်ဘူး။ သွေးနဲ့သားနဲ့ ခွေးပဲလို့ စဉ်းစားမိတယ်။ ဒါကြောင့် အနံ့ခံဖို့အတွက် ဖိနပ်ဟောင်းကို တမင်ခိုးတာပေါ့ဗျ"

"ဖိနပ်ခိုးတာနဲ့ ခွေးဖို့မှန်း ခင်ဗျား ဘယ့်နှယ်သိသလဲ"

"ခွေးအကြောင်းကတော့ ဒေါက်တာပြောပြတဲ့အထဲမှာ ပါပြီးသားကိုးဗျ။ သို့သော် တရံလုံး မခိုးပဲ တဘက်တည်းခိုးခြင်းဟာ ခွေးအတွက်ခိုးတယ်ဆိုတာ ကျုပ်သိရတယ်"

"ဟုတ်ပါပြီ။ ရှေ့ဆိုပါဦးဗျာ"

"ဖိနပ်တဘက်တည်း နှစ်ခါပျောက်ခြင်းဟာ ထူးဆန်းတယ်လို့ ခင်ဗျားတို့ အောက်မေ့ကြတယ် မဟုတ်လား။ ဒီကမိတ်ဆွေ ကိုသိန်းမောင်ကို ကျုပ်ခဏခဏ ပြောဖူးတဲ့အတိုင်းပဲ၊ အမှုတခုမှာ ထူးဆန်းတဲ့ အချက် တွေ့ရလေလေ။ သဲလွန်စကောက်လို့ လွယ်ကူလေလေပဲဗျ။ ခက်တာက ဘယ်လို အမှုမျိုးလဲ ဆိုတော့ ဘယ်အချက်မှာမှ ဆန်းဆန်းကြယ်ကြယ် မတွေ့ရပဲ ရိုးရိုးစင်းစင်းကြီးနေတဲ့ အမှုမျိုးဟာ ခြေရာကောက်ဖို့ အခက်ဆုံးပဲဗျ"

"ဟုတ်ကဲ့။ ဦးသိန်းမောင်ရေးတဲ့ အတ္ထုပ္ပတ္တိများမှာ ဒီအကြောင်း ဖတ်လိုက်ရဖူးပါတယ်။ ရှေ့ဆက်ပါဦး"

"နောက်တနေ့တော့ ကိုဘတွန်းနဲ့ ဒေါက်တာ ကျုပ်ဆီက လာကြရာမှာ ကိုဘမြင့်က နောက်က မြင်းရထားတစီးနဲ့ လိုက်လာတာကိုးဗျ။ ကျုပ် လူပုံပန်းနဲ့တကွ နေရပ်ကိုပါ သိရတယ်။ သူလုပ်ပုံကိုင်ပုံတွေ အားလုံးပေါင်းစပ်ပြီးအကဲခတ်လိုက်တော့ ကိုဘမြင့်ဟာဒီတခါမှသာ အလုပ်လုပ်ဖူးတဲ့လူတယောက် မဟုတ်ကြောင်း၊ စားနေကျ ကြောင်ပါးဖြစ်ကြောင်း ကျုပ်အကဲခတ်မိတယ်။

"ဟိုနေ့မနက်က ကျုပ်တို့လက်က ရှောင်ထွက်သွားပုံ၊ မြင်းရထားကုလားကို ကျုပ် လိုက်စုံစမ်းမယ် ဆိုတာ သူသိလေတော့ ကျုပ်နာမည်ကို ကျုပ်ဆီ ပြန်ရောက်အောင် သူ့ကိုယ်သူ ဦးစံရှားလို့ ပြောပြီး ကျုပ်ကို ကပတ်ရိုက်လိုက်ပုံတွေကို ထောက်ကြည့်လိုက်တော့ ကျုပ်တို့တရားခံဟာ လူညံ့တယောက် မဟုတ်ကြောင်း ကျုပ်သိရတယ်။ ပြီးတော့လဲ ဒီအမှုကို ကျုပ်ကိုင်နေကြောင်း သူသိသွားလေတော့ ရန်ကုန်မြို့ပေါ်မှာဖြင့် ကိုဘတွန်းကို ရန်ရှာလို့ ဟန်မရပေဘူးလို့ သူသိသွားတယ်။ ဒါနဲ့ သူ အုန်းခြံ ပြန်သွားပြီး ကိုဘထွန်းကို ဟိုကနေပြီ သူစောင့်နေတာကိုးဗျ"

"ရန်ကုန်မှာ သူရောက်နေတုန်း ခွေးကြီးကို ဘယ်သူ ကြည့်သလဲဗျ"

"မှန်တယ် ကိုသိန်းမောင်။ မေးထိုက်တဲ့ မေးခွန်းပဲ။ ဒီအချက် အရေးကြီးလို့ ကျုပ်ကိုယ်တိုင် စုံစမ်းပြီးပြီ။ ကိုဘမြင့်မှာ ကိုသာတိုးဆိုတဲ့ ရှမ်းကတူး လူယုံတော်ကြီးတယောက် ရှိတယ်ဗျ။ ဒီခွေးကြီး အကြောင်းကို ဒီလူကြီးသိတယ်။ သို့သော် ဘယ်လိုကြံရွယ်ချက်နဲ့ မွေးထားတယ်ဆိုတာတော့ သူ ရိပ်မိဟန် မရှိဘူး။ ကျုပ်တို့ ရောက်သွားတော့ ဒီလူကြီး မရှိတော့ဘူး။ အညာပြန်သွားဆို ထင်ပါရဲ့။ ခြေရှုပ်မှာစိုး ဆိုပြီး ကိုဘမြင့်က ပြန်လွှတ်လိုက် ထင်ပါရဲ့"

"ဆိုပါဦးဗျ"

"ဒါနဲ့ ကိုဘမြင့်တို့ လင်မယား အုန်းခြံပြန်သွားကြရော။ ခင်ဗျားတို့ လူစုလဲ ရှေ့ဆင့်နောက်ဆင့် ရောက်သွားကြရော။ ဒါထက် ကျုပ်တခု ပြောဦးမယ်။ သတင်းစာက ကိုက်ညှပ်စပ်ဟပ်ပြီး သတိမေ့


www.burmeseclassic.com

www.burmeseclassic.com

လိုက်တဲ့စာကို ကျုပ် ဖတ်ကြည့်စဉ်က စက္ကူကို မျက်နှာနားကပ်ပြီး ကျုပ်ကြည့်တာကို ခင်ဗျားတို့ သတိပြုမိလိုက်ကြရဲ့လား ကိုသိန်းမောင်''

''သတိထားလိုက်မိတယ်''

''အဲဒီတုန်းက ကျုပ်နှာခေါင်းထဲကို ရေမွှေးနံ့ ကလေး သင်းကနဲ ဝင်သွားတယ်ဗျ။ ဘာရေမွှေးလဲ ဆိုတော့ ဟာဆူနိုဟာနာ ရေမွှေးနံ့ ပဲ။ ကျုပ်တို့မြန်မာမိန်းမများက ဒီရေမွှေးကို အင်မတန်ကြိုက်တတ်တယ်။ ဒီတော့ ကျုပ်က ဘာစဉ်းစားမိသလဲဆိုတော့ ဒီအမှုမှာ ဧကန္တ မိန်းမလက်ရာ ပါရမယ်လို့ ကျုပ်တွေးမိတယ်။ ဒါကြောင့် အုန္နဲ့ကို ကျုပ်လိုက်မလာခင်ကတည်းက ခွေးအကြောင်းရယ်၊ မိန်းမလက်ရာ ပါတဲ့အကြောင်းရယ် ကျုပ်ရိပ်မိပြီး ဖြစ်နေပြီ''

''ဩော် ဒီလိုလား။ မိန်းမဆိုယင်လဲ ကျွန်တော်နဲ့ပတ်သက်နေတာက ကိုဘမြင့်နှမသာ ရှိလေတော့ မခင်ကျော့ပဲလို့ ခင်ဗျား တွေးပြီးသားပေါ့လေ''·ဟု ကိုဘထွန်းက ဝင်ထောက်လိုက်လေ၏။

''အစစ်ပဲ။ ကျုပ်က ကိုဘမြင့် မောင်နှမ (လင်မယား)ကို ကျုပ်အစကတည်းက မသင်္ကာလေတော့ ကျုပ်အလုပ်က ကိုဘမြင့်ကို စောင့်ကြည့်တဲ့အလုပ်က စတော့တာကိုးဗျ။ စောင့်ကြည့်ရာမှာလဲ ခင်ဗျားတို့နဲ့ ကျုပ်လိုက်ယင် သူက သတိထားပြီးနေမယ်။ သူက ကိုယ့်စောင့်ကြည့်။ ကိုယ်က သူ့စောင့်ကြည့်။ အဲဒီလို အပြန်အလှန်ဖြစ်နေမယ်။ ခရီးမတွင်ကျယ်ပေဘူး။

''ဒါကြောင့် ကျုပ်က ခင်ဗျားတို့ကို အသိမပေးပဲ တိတ်တိတ်ကလေး ကျုပ် လိုက်လာခဲ့တယ်။ အစားအသောက် အနေအထိုင်တော့ နည်းနည်းဆင်းရဲတယ်ပေါ့လေ။ ဒါမေမယ့် ကျုပ်ဆိုတဲ့လူက ကိုယ့်စိတ်တိုင်းကျ အလုပ်လုပ်နေယင် ဘယ်လောက်ကြီး ဆင်းရဲဆင်းရဲ အရေးကြီးတဲ့လူ မဟုတ်ဘူး''

''စားရေးသောက်ရေးအတွက်တော့ ထွန်းအေးက စီမံပေးလို့ ငါးသေတ္တာ အမျိုးမျိုးနဲ့ အသက်ဆက်ခဲ့ရသပဗျာ။ ပြီးတော့လဲ ကျုပ်ကကိုဘမြင့်ကို စောင့်ကြည့်နေခိုက်မှာ ထွန်းအေးက ကိုသိန်းမောင်ကို စောင့်ကြည့်နေတာကိုးဗျ။ မျက်စိလေးလုံး၊ နားလေးဘက် ဖြစ်နေတော့ သိပ် အလုပ်တွင်တာပဲ။

''တော်ကြပါပေ့ဗျာ။ ဒီကဖြင့် သူ့ဆီကို အစီရင်ခံစာရေးဖို့ ကြိုးစားလိုက်ရတာ။ လက်စသတ်တော့ သူက အားလုံးကို သိပြီးဖြစ်နေတာကိုးဗျ''

''ဒီလိုလဲ ဟုတ်ရိုးလားဗျာ။ ခင်ဗျားရေးထည့်တဲ့စာတွေကို ကျုပ်ဆီ ပြန်ပို့ဖို့ မှာထားခဲ့လေတော့ နောက်တနေ့မှာ ကျုပ်လက်ထဲ ရောက်တာပါပဲ။ ခင်ဗျားစာတွေလဲ အချည်းနှီးမဟုတ်ပါဘူး။ အထောက်အပံ့ အများကြီး ရပါတယ်။ ခင်ဗျားဆီက သတင်းအခြေခံရပြီး ကျုပ်က ဆက်စုံစမ်းလိုက်တော့ အဆုံးမှာ အလုံးစုံ ပြည့်စုံသွားတာပေါ့ဗျ။

''ဒါထက် ကျုပ်တို့ အလုပ်မှာ ဝရမ်းပြေးမောင်မင်းကြီးသားက ဝင်ရှုပ်နေပြန်လို့ ပွေသထက်ပွေပြီး ရှုပ်သထက် ရှုပ်သွားလိုက်သေးတာကိုးဗျ။ ဒါနဲ့ခင်ဗျားနဲ့ ကျုပ်နဲ့ စရပ်ပျက်ကြီးမှာတွေ့ကြတော့ ကျုပ်လက်ထဲမှာ အမှုနဲ့ပတ်သက်တဲ့ အကြောင်းခြင်းရာတွေ အားလုံး ပြည့်စုံနေပြီ။ သို့သော် တရားရုံး တင်ပို့လောက်အောင်တော့ သက်သေခံ တခုမှ မရသေးဘူး။

''ကိုဘမြင့် ရှူးတိုက်မှုကြောင့် ဝရမ်းပြေးတယောက် သေသွားတာလဲ မှန်ရဲ့။ ဒီဟာလဲပဲ ပြစ်ချက်ရလောက်အောင် စွပ်စွဲဖို့ ခက်နေတုန်းပဲ။ ဒီတော့ ကျုပ်တို့ ဘာလုပ်ကြရသလဲ။ ကိုဘမြင့်ကို ပြစ်ချက်နဲ့တကွ လက်ပူးလက်ကြပ်မိအောင် ကိုဘထွန်းနဲ့ ထောင်ဖမ်းတဲ့အလုပ်ပဲ ရှိတယ်။

တတိယအကြိမ်

www.burmeseclassic.com

 www.burmeseclassic.com 

"ထောင်ဖမ်းတဲ့အတိုင်း မိတော့ မိပါရဲ့။ ကိုဘာသွန်းခမျာမှာ ကံကောင်းလို့ ရုပ်နဲ့နာမ်နဲ့ အိုးစားမကွဲတယ်။ ဒီလိုဖြစ်ရခြင်းဟာလဲ ကျုပ်အပြစ်တော့ လုံးလုံးမပါဘူးဗျ။ တကယ့်အချက်ထဲမှာမှ နှင်းတွေဝေပြီး ခွေးကြီးလာတာကို လှမ်းလှမ်းက ကြိုတင်ပြီး မမြင်နိုင်တဲ့အတွက်ကြောင့် ဖြစ်သွားရတာပါပဲ"

ထိုအခါ ကိုဘာထွန်းက

"လူကိုထိခိုက်တာကတော့ အရေးမကြီးပါဘူး။ စိတ်ထိခိုက်တာက ပိုဆိုးသွားတာပါပဲ။ ဒီအသက် ဒီအရွယ်ရောက်မှ မိန်းမတယောက် နှပ်လိုက်တာကို ခံရတာ ရှက်ဖို့ကောင်းတာပါပဲ"

"ဒီလိုပါ ကိုဘာထွန်း၊ မခင်ကျော့ဟာ ခင်ဗျားကို နှပ်တယ်လို့လဲ မဟုတ်ရှာပါဘူး။ နောက်ဆုံးမှာ ခင်ဗျားကို ခွေးနဲ့ကိုက်သတ်ဖို့နေမှာ မခင်ကျော့ဟာ သူကိုယ်တိုင် အရိုက်အနှက် အနာအကျင်ခံပြီး ခင်ဗျားကို ကာကွယ်ပေးသွားတယ် မဟုတ်လားဗျ။ လင်ရှိမိန်းမ ဖြစ်တဲ့အတွက် ခင်ဗျားမေတ္တာကို လက်ခံနိုင်တဲ့ အခြေမရှိသော်လဲ ခင်ဗျား နစ်နာအောင် လုပ်တဲ့အထဲမှာ သူမပါတဲ့အပြင် မျက်နှာမမြင်ဘူးခင်ကတည်းက စာနဲ့ သတိပေးရှာတယ် မဟုတ်လားဗျ"

"ဒါတော့ ဟုတ်ပါရဲ့ဗျာ။ ကျွန်တော်ကိုက ကံဆိုးတဲ့အကောင်ပါ။ မိန်းမတွေ တွေ့ခဲ့သမျှအပေါင်းမှာ လင်ရှိမိန်းမတယောက်ကျမှ ရွေးချယ်ပြီး ချစ်ကြိုက်မိတဲ့ကံဟာ တော်တော် ခွကျတဲ့ ကံပဲဗျနော်။ ဒါထက် ရှေ့ဆက်ပါဦးဗျ"

"များများပြောဖို့ မကျန်တော့ပါဘူး။ ကိုဘမြင့်က မခင်ကျော့ကို နှမအရာထားပြီး များခေါ်။ ခေါ်တဲ့အတိုင်း ကိုဘာထွန်း ပါသွားပြန်တော့လဲ မင်းဘုရားက သူ့မယား လူပိုးတာ မကြည့်နိုင်လို့ တခါ နှစ်ခါ ဒေါပွသေး မဟုတ်လား။

"မခင်ကျော့ဟာ လင်ကိုကြောက်လို့ လင်ခိုင်းသမျှကို လုပ်တော့ လုပ်ပေရဲ့။ နောက်ဆုံးအချိန်ကျတော့မှ လင်ကို ပုန်ကန်တော့တာကိုးဗျ။ ဟိုနေ့က ကိုဘာထွန်းကို ထမင်းစား ဖိတ်ထားတော့ ခွေးကြီးကို ဝင်းထောင့်က တဲကလေးထဲမှာ လှောင်ထားတာကို မခင်ကျော့သိတယ်။ ဘယ်လို အကြံအစည်နဲ့ လှောင်ထားတယ် ဆိုတာကိုလဲ မခင်ကျော့ ရိပ်မိတယ်။

"ဒါနဲ့ မိန်းမတို့ ထုံးစံအတိုင်း ရှင့်အကြံတွေ ကျွန်မသိပါတယ်၊ ဘာတယ် ညာတယ်နဲ့ ပြောရော။ ပြောတော့ ရန်ဖြစ်ကြရော။ ဒီတော့ ကိုဘမြင့်က ကိုဘာထွန်းကို ပြောပြမှာ စိုးရိမ်လေတော့ သူ့မယားကို အခန်းထဲမှာ ပိတ်လှောင်ထားရော။ သူ့အကြံက ဘယ်လိုလဲဆိုတော့ ကိုဘာထွန်းကိစ္စ ပြီးစီးပြီ ဆိုတော့မှ မခင်ကျော့ကို သူ ပြန်ပြီး ချော့ယူမှာကိုးဗျ။

"လက်လွန်နေပြီးဖြစ်တော့လဲ မယားဆိုတာ လင်ကို စက်တိုင်တက်ရအောင် မလုပ်ရက်ပဲ တိတ်တိတ် နေချင် နေတတ်တာကိုးဗျ။ ဒါပေမယ့် မခင်ကျော့သဘောကို ကျုပ် သိရသလောက်မှာ ဒီတချက်တော့ ကိုဘမြင့် အတွက်ချော်တယ် ထင်တယ်။ တိတ်တိတ်နေကောင်းမှ နေမယ်။ မိန်းမက တော်တော်ဆတ်တဲ့ စိတ်ဗျ"

"ကျွန်တော်လဲ မထင်ဘူးဗျ"

"ကိုင်း စုံလောက်ပြီ ထင်ပါရဲ့ဗျာ။ ဘာများ ကျန်ရစ်ခဲ့သေးသလဲ"

"ကိုဘာထွန်းကိုတော့ ခွေးနဲ့ခြောက်သတ်လို့မရမှန်း သူ သိမှာပေါ့နော"

"သိပြီလားဗျာ။ ပွေလီခွေးမျိုးက နှယ်နှယ်မဟုတ်ဘူး။ လူတယောက်ကို မဆိုထားနဲ့။ နွားတောင် သေအောင် ကိုက်သတ်နိုင်တယ်။ သူ့အကြံက လွန့်ရုံမဟုတ်ဘူး။ ကိုက်သတ်ဖို့ဗျ"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


"တကယ်လို့ ကိုဘကွန်းသေတယ် ဆိုပါတော့ဗျာ။ ဒီအနားမှာ ကိုဘမြင့် ရောက်နေပြီး ဆွေမျိုးတော်တယ်လို့ မပြောပဲနဲ့ သူသေတော့မှ ဆွေမျိုးပါပြောယင် မသင်္ကာစရာ မဖြစ်ပေဘူးလားဗျ"

"မှန်တယ်။ တော်တော်ကျုပ်တဲ့ မေးခွန်းတခုပဲဗျ။ ကျုပ်က အတိတ်က အဖြစ်အပျက်နဲ့ လက်ငင်း ပစ္စုပ္ပန် အဖြစ်အပျက်လောက်ကိုသာ ရှင်းလင်းဖို့တတ်နိုင်တယ်။ မဖြစ်သေးတဲ့ အနာဂတ် အရေးကိုတော့ မရှင်းတတ်ပေဘူး။ သို့သော် ကျုပ် ဉာဏ်မီသလောက်ပြောရယင် ကိုဘမြင့်လုပ်ဖို့ နည်းလမ်းသုံးလမ်းရှိတယ်။ တစ်အချက်က ကိုဘမြင့်ဟာ နေရင်းဌာနဖြစ်တဲ့ ရှမ်းပြည်ပြန်သွားပြီး သူ့ဇာတိမျိုးရိုးကို ဟိုက တရားရုံးမှာ ရှင်းလင်းပြချင် ပြလိမ့်မယ်။

"နှစ်အချက်က အမွေဆက်ခံဖို့ လျှောက်ထားတဲ့အခါမှာ ရုပ်ဖျက်ပြီး လျှောက်ချင် လျှောက်နိုင်တယ်။

BURMESE CLASSIC .com

"တတိယနည်းလမ်းက သူ့ရဲ့ သက်သေခံသက်မှတ်ချားကို လူဘယောက်လွှဲပေးပြီး ဟိုလူနဲ့ ဝေပုံချ ယူတဲ့ နည်းလမ်းလဲ ရှိတယ်။ ဒီလူ့အကြောင်းကို ကျုပ်တို့ သိသလောက်မှာ ဘယ်လိုပဲဖြစ်ဖြစ် တနည်းနည်းနဲ့ စီမံယူမယ့်လူပဲဗျ။ ဒီလောက် အပင်ပန်းခံပြီးမှ လက်သွတ်တော့ ခံမယ်မဟုတ်ဘူး။ ကိုင်း ကိုဘထွန်းရော၊ ဒေါက်တာ ဦးထွန်းဝေရော သဘောမဆင်းခင် ကျုပ်တို့နဲ့အတူ ဘိုင်စကုပ်တပွဲ ကြည့်သွားကြပါဦး လားဗျာ။ လာကြဗျာ။ ကနေ့ ကမ္ဘာကျော် စုံထောက်ကြီး 'ရှားလော့ဟုမ်း' ဇာတ်ကား ပြနေသတဲ့။ သွားကြည့်ကြရအောင်"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

'စုံထောက် ဦးစံရှား'

သက္ကရာဇ် ၁၈၈၉ မှ ယနေ့ ၁၉၇၄ ခုနှစ်တိုင်
ကမ္ဘာ့စာပေတွင် ပရိသတ် အသဲစွဲဖြစ်ခဲ့သော
ကမ္ဘာ့ ခေတ်သစ် ဂန္ထဝင် စာပေ စာရင်းဝင်
ဆာ အာသာ ကိုနင်ဒွိုင်း ( 1859-1930 ) ၏
စုံထောက်ကြီး ရှားလောဟုမ်း။

ယင်းကို ဆရာကြီး ရွှေဥဒေါင်းက
သက္ကရာဇ် ၁၉၁၇ ခုနှစ်မှ စ၍
'ဦးစံရှား' အဖြစ် အသွင်ပြောင်း၍ မြန်မာမှုပြုခဲ့ရာ

* ယနေ့တိုင် မြန်မာစာပေတွင် ကြီးငယ်မဟူတို့၏ အသဲစွဲ
* မြန်မာ့ စုံထောက်စာပေတွင် အမြင့်မားဆုံး မှတ်တိုင်
* ဆရာကြီး ရွှေဥဒေါင်း၏ အထူးခြားဆုံးနှင့် အထင်ရှားဆုံး

ဦးစံရှား ဝတ္ထုများသည်
ရင်ဖို သည်းထိတ် ရသကိုသာ မက
ဆက်စပ် တွေးဆ [illegible]ခြင်း အလေ့အထ
စဉ်းစားဉာဏ် စူးရှ ရင့်သန်စေခြင်း အလေ့အထ နှင့်
ထောက်ယူဆင်ခြင်မှုအလင်းသစ် တို့ကိုပါ ပွားများစေနိုင်သည့်
မြန်မာ့ ခေတ်သစ် ဂန္ထဝင် စာပေ စာရင်းဝင် ဖြစ်၏။

BURMESE CLASSIC .com

www.burmeseclassic.com